www.burmeseclassic.com

# လရောင်ကျူးရင့်

လှပါပေသည့် လုံမဦး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ခိုင်ယုဝင်း (၀၁၆၆၁)

ရွှေငွေဝိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄–လမ်း

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊

လေးထောင့်ကန်ရပ်ကွက်၊ သဃ်ၤန်းကျွန်း၊

ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃

လှပါပေသည် လုံမဒီ/ လရောင်ကျူးရင့်၊

ရန်ကုန်။ ရွှေငွေဝိုင်းစာပေ၊ ၂၀၁၇။

၃၀၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) လှပါပေသည် လုံမဒီ




## အခန်း(၁)

"စက်ဝန်း .. ဒါ .. ဒါ နင့်တိုက်ကြီးလားဟင် .. နင် ပိုင်တာပေါ့ .."

"ဘယ်သူပိုင်တယ်ထင်လို့လဲ .."

"အကြီးကြီးပဲဟယ် .. ရုပ်ရှင်ထဲကအတိုင်းပဲနော် .."

လှေကားကြီးကလည်း အပေါ်ထပ်ကနေ အောက်ထိ ခွေဆင်းလာတာ နဂါးတစ်ကောင်လို ခွေပတ်နေ၏။ ပြီးတော့ လက်ရမ်းမပါသော လှေကားထစ်အဖြူရောင်လေးတွေက ယပ်တောင်လေးဖြန့်ကားထားသလို ဖြာဆင်းနေ၏။

"လှလိုက်တာဟယ် .. နင် တော်တော်ချမ်းသာလာတာပဲ .. ဒါနဲ့ များ ငါ့ကို အစောတည်းက မခေါ်ဘူး .."

"ခေါ်စရာလား .. ခုလို ခေါ်ပြလိုက်မှ စပရိုက် ဖြစ်မှာပေါ့ .."

"စပရိုက် ဟုတ်လား .. အံ့သြသွားတာကိုပြောတာလား .."

"အင်း .."

စက်ဝန်း က လက်ပိုက်ပြီး ခန့်ခန့်ကြီး ခေါင်းညိတ်သည်။ ထို မျက်နှာကြီးကိုပဲ လုံ အထင်တကြီး ကြည့်မဝနိုင် ..။ ရွာမှာတုန်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



စက်ဝန်း၊မြို့မှာနာမည်ကြီးမော်ဒယ်လ်ဖြစ်နေတော့လည်း စက်ဝန်း…။

စက်ဝန်း ဘာကိုများပြောင်းလဲခဲ့လို့လဲ …။

သူ့ဘာသာ ပြောင်းလဲသွားခဲ့တာ မျက်နှာနဲ့ အသားအရေပဲဖြစ်သည်။ ရွာမှာတောင် စက်ဝန်း ကို ချောလွန်းလို့ ရွာထဲက မိန်းကလေးတွေ စက်ဝန်း ဆို မကြိုက်တဲ့သူမရှိ …။

ခုနေများ စက်ဝန်း ကို မြင်သွားကြရင် သင်းတို့ ဘယ်လိုနေမလဲ…။

အရုပ်အမောင်းကလည်း ပြောစရာမရှိ၊ ဖြူဝင်းရှင်းသန့်နေသည့် မျက်နှာက ချောလာလိုက်တာ နှုတ်ခမ်းသားလေးတွေတောင် နုရဲနေသေးသည်။

ဝတ်စားထားတာ ဘယ်လောက်ဈေးကြီးသလဲဆိုတာ မေးဖို့မလိုပေ။ ဒီလောက်ချမ်းသာနေမှတော့ သူ့ကိုယ်မှာ သိန်းကျော်တန်တွေပဲ ဆိုတာမြင်တာနဲ့ သိကြလိမ့်မည်။

"စက်ဝန်း သိလား …"

"မသိဘူး …"

"နင်ကလည်း … ခစ် … ခစ် …"

စကားပြောမလို့ စလိုက်တိုင်း 'စက်ဝန်း သိလား' ဆိုတာ လုံပြောနေကျ အကျင့် …။

'မသိဘူး' လို့ ပြန်နောက်တတ်တာလည်း စက်ဝန်းပဲ ဖြစ်လေသည်။ ရွာမှာတုန်းကတော့ အလျင်စလိုပြောချင်ပြီဆို စက်ဝန်း စနောက်နေတာကို ဒေါသထွက်မိတတ်၏။ တစ်ခါတလေ … 'စကားအကောင်းပြောနေရင် အဲ့လိုစပ်ဖြဲဖြဲနောက်တတ်တာတွေ မုန်းတာပဲ' လို့ ပြန်အော်ပစ်မိပြီး ပိတ်ထုပစ်မိတာလည်းရှိ၏။

ခုကျမှ နားဝင်ချိုနေသည့်အဖြစ်က စက်ဝန်း ဘာမှမပြောင်းလဲပါလားဆိုပြီး ဖြစ်ရသည့် ပီတိစိတ်ကြောင့်ထင်သည်။

"ဘာလဲ … ပြောလေ … စက်ဝန်း သိလားဆိုပြီး …"



သူမ ပီတိတွေနဲ့ မျှောမဆုံးဖြစ်နေသဖြင့် စက်ဝန်း ကပဲ သတိပေးအစဖော်ရတဲ့အဖြစ် …။

"မဟုတ်ဘူး ရွာကလူတွေကိုသတိရလို့ …"

"ဘာဖြစ်လို့လဲ … ငါ့အတင်းအဖျင်းတွေ ပြောနေကြတာလား …"

"ဟုတ်တယ် … နင့်ကို ဘဝမေ့သွားပြီတဲ့ …"

"မေ့တော့ရော ဘာဖြစ်လဲ …"

"ခု နင် မမေ့ဘူးလေ …"

"နင့်ကိုပဲ မမေ့တာ ရွာကလူတွေကို အသေမုန်း …"

တကယ်မုန်းနေသလို တင်းနေသည့်မျက်နှာကို လုံ သေချာကြည့်မိ၏။ မကောင်းသတင်းဆို ပါးစပ်တစ်လုံးကြီးပြောကြပေမယ့် ရွာကလူတွေက အရေးအကြောင်းဆို တစ်ယောက်ထိရင် နာတတ်ကြတဲ့လူတွေပါ။

ဆွေမျိုးတော်သည်ဖြစ်စေ မတော်သည်ဖြစ်စေ ဒုက္ခရောက်နေပြီဆို စပ်စပ်စုစုပါဝင်တတ်ကြပြီး ထဲထဲဝင်ဝင် ကူညီတတ်ကြ၏။

"ပြောစမ်းပါ … ငါ့ကို ဘာတွေပြောနေကြတာလဲ …"

"နင်က ငါ့ကို မေ့သွားပြီတဲ့ …"

"မမေ့လို့ လှမ်းခေါ်တာပေါ့ ငါ မြို့မှာအလုပ်လာလုပ်တာကိုက ငါတို့လင်မယားရဲ့ ရှေ့ရေးအတွက် …"

"အဟွန်း …"

ဒါကျတော့ နားဝင်ချိုလွန်းလို့ လုံ မျက်နှာလေးပြုံးအိသွားခဲ့၏။ စကားတွေပြောရင်း စားသောက်ဖို့အတွက် ဟိုတယ်လ်စာတွေမှာတော့ ဖုန်းပြောနေသည့် စက်ဝန်း မျက်နှာကိုငေးကြည့်နေမိသည်။

ချောလိုက်တဲ့ ငါ့ယောကျ်ား …၊

ဒီလောက်ချမ်းသာနေတာတောင် ဒီလောက်ချောနေတာတောင်မှ တောက ကိုယ့်မိန်းမကို မမေ့မလျော့လှမ်းခေါ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖို့ကောင်းလိုက်တဲ့ ငါ့ယောကျ်ား ...၊

စက်ဝန်းချက်နှာကိုငေးကြည့်နေရင်း ဗိုက်စားနေတာလည်း သတိမရ ကောက ချစ်လှစွာသော သူငယ်ချင်းများကို မေ့လေသည်။

"ဘာစားမလဲ လုံ .."

"ဟင် ..."

"ကြိုက်တာမှာလို့ရတယ် .."

"အိမ်မှာပဲ ချက်စားမှာမဟုတ်ဘူးလား .."

"ဘာလုပ်မှာလဲ .. လောလောဆယ် ဘာမှလည်းပြင်ဆင်ရသေးတာမဟုတ်ဘူး .. ဘာမှလည်းအဆင်သင့်မရှိဘူး၊ နင့်ကို ဟိုတယ်စာအကောင်းစားတွေနဲ့ မိတ်ဆက်ကြိုဆိုဖို့အစတည်းက ငါ စိတ်ကူးခဲ့တာကဲ .. ပြောပါ .."

"ဘာတွေရှာလဲဟင် .."

"မစားဘူးတာတွေ အရင်ရွတ်ပြမယ် .. ပင်လယ်စာတွေအစုံပဲ၊ ဂုံးခရုချဉ်စပ်၊ ဂဏန်းပေါ့ချိုချဉ်၊ ရေရှူသုပ်၊ ပြီးတော့ ဂဏန်းလက်မပေါင်း .."

"လက်မ .. လက်မတွေချည်း ပေါင်းထားတာပေါ့ .."

"လုံ .. ဟဲ့ .. လုံ ရေ .."

"ဟင်!..."

ဘယ်သူအတင်းလာဆွဲနေတာလဲ ...၊

စိတ်တိုသွားပြီး လက်ကိုဆောင့်ရုန်းလိုက်လျှင်

"အမလေး .."

"ဝုန်း ..."

လူကို တောင်ထိပ်ပေါ်က ကန်ချခံလိုက်ရသလို လုပ်ခနဲအေးသွားကာ ဖင်တွေရင်တွေ အောင့်တက်နာကျင်သွား၏။

"သေပါပြီ ..."



"သေမှာပေါ့ .. ဒီသေးသေးလေးပေါ်မှာ ကုပ်ကပ်အိပ်နေပြီး တန်းကိုလည်း ကိုင်မထားဘဲနဲ့ လက်မထောင်ပြီး ဘာတွေပြောနေတာလဲ .."

"လက်မ ...."

လုံ ကိုယ့်လက်မကိုယ် ပြန်ထောင်ကြည့်မိကာ ...၊

ဂဏန်းလက်မ ..၊

"ဂဏန်းလက်မ ဘယ်မှာလဲ .."

"ငါ ..."

အိပ်မက်မက်နေခဲ့ခြင်း ..၊

ခုမှ သူ လန့်နိုးခဲ့လေသည်။ ပတ်ဝန်းကျင်သည် ရှာထိပ်ဘူတာဖြစ်နေခဲ့ပြီး စက်ဝန်း လည်းမရှိ၊ စက်ဝန်း ပိုင်ဆိုင်သည်ဆိုသော တိုက်ကြီးလည်းမဟုတ်ဘဲ ..။

"အလှရယ် .. ငါ အိပ်မက်မက်နေတာ .."

"သိသားပဲ .."

"ထမင်းထုပ် .. ထမင်းထုပ် .. လယ်ပုဇွန်လုံးကြော်နဲ့ ယူမလား၊ စာကလေးကြော်နဲ့လား .. ငါးကလေးအိုးကပ်နဲ့လည်းရတယ်၊ ကန်စွန်းရွက်ကြော် .. ကင်းမွန်သီးကြော် အစုံရတယ်၊ တစ်ထုပ်မှ သုံးရာ .. ငါးရာတည်း .."

အင်ဖက်နဲ့ ထုပ်၍ ကြိုးနဲ့ ကွင်းထိုးဆွဲလာသော ထမင်းထုပ်တွေတစ်ဖက်လေးငါးထုပ်ဆွဲ၍ လိုက်အော်ရောင်းနေသူက လုံတို့ ရှေ့မှာပဲ ခေါက်တုံ့ခေါက်ပြန် ..။

စက်ဝန်း လှမ်းမှာနေတာတော့ ပင်လယ်ကဏန်းတွေပါ ..။

လုံ ကိုယ့်လက်မလေးကိုထောင်၍ ငုံ့ငေးနေမိပြန်သည်။ သူမ ခုမှ ရွာကထွက်လာခဲ့တာ ဘူတာမှာပဲရှိသေးသည်ပဲ။

ကိုယ့်ရွာကနေ ရထားဘူတာရှိသည့်ဒီရွာကိုရောက်ဖို့ လှည်းစီးတာ နှစ်နာရီနီးပါးကြာသည်။ ရထားရောက်လာဖို့က တစ်ခါလေ နောက်ကျ-

www.burmeseclassic.com

www.burmeseclassic.com



တတ်ပေမယ့် ကိုယ်ကတော့ နောက်ကျခံလို့မဖြစ်တာကြောင့် စောစော လာစောင့်နေရတာဖြစ်သည်။

ခရီးသည်တွေအတွက် ရွာသဲကလူတွေ ကောင်းမှုလုပ်ထားသည့် ဖျဉ်ခင်းနဲ့ ဇရပ်ကျဉ်းကျဉ်းလေးပေါ်မှာ တစ်ပေလောက်အကျယ်ရှိသော တန်းလျားလေးနှစ်လုံးလည်းရှိ၏။

နည်းနည်းလေးမှ ပင်ပန်းမခံနိုင်သည့် လုံ့ အကျင့်က အိပ်ပျက် လည်းမခံနိုင် ..။

ထို့ကြောင့် ပင်ပန်းလာတာနှင့် ခေါင်းချပြီဆို အိပ်ပျော်ဘတ်လေ သည်။ စိတ်ကူးထဲမှာ အမြဲတမ်းရှိနေခဲ့သော စက်ဝန်း က အိပ်မက်တိုင်း မှာ ပါနေတတ်သလို ပါလာခဲ့တိုင်း လုံ့ အတွက်ဆို ပျော်ပျော်သလဲ ..။

"ဟဲ့ .. လုံ .."

"ဟင် ..."

"ဘာတွေငိုင်နေတာလဲ .. နင် ထမင်းမစားဘူးလား .. ထမင်းချိုင့် ထုတ်လိုက် .. ငါတို့ ထမင်းစားတာမတွေ့မချင်း အဲ့ဒီထမင်းသည် ဒီနား က သွားတော့မှာမဟုတ်ဘူး .."

"အင်း .. စားမယ်လေ .."

ဘယ်လောက်စိတ်ညစ်နေနေ ထမင်းငတ်မခံနိုင်တာလည်း လုံ ပဲ ဖြစ်ကာ ..၊

"ငါ ထမင်းထည့်လာတာ နည်းသွားပြီ .."

"မဝဘူးလား .."

အလှ က လုံ့ ချိုင့်ထဲကိုလှမ်းကြည့်ပြီး သူ့မချိုင့်ထဲက ထမင်းတွေ အသာလေးသွဲ့ထည့်ပေး၏။

"နင်ကလည်း ခရီးဝေးသွားမှာ ကိုယ့်ကိုယ်ကိုယ် သတိထားဦး.."

"ဘာဖြစ်လို့လဲ .. ခရီးသွားရင် ဗိုက်ဝအောင်စားထားရတယ်တဲ့၊ လမ်းခရီးမှာ တစ်ခုခုဖင့်တတ်တယ် .. ကိုယ့်ဗိုက်ဝနေရင် မပင်ပန်းဘူးတဲ့.."

BURMESE CLASSIC



"ဟွန်း .. သူ့မှာ အမြဲတမ်းပြန်ပြောစရာ ဆင်ခြေဆင်လက်နဲ့ .."

"မဟုတ်ပါဘူး .. အဖေ ပြောဖူးတာကို ပြောပြတာပါ .."

"ဟုတ်တယ် လုံ ရေ .. နင်လိုချင်တဲ့ ဥပမာ ဥပမေယျတွေကို ဘိုးဘောဘီဘင်တွေပြောခဲ့တာကအစ မှေ့မပစ်နဲ့ သိလား .. မှတ်ထား

"နင်ကလည်း ငါ့ကို ထမင်းလေး နှစ်ဇွန်း သုံးဇွန်းစာလောက်ပေ ရင်ဘာကို မြည်တွန်တောက်တီးနေတာ မပြီးတော့ဘူး .."

"ဟုတ်တယ် .. ထမင်းပေးရလို့ပဲ ဘာလဲ .. မစားတော့ဘူးလား

"စားမှာပဲ .."

"သိတယ် .."

အလှက က မျက်စောင်းထိုးပြီး နောက်ထပ်ထမင်းရော ဟင်းရေ ထပ်ထည့်ပေး၍ ...

"မဝရင် ထမင်းအဖြူဝယ်လိုက်ပါလား .."

"မဝယ်တော့ပါဘူး .. ဟင်းလည်းမရှိတော့ဘူး .."

"ငါ့မှာ ငါးလေးဟင်းရှိသေးတယ် .."

"တော်ပြီ .. စားပါလားပြောပြီး ဒီကစားမယ်ဆိုရင် ပြောဦးမှ ပွစိပွစိ .."

"စားရရင် ပြီးရောမို့လား .. ပြောတာတော့ ခံပေါ့ .."

"ဗိုက်ဝနေရင်တော့ မခံနိုင်ဘူး .."

လုံ ကလည်း ပြောင်ပြောင်ပဲဖြစ်ကာ ..၊

"နင့်ကိုပြောနေရတာနဲ့ ငါ့အိပ်မက်လေးကိုတောင် ပြန်တွေး မရတော့ဘူး .."

"တွေးမနေနဲ့တော့ အလကား သူများမကောင်းကြောင်း ကိုယ် ကောင်းကြောင်းတွေ .."

"ဒီတစ်ခါ သူများမကောင်းကြောင်းမဟုတ်ပါဘူး၊ ဘယ်သူ့အကြောင် မှမပါဘူး .. စက်ဝန်း အကြောင်း .."

www.burmeseclassic.com

www.burmeseclassic.com



အလှ စိတ်ဝင်စားသလိုတော့ လှည့်ကြည့်ဖော်ရ၏။ ဒါပေမယ့် စားပြီးသည့်ချိုင့်ကို အဖုံးလေးပြန်ပိတ်လိုက်ပြီး ဆွဲခြင်းထဲ သေချာပြန်ထည့်နေရင်း ခေါင်းခါ၍ ...

"ငါသိပါတယ် .. အဲဒါလည်း နင့်ကို စက်ဝန်း သိပ်ချစ်တာတွေ မမေ့တာတွေပဲမို့လား .."

"ဟုတ်တယ် .. နင်တို့က သူ ပြန်မလာတာကိုပဲ မကောင်းထင်နေကြလို့ပါ၊ သူ ငါ့ကို သတိရနေတယ်ဆိုတာ ငါသိတယ် .."

"သိသင့်တာပေါ့ .."

"တကယ်ပြောတာ .. အိပ်မက်ထဲမှာလည်း ငါ့အတွက်သူ စုဆောင်းပြီး ဝယ်ထားတာ တိုက်ကြီးက နှစ်ထပ်အမြင့်ကြီးပဲ .."

"သွားတာမှ နှစ်နှစ်ကျော်ကျော်ပဲရှိသေးတာ အဲ့လောက်တော့ မပိုလျှံနိုင်သေးပါဘူး မိလုံ ရယ် .."

"ကိုကြီးဆန်း ပြောတော့ အနုပညာသမားတွေက ပိုက်ဆံအရကြမ်းတယ်ဆို .. အောင်မြင်နေတုန်းမှာ စုဆောင်းနိုင်ရင် သူဌေးဖြစ်တာပဲတဲ့.."

"ဒါပေမယ့် ရုပါမော်ဒယ်လ်ဆိုတာ ရုပ်ရှင်မင်းသားလည်းမဟုတ်၊ အဆိုတော်လည်း မဟုတ်၊ မော်ဒယ်လ်တွေ ဘာတွေလုပ်ရသလဲ ငါဖြင့် သိတောင်မသိဘူး .."

"ဘယ်သိမလဲ ဘာမှမှမလုပ်တာ .."

ဝင်ပြောလိုက်တာက မလှမ်းမကမ်းမှာ ထိုင်နေသည့် ရွာသားတစ်ယောက်ဖြစ်ကာ လုံ တို့ ရွာသားတော့မဟုတ် ..။

အသက်သုံးဆယ်ကျော်လောက်ဖြစ်လျက် မြို့ကိုခရီးသွားမယ့်ပုံမျိုး ဝတ်ကောင်းစားလှဝတ်ထားသည်။ ထို့ပြင် တော်တော်လူရည်လည်နေသည့်အပြုံးနှင့် လုံ့ ကို ကြည့်၍ ...

"အကောင်းပြောပြတာ .. မော်ဒယ်လ်တွေ စင်ပေါ်ရောက်လာတာရှိတယ်၊ မရောက်လာတာရှိတယ် .. ဒါပေမယ့် ရုပ်ချောရင်ပြီးပြီ .."



"ဘာပြီးတာလဲဟင် .."

"ဪ .. ကဲ .."

"ဘာလဲလို့ .."

လုံ ကလည်း သိချင်ရင် ဖွတ်မေးတတ်သည့်အကျင့်ကို မဖျောက်နိုင် ..။

"ကျွန်မယောက်ျားက အရပ်မြင့်မြင့် ဖြူဖြူလေးရယ် အရမ်းချော တာ .. ခုဆို နာမည်ကြီးမော်ဒယ်လ်ဖြစ်နေပြီ .. နိုင်ငံခြားထိနော် .."

"ဟား .. ဟား .. ဟား .."

ရယ်လိုက်ပုံက ခဏရပ်ပြီး လုံ့ ကို သေချာကြည့်သေးသည်။ ပြီးမှ ဆက်ရယ်တာမို့ လုံ နဲ့ အလှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။

"အစ်ကိုကြီးက ဘာရယ်တာလဲ .."

"မရယ်ဘဲ မနေနိုင်လို့ပါ .. ဟား .. ဟား .. ဟား .. ဒါနဲ့ နင်တို့က ဘယ်ကိုသွားကြမှာတုံး .."

"ရန်ကုန် .."

"ဘာလဲ .. အဲဒီချောချောကောင်လေးဆီကိုလား .."

"သူက ကျွန်မယောက်ျားပါ .. မြို့မှာ မော်ဒယ်လ်သွားလုပ်နေတာ ကြာလှပြီ .."

"အခု .. သူက ခေါ်လို့သွားမယ်ပေါ့ .."

"ဟင့်အင်း .."

'ကျွန်မဘာသာ လိုက်သွားမှာ' လို့ ဆက်မပြောဖြစ်ခင် ရထား ဆွဲသံကြားလိုက်ရ၏။ ထိုသူက သူ့လွယ်အိတ်ကို ပခုံးမှာ ချိတ်လိုက် ပြီး နှုတ်ဆက်၏။

ဘာကိုရယ်တာလဲ .. ဒီကမေးတာကို မဖြေဘဲ သူချည်းပဲပြန်မေး သွားတာ တလစပ် ..။ ပြီးတော့ စကားကိုအဆုံးမသတ်ဘဲ နေရာ ထသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .."

"ဘာလဲ .. နေစမ်းပါ .. အဲဒီလူ ငါ့ကို ဘာမှဖြေမသွားဘူး .."

"ဘာလုပ်ဖို့လဲ .. ကိုယ့်ကိုထိုင်ပြီး လှောင်ရယ်နေတာများ အလကား ကိုယ့်အကြောင်းတွေလျှောက်ပြောပြနေတယ် .."

"ငါ့ယောကျ်ားကို သူက မမြင်ဘူးဘဲနဲ့ .."

"နင့်ယောကျ်ားကို ကဲ့ရယ်နေတာမှမဟုတ်တာ .. နင် စွပ်ဆက် ကြွားနေတာကိုရယ်သွားတာ .."

"ငါမကြွားပါဘူး .. ငါ့ယောကျ်ားက တကယ့်မော်ဒယ်လ်အချော အလှပဲကိုး .."

"ကဲပါ .. ထားလိုက်ပါတော့ နင့် စက်ဝန်း အကြောင်းပြောနေရ မယ်ဆို သူများနားထောင်ချင်လားမသိ မထောင်ချင်ဘူးလားမသိ ..၊ ကိုယ်ပြောတာကိုယုံကြည်နေလား မယုံဘူးလားလည်းမသိ၊ တကယ် ပါပဲ .. နေရာတကာလည်ချင်ရင်လည်း သူပဲ .. မလည်ပြန်တော့လည်း တုံးတစ်တစ်အနေရော .."

"ကဲ တော်ပါတော့ .. နင်ပြောမှ ငါ့မှာ ဘာမှမရှိတော့ဘူး၊ ဟိုမှာ ရထားမြင်နေရပြီ .. ငါ့ကိုအိတ်ပေး .."

"နေပေ့စေ လုံမဒီ ရေ .. ကျုပ်ပဲအားလုံးဆွဲမယ် .. ဟိုအိတ်ငါ့ခေါင်း ပေါ်ပဲတင်လိုက် .."

"ရပါတယ် ဒါတော့ .."

"ကဲပါ .. တင်လိုက်ပါ ခေါင်းပေါ်တင်ရတာ လက်နဲ့ဆွဲရတာ ထက် သက်သာတယ်၊ ရှင်သာ ရထားပေါ်တက်ပြီး နေရာလေးဘာလေး ဦးထားပေး .."

"အေး .. အေး .."

ရထားဝင်လာမှာနဲ့မှန်းပြီး လုံ နေရာယူဖို့ ပြေးသည်။ ကျောပေါ်မှာ အော်တိုမစ်တစ်ကလစ်နဲ့ ညှပ်ချထားသည့် ဆံပင်ရှည်ကြီးတဝဲဝဲနှင့်



ပိန်ရှည်ရှည်ဖြူခြောက်ခြောက် လုံ့ ပုံစံလေးကို အထုပ်အပိုးတွေနဲ့ နောက် က လိုက်ရင်း ကြည့်လိုက်မိသေးသည်။

မျက်နှာသွယ်သွယ် အသားဖြူဖြူလေးနှင့် အရပ်က မြင့်တော့ ပိန်မှန်းသိသာသည်။ ဖြူစင်ရိုးစင်းစွာနှင့် ချစ်ဖို့ကောင်း၏။

ဆတ်ဆတ်ထိမခံ ပြန်ပြောတတ်သည့်တိုင် သူမအသံလေးကြောင့် တစ်ဖက်လူ၏ သည်းခံခွင့်လွှတ်ခြင်းကို တောင်းဆိုဖို့မလိုဘဲ ရတတ် လေသည်။

သူငယ်ချင်းချင်း ဖြစ်ကြသည့် သူမတို့ကိုယ်တိုင် လုံ့ ကိုဆို ဦးစား ပေးနေရာမှာပဲ အမြဲထားခဲ့ကြတာလည်း လုံ အိမ်ထောင်သည်ဖြစ်သွားတဲ့ အထိ မပြောင်းလဲခဲ့ပေ ..။

ဒါပေမယ့် မြို့ရောက်ရင်တော့ တစ်ယောက်တစ်လမ်းဦးတည်ရာ တစ်ခုစီနဲ့ လမ်းခွဲကြရဦးမှာပါ ...။

ဘာပဲဖြစ်ဖြစ် လုံ ကံကောင်းမှာပါ။ သူမသည်သာ အလုပ်လုပ်ဖို့ အတွက် အဆင်ပြေနိုင်ပါ့မလား ..။

"ဟဲ့ .. အောင်မယ်လေး မိလှ ရယ် .. ဒီကိုလှမ်းပေးလေ .. ယေး မြန်မြန် .."

"အေး .. အေး .. ရော့ .. ဒီမှာဆွဲခြင်း .."

စိတ်ကူးတွေကြောင့် ရထားဆီသွားနေသည့် ခြေလှမ်းတွေက နောက် ကျသွားခဲ့၏။ ခြေရောလက်ရော ချဲ့ကား၍ နေရာဦးထားရသည့် လုံ ကတော့ ထိုတစ်ဝိုက်မှာ သူမအသံချည်းပဲဖြစ်ကာ ..၊

"အား .. ခြေထောက် .. ခြေထောက် .."

"ဘာလဲဗျ .. ခင်ဗျားခြေထောက်နဲ့ အလွတ်ကြီးပါ .."

"မလွတ်ပါဘူး .. ခြေသန်းလေးဖိမိနေပြီ .. အား .."

"ဟဲ့ .. ဖိထားတယ်တဲ့ .. ပြန်ဖယ်လိုက်စမ်း .."

အထုပ်ကြီးကြွခနဲ တက်သွားတာနှင့် လုံ က အလှူဆီက လှမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အထုပ်ကို ထိုနေရာမှာ ချထားလိုက်သည်။

"ဟူး .. ခုမှပဲ .."

"ဘာဖြစ်တာလဲ အဲ့ဒါ .."

မကျေမနပ် မျက်နှာမည်းမည်းကြီးက ဒေါသတွေနှင့် ..။

လုံ့ စကားရပ်သွားပြီး ထိုသူကိုလှည့်ကြည့်သည်။ ပြီးတော့ ဇက်လေးပုသွားပြီးမှ လက်ဖျားလေးတွေနဲ့ ယပ်ခတ်၍ ...

"ခြေထောက်ကနာတာ သက်သာတော့တယ် .."

"ခြေထောက်ကနာရင် ခြေထောက်ကို ယပ်ခတ်ပါလား .."

"အို .. သူများဘာသာ ဘယ်ခတ်ခတ်ပေါ့ .."

"ဟွန်း .. နေရာဦးတာတောင် ရိုးရိုးသားသားမဦးဘူး၊ ဇာတ်ကနေသေးတယ် .."

"ဟုတ်တယ် .. ခွန်းတောက်လေးပါထည့်ရကောင်းမလားလို့ .."

"လုံ့ ရယ် .. တော်ပါတော့ .."

"သူမှမတော်သေးတာ .. ငါ့မှာလည်း ပါးစပ်ပါတာပဲ .."

"သြော် .. ငါ့နှယ် .. လူအရင်ထိုင်လိုက်မိတာနဲ့ ဒီဆွဲခြင်းလေးတောင်ချစရာနေရာမရှိတော့ဘူး .."

"ပေး .. ပေး .."

အလှ ထိတ်ခနဲဖြစ်သွားသည်။ သူမ ညည်းနေရုံပဲရှိသေးသည် လုံ့က ဆွဲခြင်းကိုယူလိုက်ပြီး ခုန ပြန်,မ သွားခဲ့သည့် ဖက်ထုပ်ကြီးပေါ် လှမ်းတင်လိုက်၏။

ရန်ဖြစ်ဖို့ကြိုးစားနေသည့် အသားမည်းမည်းနဲ့လူ မျက်နှာကြီးရှေ့ထော်ထွက်လာ၏။ လုံ့ က သူမကိုယ်သူမ ဘာလုပ်နေသည်မှန်းတောင် သတိမထားမိပုံနှင့် ဆွဲခြင်းကို ပြုတ်ကျမကျ သေချာကိုင်လှုပ်ကြည့်နေသေးသည်။

"ဟိတ် .. ကောင်မလေး .."



"ဟင် .."

အနားကပ်အော်လိုက်သဖြင့် လုံ့ က စိတ်မရှည်စွာလှည့်ကြည့်၏။

"နင် ဘာလုပ်တာလဲ .."

"ဘာလုပ်နေတာ မြင်လဲ .."

"အဲ့မှာ .. ငါဆွဲချလိုက်ရရင် တစ်စစီဖြစ်တော့မယ် .."

"ဘာလဲ .. ဒီခြင်းကိုလား .. လုပ်လိုက်လေ .."

လုံ့ က ကုက်ကက်လန်ပြန်အော်ကာ အားလုံးတွေ ဝိုင်းကြည့်နေတာကို လှည့်ပတ်ကြည့်ပြီးမှ လက်မောင်းတစ်ဖက်စဆွဲတင်၍ ...

"ဆွဲခြင်းက တော့် ဂုတ်ပေါ်တက်ထိုက်နေလို့လား .. ပစ္စည်းတွေကျပ်နေလို့ စုထပ်နေရတာ လာပြီးတော့ ပြူးတူးပြဲတဲ .."

"အစတည်းက ပြူးပြီးသားကြီး လုံ့ ရဲ့ .."

"အဲ့မှာ ဟိုတစ်ယောက်ကပါ လူကို .."

"ညည်းတို့က စွာလှချေလား .. ယောကျ်ားလေးက မပြောမဆိုတတ်ဘူးဆိုပြီး မိန်းမကောင်းရန်တွေ့ ဝိုင်းပြောမနေကြနဲ့နော် .. နေရာလည်းလုသေးတယ် .. သူတို့ကပဲ ပြောလားဆိုလား .."

"ဒါကြီးကလား မပြောတတ် မဆိုတတ် .."

ထိုလူရဲ့ အမေဖြစ်ဟန်တူသူက သားလိုပဲ တစ်ဆေရာတည်း မည်းနေကာ ...

"အဲဒါ ငါ့သား .."

"သိပါတယ် .. ဒီလောက်ထစ်ထပ်တည်းမည်းပြီး သူ့ကြောင့်ဆတ်ဆတ်ခါနေတာ .."

"ဆတ်ဆတ်ခါနေတာမဟုတ်ဘူး .. နေရာဦးတာထားပါတော့ ဆွဲခြင်းတောင်းလာထပ်တင်လိုက်သေးတယ် မလွန်ဘူးလား .."

"နေရာဦးတာကလည်း ကိုယ်ထိုင်စရာလေးရဖို့ပဲ .. ဆွဲခြင်းထပ်တင်ရတာလည်း ချစရာနေရာမရှိလို့ .. ဘာဖြစ်လို့လဲ ဒီပက်တွေက



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခြင်းတင်လိုက်တာနဲ့ နာ့ပါတယ် ကျင်ပါတယ် အော်နေလို့လား ..."

"မအော်ဘူးလေ .. မအော်ပေမယ့် ညည်းတို့ဆွဲခြင်းထဲက ဆီတွေ ဘာတွေထွက်ကျရင် .."

"အဲတော့ .. ပိုမကောင်းဘူးလား .. ဖက်ဆိုတာ ဆီသုတ်ပြီးမှ သုံးရတဲ့အမျိုး .."

"ကြည့်စမ်းပါယ် .. စွာလိုက်တဲ့ကောင်မလေး .. တွေ့ကိုမတွေ့ဖူး ဘူး .."

မိန်းမကြီး တအံ့တသြရေရွတ်ပြီး ဘာမှမပြောတတ်တော့၊ ဆားမှာ ရှိတဲ့ ခရီးသွားချင်း ရယ်သူကရယ် ပြုံးသူကပြုံးဖြစ်ကုန်ကြသည်။

လုံ နဲ့ အလှ တို့ရဲ့ ရန်ကုန်သို့ ခရီးစဉ်က စထွက်တည်းက ယဉ် သကို ပတ်ပျိုးလေးနဲ့ ...။

❖



အခန်း (၂)

"ဟုတ်တယ် .. ဟုတ်တယ် .. ဒီတစ်ခါသေချာပြီ .. နံပါတ်ရော၊ ရပ်ကွက်ရော ဒီအိမ်ဘဲ ဒီတိုက်ကြီးပဲ .."

တက္ကစီက ခြံရှေ့မှာရပ်ပြီးနေပြီဖြစ်ကာ လုံ က ထိုင်ရာမထပေး လို့ကောင်းနေတုန်း ...။

"ဟဲ့ .. ဟုတ်တယ်မို့လား .. ဘာကြည့်နေတာလဲ .."

သူမ အားပါးတရပြောနေတုန်း ထောက်ခံမည့်သူမရှိသဖြင့် အလှ က လုံ့ ကို လက်တို့မေး၏။

လုံ က အဝါရောင်နှစ်ထပ်တိုက်ကြီးနဲ့ ခြံဝန်းကျယ်ကြီးကို သွားလေး အဖြီးသားနှင့် ငေးနေလျက် ...။

"ငါ့အိမ်မက်ထဲမှာအတိုင်းပဲဟယ် .. တစ်ထေရာတည်းပဲ လှလိုက် တာ .."

"အေးပါ .. လှတယ်ဆိုလည်း ခဏနေတော့ .. ငါသွားတော့မယ်"

နင့်ယောက်ျားကိုတွေ့ပြီဆိုမှ ငါ့အလုပ်အိမ်ကို ငါသွားမှာပါ' လို့ တတိပေးထားသည့်အတိုင်း အလှ က ခြံနံပါတ်နဲ့ နာမည်နဲ့ကွ အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



သေချာရှာတွေ့မှ လမ်းခွဲဖို့ပြင်၏။

ဆိုင်ကယ်လ်နဲ့ထွက်သွားကြသည့် စုံတွဲတစ်တွဲက လက်ညှိုးထိုးပြသွားတာမို့ ဒါက စက်ဝန်း ပိုင်ဆိုင်သည့်တိုက်ကြီးမှန်း သေချာနေပြီဖြစ်ကာ ...၊

"ဆင်းလေ လုံ ... ငါလည်း အကြီးသိမ်း တို့အိမ်ကို ရှာရဦးမှာ၊ ရောက်ဖူးပေမယ့် ငါးနှစ်တောင်ကျော်နေပြီ မနည်းရှာရမှာ ..."

နောက်တစ်ခါထပ်ပြောမှ လုံ က ကားပေါ်က ဆင်း၍ လမ်းပေါ် ခြေချကာ ...၊

"နင် ငါ့အိမ်မှာ တစ်ညနှစ်ညလောက်နားပြီးမှ အကြီးသိမ်းကို ရှာပါလား အလှ ရယ် ..."

"အောင်မယ်လေး ... ကိုယ့်ဘာသာပဲ အဆင်ပြေအောင်နေစမ်းပါ လုံ ရယ် ... ပြီးတော့ စက်ဝန်း နဲ့ ငါက ဘယ်တုန်းကမှ တည့်တာမဟုတ်ဘူး ... ဘာလဲ နင်တစ်ယောက်တည်းဝင်မသွားရဲလို့လား ..."

"မဟုတ်ပါဘူး ... နင်ပါတော့လည်း စက်ဝန်း လည်း ထွက်လာရော လှည့်ပြန်သွားမှာမို့လား ... နေပေ့စေတော့ ..."

"ငါ့ကို စိတ်မဆိုးပါနဲ့ လုံ ရယ် ... နင်ကလည်း တိုက်ကြီးထဲဝင်ပြီး အေးအေးငြိမ့်နေရတော့မှာကိုများ ပင်ပန်းရဦးမယ့်လူကို စိတ်ကောက်နေသေးတယ် ..."

အလှ ခမျာ လုံ နှုတ်ခမ်းစူတော့လည်း ဖြောင့်ဖြောင့်မသွားနိုင်ရှာ။

သို့သော် လုံ ကလည်း မျက်နှာကိုကြည်ကြည်လင်လင်လေးပြင်ဆင်၍ ပြုံးပြလိုက်ကာ ...၊

"ငါက နင်တစ်ယောက်တည်းဆက်သွားရဦးမှာကို စိတ်ပူနေလို့ပါ ... စိတ်ကောက်တာမဟုတ်ပါဘူး ... ရော့ ... ငါ့မှာ ပိုက်ဆံဘယ်လောက်ကျန်သေးလဲမသိဘူး နင်ယူသွားတော့လေ ..."

"ဟင် ... အကုန်လုံးပေးမလို့လား ..."



"အေးလေ ... နင် ဒီကားငှားခလည်းပေးရဦးမှာမို့လား ... အကုန်လုံးပဲ ယူသွားစမ်းပါ ..."

"ဘာပဲဖြစ်ဖြစ် နင် သုံးဖို့နည်းနည်းတော့ချန်ထားပါဦး ... ငါ့မှာလည်း ... ဟင် ..."

လက်ထဲရောက်လာတဲ့ပိုက်ဆံက တစ်ထောင်တန်နှစ်ရွက်နဲ့ ငါးရာတန်တစ်ရွက် ...။

"ဒါ ... ငါ့ကိုပေးတာလား ..."

"အေးလေ ... အကုန်လုံးယူသွားပါ ... ငါ့အတွက်မလိုတော့ပါဘူး"

တစ်ရာတန်နဲ့ နှစ်ရာတန်လေးတစ်ရွက်ကို ပိုက်ဆံအိတ်ထဲပြန်ထည့်၍ ဇစ်ဆွဲပိတ်လိုက်ရင်း လုံ ပြောနေပုံက တကယ့်မိန်းမကြီးအတိုင်း...။

"အေးပေါ့ ... နှစ်ထောင့်ငါးရာတောင်ဆိုတော့ ငါပဲ ယူသွားရမှာ အားနာစရာကြီးနော် ..."

ပြောလိုက်တော့လည်း ငေါ့ပြောမှန်း လုံ ချက်ချင်းသိ၏။ ကားတံခါးဖွင့်လျက် ခြေထောက်တစ်ဖက်ချထားလျက်နှင့် ဆင်းဖြစ်တဲ့ဆီမရောက်နိုင်ဘဲ ...၊

"နှစ်ထောင့်ငါးရာလည်း ငါမပေးရင် နင် ဒီတိုင်းသွားရတော့မှာမို့လား ... ဘာလဲ မယူဘူးလား ... ပြော ..."

"ယူမှာပါ ... ယူမှာပါ ... အမလေး ... ဟုတ်ပါ့ ... ဒီပိုက်ဆံနဲ့ ထီပြေးထိုးသင့်တာကိုး ... မယ်ကပ်စီးဆီကရတဲ့ပိုက်ဆံ ..."

"ကဲဗျာ ခင်ဗျားတို့ကိစ္စ မပြီးသေးဘူးလား ... ဆင်းမှာဖြင့်လည်း ဆင်းလိုက်ပါ ..."

"ဘာဖြစ်လို့လဲ ... ကျွန်မတို့က အဝေးကြီးကလာရတာ၊ နောက်ထပ် ဘယ်နှစ်လ ဘယ်နှစ်နှစ်ကြာမှ ပြန်တွေ့မယ်မှန်းလည်း မသိဘူး၊ ဒီလောက်လေးတော့ ပြောရ မှာရတာရှိတာပေါ့ ..."

လုံ က ရှေ့ကိုတောင်လှမ်းရန်တွေ့လိုက်သေးသည်။ ဒရိုင်ဘာက

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကုတ်ရင်း ရှုံ့မဲ့သွားလျက် ...၊

"မြန်မြန်ပြောကြဗျာ .. တော်ကြာ နောက်ကားတက်လာပြီး ကျွန်တော့်တံခါးကို .."

"ဟာ .. ဟိတ် .."

"ဒုန်း .."

"အမလေး .."

"သွားပြီ .. အဲဒါ တကယ်သွားတာ .."

ဖွင့်ထားသည့် တံခါးရွက်ကိုနောက်က ကျော်တက်လာသည့် ကားက ဖြတ်တိုက်သွား၏။ လုံ ခြေတစ်ဖက်ချထားသဖြင့် လန့်ဖျပ်အော်လိုက်မိကာ အလှ က လုံ့ လက်ကိုဆွဲပြီး ကားထဲအတင်းသွင်း၏။

အခြေအနေတွေ ရုတ်တရက်ဆိုးရွားသွားလျှင် ဝင်တိုက်သွားသည့် ကားသမားကလည်း ကမန်းကတန်းဆင်းလာပြီး ...၊

"ကျွန်တော်လည်း ဒီဘက်ဆွဲချပြီး လွတ်အောင်ရှောင်ပါသေးတယ်၊ ဘယ်လိုမှကို ထပ်ဆွဲလို့မရတော့လို့ဖြစ်သွားတာပါ တံခါးက အသားကုန်ဖွင့်ထားတာဗျာ .. ဒီဘက်မှာလည်း ကျင်းချိုင့်ကြီးက နည်းတာကြီး မဟုတ်ဘူး .."

ဒရိုင်ဘာ ဟိုကြည့်ဒီကြည့်နှင့် ပြုတ်ကျနေသည့် တံခါးရွက်ကိုကြည့်ရင်း တရားခံရှာလေသည်။ ကိုယ့်ကားက လမ်းလယ်ခေါင်မှာ တံခါးဖွင့်ထားပြီးနေနေတာ ကိုယ့်အပြစ် ...။

အကြည့်တွေက လုံ နဲ့ အလှ ဆီ တန်းတန်းမတ်မတ်ရောက်၏။

"အဲဒါ ခင်ဗျားတို့ကြောင့်ဖြစ်တာ၊ ခင်ဗျားတို့မှာ တာဝန်ရှိတယ်နော် .. ကျုပ်ပြောနေတာ ပါးစပ်မပိတ်သေးဘူး .."

"သြော် .. ရှင့်ပါးစပ်မပိတ်ခင် ဒီကားဝင်တိုက်သွားလို့ ကျွန်မတို့မှာ တာဝန်ရှိသွားတာလား .."

"ကျုပ် ဒီလောက်သတိပေးနေတာ အခုဖြစ်သွားပြီလေ၊ တံခါးကျိုး



သွားတာ ခင်ဗျားကြောင့်ပဲ .."

"ကားတိုက်လို့ ကျိုးသွားတာ ဘာဖြစ်လို့ ကျွန်မကြောင့်လဲ .."

"ကျွန်တော့်ကားနဲ့တိုက်မိရတဲ့အကြောင်းကိုလည်း ကြည့်ဦးလေဗျာ .. ဒီဘက်လမ်းကမရှိတော့ဘူး .. ဟိုဘက်ကချိုင့်ကြီးထဲ မကျအောင်တပ်သပ်တက်ရတာ .."

"လမ်းမရှိမှန်းသိရင်လည်း ကပ်သပ်မတက်နဲ့ပေါ့ .. ကျွန်မတို့တကားငှားစီးလာတာ ဒီကားတစ်ခုခုဖြစ်ရင် စိုက်လျော်ပါမယ်လို့များ အာမခံခဲ့မိလား .."

"အေးလေ .. ကားချင်းဖြစ်တာကို ခရီးသည်ဆီက အလျော်တောင်းရတယ်လို့ မကြားဘူးပေါင် .."

"ကြားဖူးဖူး မကြားဖူးဖူး ဒီကိစ္စ ငါတို့နဲ့ ဘာမှမဆိုင်ဘူး၊ ခရီးသည်ချတာ သေးကပ်ရပ်ပြီးချရင် ဘာမှဖြစ်စရာမရှိဘူး .."

"ဟာ .. ခင်ဗျားတို့စကားပြောတာက .."

"နည်းမှန်လမ်းမှန်ကိုပြောပြတာ .. ဘာမှလာပြီး တရားခံမရှာနဲ့.."

လုံ က ဘယ်သူမှ တိုးမပေါက်အောင်အော်ပစ်လိုက်ကာ အခြားခြံရှေ့မှာ ပါစင်ဂျာလာချသည့် တက္ကစီကိုမြင်သွားခဲ့လျက် ...၊

"ဟဲ့ .. ဟိုမှာ အငှားကားတစ်စီး အလှ ရေ .. ဒီမှာ .. ဒီမှာ .."

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

ဒီဘက်မှာ ရန်တွေ့နေတုန်း အလှ ကိုလည်း သတင်းပေး၏။ ပြီးတော့ သူမပဲပြေးသွားရင်း လက်ခုပ်တီးခေါ်ကာ ...၊

"နင့်အထုပ်တွေဆွဲချခဲ့ အလှ ရေ .. ကားပြောင်းစီးမှ နင် ဒီနေ့အကြီးသိမ်း ဆီ ရောက်မှာ .."

ဟိုဘက်ကားက ဘက်ခ်ဆုတ်လာသည်။ အလှ မနိုင်မနင်းဆွဲထုတ်နေတာကို လုံ က ဝိုင်းဆွဲရင်း ...၊

"ရန်ကုန်မှာ တက္ကစီးရတဲ့အတွေ့အကြုံလေးပေါ့ဟယ် .. ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အထုပ်ကိုယ်ဆွဲ ကိုယ်ပါတာ ကိုယ့်တာဝန် ဒါရိုက်ဘာတွေက မင်းသား စတိုင်လ်နဲ့ ..."

"တိုးတိုးပြောပြီး မြန်မြန်လုပ် လုံ ရေ .. တက္ကစီသမားက အလျော် တောင်းချင်လို့ မျက်လုံးကြီးတဝင်းဝင်းနဲ့ .."

ပြောလိုက်ကာမှ ကားသမားက ရှေ့တိုးလာကာ ..၊

"ဒီမှာ ခင်ဗျားတို့ ဒီတိုင်းသွားလို့တော့ မရဘူးနော် .."

"ဘာ ..."

လုံ့ရဲ့ ဆတ်ခနဲလှည့်ပြီးအော်လိုက်သံကြောင့် ကားသမားနောက် ပြန်တွန့်သွားသည်။ လုံ က အလှ ဆီက ပိုက်ဆံအိတ်ကို ဆွဲယူလိုက်ပြီးပြော ခဲ့သည့်အတိုင်း တက္ကစီခကို ကားသမားလက်ထဲ ဆောင့်အောင့်ထည့်၍ ..၊

"ရော့ .. ကိုယ့်ကားခလေးကိုယူပြီး အေးအေးနေလိုက်၊ တောက လူတွေဆိုပြီး အချဉ်ဖမ်းဖို့မစဉ်းစားနဲ့ ရန်ကုန်မြို့မှာ အငှားကားမမောင်း ဖူးပေမယ့် သုံးဘီးမောင်းလာတာနော် .. ဒီပြဿနာမျိုးတွေ ရှင်းလာတာ အံတိုနေပြီ .. ဟွန်း .."

တကယ် အံတိုနေသလား မတိုဘူးလား သွားဖြီးပြရတာမဟုတ်..။

အံမတိုပေမယ့် တိုပေးလိုက်သည်။ မျက်နှာကြီးနီရဲတင်းမာနေ သည့် ကားသမားကို မျက်စောင်းတောင်ထိုးလိုက်သေး၏။

"လုံ ရေ .. ငါသွားပြီနော် .."

"အေး .. ဒီတစ်ခါ ကားရပ်ရင် တံခါးဖွင့်ပြီး မြန်မြန်ဆင်းနော်.. တရားခံရှာနေတဲ့ ကားတွေနဲ့တွေ့ရင် နင်တစ်ယောက်တည်း .."

အလှ ကားပေါ်ကနေ စိုးရိမ်တကြီးလှမ်းကြည့်နေ၏။ ပြီးတော့ 'တော်တော့'လို့ လက်ကာပြသွားသေးသည်။

ကားသမားတွေနဲ့ သူမ ကျန်နေခဲ့တာကို အလှ စိတ်ပူနေမှန်း လုံ သိသည်။

သူမကတော့ ကြောက်စိတ်နည်းနည်းလေးမှ မဖြစ်ပေ။ ကိုယ့်ကို



တရားခံလို့ လာစွပ်စွဲတိုင်းကြောက်နေရမည်ဆိုလျှင် မဖြေရှင်းရဲတဲ့လူ တွေ အကုန်ထောင်ထဲတန်းစီဝင်နေရမှာပေါ့။

ကိုယ့်အိတ်ကိုယ်ဆွဲ၍ အနီရောင်သံပန်းတွေနှင့် တံခါးကြီးရှေ့ကို လျှောက်လာခဲ့မိသည်။

သူမရဲ့ မဟုတ်မခံ ဇက်ဇက်ကြဲမာန်မာနများအားလုံးသည် ဒီခြံ တံခါးကြီးရဲ့ရှေ့မှာပဲ ပျောက်ပျက်ပြီးဆုံးရတော့မည်ဆိုတာ ကြိုတင် မသိနိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ ..၊

❖

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

ဒီကုလားထိုင်ကြီးတွေက 'ဆိုဖာ'လို့ခေါ်ကြတဲ့ ခုံတွေလား ..။

ဖောင်းကြွနီရဲနေသည့် ဆိုဖာကြီးတွေကို သေချာကြည့်နေမိရင်း ကိုယ်ရပ်နေသည့် ကြမ်းခင်းတွေကို အံ့ဩမိပြန်သည်။

တစ်အိမ်လုံး လက်လက်တောက်နေတာက ဝါးကြမ်းခင်းတွေ ဖျဉ်တွေချည်း မြင်တွေ့သုံးစွဲလာခဲ့ရသည့် လုံ့အမြင်မှာ မှန်ရောင်တွေ ထိုးနေသလိုပင် ..။

"ဟိတ် .. မှန်တံခါးကိုဘာလို့ပွတ်နေတာလဲ .. မှန်ကုန်တော့မှာပဲ"

"ရှင် ..."

မှန်ပေါ်လက်တင်ထားမိသည့် ကိုယ့်ကို အော်လိုက်မှန်း သိကာ တမန်းကတန်း လက်ပြန်ရုတ်၍ ..၊

"ဟုတ်ကဲ့ .."

အိမ်ထဲထိလိုက်ပို့သည့် ခြံစောင့်က လှည့်ထွက်သွားပြီဖြစ်ကာ တံခါးကို ဘယ်လိုဖွင့်ရမှန်းလည်းမသိ၊ လာခေါ်တဲ့သူလည်း မရှိသဖြင့် လုံ အိမ်ရှေ့လှေကားထစ်တွေပေါ်မှာ ဒီတိုင်းရပ်နေရ၏။

အိမ်ထဲမှာ ပန်းအိုးကြီးတွေ ကန့်လန့်ကာတွေ ဖြန့်ခင်းကျင်းနေကြ



တာ လှူတွေဆယ်ယောက်လောက်ရှိသည်။ ရှေးဟောင်းပန်းချီကားကြီးတွေ ဟိုဘက်ပြောင်း ဒီဘက်ပြောင်း ..၊

တစ်ချို့က အထပ်စပ်မြင့်ကြီးတွေပေါ်မှာ အလှတင်ပစ္စည်းတွေ ရုပ်ထုတွေကို ပွတ်တိုက်ပြင်ဆင်နေကြ၏။ အိမ်မှာ ဘာပွဲလုပ်မှာမို့လို့လဲ..။

ဒါမှမဟုတ် သူမ လာမယ်ဆိုတာသိလို့ စက်ဝန်း ပြင်ဆင်ခိုင်းထားတာလား .. ဒါလည်း မဖြစ်နိုင်ပါ။

လုံ ဒီထိရောက်လာခဲ့တာ စက်ဝန်း မသိဘဲ ..၊

"နွေရေ .. အဲ့ဒီတစ်ယောက် ဘာရုပ်လုပ်နေတာလဲမသိဘူး .."

"မသိပါဘူး .. ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါ .."

လုံ ကို သတိထားမိပြီး စိတ်ဝင်စားနေတဲ့သူရှိပေမယ့် မဝင်စားတဲ့သူက ပိုတ်ပင်၏။ ထို့ကြောင့် လုံ ဘာမှပြောပြခွင့်မရခဲ့ဘဲ အနားကို ဘယ်သူမှလည်း မလာ ..။

ထိုစဉ် ခြံဝကနေ ကားအဖြူလေးတစ်စီးဝင်လာ၏။ လုံ ဝမ်းသာသွားသော်လည်း ကားက ဒီဘက်တွေ့မလာခင် ရပ်သွားကာ အထဲက အမျိုးသမီးတစ်ယောက်ဆင်းလာသည်။

"ဘာလဲ .. ဒါ ရုပ်ရှင်မင်းသမီးလား .."

တီးတိုးရေရွတ်ရင်း ကိုယ်ကြည့်ဖူးသော မင်းသမီးတွေထဲက ဘယ်သူဖြစ်မလဲ ငေးကြည့်နေမိ၏။ သူမရဲ့ ခြေလှမ်းတိုင်းက ခြေချင်းချိတ်လဲတော့မလားထင်ရလောက်အောင် ခြေထောက်နှစ်ချောင်းတည်းနဲ့ ရှုပ်နေပြီး လိမ်ဖယ်ဖယ် ..။

ဒါပေမယ့် လှပမို့မောက်နေသည့် သူမရဲ့ ကိုယ်လုံးအလှလေးတွေ ကြွကြွရွရွ ပေါ်လွင်ပြီးကြည့်လို့တော့ကောင်း၏။ ဆံပင်က ပခုံးသာသာ အဖျားတွေတွန့်လိပ်ထားပြီး နဖူးအလယ်တည့်တည့်က ခွဲထားသည်။

နှုတ်ခမ်းထူပြည့်ပြည့်လေးမှာ အောက်နှုတ်ခမ်းက ချွန်မြနုတွဲတွဲ လေးဖြစ်၏။

ပြီးတော့ ဝတ်ထားတာက ပန်းရင့်ရောင်ဝတ်စုံ ..၊

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်က ကျပ်ကျပ်ကပ်ကပ်နှင့် အင်္ကျီကျတော့ လက်ပွ ခါးပွနှင့် အရှည်ကြီးဖြစ်၏။

သို့သော် ခါးပတ်ပြားကြီးစည်းထားလိုက်တော့ သေးကျဉ်းသည့် ခါးအလှက အသည်းယားလောက်အောင် ပေါ်လွင်လှပနေလေသည်။

သူမက ဒီထဲကိုဘာလာလုပ်တာလဲ ...၊

လူတွေအများကြီးနှင့် ဒီအမျိုးသမီးကိုမြင်လိုက်ရခြင်းသည် ယုံကြည်ချက်များစွာနှင့် အပျော်ကြီးပျော်လာခဲ့သော လုံ့ စိတ်တွေကို သံသယများစွာနှင့် လေးဖင့်သွားစေခဲ့လျက် ...၊

'ဒါ .. စက်ဝန်း ရဲ့ အိမ်မှဟုတ်ရဲ့လား' လို့ တွေးလာခဲ့မိ၏။

လုံ ကြည့်နေရင်း သူမက တံခါးနားရောက်လာကာ ...၊

"မင်းက ဒီမှာဘာလုပ်နေတာလဲ .."

"ရှင် .."

"မမ ရောက်လာပြီ .."

လုံ ဘာမှမဖြေရသေးခင် မှန်တံခါးပွင့်သွားကာ အထဲက မိန်းကလေးတစ်ယောက် အူရားဖားရားထွက်လာပြီး သူမလက်ထဲက ဖိုင်နဲ့ အိတ်တစ်အိတ်ကို ပြောင်းယူလိုက်၏။

"သူက ဘယ်သူလဲကြည့်စမ်း .. အလုပ်သမား ထပ်ခေါ်လိုက်တာလား .."

"မခေါ်ထားဘူး မမ .. အစ်ကိုလေးတော့ မင်းသမီး သက်စုမှူးနဲ့ ဒီနေ့ချိန်းထားတယ်လို့ပြောတယ် .."

"ဘာ ..."

လုံ့ ကို ပြန်ကြည့်ပြီး စိတ်တိုသွားသည့် သူမ မျက်နှာကြောင့် ကောင်မလေး ပျာပျာသလဲခေါင်းခါ၏။

"ဆ ပြောတာက မင်းသမီးရဲ့ တောက်တိုမယ်ရလားလို့ပါ .. အဲ့ဒီလို သူတို့ကို ကြိုလွှတ်တတ်လို့လေ .."

မင်းသမီးနဲ့ မှားနေရင်တောင် လုံ က မဟုတ်ဘူးလို့ဖြေရှင်းမှာပါ။



တောက်တိုမယ်ရဆိုတာတော့ လွန်လွန်းသွားပြီမို့ ...၊

"ဒီမှာ အစ်မ .. လုံ က ခရီးဝေးကလာခဲ့လို့ ပင်ပန်းနေတာ တောက်တိုမယ်ရအလုပ်သမားနဲ့ တူနေလို့လား .."

"ဩော် .. မင်းက အလာကြီးပါလား .."

"အစ်မက ဘယ်သူလဲ .. ဒီအိမ်က စက်ဝန်း ရဲ့ အိမ်မဟုတ်ဘူ လား .."

"အယ် .."

အိတ်ပြောင်းယူပြီး ပြန်မဝင်သေးသည့် ကောင်မလေးက ဝင်လာ ရေတွေခမ်းသွားတာ မြင်လိုက်ရသလို အာမေဍိတ်သံထွက်၏။ အမျိ သမီးကတော့ နှုတ်ခမ်းအစုံ ဖြည်းလေးစွာ ဖွင့်ဟသွားခဲ့ပြီး အသံတော မထွက်နိုင် ...။

"အဝန်း ကို မင်းက ဒီလိုခေါ်ရအောင် မင်းက ဘာမို့လို့လဲ –

"ဩော် .. ကျွန်မကလား .."

အဝန်း လို့ ခေါ်လိုက်တည်းက စက်ဝန်း က လွဲပြီး တခြားလူမခေ နိုင်မှန်း လုံ သိလိုက်၏။ ထို့ကြောင့် ...၊

"ကျွန်မ နာမည်က လုံမဒီ .. စက်ဝန်း နဲ့ ကျွန်မက .."

"ဟာ .. လုံ့ .."

အသံသည် ပျာယီပျာယာနိုင်လျက် ...၊

"လုံ ဘယ်တုန်းက ရောက်လာတာလဲ .."

အထိတ်တလန့်ကြီးခေါ်ပြီး ပြေးလာခဲ့ပေမယ့် အနားရောက်သ နှင့် ဝမ်းသာအားရဟန်တွေဖြစ်သွားခဲ့ပြီး ...၊

"အထက် .. သူက ကိုယ့်ညီမလေးလေ .."

"ညီမ .. ဟုတ်လား .."

"ဟုတ်တယ် .. တောမှာလေ .. သူက .. သူက .. ဖိုးလေ –"

"အဝန်း မှာ ညီမရှိတယ်လို့ တစ်ခါမှလည်း မပြောဘူးပါလား"

"ဟုတ်တယ် .. ဟိုလေ .. အဲဒါ ဟုတ်တယ် အထက် ရဲ့ – ဖို

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါက ဒီလိုရှိတယ် ..”

“ဘာလဲ .. မောင်နှမအရင်းမဟုတ်ဘူးလား ..”

“ဟုတ်တယ် .. ဟုတ်ပါတယ် .. မောင်နှမအရင်းပဲ ..”

လူကို ပခုံးဖက်သလိုနှင့် ဖိညှစ်၍ သတိပေးသလိုလှုပ်နေသောကြောင့် လုံ ဘာမှနားမလည်နိုင်ဘဲ စက်ဝန်း ကိုပဲ တအံ့တသြကြည့်နေမိ၏။

စက်ဝန်း ဘာကြောင့်ညာနေတာလဲ ..။

“မဟုတ်ပါဘူး .. ငါတို့က လင်မယားတွေ” လို့ သူမ ဝင်ပြောလိုက်ရင် ဘာတွေဖြစ်သွားနိုင်လို့လဲ ..။

တွေးနေရင်း တွေဝေခြင်းနဲ့ ငဲ့ညှာလိုက်ခြင်းက တစ်ဖက်စီလွန်ဆွဲလျက် လုံ ဘာမှမပြောဖြစ်ခဲ့ဘဲ ..။

“ဒီလိုလေ အထက် ရဲ့ အဖေနဲ့ အမေက ကွဲနေကြတော့ ညီမလေးက အဖေနဲ့ တောပါသွားတာ .. အဟွန်း ..”

အထက် ဆိုသည့် သူမကလည်း မရှင်းသေးတာလား မယုံကြည်တာလားမသိ ..။

ဘာမှထပ်မပြောတော့ပေမယ့် လုံ့ ကို ခြေဆုံးခေါင်းဆုံးကြည့်နေခဲ့လျက် မျက်နှာက မာကျောကျောခပ်တင်းတင်း ..။

“ညီမဆိုလည်း ပြီးတာပဲလေ .. ဒါပေမယ့် အဝန်း ညီမ စကားပြောတာ သိပ်အဆင်မပြေဘူးနော် .. အထက် ဘာဆိုတာသေချာပြောပြထားဦး ..”

မှန်တံခါးကို အဆင်သင့်ဆွဲပေးထားသဖြင့် အထက် က ဒေါက်ဖိနပ်တဒေါက်ဒေါက်နှင့် ကြွကြွရွရွလေးလှမ်းဝင်သွား၏။

စက်ဝန်း မျက်နှာကို လုံ က စူးစိုက်ကြည့်နေကာ ..။

“စက်ဝန်း .. နင် ..”

“ခဏလေးစောင့်ပါ လုံ ရာ .. ငါရှင်းပြပါ့မယ် လောလောဆယ် ငါတို့လင်မယားဆိုတာ အထက် လုံးဝသိလို့မဖြစ်ဘူး ..”



“ဘာပြောတယ် ..”

“ငါ နင့်ကို ရှင်းပြမှာပါ .. ခုတော့ ငါ့ညီမအဖြစ်နဲ့ ခဏသည်းခံပေးစမ်းပါ .. ငါ့သေရေးရှင်ရေးလောက်အရေးကြီးနေလို့ပါ ..”

“သေရေး ရှင်ရေး ..”

လုံ စိုးရိမ်စိတ်နှင့်အတူ သိချင်သွားခဲ့ပြန်၏။ သို့သော် ..။

“အစ်ကိုလေး .. ကျွန်တော် ကားသိမ်းလိုက်ရတော့မလား ..”

ကားကို ပါ့ကင်သေချာမထိုးရသေးဘဲ တို့လို့တန်းလန်းထားခဲ့ရတာ ဒရိုင်ဘာထွက်လာမေးမှ သတိရသည်။

အထက် က အရင်ဆင်းသွားပြီး ပါ့ကင်ထိုးမလို့လုပ်နေကာမှ မျက်ဝန်းထောင့်မှာမြင်လိုက်သည့် အရိပ်တစ်ခုကို ဖျတ်ခနဲသတိရသွားတာဖြစ်သည်။

ဆံပင်ရှည်ရှည် ပိန်ပိန်မြင့်မြင့်နှင့် ခရီးဆောင်အိတ်ကြီးက ခြေထောက်နားမှာ ..။

“ဟူး .. တော်သေးတာပေါ့ .. အချိန်မီပြေးလာနိုင်လို့ ..”

“ဘာ ...”

မျက်နှာပွတ်ရင်း လုံ့ ကို ခေါင်းခါပြလိုက်ပြီး ဒရိုင်ဘာကိုတော့ ကားသိမ်းလိုက်ဖို့ လက်ခါပြလိုက်သည်။

ပြီးတော့ အထဲမှာ မိန်းကလေးတွေကို စီစဥ်ညွှန်ကြားနေသည့် အထက် ကို လှမ်းကြည့်လိုက်ပြီး ..။

“နော် .. ငါ တောင်းပန်တာပါ လုံ ရာ .. ငါ့ကို ဒေါသထွက်ပါကြိုက်တဲ့အပြစ်ပေးပါ၊ ဒီမှာ ဘာမှဖွင့်မပြောပါနဲ့ .. အထက် ကိုလည်းကလန်ကဆန်မလုပ်ပါနဲ့ သူက မာနအရမ်းကြီးတာ ..”

“ဘာဖြစ်လို့ ဒီလောက်တောင်းပန်နေတာလဲ စက်ဝန်း နင်ကမင်းသားဖြစ်နေပြီလား ..”

“ငါ ..”

“ငါတို့ သိတာတော့ ကြော်ငြာတွေရိုက်ဖို့ လက်ခံထားတဲ့ နာမည်

www.burmeseclassic.com

www.burmeseclassic.com



ကြီး မော်ဒယ်လ်ပါပဲ ..”

“အဲဒါလည်း ဟုတ်ပါတယ် .. ငါက ..”

“ဟုတ်ပါပြီ .. ငါ ဒီလောက်တော့ နားလည်ပါတယ် .. နင် မအောင်မြင်သေးခင် မိန်းမရှိတယ်ဆိုတာကို ဖုံးထားချင်တာမို့လား .. နင့်ကို အောင်မြင်ဖြစ်ထွန်းစေချင်တာ ငါ့ရဲ့ အကြီးမားဆုံးဆန္ဒပါ ဝန်း ရယ်.. တောင်းပန်နေဖို့မလိုပါဘူး ..”

“ဟူး ..”

“ခုနံ နင့်သူဌေးလား .. စိတ်ချ ငါ သူနဲ့လည်းတည့်အောင်ပေါင်းမယ် .. မောင်နှမလိုလည်း ပိပိရိရိရှိနေပေးမယ် .. ရပြီလား ..”

မျက်နှာအပျက်ကြီးပျက်ကာ လေပူတွေမှုတ်ထုတ်နေသည့် စက်ဝန်းတို့ စိတ်သက်သာဖို့ ကတိတွေပေးနေမိသည်။

“သူ့နာမည်က ဘာတဲ့လဲ .. အထက် ဆိုတာ နာမည်လား ..”

“အထက်ဦး တဲ့ ..”

“အထက်ဦး .. နာမည်ရော လူရော တော်တော်လှတယ်၊ ဟွန်း .. ငါက နင့်ကို စက်ဝန်း လို့ ခေါ်လို့တဲ့ သူက ဒေါသထွက်နေတာ ..”

“အစ်ကိုလေး .. မမလေး ခေါ်နေတယ် ..”

“အေး ..”

မိန်းကလေးတစ်ယောက် မှန်တံခါးဆွဲဖွင့်ပြီး လာခေါ်ပြန်သည်။ သူက ခေါင်းညိတ်လိုက်ပြီး လုံ့ ကို ပြန်ကြည့်ကာ ...။

“နင် ငါပြောတာ သေချာမှတ်ထားနော်... နင့်အတွက် ငါ နေရာစီစဉ်ပေးမယ် ..”

ပြောပြီးတာနှင့် အထဲကို တန်းဝင်သွားတာ လုံ့ ကို လိုက်ခဲ့လို့တောင် မခေါ် ...။

ဒါပေမယ့် လုံ ဂရုမထားမိဘဲ မှန်တံခါးဖွင့်ထားတုန်း ကမန်းကတန်း လိုက်ဝင်ခဲ့မိ၏။

ဆွဲထားသည့်တံခါးက အလိုအလျောက် ပြန်ပိတ်သွားမည်မှန်း



မသိလိုက်သော လုံ့ အတွက် ကံဆိုးခြင်းသည် ...။

“ဒုတ် ...”

“အား ...”

အိတ်ကို ငုံ့ကောက်ပြီး ပြေးဝင်လိုက်သည်နှင့် ကောင်မလေးက တံခါးကိုလွှတ်ထားခဲ့သည့်အခိုက် နဖူးနဲ့ တံခါးမိတ်ဆက်သွားလေသည်။

“ဟယ် .. မှန်ကွဲပါပြီ ..”

“ဘယ်လိုဖြစ်လို့ မှန်ကိုခေါင်းနဲ့ ဝင်တိုက်ရတာလဲ ..”

“ဟား .. ဟား .. ဟား ..”

ယောကျ်ား မိန်းမတွေ ဝိုင်းရယ်ကြ၏။ ခေါင်းကွဲသွားသလား မမေးဘဲ မှန်ကွဲမှာလည်း စိုးရိမ်ကြသေးသည်။ နောက်ထပ်မှန်တံခါးတစ်ခု ရှေ့ရောက်နေသော စက်ဝန်း ပြန်လှည့်ကြည့်လိုက်လျှင် မျက်ရည်တွေ ဝေ့နေသော လုံ့ မျက်ဝန်းလေးတွေနှင့် ဆုံမိလျက် ...။

“ဟော့ .. သူက ငါ့ညီမ အထဲခေါ်ပြီး စားစရာတစ်ခုခုလုပ်ပေးထားလိုက် ..”

“ဟုတ် .. ဟုတ်ကဲ့ .. အစ်ကိုလေး ..”

စက်ဝန်း ရဲ့ အမိန့်သံကြားမှ ရယ်ချင်ပတ်ကျိမျက်နှာနှင့် မိန်းကလေးတစ်ယောက် ရှေ့ထွက်လာသည်။

“အဲဒါကောက်ခဲ့ပြီး ဟိုဘက်ကိုလာလိုက်နော် .. နားဖို့အခန်းရှိတယ် ..”

“ဩော် .. ပိုပို ရယ် .. အဲဒါ သူဌေးရဲ့ညီမနော် ..”

“အေးလေ ..”

“ပေး .. ပေး .. ညီမ ..”

အသက်သုံးဆယ်လောက် အမျိုးသမီးရောက်လာပြီး လုံ့ ကို ခြိုးခြံသည်။ အိတ်ကိုလည်း သူမပဲဆွဲယူလိုက်ကာ ရှေ့ကဦးဆောင်ဝင်၏။

လုံ့ နဖူးမှာ နည်းနည်းတော့ရောင်သွားသည်ထင်၏။ အထဲကိုဝင်



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ရှိုးကေ့စ်မှန်ထဲမှာ ကြည့်လိုက်လျှင် နဖူးအလယ်တည့်တည့်မှာ ရှဲပြီး ပြောင်တင်းဟင်းကြီးဖြစ်နေတာ ဒီတိုင်း ...။

"အဟွန်း .. တော်တော်နာသွားလား .."

"ရပါတယ် .."

လုံ နာတာထက် ရယ်သံတွေကို မဖျောက်နိုင်ဘဲဖြစ်နေမိသည်။ ပြီးတော့ လူ ဘယ်လောက်နာသွားသလဲဆိုတာ မမေးဘဲ မှန်ကွဲမှာ စိုးရိမ်နေကြသည့်လူတွေ ...၊

ဒီမှာ စက်ဝန်း ကို သူဌေးလို့သတ်မှတ်ထားတာဆိုရင် ကိုယ့်ကိုယ်တော့ ဘာဖြစ်လို့ လူရာမသွင်းသလိုဆက်ဆံကြတာလဲ ...။

ပြီးတော့ စက်ဝန်း ...၊

ကိုယ့်ညီမလိုမျိုး ပျာပျာသလဲပြေးလာပြီး ဂရုစိုက်ပေးလို့တော့ရတယ်မဟုတ်ဘူးလား .. တော်တော်ရက်စက်တဲ့ စက်ဝန်း ...။

သူ့အရှိန်အဝါ ဒီလောက်ရှိနေတာတောင် သူ့တစ်မျက်နှာနဲ့ လိုက်လာခဲ့တဲ့ မိန်းမကို ဖေးမကာကွယ်ပေးဖော်မရ ...။

"ရော့ .. ညီမ သောက်လိုက်ဦး အမောပြေပေါ့ .."

လုံ့ ရှေ့ကို လိမ္မော်ရည်ပုလင်းလေး ပိုက်လေးတပ်လျက်ရောက်လာ၏။ ရေငှလည်းဆာနေတာနှင့် ယူသောက်လိုက်မိကာ အခန်းကိုလှည့်ပတ်ကြည့်မိ၏။

ရှေ့က သုံးပင်အိမ်တစ်လုံးစာလောက်တော့ ကျယ်ပေမယ့် ဗီရိုတွေ ရှိုးကေ့စ်တွေနဲ့ပဲ ခန်းလုံးပြည့်နီးပါးဖြစ်နေ၏။ ထို့ပြင် စာအုပ်တွေ ဖိုင်တွေက တစ်ချို့ကသေသေသပ်သပ်၊ တစ်ချို့ကျတော့ ကြိုးတွေနဲ့စည်း၍ စုထပ်တင်ထားတာဖြစ်သည်။

ဆိုဖာအဟောင်းတွေ နှစ်လုံးထပ်ဆင့်ထားတာရှိသလို သူမ ထိုင်နေတာ ကြိမ်ကုလားထိုင်တွေကအစ ဖုန်တွေတက်နေတာ ထုနဲ့ ထည်နဲ့ ...။

ကိုယ့်အတွေးတွေနဲ့ကိုယ် ဖုန်တွေတက်နေတာလည်း သတိမထားမိခဲ့ဘဲ ခုကျမှ ငုံ့ကြည့်မိပြီး ကိုယ်လေးပါကြွသွားမိသည်။



စတိုခန်းတွေဘာတွေ လုံ မတွေးတတ်ပေ။ ဒါပေမယ့် သူမကို သူမနေသည့်အခန်းထဲခေါ်လာခဲ့တာလားလို့တော့ တွေးမိလာ၏။ အအေးကို အရသာခံစုပ်နေမိရင်း သူမ အိပ်မက်ထဲကနဲ့ ဘယ်လိုတူပြီး ဘယ်နေရာမှာ မတူသလဲဆိုတာ စိတ်တို့က တောင်ရောက်မြောက်ရောက် ...။

"ညီမ ခဏနားဦးနော် .. အပြင်မှာပြင်ဆင်နေတဲ့လူတွေပြီးရင် ဒီထဲမှာ လာရှင်းပေးလိမ့်မယ် .."

"အပြင်မှာ ဘာပွဲရှိလို့လဲဟင် .."

သူမက စာအုပ်ထုပ်ကြီးတွေကို တစ်ခုပေါ်တစ်ခုထပ်တင်နေရင်း လက်ဖဝါးချင်း ပွတ်သပ်ခါလျက် လှည့်ရယ်ပြသည်။

"မနက်ဖြန် ကုမ္ပဏီက ပစ္စည်းတစ်မျိုးကြော်ငြာရိုက်မှာလေ .. အဲဒါ ရိုက်ကူးရေးတွေ လာကြမှာမို့လို့ .."

ဟင် ...၊

မောသမျှ တွေးသမျှတွေ ဖြုတ်ခနဲ ပျောက်ကွယ်သွားသည်။ လိမ္မော်ရည်ပုလင်းလေးကို လက်နှစ်ဖက်နဲ့ ဖိဆုပ်ထားမိရင်း ...၊

"ကြော်ငြာရိုက်မှာ ဟုတ်လား .. စက်ဝန်း ကြော်ငြာရိုက်မှာလားဟင် .. ဟန်ကျတာပဲ အဲဒါကိုအရမ်းကြည့်ချင်နေတာ .."

"အဟွန်း .. ဟွန်း .."

သူမက ရယ်လိုက်ရင်း ခေါင်းခါနေလျက် ...၊

"မဟုတ်ဘူး .. မှားသွားပြီ .."

"ဟင် ..."

"အစကတော့ ဟုတ်တယ် .. သူဌေးက ဒီကုမ္ပဏီက မော်ဒယ်လ်ပဲ .. မမက သူဌေးပေါ့၊ ခုတော့ ပြောင်းသွားပြီ မော်ဒယ်လ်စက်ဝန်းဆိုတာ သူဌေးဖြစ်သွားတယ် .. မမကတော့ .."

"အဲဒါ ဘာဖြစ်လို့လဲဟင် .. စက်ဝန်း က ဒီကုမ္ပဏီကြီးကို ဝယ်လိုက်လို့လား .."

"ဟွန်း .. ဟွန်း .. မထူးပါဘူး၊ ဒါပေမယ့် စက်ဝန်း က ဝယ်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ..”

“ဘယ်လို ..”

“ညီမက အရိပ်ပြရင် အကောင်းမမြင်ဘဲကိုး၊ မော်ဒယ်လ်က သူဌေးနဲ့ လက်ထပ်လိုက်မှတော့ သူကသူဌေးဖြစ်သွားတာပေါ့ ..”

ဟင် !...၊

လုံ နားကြားမှားတာလား ...၊

ဒီမိန်းမ ဘယ်လိုပြောလိုက်တာလဲ ...၊

‘ငါ ခရီးပန်းလာလို့ပါ ..’

ကိုယ့်ဘာသာရေရွတ်လိုက်ရင်း မျက်တောင်တွေဖိခတ်မစ်၍ ခေါင်းခါလိုက်မိသော်လည်း ...၊

“ညီမက သူဌေးရဲ့ ယောက်မဖြစ်သွားပြီလေ၊ မမနဲ့ ကိုစက်ဝန်း လက်ထပ်လိုက်တာ သိပ်တောင်မကြာသေးဘူး ..”

ဘုရား .. ဘုရား ...၊

“ဒေါက် ...”

ကိုင်ထားသည့် လိမ္မော်ရည်ပုလင်းလွတ်ကျသွားသည်။ တစ်ဖက်မှာ ရှင်းလင်းနေသည့် အမျိုးသမီးလှည့်ကြည့်ပြီး တအံ့တဩဖြစ်သွား၏။

“ညီမ .. ညီမ ဘာဖြစ်သွားတာလဲ ..”

မေးသံကိုကြားပေမယ့် အသံတွေလှုပ်ရှားမှုတွေ ခပ်သိမ်းသော အရာမှန်သမျှကို လုံ ရုတ်တရက် ဘာမှမသိတော့ပေ။

ဒါမှမဟုတ် ကမ္ဘာကြီးတစ်ခုလုံးရဲ့ လည်ပတ်ခြင်းတွေ ခေတ္တရပ်တန့်သွားခဲ့သလား ...၊

“ညီမ ...”

ဟင် ...၊

မှောက်ကျပေကျံကုန်သည့် လိမ္မော်ရည်ပုလင်းကို သူမ လာကောက်တော့ အံ့ဩနေသော မျက်နှာက လုံ့ မျက်နှာအောက်ကိုရောက်လာသည်။

ထိုမျက်လုံးတွေမှာ အံ့ဩခြင်းတွေအပြင် ရှုံးစမ်းခြင်းတွေပါ ပြည့်



သိပ်နေတာကို သတိထားမိလိုက်တော့ လုံ့ မျက်ဝန်းမှာလည်း မျက်ရည်တွေ ပြည့်နေပြီဖြစ်၏။

သို့သော် လုံ တဆတ်ဆတ်တုန်ခါနေသော နှုတ်ခမ်းသားတို့ကို ပြုံးဖို့ကြိုးစား၍ ...

“စိတ် .. စိတ်မကောင်းလို့ပါ ..”

“စိတ်မကောင်းဘူး ဟုတ်လား .. သူဌေးနဲ့ လက်ထပ်တာ ဝမ်းသာရမှာလေ ..”

“အင်း ...”

လုံ ကိုယ့်မျက်ရည်တွေကိုတော့ ဖုံးဖိမရနိုင်သည်မို့ ခေါင်းညိတ်လိုက်မိကာ ...၊

ရက်စက်လိုက်တာ စက်ဝန်း ရယ် .. နင် ...၊

❖

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

"မင်း တော်တော် မျက်နှာပြောင်တဲ့ မိန်းမ .."

"ဘာပြောတယ် .."

"မင်းလောက်ပြောင်တာ မင်းပဲရှိတယ် .."

"ဖြန်း ..."

စားပွဲခုံပေါ် လက်ဖဝါးနှစ်ဖက်နဲ့ ဖြန်းခနဲ ရိုက်ပစ်လိုက်ပြီး အထက် ထရပ်လိုက်သည်။

"မင်း ပြန်ထိုင်လိုက် အထက် .."

"မထိုင်နိုင်ဘူး .."

"မရဘူး .."

"ဒုန်း .."

"ငါပြောလို့မပြီးသေးဘဲ ထွက်သွားဖို့ မစဉ်းစားနဲ့ .."

လက်ကိုဆောင့်ဆွဲချလိုက်သဖြင့် အထက် နေရာမှာပဲ ညွတ်ခနဲ ပြန်ကျသွားကာ အသာတကြည်ထိုင်လိုက်ရတာ မဟုတ်သောကြောင့် စားပွဲပေါ်က အလှပန်းအိုးလေးလဲကျသွား၏။



သီးသန့် စားသောက်ဆိုင်ထဲမှာ နှစ်ယောက်တည်း စစ်တိုက်နေကြတာ ဘယ်သူမှမသိ ...၊

အထက် က အသည်းကွဲရောင် ကိုယ်ကျပ်နှင့် စကက်တိုတိုလေးပေါ်မှာ နက်ပြာရောင်ကုပ်အင်္ကျီကို ထပ်ဝတ်ထားသည်။

မျက်နှာပြင်မှာ ဖျော့ဖျော့ညက်ညက်လေး ခြယ်သလာခဲ့ပေမယ့် ဒေါသကြောင့် နီရဲနေပြီဖြစ်လျက် ဆောင့်ခါဆွဲလွှဲနေခြင်းကြောင့် ပုံကျလှပသည့် ဆံပင်တွေလည်းပျက်လေသည်။

အထက် မျက်နှာမော့ခါပစ်လိုက်ပြီး ဆံပင်တွေကို လက်နဲ့ပြန်သပ်ချသည်။ ပြီးမှ ...၊

"ဒီမှာ ခေါင်ဖျား နိုင်ငံခြားမှာ သူများအိတ်ဆွဲ ဖိနပ်ကောက်ပေးပြီး နှစ်နှစ်သုံးနှစ်လောက် ကုန်းကျူးရှာဖွေနိုင်တဲ့ ရှင့်ကို အထက် က သစ္စာကြီးစွာ စောင့်နေရမယ် ဟုတ်လား .."

"သစ္စာကြီးဖို့ကို ငါပြောနေရမှာမဟုတ်ဘူး .. မင်းကိုယ်တိုင် နားလည်ရမှာ မင်းက ငါ့မိန်းမ .."

"တော်စမ်းပါ .."

အထက် က နားခါးသည့်မျက်နှာနှင့် အော်ပစ်လိုက်သည်။ စားပွဲရဲ့ အနားတစ်ဖက်စီမှာ ထောင့်မှန်ကျပုံထိုင်နေသည့် ခေါင်ဖျား ရဲ့ မျက်နှာကို စူးစူးဝါးဝါးကြည့်မိရင်း ...၊

"ရှင် ကျားကုပ်ကျားခဲစုဆောင်းလာခဲ့တဲ့ ငွေကြေးနဲ့ အခု ပန်းချီခန်းဖွင့်မယ် .. ခတ်ပုံစတူဒီယိုထောင်မယ် .. အဲဒါတွေအတွက် ဖြတ်လမ်းကနေ နာမည်ကျော်အောင် အထက်ဦး ဆိုတဲ့ လုပ်ငန်းရှင်သူဌေးမကငါနဲ့ ခိုးပြေးဖူးတယ်၊ ငါ့မိန်းမလို့ လူသိခံချင်တယ်၊ ရှင် လိုအပ်နေတာဒါလား .."

"တောက် .."

"ဘူးသီးမှ အရိုးတော်ဖို့မကြိုးစားပါနဲ့ ရှင်နဲ့ ကျွန်မ ရင်ခုန်သံတွေ

www.burmeseclassic.com

www.burmeseclassic.com



နောက်လိုက်ပြီး ခဏတစ်ဖြုတ်မှားခဲ့ကြတာ၊ ဒါကို လင်မယားလို့ သတ်မှတ်ပြီး နိုင်ငံကျော်ဖို့မကြိုးစားနဲ့ .. လူပြောလူယုံ ချွေးပြောချွေးယုံ .."

"မင်း .."

သူ့ ဝုန်းခနဲထရပ်လိုက်ပြီးမှ မျက်လုံးတွေကို မှိတ်ထားလိုက်ရသည်။ ခဏကြာမှ စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ မျက်နှာငုံ့လိုက်ပြီး..၊

"မင်း ငါ့ကို အဲဒီလောက်ထိ ခါးသီးနေတယ်ဆိုတာ ငါလက်ခံလိုက်ပြီ အထက်ဦး .. ငါ့အောင်မြင်မှုအတွက် မင်းကို မှီငြမ်းနေပါတယ်ဆိုတဲ့ စကားကိုတော့ ဒီနေရာမှာ နောက်ဆုံးပြောတာဖြစ်ပါစေ .."

"ရှင် ဆက်လုပ်ရှားဖို့ ခက်သွားမှာစိုးလို့လား .. ရှင် အထက်ရှေ့ကိုရောက်လာတာနဲ့ အထက် ရဲ့ ဂုဏ်သိက္ခာအတွက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ လိုအပ်ရင် ပြောရမှာပဲ .."

"ဒီလိုလား .."

ခါးကိုင်း၍ မျက်နှာထပ်ငုံ့လိုက်တော့ အထက် ရဲ့ ရှေ့မှာ သူ့မျက်နှာ နီးကပ်သွားခဲ့၏။

"မိန်းမဉာဏ်ဆိုတာ တကယ်တော့ လီဆယ်တတ်တဲ့ဉာဏ်ပါပဲ၊ မင်းနဲ့ ပြိုင်ပြီး ငါက လီဆယ်ပြောနေမှာမဟုတ်တော့ လုပ်လေ .. မင်းက စိန်ခေါ်ရင် ငါကလည်း ဘွာမခတ်ပါဘူး၊ မင်းနဲ့ ငါ တစ်ကွေ့မဟုတ်တစ်ကွေ့တော့ တွေ့နေကြမှာပဲ .. ငါ့ဘက်က ရိုးရှင်းတဲ့ခြေလှမ်းတွေကို မင်းကစပြီး ပုတ်ခတ်ခဲ့တာဆိုတော့ .."

"ခြိမ်းခြောက်မနေနဲ့ ခေါင်ဖျား .. အထက်ဦး က မကြောက်တတ်ဘူး .."

ပြောရင်း မတ်တတ်ရပ်လိုက်ကာ ..၊

"ရှင့်ဘက်က ရိုးရှင်းတယ်ဆိုတာ အခု ဒီဆိုင်ထဲကို အထက်ရောက်လာအောင်ခေါ်ပြီး 'မင်းက ငါ့မိန်းမ' လို့ ပြောတာမျိုးလား .."

"ဟုတ်တယ် .. အဲဒါ ငါ့ဘက်က ရိုးရှင်းတဲ့ ခံစားချက်နဲ့ပဲ .. ခုန



တထိ မင်းကို ငါ နားလည်ပေးဖို့ ကြိုးစားနေတုန်း .."

"ဟွန်း .."

"အဲဒါ မင်းကို မျှော်လင့်နေတာမဟုတ်ဘူး မင်းကို အဲ့ဒီလိုမိန်းမမျိုးလို့ မထင်ခဲ့တာ .. မင်းဘက်မှာ ခက်ခဲတဲ့ အခြေအနေတစ်ရပ်ရပ်ရှိခဲ့မှာပဲလို့ ချွင်းချက်ထားပြီး သိချင်တာမျိုး .."

"ဟွန်း .. ရှင် ဘယ်ချောင်မှာသွားပြီး ရှေးဦးသမိုင်းတွေပြုစုနေတာလဲ .. အံ့ဩစရာပဲ .. ဆယ့်လေးငါးရက်ပဲအတူနေခဲ့တဲ့ ယောကျ်ားကို အထက် က သစ္စာတွေအရေကျိုသောက်ပြီး ငုတ်တုတ်ထိုင်စောင့်နေရမယ်ပေါ့ .. ဟား .. ရှင် တော်တော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပါလား .."

"ကြီးတယ် .. မင်း ဘယ်လိုမိန်းမမျိုးမှန်းသိလိုက်ရတော့ ခု ပိုကြီးသွားတယ်၊ ဒီမှာ အထက်ဦး မင်းသိအောင် ငါပြောလိုက်မယ်၊ စကားတစ်ခွန်းကို လွယ်လွယ်ပြောပြီး မစောင့်စည်းတတ်တဲ့ မင်းအမှားအတွက် မင်း ပြန်ပေးဆပ်ရမယ် .."

"ရှင်က ဒီလိုပြောရအောင် ဘာမို့လို့လဲ .. ရှင့်ကိုယ်ရှင် ဘာထင်နေလဲ ခေါင်ဖျား .. ရှင့်နာမည်က ခေါင်ဖျား ပေမယ့် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဘဝထဲမှာလဲ မေ့နေတာလား .."

"ငါက မေ့တတ်တဲ့ကောင်မဟုတ်ဘူးနော် .. မေ့တတ်တာက မင်း၊ ဒီနေ့ကစပြီး မင်းရဲ့ တစ်နေ့တာမှာ ပြောခဲ့လုပ်ခဲ့သမျှ မှန်ပေါ်မှာ ချရေးထား .."

"တောက် ..."

"မင်း ရေးရမယ့် နာမည်တွေထဲမှာ ငါ့နာမည်လည်း ပါလာဖို့ရှိသေးတယ်၊ ဟွန်း .. ခေါင်ဖျား ဆိုတဲ့နာမည်ကို မုန်းလွန်းလို့ ရေးထားဖို့ မေ့သွားရင်တော့ အဲဒါ မင်း ကံကြမ္မာပဲ .."

စကားသံတွေ ရပ်တန့်သွားခဲ့ပြီး စူးရဲသည့်အကြည့်တွေ ပြင်းရှwww.burmeseclassic.com

www.burmeseclassic.com



ဆုံဆည်းနေခဲ့ကြ၏။ မုန်းတီးနာကြည်းခြင်းတွေက အချိုးမညီပေမယ့် အားပြိုင်မှုတွေကြောင့် မျက်ဝန်းတွေက သံလိုက်နဲ့ တွေ့သလိုကပ်ငြိနေခဲ့ကြ၏။

အတော်ကြာကာမှ အထက် က စားပွဲပေါ်ကအိတ်ကိုမကြည့်ဘဲ ကောက်ယူလိုက်ပြီး ပခုံးမှာ ချိတ်၍ ..။

"ရှင့်ကို ကျွန်မ သိပ်မုန်းတယ် .."

"ငါကတော့ မုန်းတတ်အောင်ကြိုးစားရဦးမှာ မင်းလို လွယ်လွယ် မမေ့တတ်တော့ .."

❖



## အခန်း (၅)

"ငါ ရှင်းပြမှာပါ .. ငါပြောတာ နင် နားထောင်ပြီးရင် နင် ငါ့ကို နားလည်သွားမှာပါ လို့ ရယ် .. ပြန်လည်းမပြန်ပါနဲ့ .. ခုလည်း ဘာမှ မမေးဖို့ မပေါက်ကွဲဖို့ ငါတောင်းပန်ပါတယ်ဟာ .. ဒီပွဲလေးပြီးတဲ့အထိ ခဏလေးပဲစောင့်ပါ .."

ခုလည်း နင် ထပ်စောင့်ရပြန်ပြီ လို့ ..။

တစ်ခါစောင့်ခိုင်းတုန်းက စတိုခန်းထဲက ပန္နည်းဟောင်းတွေ ဖုန်တက်နေတဲ့ ချောင်ကြိုချောင်ကြားမှာ ..။

ခု စောင့်နေရတာက သူ့ရဲ့ ဂုဏ်သရေရှိ ဇနီးချောရဲ့ မွေးနေ့ပွဲ ..။

"ဒီပွဲက အရမ်းအရေးကြီးတယ်၊ အရေးကြီးတဲ့ဧည့်သည်တွေနဲ့ တွေ့ဆုံဖို့ ပွဲဆိုလည်း မမှားဘူး၊ ငါ့ကို ခဏလေးနားလည်ပေးပါ" တဲ့..။

သူ့စကားသံတွေကို ကြားယောင်နေမိသည်။ မျက်ဝန်းတို့က အပြာရောင် အနောက်တိုင်းဝတ်စုံနှင့် ချောမွန်နေသော စက်ဝန်း ရဲ့ မျက်နှာပေါ်မှာပဲရှိနေကာ စိတ်တို့သည် အတိတ်နဲ့ ပစ္စုပ္ပန်ရဲ့ အချစ်အလွမ်းတွေကြားမှာ နစ်မျောနေခဲ့၏။

ထိုအခါ လူက ဧည့်ခံပွဲထဲမှာထိုင်နေပေမယ့် မမြင်မကြားသလို

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်မဲ့နေသော ကိုယ်ခန္ဓာသည် ကျောက်ရုပ်လေးလိုဖြစ်နေခဲ့လျက် ငိုမှန်းမသိ ပြိုဆင်းနေသည့် မျက်ရည်တို့ကြောင့် ..။

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

လက်ခုပ်သံတွေတစ်ခါကြားရတိုင်း စိတ်က ပစ္စုပ္ပန်ကို ခဏ တစ်ဖြုတ်သတိရလာတတ်ပြီး ..၊

"မွေးနေ့မှာ ချစ်ကြင်နာနေကြသော ကိုနေစက်ဝန်း နဲ့ မအထက်ဦး တို့ ဇနီးမောင်နှံ ရာသက်ပန်အိုအောင်မင်းအောင် ပေါင်းကြရပါစေဗျာ.."

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

ခုနက ဘယ်လိုကြင်နာပြလိုက်လို့ အားပါးတရ တီးကြတဲ့ လက်ခုပ်သံလဲ ..၊

ခု ထပ်တီးကြတာက ဘယ်လိုနှစ်ထောင်းအားရမှုတွေနဲ့လဲ ..၊

ညှော်ခံပွဲအလယ်မှာ အဖြူရောင်လေးတွေနှင့် လိုက်ဖက်ညီစွာရှိနေကြသည့် စက်ဝန်း နဲ့ အထက် ကို သူမ ငေးနေခဲ့မိသည်။

မနေစက်ဝန်း တဲ့လား ..၊

နင့်အမေနဲ့ ရွာကမွေးဖွားပေးခဲ့တာကတော့ စက်ဝန်း ပါပဲ ..။

မျက်တောင်ဖျားတို့ လှုပ်ခတ်သွားစဉ်မှာ မျက်ရည်စက်တွေ ပိုးပိုး ပေါက်ပေါက်ကျသွားတော့ ငိုနေမိပါလားဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိရလာသည်။

ကြည့်လိုက်တော့ သူမရှေ့က စားပွဲပေါ်မှာ စားစရာတွေက အလျှံပယ် ..။

"အမလေး ယောက်ျားနဲ့ ရန်ဖြစ်ထားလို့ စိတ်ကောက်ပြီးများ အိမ်နေလားလို့ လာချော့ကျွေးမယ်ပေါ့ .. မယ်မင်းကြီးမ စားသောက်နေလိုက်တာ ထွက်သွားတဲ့ စက်ဝန်း ပြန်လာရင် စားဖို့ရောရှိသေးရဲ့လား.."

"ရှိပါသေးတယ် .."

"တော်သေးတာပေါ့နော် .. ငါ့သူငယ်ချင်း အစားအသောက်အတွက်



ဆို ယောက်ျားနဲ့တောင် လဲမလားမသိဘူး .." တဲ့ ..။

အခု ငါ့ယောက်ျားနဲ့ လဲလိုက်ရတာ ငါမစားနိုင်တော့ပါဘူး အေးလှ ရယ် ..၊

အကောင်းစား စားစရာတွေ ရှေ့မှာထားပြီး ငါငိုနေရပြီသိရဲ့လား..။

အားပါးတရ ဟီးခနဲငိုချပစ်လိုက်ချင်သည်။ ဒါပေမယ့် မျက်တောင် ခတ်၍ ထိန်းနေရရင်း ပါးပေါ်က မျက်ရည်ကြောင်းတွေကို သုတ်ပစ် လိုက်မိသည်။

သူမက ညှော်ခံပွဲရဲ့ ထိပ်မှာဆိုပေမယ့် မှောင်ရိပ်ကျနေတဲ့နေရာမှာ ပါ။ အားလုံးက ကိုယ့်ကို အရေးပါသူတစ်ယောက်လို ဆွဲထုတ်ခေါ်ဖို့ ကြိုးစားတော့ စက်ဝန်း က ဖြေရှင်းသည်။

"ငါ့ညီမက သူရောက်လာမှ ငါအိမ်ထောင်ပြုထားတာကို သိရတယ် ဆိုပြီး စိတ်ကောက်နေတာ သူ လွတ်လပ်သလိုနေပါစေ .."

လို့ အများသိအောင်ပြောပြီး လွတ်လွတ်လပ်လပ် ငိုခွင့်တော့ မပေး ခဲ့ပေ။

"ငါပြောထားတဲ့စကားကို သူများတွေ သံသယ ဖြစ်လောက်အောင် တော့ နင် မငိုပါနဲ့ဟာ .." တဲ့ ..။

ရင်ထဲမှာ နာကျင်လာမိသည်။

စက်ဝန်း ဒီလိုလုပ်ရက်လောက်တဲ့အထိ သူမဘက်က ဘာအမှား တွေများ လုပ်ခဲ့မိပါသလဲ ..။

သူ ရွာကထွက်မသွားခင်မှာ သူမကို မုန်းတီးသွားလောက်ဖွယ် ဘာတွေဖြစ်ခဲ့တာရှိသလဲ ..။

မျက်ရည်တွေသုတ်ပစ်ရင်း ဒါ့ကိုပဲ စဉ်းစားနေမိသည်။

"နင့်ယောက်ျားကိုများ ယုံစားလို့ မိလုံ ရာ .."

"နင့်ယောက်ျား ဒီလောက်ငြိမ်ချက်သားကောင်းနေတာ နင့်ကိုမွေ့ သွားလို့ပေါ့ဟ .."

www.burmeseclassic.com

www.burmeseclassic.com



"တော်တော်အပူအပင်နည်းတဲ့ လုံမဒီ .. အေးပေါ့ .. စောင့်နေနှင့်ယောကျ်ား နင့်ကို မြို့ကနေ လှမ်းခေါ်မယ့်နေ့ .."

"ကမ္ဘာလဆန်းတစ်ရက်နေ့လေ .."

"လိုက်သွားလိုက်ရင် အဖြေက ရှင်းနေပြီ လုံ ရယ် .. ဒီလောက်နာမည်ကြီးနေတဲ့ မော်ဒယ်လ်ကို ခက်ခက်ခဲခဲစုံစမ်းနေဖို့တောင် မလိုဘူး .."

ရွာမှာ အတင်းပြောနေတာတွေ၊ ကိုယ့်ကို ကရုဏာဒေါသနဲ့ လာပြောတာတွေအားလုံးကို နားမဆံ့တော့မှ ရွာကနေ ထွက်လာဖို့ဆုံးဖြတ်ခဲ့မိသည်။

သူမ နောက်ကျခဲ့တာလား .. ဘယ်တုန်းကမှ စက်ဝန်း ရဲ့ စိတ်ထဲမှာ သူမ မရှိခဲ့တာလား ...။

အခု နင် ဘာလုပ်မှာလဲ လုံ ...၊

သူ ရှင်းပြမယ်ဆိုတာကို နင် ဘာမျှော်လင့်နေတာလဲ ...၊

သူ မိန်းမယူရတဲ့အကြောင်းလား၊ နင့်ဆီ သူ ပြန်လာမလား သိချင်တာလား ...။

"သူတို့ မင်္ဂလာဆောင်တာများ သုံးပွဲတောင်မှ သိလား .. စာနယ်ဇင်းတွေရော အင်တာနက်မှာရော မင်္ဂလာသတင်းတွေ ပလူပျံနေတာပဲ .."

စက်ဝန်း ရဲ့ ညီမအဖြစ် ခမ်းနားတဲ့ မင်္ဂလာပွဲအကြောင်းကို အားလုံးက အားပါးတရပြောပြခဲ့ကြသည်။

လုံ တို့ ရွာကတော့ သတင်းမရောက် ဂျာနယ်မရောက်သည့်နေရာပါ။

ပြီးတော့ တစ်နိုင်ငံလုံး ဖုန်းတွေပလူပျံနေလည်း ရွာမှာတော့ ကြိုးတန်းလန်းနဲ့ ဖုန်းတောင်မှ လူတိုင်းမြင်ဖူးကြတာ မဟုတ်ပေ ...။

ထို့ကြောင့် အင်တာနက်ဆိုတာလည်း နားထဲမှာတောင် အစိမ်း



သက်သက်ကြီးပါ။

သိန်းပေါင်းများစွာ အကုန်ခံပြီး မင်္ဂလာဆောင်ထားခဲ့တဲ့ ဇနီးကို ရွှေလက်တွဲပြီး တောက ဆေးရောင်စုံခြယ်ထားတဲ့ မဏ္ဍပ်ငယ်လေးထဲမှာ မင်္ဂလာဆောင်ခဲ့တဲ့ လုံ ကတော့ မှောင်ရိပ်ထဲမှာ ...၊

"အဟမ်း ..."

ဘေးမှာ လူတစ်ယောက်ရပ်လာကာမှ မော့ကြည့်လိုက်မိ၏။ ပြီးတော့ မျက်ရည်ကို သတိရမိကာ ပြန်ငုံ့ပြီး သုတ်ပစ်ရသေးသည်။

လုံ မျက်နှာပြန်မော့လိုက်တော့ ထိုသူက ကိုယ့်ရှေ့မှာထိုင်နေပြီဖြစ်ကာ ...၊

"ထိုင်မယ်နော် .."

"ထိုင်နေပြီးမှ .."

"ဟုတ်တယ် .. ဆောရီး .. ထိုင်ပြီနော်လို့ပြောရမှာ .."

သူ့မျက်နှာက အပြုံးအရယ်မရှိပေမယ့် စကားပြောပုံကတော့ ရည်မွန်ပုံဖြစ်လျက် ...၊

"မင်းကို အကူအညီတစ်ခုလောက် တောင်းလို့ရမလား .."

"မရဘူး .."

မရဘူးဆိုပြီး ခေါင်းခါပုံလေးက မာန်မာနနှင့် မဟုတ်ဘဲ တစ်စုံတစ်ခု ဖိစီးလွှမ်းမိုးခံနေရသလိုမျိုး ...။

"လုံ တောင်မှ အကူအညီမဲ့နေတာ .."

ဟု ညည်းတွားသလိုလေးပြောလိုက်တော့ သေချာသွား၏။ သူမပုံစံက ဆံပင်ရှည်ကြီး ဒီတိုင်းကျောပေါ်မှာ စည်းချထားကာ ပိတောက်ခြောက်ရောင် မြန်မာဝတ်စုံလေးကလည်း ခပ်မှိန်မှိန် ...။

မျက်ရည်ကြောင့် ကွက်နေသည့် သနပ်ခါးနဲ့ မျက်နှာသည် ဒီလိုပါတီပွဲမျိုးနဲ့ လားလားမှ မသက်ဆိုင်သလိုကြီးဖြစ်နေသဖြင့် ကိုယ့်အတွေးနဲ့ကို ကျေနပ်သွားမိပြီး ...၊

www.burmeseclassic.com

www.burmeseclassic.com



"မင်း လိုအပ်နေတာက ငွေဆိုရင် ငါ ကူညီနိုင်ပါတယ် .."

"ဘာ ..."

သူမ မျက်နှာလေး အလင်းရောင်ဖျော့ဖျော့မှာ တင်းခနဲဖြစ်သွားသည်။

"ရှင် ဘာပြောလိုက်တယ် .."

"မင်းကို ငါ ရိုးရိုးပဲပြောတာပါ .. ငါလိုတာ မင်းပေးရင် မင်း လိုတာလည်း .."

"တောက် .."

"နေဦး .."

လုံ က တက်ခေါက်ပြီး စားပွဲပေါ်က အပိုပန်းကန်လုံးလေးကို ဖျတ်ခနဲကောက်ကိုင်လိုက်၏။ သူကလည်း လုံ့ လက်လေးပေါ်ကနေ ဖမ်းအုပ်ကိုင်လိုက်ကာ ..၊

"ဒေါသရှေ့မထားနဲ့လေ .. ငါပြောတာက ဒီမှာ .."

သူ့လက်တစ်ဖက် စားပွဲပေါ်ရောက်လာတော့ ရိုးရိုးကတ္တူဘူးလေး တစ်ဘူးပါလာကာ အလွန်ဆုံးရှိမှ သုံးလက်မပတ်လည် ..။

"မင်းနဲ့ မွေးနေ့ရှင် ဘာတော်လဲ .."

လုံ က မဖြေဘဲ သူ ဖိကိုင်ထားသည့်လက်ကို ဆတ်ခနဲပြန်ဆွဲရုတ် လိုက်ပြီး ရှုးစိုက်ကြည့်နေ၏။ သူက အိတ်ထဲကို ထပ်နှိုက်လိုက်ကာ ပြန်ထွက်လာတော့ တစ်သောင်းတန်နှစ်ရွက်ပါလာပြီး ..။

"ရော့ .."

လုံ့ ရှေ့မှာ ပိုက်ဆံကိုထပ်ချပေးသည်။ ပြီးတော့ ..၊

"တစ်ခုခုတော်သလား မတော်ဘူးလား .. ဒါပဲဖြေရင်ရပြီ တော် တယ်ဆိုရင် ခေါင်းညိတ် မဟုတ်ရင် ခေါင်းခါလိုက် .."

"ဒီပိုက်ဆံက .."

"အဲ့ဒီမေးခွန်းကိုဖြေရုံပဲ .. မင်းယူလိုက် .."

"နေပါဦး .. ကျွန်မက သူများမုန့်ဖိုးပဲဖိုးပေးပြီး ခိုင်းချင်လာတဲ့



ခွပ်ချိုး ပေါက်နေတာလား .."

"ပေါက်နေတယ်ထင်တာပဲ .."

ဩော် ...၊

ကိုယ်မေးလို့ဖြေတဲ့လူကို လုံ စိတ်မဆိုးနိုင်တော့ပေ။ အစတည်း က ဖွဲ့တည်နေခဲ့သည့် ကြေကွဲခြင်းက နှလုံးသားမှာ ဖြိုးဖြိုးဖျစ်ဖျစ်မြည် လာကာ မျက်လုံးထဲမှာ မျက်ရည်တွေ ချက်ချင်းပြည့်၏။

ဟုတ်မှာပါ။ ငါက ဒီလိုရုပ်ရည်မို့လို့ စက်ဝန်း က ငါ့ကို ထားခဲ့ တာပဲ ..။

ကြည့်ပါဦး .. အထက်ဦး ဆိုတဲ့မိန်းမ လှလိုက်တာ ..။

ခပ်မှေးမှေးမျက်ဝန်းလေးတွေမှာ မျက်တောင်တိုတိုစိပ်စိပ်လေး တွေက မျက်ရည်စိုထားသဖြင့် အဲလိုလိုနေရင်း မှေးစင်းသလိုဖြစ်နေရှာ သည်။

ထိုမျက်ဝန်းလေးတွေနဲ့ ညှို့ခံပွဲဆီလှမ်းငေးသည်။ ပြီးတော့ မျက်ရည် တွေ တပေါက်ပေါက်ကျ၏။ သူမနဲ့ ညှို့ခံပွဲ ဘယ်လိုပတ်သက်နေ သည် မသိသော်လည်း အသေးစိတ်ထိုင်မြင်နေရသည့်အတိုင်း ဝေဖန်ရရင် တော့ သူမပုံစံက အသည်းကွဲနေတာပဲဖြစ်၏။

ခေါင်းဖျား ခုံမှာကျောကပ်မှီလိုက်ပြီး မျက်နှာမဲ့သွားမိသည်။ သူများ မွေးနေ့မှာ ဘယ်ပုဂ္ဂိုလ်ကြောင့်အသည်းကွဲပြီး လာငိုနေတာလဲ ..။

ပြီးတော့ အဖော်အလျော်မပါ တစ်ယောက်တည်း ..။

"ဒီမှာ မင်းကို ငါပြောလိုက်လို့ ငိုသွားတာတော့ မဟုတ်ဘူးမို့ လား .."

သူမ အကြည့်တွေ သူ့ဆီပြန်ရောက်လာသည်။ ပြီးတော့မျက်ရည် သုတ်ရင်းခေါင်းခါ၏။

"မဟုတ်ပါဘူး .. ရှင်ပြောတာဟုတ်နေလို့ပါ .. လုံ က ဒီလိုနေရာ မှာရှိမနေသင့်တဲ့ တောသူအညတြ .."



www.burmeseclassic.com

www.burmeseclassic.com



တောသူ ဆိုပါလား ..။

ကိုယ်ပြောချင်တာ မပြောရဘဲ သူမ ခံစားချက်တွေပဲ ရင်ထဲလာထည့်ပေးနေသည်။

ဒီ့ထက် ညစ်ဖို့ကောင်းတာတောင် ဒီလောက် ညစ်ရပ့ါမလား ..။

"ခုန ငါပြောတဲ့စကားက မင်း စိတ်ဆိုးသင့်တဲ့ စကားပဲ .. အဲဒါကို .."

"ကျွန်မ စိတ်မဆိုးပါဘူး .."

"ဒါဖြင့် ငါ ဆက်ပြောလို့ရမလား .."

"ပြောချင်တာပြောစေ့ါ .."

"ပြောချင်လို့လာပြောတာတော့ မဟုတ်ဘူးလေ .. မင်းနဲ့ မွေးနေ့ရှင် တစ်ခုခု တော်စပ်နေတယ်ဆိုရင် .."

"ဘာမှမတော်ဘူး .."

"ဒါဖြင့် ဒီလက်ဆောင်ဘူးလေးကို သူ့လက်ထဲသွားထည့်ပေးပါ"

ဟင်!...၊

လုံ့ အကြည့်တွေ ဘူးလေးဆီ ရောက်သွားသည်။ ပြီးတော့ သူ့ထံပြန်ရောက်ကာ ..၊

"ရှင်က မွေးနေ့ လာတာမဟုတ်ဘူးလား .."

"ဟုတ်တယ် .."

လုံ က မျက်လုံးကို ထပ်ပွက်လိုက်သေးသည်။ ပြီးမှ ..၊

"အဲဒါဆို ကိုယ်တိုင်သွားပေးပေ့ါ .. လက်ဆောင်ပေးပြီး နမ်း .."

လွှတ်ခနဲပြောပြီးမှ ပြန်ထိန်းလိုက်ရကာ ..၊

"လက်ဆောင်ပေးတဲ့လူတွေ ဝင်သွားပြီး နမ်းလိုက်ကြ .. လက်ခုပ်တွေ တီးကြနဲ့ ပျော်နေတာကိုပြောတာ .."

"ငါက ပျော်ချင်လို့လာတာမဟုတ်ဘူး .. နမ်းလည်း မနမ်းချင်ဘူး ဒါ့ပေမယ့် သူ့လက်ထဲရောက်သွားဖို့ပဲ .."



လုံ က လက်ဆောင်ဘူးလေးကို ပြန်ကြည့်ပြီး ခေါင်းခါလိုက်သည်။

"ကျွန်မ မလုပ်ပေးနိုင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ဘာဖြစ်လို့ဆိုတာလည်း မပြောပြနိုင်ဘူး .."

သူက အိတ်ထဲကိုလက်နှိုက်လိုက်ပြီး ပြန်ထုတ်ချလိုက်တော့ လုံ့ရှေ့မှာ တစ်ထောင်တန်တစ်အုပ် ..၊

"အဲ့ဒီ တစ်သိန်း မင်းကိုပေးမယ် .."

"ဘာ!..."

ဒီတိုင်းကြည့်နေသည့် မျက်လုံးက ပြူးတူးပြဲတဲဖြစ်သွားသဖြင့် ဒေါသထွက်သွားတာလား စိတ်ဝင်စားသွားတာလား ခေါင်ဖျား က စိုက်ကြည့်နေ၏။

"ရှင်က ကျွန်မကို ဘာကိစ္စ .."

"ဒါ အလုပ်သဘောပါ .. မင်း ဒါလေးသွားပို့ပေးရုံနဲ့ တစ်သိန်းရမှာနည်းလို့လား .."

"နည်းတယ်ဆိုရင် ထပ်ပေးမလို့လား .."

ခေါင်ဖျား က ခပ်မဲ့မဲ့အပြုံးနှင့် မျက်နှာလွှဲသည်။ မျက်လုံးတွေမှာ နာကြည်းမှုအပြည့်နှင့် မွေးနေ့ရှင်ထံ ဝေ့ခနဲတစ်ချက်ရောက်သွားကာ...

"ထပ်လိုချင်လို့ မေးတာလား .. မာနတွေပြချင်လို့လား .."

လုံ က သူ့ကိုကြည့်ပြီး ခေါင်းလေးခါပြသည်။ ပြီးတော့ ဧည့်ခံပွဲဆီ လှမ်းကြည့်ရင်း ..၊

"တစ်ခုမှ မဟုတ်ဘူး .."

သူမ ဖြေပုံက ဗုန်းဗုန်းလဲကျတော့မတတ်ဖြစ်နေလျက် ..၊

"လုံ့ မှာ မာနပြစရာဘာမှမရှိပါဘူး၊ ဒါပေမယ့် ပိုက်ဆံတွေ ဒီလောက်ကြီးပေးပြီး ပို့ခိုင်းနေတာ ရှင့်ပစ္စည်းက .."

"မွေးနေ့လက်ဆောင်ပါပဲ .. တခြားဘာဆိုးရွားမှု ဘာမှမပါဘူး၊ အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့လည်းမဟုတ်ဘူး၊ မင်းနဲ့ ငါလည်း နောက်ထပ်မျက်နှာချင်းဆိုင်ကြဖို့မရှိဘူး .. လုံးဝအရှင်း .."

လုံ က မယုံရဲသလို သူ့မျက်နှာကိုကြည့်သည်။ ပြီးတော့ ပိုက်ဆံကို ပြန်ကြည့်၏။ ခေါင်ဖျား က အရင်ချပေးထားသည့် နှစ်သောင်းကိုပါ ပိုက်ဆံအုပ်နဲ့ ထပ်ဖိပြီး သူမရှေ့ ထိုးပေးကာ ...၊

"အိုခေ ..."

"ရှင်နဲ့ အထက်ဦး က .."

"အဲ့ဒါ မင်းသိဖို့မလိုဘူး .. အခု မင်းနဲ့ ငါ အပေးအယူအဆင်ပြေပြီနော် .."

သူက လုံ့ ဆီက အဖြေကို မစောင့်ဘဲ ထထွက်သွားသည်။ စားစရာအကြော်အလှော် အချိုအချဉ်တွေကြားထဲမှာ ပိုက်ဆံအုပ်ကိုပဲ လုံ ငေးကြည့်နေမိ၏။

ဒီလူ ဘာတွေကြံစည်နေတာလဲ၊ ဘာကြောင့် ငွေတွေ ဒီလောက်ချပေးသွားတာလဲ ...၊

မွေးနေ့ပွဲထိလာပြီးမှ မွေးနေ့ရှင်လက်ထဲ သွားမထည့်ရဲသည့်ပစ္စည်းက ဘာမို့လို့လဲ ...၊

ဘူးကိုကြည့်တော့ ဘာနဲ့မှ ပိတ်ကာစည်းနှောင်ထားတာမရှိ ...၊

ဒါပေမယ့် ကိုင်ကြည့်ပြီးမှ ဖွင့်ကြည့်ဖို့ ဝန်လေးနေမိသည်။ စည်းကမ်းရှိလွန်းလို့တော့ မဟုတ်ပေမယ့် စည်းကမ်းမဲ့ရမှာကိုလည်း လွယ်လွယ်ကူကူတော့ မကျူးလွန်ချင်ပေ ...။

ထို့ကြောင့် သူမ ဘူးနဲ့ ပိုက်ဆံကို ထပ်ကိုင်လိုက်ပြီး နေရာမှ ထသည်။ ဘာတွေဖြစ်လာနိုင်တယ်ဆိုတာကို မသိ ...။

❖



အခန်း (၆)

"လုံ့ .."

ကိုယ့်ကိုမြင်လိုက်တာနှင့် စက်ဝန်း မျက်နှာပေါ်က အပြုံးတွေ ဖြတ်ခနဲပျောက်သွားခဲ့၏။ ပြီးတော့ လူစုလူဝေးဆီမရောက်ခင် ရှေ့ကနေ ပိတ်ရပ်လိုက်သဖြင့် ရင်ထဲမှာ နာကျင်သွားမိသည်။

"ဘယ်သွားမလို့လဲ .."

"ဘာဖြစ်လို့လဲ စက်ဝန်း .. ငါက နှင့်မိန်းမမွေးနေ့ပွဲထဲ လာခွင့်မရှိဘူးလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် .."

"ငါသိပြီ .. ငါ့ကို စားပွဲတစ်လုံးအပိုင်စားပေးပြီး ဒီပွဲခင်းရဲ့ ထောင့်တစ်နေရာမှာ ချထားပေးခဲ့တာ ဒီထဲဝင်မလာအောင်လို့ .."

"မဟုတ်ပါဘူး လုံ ရာ .. ကျွတ် .. ငါ ဘာမှ ရှင်းမပြရသေးခင်နှင့် မြင်သမျှကြားသမျှက အထင်လွဲစရာတွေချည်းဖြစ်နေမှာပဲ၊ ဒါကြောင့် ပြဿနာမဖြစ်ရမယ့် နည်းလမ်းရှာကြံစီစဉ်ရတာပါ .."

ပြောနေရင်း လူစုစုတွေနဲ့ ပိုဝေးအောင် ကာဆီးကာဆီးလုပ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



တို လုံ သတိထားမိ၏။ ရင်ထဲမှာ နာကျင်တာတွေက မာနကိုတော့ မဖုံးလွှမ်းနိုင်ခဲ့ဘဲ ...။

"ဘာပြဿနာဖြစ်မှာကို ကြောက်နေတာလဲ .. နင့် ရှင်းပြတော့ ရော အထက်ဦး ဆိုတဲ့မိန်းမရဲ့ ယောကျ်ားအဖြစ်က နင့် နှုတ်ထွက်လာမှာ မို့လို့လား .."

စက်ဝန်း ကျွတ်ခနဲ့စုတ်သပ်ရင်း ငိုင်သွား၏။ လုံ သူ့ကိုယ်ကို လက်ပြန်သိမ်းတွန်းပစ်လိုက်ကာ ...၊

"ငါ နင့်မိန်းမအတွက် လက်ဆောင်သွားပေးမလို့ပါ ပူမနေနဲ့ .."

လက်ဆောင် !...၊

ဘာလက်ဆောင်လဲ !...၊

ပိုက်ဆံပါသလားပြောတော့ တစ်ပြားမှမပါဘူး ပြောသည်။ ယူထားပါပြောတော့ ပိုက်ဆံထုပ်ကို ရိုက်ထုတ်ပစ်၏။ ခမွေးနေ့မို့ ဝတ်ကောင်းစားလှဝတ်ဖို့ပါ ပြောလည်းမရ ...၊

လှလှပပလေးနေပါဆိုတော့ မျက်ရည်တွေကျသည်။ အခု ဘယ်က ပိုက်ဆံတွေနဲ့ လက်ဆောင်ဝယ်လိုက်တာလဲ ...၊

လုံ ဘာဖြစ်နေမှန်းကို မသိတော့ပါ။

ရွာမှာဆို တစ်ရွာလုံးကမိန်းမတွေ သူ့ကိုမကြိုက်တဲ့သူမရှိ၊ သူက လည်း ရင်းနှီးရင် ရင်းနှီးသလိုနေသည်။ စကြနောက်ကြတာတွေက တစ်ခါတလေ ပိုပိုသာသာတွေမို့ 'လုံ စိတ်ကောက်သွားပြီလား' လို့ တွေးမိတဲ့အထိ ...။

ဒါပေမယ့် ပြန်ကြည့်လိုက်တိုင်း လုံ က အရယ်မပျက် အစား မပျက် ...။

"နင့်ယောကျ်ားက တောသားပေမယ့် တောမှာကြီးပြင်းတာမဟုတ် ဘူး မိလုံ .. အသွေးအရောင်ကိုက ကွဲပြားနေတာနော် .. ဒါကိုများ မြို့ သွားပြီး မော်ဒယ်လ်လုပ်ချင်တာကို သွားမှာစေပေါ့တဲ့ .. သူများနောက်



ပါသွားမှာ မကြောက်ဘူးလား .."

လို့ သူများက မေးရင်တောင် လုံ က အေးဆေး ...။

"'အသစ်တွေဘယ်လိုကောင်းကောင်း အဟောင်းအပေါ်မှာတဝဲ လယ်လယ်' တဲ့ အချိန်တန်ရင် ကိုယ့်လင်က ကိုယ့်လင်ပဲ မပူပါဘူး"

လို့တောင် ပြောခဲ့သေးသည်။

သူမ အသည်းကွဲတတ်လို့လား ...၊

လုံမဒီ ဆိုတဲ့ မိန်းမ မျက်ရည်ကျတတ်နေတာတောင် အံ့ဩဖွယ် ဖြစ်နေပါပြီ။

ဒါဆို သူမ ဘာဖြစ်နေတာလဲ ...၊

ယောကျ်ားက နိုင်ငံကျော်ဖြစ်သွားပြီးမှ သူမ ဘာမှခံစားခွင့်မရှိ တော့လို့လား ...၊

"အစ်ကိုလေး .."

"ဟင် ..."

"ဟိုမှာ .. မမနဲ့ အစ်ကိုလေးညီမ ပြဿနာတွေတက်ကုန်ကြပြီ.."

ဟင် !...၊

ခေါင်းကြီးနစ်ဆလောက် ကားထွက်သွားသလားထင်ရလောက် အောင် ထိတ်လန့်သွားသည်။ သူ လှမ်းကြည့်လိုက်တော့ စားပွဲမှာ ထိုင်နေ သူတွေလည်း လှမ်းကြည့်နေကြသည်။

အထက် ရဲ့ ဘေးမှာ ဝိုင်းဝန်းနေကြသည့် မိတ်ဆွေသူငယ်ချင်းတွေ နှင့် လုံ သည် ...၊

"ဒါ ဘယ်သူပေးခိုင်းလိုက်တာလဲ လုံမဒီ .."

"ယောကျ်ားတစ်ယောက်ပဲ .."

"အဲ့ယောကျ်ား ရှူးနေသလား .. လူကောင်းလားဆိုတာတောင် နင်မခွဲခြားနိုင်ဘူးလား .."

"သူ မရူးပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

ဖွေးထိန်နေသော မီးရောင်အောက်မှာ အထက် ရဲ့ မျက်နှာကနီရဲလာသည်။ ခပ်စုတ်စုတ်ခပ်မွဲမွဲ ဒီဘူးကိုမှ လူအများရှေ့မှာဖွင့်ကြည့်လိုက်မိ၏။ သူငယ်ချင်းတွေက လက်ဆောင်ရဲ့ အဓိပ္ပာယ်ကိုဖော်ရင်းပြုံးစိစိ တအံ့တသြတွေဖြစ်နေကြ၏။

"နှစ်ထပ်လှေလေလား .."

"ချစ်စရာလေးဟဲ့ .."

"နှစ်ထပ်မဟုတ်ပါဘူး .. လှေက တစ်စင်းစီကို ထပ်တင်ထားတာပါ၊ ဒီမှာကြည့် .. ခွာလို့ရတယ် .."

"အေး .. ဟုတ်သားပဲ .."

"မေမေ .. ဒီမှာကြည့်ပါဦး လှေလေးကို ကျွန်းသားလေးနဲ့ သေချာထုဆစ်ထားတာ ချစ်စရာလေး .."

"တန်ဖိုးနည်းပေမယ့် သေချာလုပ်ထားတာပါ အထက် ရယ် .. နင်ကလည်း .."

"ဟုတ်ပ .. လှေကလေးနှစ်စင်း .."

"လှေကြီးပေါ်ကို လှေငယ်လေးတင်ထား .. အဲ .."

ဘယ်သူ့အသံဆိုတာ မသိလိုက်ဘဲ ပြောသူကိုယ်တိုင် ကိုယ့်စကားကို အဓိပ္ပာယ်ဖွင့်မိသွားပုံနှင့် တို့လို့တန်းလန်းနဲ့ရပ်၏။

"ဟုတ်သလားဟဲ့ .."

"ဟုတ်တယ် .. မမသီဂီ သွားကြည့်ပါလား .. လှေကြီးပေါ်ကို လှေလေး တင်ထားတာ .."

"ရှေးစကားပုံအရဆို လှေကြီးပေါ်ကို လှေငယ်တင်တယ်ဆိုတာ"

"ဒုန်း ..."

"အယ် ..."

အထက် က လက်ဆောင်ဘူးကို စားပွဲခုံပေါ် ကိုင်ပေါက်ပစ်လိုက်



သဖြင့် ခုံပြန်ကန်ထွက်သွား၏။ စကားသံတွေပါ တိခနဲ တိတ်ကျသွားလျက် ...၊

"အရူးကို အရူးမှန်းမသိအောင် နင့်မျက်လုံးမကောင်းရင်လည်း ဒါ တမင်လုပ်တာမှန်း ငါသိတယ် .."

"လုံ က ဘာဖြစ်လို့လုပ်ရမှာလဲ .. ဒါတွေလုပ်ရအောင် ရောက်တည်းက အခုထိ အပြင်ကိုတစ်လှမ်းတောင် မကျူးရသေးဘူး .."

"အဲ့ဒီလို ဆင်ခြင်ပေးနိုင်နေတည်းက နင်သေချာစီစဉ်ပြီးလုပ်တာ နင့်အစ်ကိုနဲ့ ငါ့ကို နင်သဘောမတူဖြစ်နေတာ ငါသိတယ်၊ ငါတို့ပျော်နေတာကိုပဲ နင် မမြင်ချင်တာ .."

"နင် ငါ့ကိုမစွပ်စွဲနဲ့ .."

လုံ စိတ်တိုလာပြီး သူ့ထက်ကျယ်အောင် အော်ပစ်လိုက်သည်။

"ငြိမ်နေတိုင်း မစော်ကားနဲ့ .. ငါ ဒီ့ထက်သည်းခံမှာမဟုတ်ဘူး"

"ဘာ ..."

"အထက် .. အထက် မလုပ်ပါနဲ့ .."

ရွယ်လိုက်သည့် အထက် ရဲ့ လက်ကို စက်ဝန်း သေလုမျောပါး ဝင်ဆွဲမိသည်။ ဒီလက်သာ လုံ့ ပါးပေါ်ရောက်သွားခဲ့ရင်မလွယ် ...။ တကယ်တမ်း လုံ့ ကို ရိုက်မိရင်တောင် ဒါက ဖြစ်ရပ်ဆန်းပဲဖြစ်၏။

လုံ က ပျော်ပျော်နေတတ်သည်။ ဘာဖြစ်ဖြစ် ပေါ့ပေါ့ပါးပါးပဲ တွေး၏။ သို့သော် သူများစော်ကားပြောဆိုလာပြီဆိုရင်တော့ ဆတ်ဆတ်ထိမခံပေ ...။

လက်ပါကြဆိုရင်လည်း အမြဲးမှာ ယင်နားတာတောင် အလွတ်မပေးတတ်သော မြွေပွေးထက်မြန်၏။ သူ စိုးရိမ်နေတာက လုံ့ ရဲ့ လက်ကိုမဟုတ်ပါ။ ဒေါသကြောင့် ဘာဖြစ်ဖြစ်ပွင့်ထွက်လာနိုင်သည့် လုံ့ ပါးစပ်ကိုဖြစ်သည်။

"ဘာဖြစ်လို့ ငါ့လက်ကို အတင်းဆွဲလာတာလဲ ဖယ်စမ်းပါ .."

www.burmeseclassic.com

www.burmeseclassic.com



"လုံ ရာ .. နင် ငါ ဒီလောက်ပြောထားတဲ့တောင်မှ .."

စည်ကားပေမယ့် ဆူညံနေပြီဖြစ်သည့် ပါတီပွဲကြီးကိုထားခဲ့ပြီး လူမရှိသည့် အခန်းတစ်ခန်းထဲရောက်မှ တံခါးကိုပါ ပိတ်ပစ်လိုက်ပြီး..။

"နင် ဘာလို့ ဒီလောက်တောင် မဏ္ဍပ်တိုင်တက်ပြချင်နေတာလဲ .."

"ငါ ဘာလုပ်လို့လဲ .. ငါ ဘာလုပ်တယ်ထင်နေလို့လဲ .. အဲဒီလက်ဆောင်ကို လူတစ်ယောက်က .."

"လူတစ်ယောက်က မဟုတ်ဘူး .. အဲဒါ နင်ပေးတာ .."

"စက်ဝန်း ..."

"နင့်စိတ်ကို ငါသိတယ် လုံ .. နင် ငါ့ကို ညှာတာစိတ်ရှိနေပေမယ့် အထက် ကို တစ်နည်းနည်းနဲ့ သိစေချင်နေတာ .."

လုံ ခေါင်းခါနေမိသည်။ ဖြေရှင်းဖို့ ကြိုးစားနေတာမဟုတ်ပါ။ ရှုပ်ထွေးခံနေရတာကို အံ့ဩမိတာဖြစ်သည်။ ပြီးတော့ ...၊

"နင့်အတွက် ငါ မျိုသိပ်ခံစားပေးနေခဲ့တာ ဟန်ဆောင်နေတာလို့ နင် ထင်တယ်ဟုတ်လား .."

"မဟုတ်ရင် နင် ရက်ရက်ရောရောပေးနေတာလား ပြောလေ .. နင့်ယောကျ်ား သူများပိုင်နေတာကို ကျေနပ်နိုင်ပါတယ်လို့ ပြောမလို့လား .."

"ဘယ်ကျေနပ်မလဲ စက်ဝန်း ရယ် .. ဒါပေမယ့် ငါ အခု မျိုသိပ်ပေးနေတာ သူများအပေါ်ကြံစည်ဖို့မဟုတ်ဘူး .. သူသိအောင် ဘယ်လိုပဲ ကြိုးစားကြိုးစား နင်နဲ့ ငါ ခုလိုရင်ဆိုင်ရမှာမှန်း ငါသိတယ်၊ ငါ နင်နဲ့ မမုန်းချင်လို့ နင့်ကို ငါမမုန်းနိုင်လို့ မျိုသိပ်နေခဲ့တာ သိရဲ့လား"

စက်ဝန်း ရဲ့ မျက်လုံးတွေ ရီဝေဖျော့ကျသွားခဲ့သည်။ ပြီးတော့ တောကပုံစံလေးအတိုင်း တောက်ပခြင်းကင်းစွာ ငွမ်းယဲ့ယဲ့လေးရှိနေသည့် လုံ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။



"လုံ ရယ် .. ငါ့ကိုခွင့်လွှတ်ပါ .. ငါ .. ငါ နင့်ဆီ ပြန်မလာနိုင်တော့ဘူး .."

လုံ့ ကိုယ်လေးကို ရင်ခွင်ထဲမှာပွေ့ပိုက်၍ ကရုဏာများစွာနှင့် နှစ်သိမ့်ဖို့ကြိုးစားမိသည်။ ဒါပေမယ့် သူ ဘာစကားမှမပြောနိုင်ခဲ့ပေ။ သူ ကျူးလွန်ခဲ့သည်က ရှုံ့ဖွက်နင်းမိတာမျိုးလို နောက်ပြန်ဆုတ်ပြီး ရှေ့ပြေးဆေးလိုက်လို့ ပျောက်ပျက်ဖြူစင်သွားဖို့လည်း မရှိခဲ့ရာ ...၊

"ငါ သာယာမှုနောက်ကို လိုက်ခဲ့မိတယ် .. ပြီးတော့ ချမ်းသာခြင်းကို ငါ မစွန့်လွှတ်နိုင်ဘူး .. ဒါကြောင့် ရုန်းထွက်ဖို့လည်း မကြိုးစားခဲ့ဘဲ ငါ ဒီလိုဆုံးဖြတ်ခဲ့တာ ငါ့ကို ခွင့်လွှတ်စေချင်ပေမယ့် ခွင့်လွှတ်ပါလို့ ငါမပြောပါဘူး ဒါပေမယ့် .."

သူ လုံ့ ကို ဖက်ထားရင်း ပြောချင်နေသည့် စကားတွေက လည်ချောင်းဝကနေ မတက်နိုင် ...။ လုံ ငြိမ်ငြိမ်သက်သက်လေးနေရင်း နားစွင့်နေပေမယ့် စက်ဝန်း တံတွေးပဲမျိုချနေတာကို သိနေခဲ့လျက် ...၊

"နင် ရှင်းပြမယ်ဆိုတာ ဒါတွေလား .."

မေးတော့လည်း ပြန်မဖြေ ...၊

စက်ဝန်း ရဲ့ လက်တွေကို ဖယ်ချလိုက်ကာ လုံ နောက်ဆုတ်ရပ်လိုက်သည်။

"ပြောလေ စက်ဝန်း .. နင် ပြောချင်တာတွေကို ငါ့မျက်နှာကို ကြည့်ပြောပါ .."

မျက်ဝန်းတွေ ဆုံဆည်းနေခဲ့ပေမယ့် စက်ဝန်း ဘာမှမပြောဘဲ မျက်နှာလွှဲပစ်၏။

"စက်ဝန်း .."

ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အဆုံးမှာ လုံ တအားအော်လိုက်မိကာ စက်ဝန်း ရဲ့ ကိုယ်ကို ဒီဘက်ပြန်လှည့်လာအောင်ဆွဲလှည့်သည်။ ပြီးတော့ မျက်ရည်စက်တို့နှင့်အတူ ရှိုက်ငိုသံတွေ ဗလုံးဗထွေးနှင့် အတင်း

www.burmeseclassic.com

www.burmeseclassic.com



ထုရိုက်နေမိရင်း …။

"လူယုတ်မာ … တစ်ကိုယ်ကောင်းသမား … နင် သိပ်ရက်စက်တဲ့ကောင် နင့်ကို မုန်းတယ်သိလား … နင့်ကို ငါ သိပ်မုန်းတယ် …"

ရိုက်ချက်တွေက အချက်ပေါင်းများစွာဖြစ်လာတော့ နာကျင်လာသည်။ ထုနက်နေသည့် အားက မပြင်းထန်ပေမယ့် ထုနက်ပါများတော့ တုတ်ချက်တွေလို ခံစားလာရ၏။

ဒါပေမယ့် သူမ ရိုက်သင့်သည်။ သူလည်း နာကျင်ပေမယ့် ဒါကို ခံယူသင့်သည်။ ဘယ်လိုမှမဖြစ်နိုင်တော့ခြင်းက သူမဘဝနဲ့ သူ ဘဝနှစ်ခု ပြန်လည်ပေါင်းစပ်ဖို့ …။

ထို့ကြောင့် စက်ဝန်း ကျောက်ရုပ်တစ်ရုပ်လို ရပ်နေပေးခဲ့သည်။ ပြီးသည့်နောက် …။

"ငါ့ကိုမေ့လိုက်ပါ လုံ … နင်နဲ့ ငါ ဘယ်လို ပတ်သက်ခဲ့ကြတယ် ဆိုတာကို မေ့လိုက်ပါ …"

"ဘာ!…"

ရှိုက်သံများကြားထဲက 'ဘာ' သံသည် ယူကျုံးမရ ကြေကွဲခြင်းတွေသာ ဖိစီးလျက် …။

"ငါ … ဒီဘဝကို ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူး၊ ပြည့်စုံသာယာနေတဲ့ဘဝကနေ ရုန်းထွက်ပြီး သေးငယ်ပူလောင်တဲ့ဘဝထဲကို ပြန်ခုန်မဆင်းချင်ဘူး … ငါ့ကို နားလည်ပေးပါ …"

လုံ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

"ငါ့ကို နင်က မေ့လိုက်ပြီပေါ့ … ဟုတ်လား …"

"မေ့လိုက်ရတယ်ဆိုတာ သတိရနေလို့ပါ … မေ့နိုင်အောင်ကြိုးစားရတာကိုက မေ့မရလို့ပါ လုံ … ငါမညာပါဘူး … နင့်ကို ငါ ချစ်ခဲ့ပါတယ်၊ ခုလည်း ငါ ချစ်နေဆဲပဲ … ဒါပေမယ့် ငါ နင်နဲ့အတူနေရတဲ့ဘဝမျိုးမှာ မပျော်နိုင်ဘူး၊ နင့်လောက် အထက် ကို မချစ်ဘူး … ဒါပေမယ့်



သူနဲ့နေရတာကို ငါ ကျေနပ်တယ် …"

လုံ က မီးရောင်အောက်မှာ ရှင်းသန့်ချောမွေ့နေတဲ့ စက်ဝန်း မျက်နှာကို ငေးစိုက်ကြည့်ရင်း ငြိမ်သက်နေခဲ့၏။ တောမှာ ရုပ်အကျီခပ်နွမ်းနွမ်း ပုဆိုးခြေဖျားကပ်နှင့် စက်ဝန်း …။

ဂျင်းဘောင်းဘီလေးနှစ်ထည်လောက်ရှိပေမယ့် ဒါချည်းပဲ ဝတ်ရလွန်းလို့ ပါးလျားဆွေးရိလာတဲ့ရုပ်က ဘောင်းဘီမှာပါနေသည်။

"စက်ဝန်း ရယ် … ပုဆိုးပဲ ဝတ်စမ်းပါဟာ … နင့်ဘောင်းဘီက ဒူးကပြဲ အနားတွေဖွာနဲ့ စုတ်ပြတ်နေပါပြီ …"

"ဒါပေါ့ဟ … ချမ်းသာတဲ့လူတွေဝတ်တော့ စတိုင်လ်လို့ပြောကြမှာ … ဆင်းရဲတဲ့လူကျတော့ စုတ်ပြတ်နေတာပဲတဲ့၊ မြို့မှာဆိုရင် ဂျင်းဘောင်းဘီက ဟောင်းနေမှ အဖိုးတန်တာ …"

မြို့မှာပဲ ကြီးပြင်းခဲ့တဲ့ စက်ဝန်း က မြို့က မွေးစားမိဘတွေ နိုင်ငံခြားကို အပြီးပြောင်းကြတော့မည်ဆိုမှ တောကိုပြန်ရောက်လာခဲ့တာဖြစ်သည်။ ထိုစဉ်တည်းက စက်ဝန်း က တောမှာမပျော်ဘဲ မြို့ကိုသာ တမ်းတနေခဲ့တဲ့သူ …။

ကိုယ့်ရင်ခွင်မှာ ပူလောင်နေပါသည်လို့ ပြောတာ လုံ နားလည်ပေးနိုင်ပါသည်။ ဒါပေမယ့် အမှန်ဆိုတာ ခါးသီးလွန်းပါ၏။ စမတ်ကျကျ ချောနေသည့် စက်ဝန်း ကို ထာဝရစွန့်လွှတ်ရတော့မည်ဆိုသည့်အသိက လူကို ရိုက်ပုတ်ထုထောင်းနေခဲ့၏။

"လုံ …"

မျက်ရည်တွေတွေကျနေသည့် လုံ့ ရှေ့ကို စက်ဝန်း ထပ်တိုးသည်။

"ငါပျော်ရာမှာနေပါရစေ … ငါ … ငါ နင့်ကိုလည်း ထောက်ပံ့ပါ့မယ် … ငါ့ကိုသာ လွှတ်လပ်ခွင့်ပေးပါ …"

"နင် ငါ့ကို ထောက်ပံ့ဖို့မလိုပါဘူး …"

လုံ က လက်သီးလေးနှစ်ဖက်ဆုပ်၍ မျက်နှာတစ်ဖက်လွှဲထားရာ—

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လို့လဲ .. ပြောလေ .."

"ငါ ဒီတိုင်းရွာကိုပြန်သွားရမှာ ချက်ချင်းကြီးတော့ .."

"မပြန်ပါနဲ့ .. နင် ဒီမှာနေလို့ရပါတယ် .. ကြိုက်သလောက်နေပါ ဒါပေမယ့် ခုလိုမျိုးတော့ .."

"ဒါ ငါလုပ်တာမဟုတ်ဘူးလို့ ပြောနေတာ နင် မယုံဘူးလား စက်ဝန်း .."

"ငါယုံလည်း နင်နဲ့ အထက် ရဲ့ကြားမှာ မပြေလည်မှုတွေရှိသွားပြီ ဆိုတာ သေချာတယ် .. အဲဒါကို ပြန်ဖျောက်ဖို့က .."

ပြန်ကြည့်လာသည့် မျက်လုံးတွေကို လုံ နားလည်သွားသည်။

"ငါကပဲ အလျှော့ပေးရမယ် .. ဟုတ်လား .. ငါက သူ့အကြိုက် လိုက်နေရမယ်ပေါ့ .."

"ငါ့မျက်နှာကိုပဲ ညှာပေးပါ လုံ ရယ် .. သူ့ဂုဏ်သိက္ခာမထိခိုက်ရအောင် ငါတို့က .."

"ငါ့ဂုဏ်သိက္ခာကိုတော့ နင် ထည့်မတွက်ခဲ့ဘူးနော် .."

"ငါ ..."

"ငွေကြေးအဆင့်အတန်းက ဂုဏ်သိက္ခာလား စက်ဝန်း၊ သူ့မှာပဲ ဂုဏ်သိက္ခာတွေရှိနေတာလား .. အခု .. အခု ငါက တစ်ခုလပ်ဖြစ်သွားပြီ ရွာကိုဘယ်မျက်နှာနဲ့ ပြန်ရမှာလဲ .. အဲ့ဒီအတွက် ငါ့မှာရော ဂုဏ်သိက္ခာကျဆင်းဖို့မရှိဘူးလား .."

လုံ့ စကားတွေကို ဘာမှပြန်မဖြေနိုင်ဘဲ စက်ဝန်း ထိုင်ခုံပေါ်မှာ နောက်ပြန်ထိုင်ချလိုက်ရင်း မျက်နှာကို ဖိပွတ်နေမိ၏။

"စိတ်မညစ်ပါနဲ့ စက်ဝန်း ရယ် .. နင်နဲ့ ငါက ငယ်သူငယ်ချင်းတွေပါ .. နင်က ငါ့မျက်နှာကို မကြည့်တတ်ပေမယ့် ငါက နင့်ကို နားလည်ပါတယ်၊ ငါ့မျက်နှာညိုနေရင် နင်မသိပေမယ့် နင့်မျက်နှာညိုး



နေရင် မနေတတ်ခဲ့တာ ငါပါ၊ နင့်ကို ငါ မနှောင့်ယှက်ပါဘူး .."

စက်ဝန်း မျက်နှာမော့လာသည်။ ဖြူခြောက်ခြောက်ရှည်မျောမျော လုံ့ ပုံစံလေးက ဆံပင်ရှည်ကြီးတွေကြောင့် ပို၍နွမ်းလျခြောက်သွေ့နေ ခဲ့ရလျက် သူ့စိတ်တွေကို ကရုဏာမြစ်ကြောထဲမှာ စီးပါသွားအောင် တိုက်စားနေသည့်နှယ် ...။

"ငါ့ကို ဒီမှာပဲပေးနေပါ .."

လိုက်ခါနေသည့် ငိုသံလေးကြောင့် စက်ဝန်း ကျွတ်ခနဲ စုတ်သပ် မိသည်။ သူမကတော့ သူမ မျက်နှာညိုရင်တောင် ကိုယ်မသိခဲ့ဘူးလို့ပြော သည်။

ဒါပေမယ့် သူမရဲ့ မျက်ရည်တွေကြောင့် သူမလေးရဲ့လက်ကို ဆွဲ၍ သူထွက်ပြေးခဲ့ရတာ အကြင်လင်မယားအရာမြောက်ခဲ့ရတဲ့အထိ ...။

ငယ်သူငယ်ချင်း သံယောဇဉ်သည် ချစ်တာလား ရိုးသားစွာကြင်နာ တာလားဆိုတာလည်း မသိခဲ့ ...။ မွေးစားသားဆိုပေမယ့် ရွာက ဘုန်းကြီး ရဲ့ ဆွေမျိုးတွေမို့ သူ့ကိုချစ်လို့ မြို့ကိုခေါ်သွားရင်း သားလိုမွေးစားခဲ့တာပါ။

အမွေစားအမွေခံ မွေးခဲ့တာ မဟုတ်သည်မို့ မြို့ကနေရွာကို သူ မကြာခဏလာခဲ့သည်။ အလည်လာဖြစ်တိုင်း တစ်လကျော် နှစ်လနေပြီးမှ ပြန်ဖြစ်ခဲ့၏။ သံယောဇဉ်ကြိုးက ငယ်သံယောဇဉ်ကနေ အရောင်ပြောင်း ခဲ့သလား မပြောင်းခဲ့ဘူးလားဆိုတာ မသိခဲ့ကြပေ။

ဒါပေမယ့် လုံ့ ကို သူ သူများတွေထက်ပိုချစ်ခဲ့သည်။ လုံ့ မှာ လိုအပ်တာရှိရင် မနေတတ်၊ လုံ ငိုနေရင် စိတ်ညစ်ပြီး ခေါင်းကိုစုံကုတ် နေတတ်ခဲ့သည်။

အဲ့ဒီအချိန်တွေမှာ သူ ဘာမှဖြည့်ဆည်းမပေးနိုင်ခဲ့တာတွေကြောင့် သူမအတွက် မသိခဲ့ဘူးလို့ လုံ က ပြောတာလား၊ သူမရဲ့ မျက်ရည်တွေ ကို ကြည့်နိုင်တဲ့အင်အား ခုထိမရှိခဲ့သေးတာ ရင်ထဲမှာ ပူလောင်နေခြင်း က သက်သေပါ။

www.burmeseclassic.com

www.burmeseclassic.com



"လုံ ..."

နေရာမှထရပ်ကာ လုံ့ မျက်နှာလေးကိုမော့၍ မျက်ရည်တွေကို သုတ်ပေးရင်း ...၊

"မငိုပါနဲ့ဟာ .. နင် တော်ကိုလည်းမပြန်ပါနဲ့ ငါတို့မောင်နှမလို ပဲ ဒီတိုင်းနေသွားကြလို့ .."

လုံ က သူ့လက်တွေကို ဖယ်ချပစ်လိုက်သည်။ ပြီးတော့ မဲ့၍ ...

"နင် ပြောရက်တယ်နော် .."

"လုံ ရယ် .. ငါအများကြီးရှင်းပြပြီးပါပြီ၊ ငါတို့ ပေါင်းဖို့မဖြစ်နိုင်ဘူးဆိုတာ .."

"တော်တော့ စက်ဝန်း .. ငါ့မျက်ရည်တွေက နင့်ကို ပြန်ပေါင်းချင်လွန်းလို့ သနားခံနေတာလား .."

"ဒါပေမယ့် နင် မငိုပါနဲ့ .."

"ငါ ငိုမယ် .. ဒီနေ့ အားရအောင်ငိုမယ် .. အားမရနိုင်သေးရင် နောက်နေ့ထိငိုနေမှာပဲ၊ ဒါပေမယ့် ငါဝအောင်ငိုပြီးရင် နင့်ကို ငါ့ယောကျ်ားအဖြစ်က ဖယ်ထုတ်ပစ်ဖို့ကြိုးစားမှာပါ၊ ဒါပေမယ့် နင်သင်ပေးဖို့မလိုဘူး၊ ငါ့ဘဝက ဒီလိုမုန်တိုင်းချိုးကျွေသွားရင် ဘယ်လိုအကွေ့မှာ ဘယ်လိုတက်နဲ့လှော်ရမယ်ဆိုတာ ငါ့ဘာသာနားလည်ဖို့ကြိုးစားမယ် .."

လုံ က သူ့မျက်နှာကို စူးစူးရဲရဲကြည့်၍ ...

"ငါ ဒီမှာနေမယ် .. နင့်မိန်းမနဲ့ ငါ ထပ်ဖြစ်ဖို့မဖြစ်ဖို့ကတော့ အာမမခံနိုင်ဘူး၊ ဒါပေမယ့် ပြဿနာဖြစ်ရတိုင်း ငါက သူ့ကိုမုန်းလို့ မရှောပ်တိုင်တက်ပြချင်လို့ဆိုတဲ့ မျက်လုံးနဲ့ ငါ့ကိုဘယ်တော့မှမကြည့်နဲ့ .."

စက်ဝန်း က ငေးကြည့်နေရင်း ခေါင်းညိတ်လိုက်၏။

"နင် ငါ့ကို ခုက္ခမပေးဘူးဆိုတာ ငါယုံပါတယ်၊ တစ်ခါတလေ မခံချင်စိတ်ကြောင့် ဒေါသနဲ့ ပြုမူပြောဆိုမိမှာမျိုးကိုပဲ စိုးရိမ်မိတာ .."



"ဒီစကားနဲ့ ငါ့ကို မချုပ်နဲ့ စက်ဝန်း .. ဟုတ်တယ် ဖြစ်လာနိုင်တယ်၊ ဒါပေမယ့် နင် ငါ့ကိုပဲ နှိပ်ကွက်ဖို့တော့ မစဉ်းစားနဲ့ နင်တို့ နှစ်ယောက်စလုံး အရှက်တကွဲမဖြစ်ချင်ရင်ပေါ့ .."

"လုံ့ .."

လုံ က တံခါးဖွင့်ဖို့လှည့်ထွက်သွားလျှင် စက်ဝန်း က လက်ကိုဆွဲထားလိုက်ကာ ...

"ဘာပြောသွားတာလဲဟင် .. ငါ့ကို ဘာလုပ်စေချင်တာလဲ .."

"နင် ငါ့ဘက်ကအမြဲရှိဖို့ပြောချင်တာ .."

လုံ့ မျက်ဝန်းလေးတွေက မှေးသယောင်ရှိပေမယ့် မျက်တောင်တိုစိပ်စိပ်လေးတွေကော့နေသဖြင့် မျက်ခုံးလေးပင့်၍ စကားပြောလိုက်တိုင်း မျက်တောင်လေးတွေ တစ်ပင်ချင်းစင်းချထားတာသလို ချစ်စဖွယ်လေးဖြစ်သွားတတ်၏။

ဒီအချိန်မှာ မကြားချင်ဆုံးစကားကို ပြောလိုက်တာပေမယ့် သူချစ်သော အမူအကျင့်လေးတစ်ခုကို ဖျတ်ခနဲမြင်လိုက်ရကာ ...၊

"နင် သူ့ဘက်ကလိုက်ပြီး ငါ့ကို ဆူရဲဆူကြည့် နင့်မိန်းမအဖြစ်နဲ့ ခဟုတ်ပေမယ့် နှမကို မျက်နှာညိုးမခံတဲ့ ယောကျ်ားမျိုးတော့ ဖြစ်ခံလိုက်ပေါ့ .."

တံခါးကိုကိုင်ထားသည့်လက်ကို ဖြုတ်၍ သူ့ဘက်ပြန်လှည့်လိုက်သေးသည်။ ပြီးမှ မျက်နှာကိုစေ့စေ့ကြည့်၍ ...

"မိန်းမထက် နှမကို ပိုချစ်တဲ့ယောကျ်ားဆိုပြီး အဲ့ဒီမိန်းမက မုန်းသွားရင်တော့ နင့်သမိုင်းပဲ .."

"လုံ့ .."

"ဖယ် .. သွား .. မကိုင်နဲ့ .."

နောက်တစ်ခေါက် လက်ကိုလှမ်းဆွဲတော့ လု က ပုတ်ချပစ်လိုက်တာ ...၊



www.burmeseclassic.com

www.burmeseclassic.com



"နင့်လက်တွေကို ခုကစပြီး စည်းနဲ့ကမ်းနဲ့ နေလိုက် .."

မျက်နှာချင်းဆိုင်ပြန်လှည့်ကာ သူ့လက်တွေကို လက်ညှိုးထိုးသတိပေး၏။

"ငါက စွန့်ပစ်ခံရပေမယ့် နင့်လို ဖောက်ပြန်တဲ့ယောကျ်ားထက် ပိုပြီးသန့်စင်တယ်၊ ငါ .. ငါ နင့်ကိုရွံတယ် သိလား .."

ဒေါသတကြီးပြောမိတာပေမယ့် ရှိုက်သံများနှင့်ရောထွေးသွားသည့် စကားသံတို့က အဆုံးသတ်ပျောက်နေခဲ့၏။

စက်ဝန်း ကို သူမ ကျောခိုင်းလိုက်မိတာ ဘယ်နှစ်ကြိမ်မြောက်နေပြီဆိုတာ မသိ ..။

ခုလည်း တံခါးပေါက်ကို လက်တင်မိလိုက်ပြန်ကာ ပွင့်၍ထွက်ခွာခြင်းသို့ မရောက်နိုင် ..။

တစ်ယောက်သည် ကျောခိုင်းလျက်ငိုကြွေးရင်း တစ်ယောက်သည် မတ်တတ်ရပ်နေရင်း ငေးငိုင်နေခဲ့လျက် ..၊

ဒါဟာ ဘယ်သောအခါမှ ဆုံဆည်းဖွယ်မရှိသော ခရီးရှည်ကြီးရဲ့ မှတ်တိုင်တစ်ခုလား ..။

❖



အခန်း (၇)

"ဟား .. ဟား .. ဟား .."

"တောက် ..."

"ဟား .. ဟား .. ဟား .."

စီးကရက်တစ်ရှိုက်မှာ ရလိုက်သမျှ မီးခိုးဖြူတွေကို အားပါးတရ ရယ်ခြင်းမှာ မှုတ်ထုတ်ပစ်လိုက်ရင်း ..၊

"မင်းပြောခဲ့တဲ့စကားတွေအတွက် မင်းတာဝန်ယူရမယ်လို့ ငါပြောခဲ့သားပဲ အထက်ဦး .. ဒါ အပျော့စားမျက်ရည်ယိုဗုံးလေးပဲရှိသေးတယ်"

"ဘယ်သူက မျက်ရည်ကျမှာမို့လို့လဲ .."

"မျက်ရည်ကျတာထက် ပိုကြိုက်တာပေါ့ကွ .. မင်းလို မိန်းမမျက်ရည်ကျတာကိုစောင့်ကြည့်ဖို့လည်း အပင်ပန်းခံစရာမလိုပါဘူး၊ စောင့်ကြည့်လိုက်ဦး အမှန်တရားဆိုတာ လိုက်ပြောနေတာထက် သူ့လိုလို သိလိုက်ရတာက ပိုခန့်ညားတယ် .. မင်း ဘယ်လိုမိန်းမလဲဆိုတာ ဝါ လျှောက်ပြောနေဖို့မလိုဘူး .."

"ခေါင်ဖျား .. ရှင် .."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပိတ်ထားလိုက်ပြီး ဒတ်ရှ်ဘုတ်ပေါ် ပစ်တင်လိုက်သည်။ ပြီးတော့ ကူရှင်ကိုလှန်ချလိုက်ပြီး သေချာလှဲ၍ စီးကရက်သောက်နေရင်း ..၊

ဟိုတုန်းကတော့ ကိုယ့်ကိုအချစ်ဆုံးတဲ့ ..၊

အတိတ်ကို သတိရတော့ ရချင်သည်။ ဒါပေမယ့် ခုနေ သူ ထရယ်လိုက်ရင်တော့ အားပါးတရ ရယ်သံထွက်ပါ့မလား ..။

ဘယ်လိုဟန်လုပ်နေနေ ထိရှနေသည့် ရင်ဘတ်ထဲမှာ ခုထိ နာကျင်နေတုန်းပင် ..။

သုံးနှစ်လောက်ရှိနေပြီတဲ့ ..။

သူများဖိနပ်ကောက်ပြီး ကုန်းကျုံးရှာဖွေနေတဲ့လူကို သစ္စာကြီးစွာစောင့်နေရမှာလား တဲ့ ..။

"ဟား .. ဟား .. ဟား .."

ပူလောင်နေတဲ့ ရင်ဘတ်ကြီးက ရယ်ပစ်လိုက်မှ ပေါ့ပါးသွားခဲ့သည်။

မင်းအတွက် သုံးနှစ်ကြီးကြာခဲ့တယ်ဆိုပေမယ့် ငါ့အတွက်ကတော့ အတိတ်နဲ့ ပစ္စုပ္ပန်က မနေ့ကနဲ့ ဒီနေ့လိုပဲ ..။

မင်းက ရွေးချယ်မှုတွေနဲ့ လက်ချိုးရေနေတဲ့ နေ့ရက်တွေမှာ ငါက လှပတဲ့အနာဂတ်တစ်ခု ဖန်တီးနိုင်ဖို့ နေ့မနား ညမနား ကြိုးစားနေခဲ့တာ ..။

ဘဝအခြေအနေချင်းက ကွာခြားသည်။ အထက်ဦး တို့က စက်ရုံတွေနဲ့တွဲလျက် ကုမ္ပဏီတွေပိုင်သည်။ မောင်နှမသုံးယောက်ရှိကြပေမယ့် အထက် တစ်ယောက်ပဲ အငယ်ဆုံးလူလွတ်ရှိကာ နှစ်ယောက်က အိမ်ထောင်သည်တွေဖြစ်၏။

ဒါပေမယ့် မိဘတွေနဲ့ အတူတူနေပြီး စီးပွားရေးလုပ်ငန်းတွေမှာ ဝိုင်းကူနေကြတာဖြစ်လျက် အထက် နဲ့ သူက ခာတ်ပုံစတူဒီယိုတစ်ခုမှာ တွေ့ပြီး ချစ်ခဲ့ကြတာဖြစ်သည်။

သူက ဝါသနာသမား၊ အထက်က သူ့ကိုစတင်မိတ်ဆက်ကာ ခာတ်ပုံ



ဆွေရိုက်ကြ၊ ပန်းချီတွေဆွဲကြနှင့် အချစ်နယ်လွန်ခဲ့ကြသည်။

"အထက် တို့ ဒီလိုမှားခဲ့ပေမယ့် လက်ထပ်ဖို့တော့ မဖြစ်နိုင်သေးဘူး ဖျား .. အထက် တို့မှာ ဒက်ဒီတစ်ယောက်ပဲရှိတော့တာ၊ ဒက်ဒီမှာ သွေးတိုးရှိတယ်၊ ပြီးတော့ ဒက်ဒီက သိပ်မာနကြီးတာ၊ သူ့မာနနဲ့ဒေါသ က တစ်ထပ်တည်းပဲ .. ဖျား နဲ့ အထက် ကို ဒက်ဒီသဘောတူမှာ မဟုတ်ဘူး .."

ငြိစွန်းခဲ့ကြပြီမို့ သူ့ဘက်က တာဝန်ယူဖို့ကြိုးစားခဲ့ပေမယ့် ဂုဏ်အံတိုင်း ငွေတံတိုင်းက မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာပေါ်မှာ ဖုံးလွှမ်းနေခဲ့လျက် ..၊

"မင်းလိုကောင်ကလား .. ငါ့သမီးကို လက်ထပ်ချင်တာ .."

"ငါ့နှမကို အရှုပ်ပြီး သိုက်တူးတာ မင်းလား .."

"မင်းက ဓာတ်ပုံဆရာလား .. ပန်းချီဆရာလား ဟိတ်ကောင် .. အထက်ဦး ဆိုတဲ့ ငါ့ညီမကိုလိုချင်ရင် မင်း သူ သုံးနေတဲ့နှုန်းအတိုင်း အစ်လကို သိန်းငါးဆယ်အထက်ရှာနိုင်မှ ရမယ် .. ကြိုးစားဦး .."

ဖအေနဲ့ သားတွေက ရင်ဆိုင်မိတတ်တိုင်း ကာယကံဝစီကံနဲ့ စော်ကားခဲ့ကြသည်။ အထက် ကလည်း ကိုယ့်ချစ်သူပေမယ့် ကိုယ့်ဘက်က မပါ။

"အထက် ဆင်းရဲမခံနိုင်တာတော့ အမှန်ပဲ ဖျား .. ဖျား ကို အရမ်းချစ်တယ်၊ ဖျား က အထက် ရဲ့ ပထမဆုံး ချစ်ရဆုံးချစ်သူပါ၊ အဲဒီ အချစ်စိတ်တွေက ဆင်းရဲဒဏ်ကို အံတုကျော်လွှားနိုင်ပါ့မလားတော့ အထက် မသိဘူး .. ပြီးတော့ မစွန့်စားရဲဘူး .."

ထို့ကြောင့် ခိုးရာတော့မလိုက်နိုင်ပါဟု သူမ ငြင်းခဲ့သည်။ သူတို့ရဲ့ ချစ်ခရီးလမ်းဟာ ပိုင်ဆိုင်ခွင့်မရှိဘဲ ကြင်နာခဲ့ကြရင်း ခရီးဆက်နေခဲ့ကြသည်။

သိပ်မကြာခင်မှာ အစ်ကိုအကြီးဆုံးက သွေးတိုးမှားပြီး သေဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ အထက် ရဲ့ အဖေက အိပ်ရာထဲလဲ၏။ မိသားစုထဲမှာ ဘယ်လို ပြောင်းလဲမှုတွေဖြစ်နေသည်မသိပေမယ့် အထက် သူ့နောက်လိုက်ဖို့ ချက်ချင်းဆုံးဖြတ်ပြီး ရွှေငွေတွေအပြည့်နှင့် ရောက်လာခဲ့၏။

ပစ္စည်းတွေ ငွေတွေကို ပြန်ပေးလိုက်ပြီး သူ့အိမ်မှာပဲနေကြဖို့ပြော ပေမယ့် သူမက ခေါင်းခါသည်။

"ကိုယ့်မှာ ဒုက္ခိတဖြစ်နေတဲ့ အစ်မကြီးတစ်ယောက်နဲ့ အဒေါ်ဝမ်းကွဲ ရှိတယ်၊ သူတို့ကို ထားခဲ့ဖို့က အဆင်မပြေဘူး .."

"ဒါဆို အထက် ကို ခိုးရာလိုက်ခဲ့ဖို့ပြောနေတုန်းက သူတို့ကိုပါ တစ်ပြုံတစ်မကြီးခေါ်ထွက်ဖို့ စီစဉ်ခဲ့တာလား .."

သူ ထင်ခဲ့သည် ..၊

အထက် ထိုစဉ်မှာတည်းက သူ့ဘဝကို စိတ်ပျက်ခဲ့တာပါ။

တကယ်ဆို သူ့ဘဝနဲ့သူတော့ ဆင်းရဲလှသည်မဟုတ်ဘူးထင်မိ သည်။ အထက် ကတော့ သူဦးဆောင်နေသည့် ကျောက်မျက်ရတနာဆိုင် လေးနဲ့ ဓာတ်ပုံဆိုင်ကို ရှုံ့မဲ့ကဲ့ရဲ့လျက် ..၊

"ရှုံးကော့စ်လေး လက်တစ်ဝါးလောက်နဲ့ ရတနာဆိုင်လေးက တိုး မပေါက်အောင်ရောင်းနေရရင်လည်း ဟုတ်သေးတယ် ဖျား ရယ်၊ ရပ်ကွက် ထဲမှာ ကျီးခြောက်စာခြောက်ပြီး ထိုင်ရောင်းနေရတာ ဒါ စီးပွားရေးလို့ ပြောလို့ရမလား .."

"ဓာတ်ပုံရိုက်တာဝါသနာပါပေမယ့် ဓာတ်ပုံသမားတွေရဲ့ဘဝကို တော့ အထက် အထင်မကြီးပါဘူး .."

"စတူဒီယို ဒီ့ထက်အကြီးကြီးထောင်တော့လည်း ဖျား နာမည်ကြီး သွားတာနဲ့ မိန်းကလေးတွေဝိုင်းလာမှာပဲရှိတယ် .. ချမ်းသာလာမယ့် စီးပွားရေးမှ မဟုတ်ဘဲ .."

ကိုယ့်အိမ်အကြောင်းလေး ပြောပြမိပါသည် အထက် ရဲ့ ရှုံ့မဲ့ညည်း ညူသံများကြောင့် သူ ဒီ့ထက်ကြီးပွားအောင်ကြိုးစားဖို့လိုပြီမှန်း သိလိုက်



သည်။

ဒါပေမယ့် ကြိုးစားချိန်ဆိုတာ ရောက်မလာခဲ့ပေ။ သူ့အဖေ အသည်း အသန်ဖြစ်သည်ဆိုပြီး အထက် ကို လာခေါ်သွားကြ၏။ ခိုးပြေးခဲ့သည့် ဟိုတယ်လ်မှာပဲ သူတို့ကွဲသွားခဲ့ကြတာ ချစ်ရတဲ့ သက်တမ်းအရ သေချာ တွက်ကြည့်လျှင် ဆယ့်ရှစ်ရက်နဲ့ သုံးနာရီသာ ..။

"ငါ့ညီမကို မင်း ပြန်ပေါင်းချင်ရင် ချမ်းသာအောင်ကြိုးစား .."

"အထက် ပြန်မလာချင်ဘူး ဖျား ရယ် .. နောက်ဆို ဖျား တို့ အိမ် မှာပဲ နေရတော့မှာ၊ အထက် သူများအိမ်မှာ မရင်းနှီးတဲ့မျက်နှာတွေနဲ့ မနေချင်ဘူး၊ အထက် ကို လာစေချင်ရင် ဖျား ကြိုးစားပါ .." တဲ့ ..။

"ဟား .. ဟား .. ဟား .."

အတိတ်ဆိုတာ မင်းပြောတဲ့အတိုင်းပဲ ကြာခဲ့ပါပြီ။

သူ အားပါးတရ ရယ်လိုက်နိုင်တာကို ကျေနပ်မိကာ ကုရှင်ကနေ ငေါက်ခနဲ ထထိုင်လိုက်မိသည်။

သုံးနှစ်လောက်ရှိပြီဆိုတာ မင်း ပြောမှ ငါ သတိထားမိတယ်။ မင်း မှန်တယ် အထက်ဦး ..။

ရှည်လျားခွေဝိုက်နေသည့် ဆံပင်တွေကို ဖြစ်သလို ထိုးသိပ်တင်ရင်း စီးကရက်ကို စတီးယားရင်နဲ့ ဖိချေပစ်လိုက်၏။

ထားလိုက်တော့ ခေါင်ဖျား ..။

လွှမ်းလို့ကျန်ရစ်ခဲ့ရမှာက မင်း မဟုတ်ပါဘူး ..။

ဟုတ်တယ် .. ငါယောက်ျားပဲဆိုတဲ့ မာနထားခဲ့သင့်တာ ဟိုတုန်း တည်းက ..၊

နောက်ထပ် ဆံပင်တွေသပ်ရင်း နာရီကြည့်လိုက်တော့ ညဆယ် နာရီ ..။

မွေးနေ့က ပြန်ထွက်လာပြီး သူ ဒီနားမှာပဲ ရပ်နေခဲ့တာ နှစ်နာရီ နှစ်ဆယ်ရှိပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ..."

သူ ခပ်မဲ့မဲ့ပြုံးလိုက်ရင်း အချိန်တွေကို အလျော်အစားလုပ်ကြည့်မိ၏။ သုံးနှစ်လောက်ကြာခဲ့တဲ့ အချိန်တွေအတွက် နှစ်နာရီလောက် ပြန်စောင့်ရပေမယ့် မဆိုးပါဘူး ...။

အထက် ရဲ့ တက်ခေါက်သံကို သတိတရတွေးဖြစ်ရင်း ကားစက်နှိုးလိုက်သည်။ ထိုစဉ် ပြန်ပွင့်သွားသည့် ဘက်ခ်မှန်ထဲမှာ တံတားပေါင်မှာ ရပ်နေသည့် မိန်းကလေးတစ်ယောက်ကိုမြင်လိုက်ရ၏။

သူမ ရပ်နေတာက တံတားပေါ်မှာမို့ အလယ်မီးတိုင်နဲ့ နီးသည်။ ထို့ကြောင့် တိတ်ဆိတ်ရှင်းလင်းနေသည့် မြင်ကွင်းထဲမှာ မီးရောင်ကြောင့် ပိုထင်းနေ၏။

သူမ ...၊

မှန်ထဲကကြည့်ရင်း သူ ခတ်ခနဲ နောက်လှည့်ကြည့်မိသည်။ သူ့ကားက တံတားအဆင်းမှာပေမယ့် သူမနဲ့ သိပ်မကွာပေ ...။

မွေးနေ့ပွဲထဲမှာ သူ လက်ဆောင်ဘူးသွားပေးခိုင်းတဲ့ မိန်းကလေး...။

ဒီအင်္ကျီအဝတ်အစားနဲ့ ဆံပင်ရှည်ကြီးက မှားနိုင်စရာမရှိပေ။

သူမ တံတားပေါ်မှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ ...။ မွေးနေ့က ပြန်လာတာဆိုရင်လည်း အဖော်မပါ ဘာမပါနှင့် ရေပြင်ကို ငုံ့ကြည့်ပြီး ဒီမှာ ဘာလာလုပ်တာလဲ ...။

သေကြောင်းကြံစည်မလို့လားလို့ တွေးမိကာ စားပွဲမှာ တစ်ယောက်တည်းထိုင်ပြီး မျက်ရည်တွေတွေကျနေတာကို ဆက်စပ်စဉ်းစားမိ၏။

ဒီမိန်းကလေး ဘာလဲ .. ဘာသောကတွေရှိနေလို့လဲ ...၊

မင်္ဂလာဆောင်မှာ ထိုင်ငိုနေရင်တောင် သတို့သားနဲ့ ပတ်သက်နေသလားလို့ တွေးကြည့်လို့ရသေးသည်။ သူမ ငိုနေတော့ အထက်ဦး ရဲ့ မွေးနေ့မှာ ...။

ဟိုမှာ ငိုနေတာလည်း တစ်ယောက်တည်း .. ခုလည်းတစ်ယောက်



တည်း ...။

စီးကရက်နောက်တစ်လိပ်ထုတ်၍ မီးညှိလိုက်ရင်း တံခါးဖွင့်ပြီး အပြင်ထွက်လိုက်သည်။ အဲရ်ကွန်းရှေ့ကထွက်လိုက်တော့ အပြင်မှာ ညဥ့်လေးအေးက မအေးဘဲ နွေးနွေးကြီးဖြစ်နေသည်။

သူ့ကားက အနက်ရောင်ဖြစ်ကာ သူ့ကိုယ်မှာလည်း အနက်တွေ ချည်းဝတ်ထားတာမို့ ကားဘွန်းနက်ပေါ်တက်ထိုင်ပြီး သူမ ဘာလုပ်နေသလဲဆိုတာ စိမ်ပြေနပြေကြည့်ဖို့ စိတ်ကူးရ၏။

သူမကတော့ အဝါရောင်အဖျော့လေးနဲ့ မီးရောင်မှာထင်းနေကာ ရှေ့ကိုငေးလိုက် ရေပြင်ကိုငုံ့ကြည့်လိုက်နှင့် ပြီးတော့ မျက်ရည်သုတ်နေသည်။

ငိုပဲ ငိုနိုင်လွန်းတယ်လို့ပြောရမလား ငိုနေချင်လောက်စရာ ပူပင်သောကရှိနေတာလား ...။

ကိုယ်ခိုင်းတဲ့အလုပ်ကိုတော့ သေချာသွားပေးပေးတာမို့ ကျေးဇူးတင်ထိုက်ပါ၏။

ဒါပေမယ့် သူ ဒီ့ထက်စပ်စုဖို့တော့ စိတ်မကူးမိပေ။ ထိုစဉ် သူ့နောက်ကျောက ကားမီးရောင်လင်းလာသည်။ ကားက တံတားပေါ်ကို တက်သွားကာ သူမနောက်မှာ ရပ်သွား၏။

ဆင်းလာတာ ယောကျ်ားနှစ်ယောက် ...၊

ဒီတစ်ယောက်က အထက်ဦး ရဲ့ ယောကျ်ားပဲ ...၊

စီးကရက်ရှိုက်ဖွာရင်း သူ့မျက်လုံးတွေကျဉ်းမြောင်းသွားခဲ့သည်။ နောက်တစ်ယောက်ကလည်း ဒရိုင်ဘာဝတ်စားထားပုံမျိုးတော့ မဟုတ်ပေ။

အထက်ဦး ရဲ့ ယောကျ်ားက မနေစက်ဝန်း ဆိုတာ သူသိသည်။ စက်ဝန်း နဲ့ ဒီမိန်းကလေးရင်းနှီးနေပုံက ဘယ်လိုမျိုးလဲ ...၊

စက်ဝန်း ကတော့ ပတ်ဝန်းကျင်မှာ ကားတစ်စီးနဲ့ လူတစ်ယောက် ကြည့်နေသည့်အဖြစ်ကို ရုတ်တရက် သတိမထားမိပေ။ စိုးရိမ်စိတ်နဲ့ ဒေါသက ကားထဲက ဘယ်လိုဆင်းပြီး လုံ့ ဘေးကို ဘယ်လိုရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားမှန်းတောင် ကိုယ့်ကိုယ်ကိုယ် မသိလိုက် ...။

"အဲဒါ ဘာလုပ်နေတာလဲ လုံ ... ရန်ကုန်မြို့ကို နင် ဘာမှတ်နေလို့လဲ ..."

လုံ က သူတို့ကိုလှည့်ကြည့်ပြီး နောက်ကိုခြေတစ်လှမ်းဆုတ်ရင်း...

"ငါ့ဘာသာ အေးဆေးနေချင်လို့ ထွက်လာတာ ဘာလိုက်လုပ်တာလဲ ..."

"ဒါ မိန်းကလေးတစ်ယောက် လမ်းပေါ်မှာ အေးဆေးထွက်လျှောက်နေရမယ့်အချိန်လား ... နာရီကိုပြန်ကြည့်ဦး ..."

"မသိဘူး ... အိမ်နဲ့လည်း အဝေးကြီးမဟုတ်ဘူး ငါပြန်ချင်မှ ပြန်လာမယ် ..."

"မရဘူး ..."

"စက်ဝန်း နင် ငါ့ကိုအမိန့်မပေးနဲ့နော် ..."

"မပေးလို့ရမလား ... လာ ... ပြန်မယ် ..."

သေားမှာက အထက် ရဲ့ သူငယ်ချင်း ကိုယ်နဲ့လည်း ခင်နေသည့် ကောင်းဟန် ပါနေသည်။ မွေးနေ့ပွဲပြီးသွားလို့ ခြံထဲမှာလည်း ဘယ်သူမှ မရှိတော့ ...၊

ခုချိန်ဆို အေးဆေးအနားယူဖို့သင့်နေလျက်နှင့် ညီမကြောင့် အပြင်ထွက်လိုက်နေရသည့်အဖြစ်က အထက် ဘက်ကကြည့်ရင် ဘယ်လိုနေမလဲ ...။

ပြီးတော့ လုံ နဲ့ သူမက မကြာသေးခင်ကမှ အထင်မြင်လွဲမှုတွေနဲ့ ကတောက်ကဆဖြစ်ခဲ့ကြတာ ...။

"ငါ ဒီလောက်ပြောပြထားတာတောင် လုံ ရာ ... တောမှာလို မနေပါနဲ့၊ တောမှာလို နင်နဲ့ ငါတို့ချည်းပဲရှိတာလည်း မဟုတ်ဘူး၊ ဒါက ရန်ကုန်မြို့ ..."

တောမှာတုန်းကလို မဟုတ်တော့ဘူးဆိုတာ စက်ဝန်း က အမိပ္ပာယ်



တွေနဲ့ ပြောနေတာဖြစ်သည်။ လုံ ကလည်း သိပါသည်။ ဒါပေမယ့် သူမ ဒီညမှာ အားရအောင်မငိုရသရွေ့ အိပ်လို့လည်း ပျော်မှာမဟုတ်ပေ။

ငုတ်တုတ်ထိုင်ပြီး မငိုဘဲနေလို့လည်း ရမှာမဟုတ်။

"ဖယ် ... ငါ့ကို အတင်းမဆွဲနဲ့ ..."

"မဆွဲတော့ နင်အသာတကြည့်လိုက်လို့လား ..."

သူ့မှာ အနောက်တိုင်းဝတ်စုံကြီးတဖွေးဖွေးနှင့် သိန်းထောင်ကျော် တန်ကားကြီးကို တံတားပေါ်မှာရပ်ပြီး မသိရင် မိန်းကလေးတစ်ယောက်ကို ပြန်ပေးဆွဲနေသလိုလို ...။

"နင့်ကြောင့် ငါထောင်ထဲရောက်သွားနိုင်တယ်သိရဲ့လား ..."

ကားထဲအတူဝင်ထိုင်ပြီးမှ ဟူးခနဲ လေပူထုတ်မိ၏။ ပြီးတော့ ဆောင့်အောင့်ထိုင်ပြီး ဟိုဘက်လှည့်နေသည့် လုံ ကို လှည့်ကြည့်မိကာ ...

"ဆံပင်တွေကို ဖိထိုင်ထားရလား ... နည်းနည်းကြွ ..."

ဒီဆံပင်တွေကြောင့် သူ့မှာပဲ မျက်စိနောက်တတ်နေတာလား မသိ...။

မြေကြီးပေါ်မှာ ငုတ်တုတ်ထိုင်ချလိုက်ရင်လည်း ဆံပင်ကိုသိမ်းရမှန်းမသိ၊ ဖင်ထိုင်ချလိုက်ပြီဆိုလည်း ဖျတ်ခနဲ သူမရဲ့ဘေးမှာ သူရှိနေတိုင်း ဒီဆံပင်တွေကို သူပဲ လိုက်ကောက်ရ ဆွဲထုတ်ရ ...။

"ဟာ ... နည်းနည်းကြွလိုက်လေ ..."

လုံ က လှည့်မကြည့်ဘဲ ကိုယ်လေးကြွပေးသည်။ စက်ဝန်း က ဆံပင်အဖျားတွေကို ဆွဲယူလိုက်ပြီး လုံ့ ရဲ့ လက်ကြားထဲကနေ ရင်ခွင်ထဲ ပြန်ထည့်ပေး၍ ...၊

"တော်တော ... အဲ့ဒီမျက်ရည်တွေက ..."

ပြောလိုက်ရင်း ရှေ့ကနေကားမောင်းရင်း လှည့်ကြည့်သည့် ကောင်းဟန့် မျက်နှာ ပြုံးစိစိကြောင့် ...။

"ရွာမှာလေ ... သူ တအားချစ်တဲ့ နွားလေးကို ဒီလာခါနီးမှ ရောင်းလာခဲ့ရတာတဲ့ ... အဲဒါကြောင့် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ..."

ကောင်းဟန် က ခုမှရှင်းသွားဟန်နှင့် ခေါင်းညိတ်နေကာ ...၊

"ငါတို့က သူ့ကိုမြင်တည်းက ဆေဖန်နေကြတာ၊ တခြားတော့မဟုတ်ပါဘူး .. အမြဲတမ်းမှိုင်တွေနေတော့ သူ့အစ်ကိုကို နှမျောပြီး ဝမ်းနည်းနေတာလားလို့ .."

ကောင်းဟန် က သူ့စကားသူပြောပြီး မှန်ထဲကနေ လုံ့ ကို လှမ်းကြည့်ကာ ...၊

"ဟုတ်ရင်လည်း ဟုတ်မှာကွ .. ဟိုကနေ ဝမ်းနည်းလာပြီး ဒီရောက်တာနဲ့ အစ်ကိုစုံတွဲကိုမြင်လိုက်ရတော့လေ .."

"အဟွန်း ..."

စက်ဝန်း ပြုံးလိုက်ရပေမယ့် ရင်ထဲမှာမကောင်း၊ လုံ့ ကို လှည့်ကြည့်တော့ ရှိုက်သံမကြား၊ မျက်ရည်သုတ်တာ မမြင်တော့ဘဲ ဒီတိုင်လေး မျက်နှာလွှဲပြီး ငြိမ်သက်လျက် ...။

"အဲဒါသိလား စက်ဝန်း ငိုချင်ရဲ့လက်တို့လေ .."

ကောင်းဟန် က ပျော်တတ်သူပါ။ ဒါပေမယ့် လုံ့ ကို ဘယ်လိုစစသူမကူ့မလှုပ်ပေ ...။

စက်ဝန်း အနေခက်ရရင်း လုံ့ ကို မျက်ရည်တိတ်အောင် ဘယ်လိုလုပ်ရမလဲပဲ တွေးနေမိလေသည်။ နောက်နေ့တွေမှာ ဒီ မျက်ရည်တွေ ဆက်ရှိနေသေးရင် နောက်ထပ် အကြောင်းပြကောင်းကောင်း ရှာဖို့ကမလွယ် ...။

အသက်ရှူနေရတာတောင် တာဝန်ကြီးသလို ခံစားလာရတဲ့ အဖြစ် ...။

❖



အခန်း (၈)

"လုံမဒီ .. ခါ်တာ .."

အထက် ရဲ့ ခေါ်သံက မာကျောနေတာမျိုးမဟုတ်ပေမယ့် အထက်စီးဆန်သည်။ အကြည့်တွေထဲမှာ ခင်မင်ဖော်ရွေခြင်းကင်းလျက် ...၊

"ရှေ့ပင်းသွားမယ့်ပုံက ဒီပုံစံလား .."

လုံ က သူမရှေ့မှာပဲ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်သည်။ အဝါရောင် ကြိုက်သည့်အတွက် အဝါအနုအဖျော့တွေပဲ သူမမှာ များသည်။ ရင်ဘတ်မှာ ဇာကပ်ထားသည့် မြန်မာဝတ်စုံအဝါနုရောင်လေးက ထမီမှာလည်း ရင်ဘတ်က ဇာမျိုးအရောင်တူ အပွင့်အခက်လေးတွေပါသေးသည်။

ပြီးတော့ ရွှေမှုန်လေးတွေတစ်ချို့ လက်နေသေးသည်မို့ ဒီဝတ်စုံတာ ရှာမှာဆို အလှူပွဲ မင်္ဂလာပွဲတွေမှာသာ ဝတ်တာပါ။

"ဒါက အသစ်ပါ အဝါရောင်ချင်းတူပေမယ့် မနေ့ကဝတ်တဲ့ ဝမ်းဆက်မဟုတ်ဘူး .."

ဝမ်းဆက်လို့ပြောလိုက်တာကြီးကို နားကလောသွားသလို အထက်

www.burmeseclassic.com

www.burmeseclassic.com



နားကလိပစ်လိုက်ပြီး မဲ့သည်။ ခြေချင်းချိတ်ထိုင်နေရာက ခြေထောက်ကို ဖြုတ်ချလိုက်တာလည်း စိတ်မရှည်ပုံမျိုးဖြစ်လျက် ...၊

"အဲ့ဒီအသစ်က တောမှာပဲ ပွဲတိုးလိမ့်မယ် လုံမဒီ .. ဒါ ရန်ကုန်မြို့"

"ရန်ကုန်မြို့မှာလည်း ကိုယ့်ရှိတာကိုယ်ဝတ်ရတာပဲ မဟုတ်ဘူးလား .. မြို့မှာဘာဝတ်ရမယ်ဆိုတာ သတ်မှတ်ထားတာရှိနေလို့လားဟင်.."

ပြောတာကတော့ ပြန်ငေါ့လိုက်မိတာပါ။ ဒါပေမယ့် ပြောနေရင်း တကယ်စဲတွေးမိသွားတာဖြစ်ကာ ...၊

"အဲ့ဒီရှေ့ပင်းဆိုတာ ဝတ်ချင်တာဝတ်သွားလို့မရဘူးလား .."

"လုံမဒီ .."

ငေါက်ဆတ်ဆတ်ခေါ်ရင်း အထက် က နေရာမှထရပ်လိုက်၏။ သူမ ခေါက်မြင့်ဖိနပ်စီးထားတာတောင် လုံ နဲ့ မတိမ်းမယိမ်းလေးပဲရှိသည်။ လုံ ကတော့ အိမ်စီးဖိနပ်လေးနဲ့ပဲ ရပ်လျက် ...၊

"လုံ က ရွဲ့မေးတာမဟုတ်ပါဘူး .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် တို့စကားပြောရင် ပြန်ပြန်မေးတာတွေ မကြိုက်ဘူး .."

"ပြန်မမေးဘဲ ခေါင်းညိတ်နေရအောင် လုံ က အရုပ်မှမဟုတ်တာ"

"ဘာ ..."

"ဟုတ်တယ်လေ .. အလုပ်သမားတွေတောင် ထမင်းပွဲပြင်တော့ ဆိုရင် အားလုံးအတွက်လား မမလေးအတွက်ပဲလားဆိုတာတွေ ပြန်မေးကြသေးတာပဲ .."

"မလွယ်ဘူး ထက် ရေ .. နင့်ယောက်မကတော့ တကယ့်ယောက်မပဲ .."

ကားသော့လေးတရမ်းရမ်းနှင့် ဝင်လာသည့် သူမကို မွေးနေ့ပွဲတုန်းက လုံ မြင်ဖူးသည့် အထက် ရဲ့ သူငယ်ချင်းဖြစ်ပါလိမ့်မည်။

သူမက ဝင်လာပြီး အထက် ရဲ့ ဘေးမှာသွားရပ်လိုက်ရင်း လုံ့



ကို ခြေဆုံးခေါင်းဆုံးကြည့်၍ ...၊

"ဘာတွေပြန်လှန်မေးခွန်းထုတ်နေတာလဲ .. သူက .."

"သူဝတ်ထားတာကို အဆင်မပြေဘူးပြောလို့တဲ့ .."

"ဒါများ အထက် ရယ် .. နင်က ကိုယ့်ယောကျ်ားရဲ့ညီမဆိုပြီး သိပ်ကိုတာဝန်ယူချင်နေတာလား .. ထားလိုက်ပါ မွေးနေ့မှာတည်းက ပွဲတိုးဖို့ ဝတ်စုံ နင်ထုတ်ပေးတာ သူဝတ်လို့လား .."

မီးလောင်ရာလေပင့်သည့်စကားတွေကြောင့် အထက် ရဲ့ ဒေါသတွေ ပါမစ်ရသွား၏။

"အင်္ကျီကိစ္စချည်းပဲမဟုတ်ဘူး မေရှား .. ဘယ်လိုအချိုးမှန်းကို မသိတာ .."

ပြောပြီး ချာခနဲလှည့်ထွက်သွားခဲ့၏။ မေရှား က ဒီတိုင်းလေးရပ်ကျန်ခဲ့သည့် လုံ ကို လှည့်ကြည့်ကာ ...၊

"ဟဲ့ .. လိုက်ခဲ့လေ ဘာလုပ်နေတာလဲ .."

ကားထဲဝင်ထိုင်နေကြပြီး လုံ့ အလှည့်ကျတော့ တံခါးမဖွင့်တတ်သဖြင့် ကားကို ဟိုဘက်ကကိုင် ဒီဘက်ကကိုင်နှင့် လုံ တံခါးပေါက်ရှာမရဘဲဖြစ်နေသည်။

"ဒီမှာ .. ဒီမှာ .."

မှန်ကိုပုတ်၍ခေါ်ရပေမယ့် အထဲကိုလည်း ဘာမှမမြင်ရပေ။ ဟိုနေ့တုန်းက ကားက အပြင်မှာလက်ကိုင်ကွင်းလေးရှိသည်။ တောကနေလာတုန်းကလည်း တံခါးဖွင့်တာ ကွင်းလေးကိုဆွဲလိုက်ရုံ ...။

ဘာဖြစ်လို့ ကားတစ်မျိုးတံခါးတစ်မျိုးနဲ့ ပုံစံတွေအမျိုးမျိုးဖြစ်နေရတာလဲ ...။

ကားရဲ့ ရှေ့ကနေသွားပြီး ဟိုဘက်တံခါးကိုပြေးရှာတာလည်း ဒီပုံစံ...။

အထက်ဦး တို့ ဒီကားထဲဝင်သွားကြတာပါ။ ဒါမှမဟုတ် အိမ်ထဲက ထွက်မလာကြသေးတာလား ...။

www.burmeseclassic.com

www.burmeseclassic.com



လုံ ကားထဲကိုဝင်ချင်လွန်းလို့မဟုတ်ပေ၊ တစ်ခုခုဆို မဖြစ်မနေ မရမချင်းကြိုးစားတတ်သည့်အကျင့်ကြောင့် ကားတံခါးရှာဖွေခြင်းမှာ စိတ်ဝင်စားနေခဲ့တာဖြစ်သည်။

ကားထဲက နှစ်ယောက် သူမကို ဟားတိုက်ရယ်နေခြင်း မနေခြင်းကို ဂရုမစိုက်မိအောင် သူမက ကိုယ့်အတွေးနဲ့ကိုယ် ..။

"ဘာလုပ်နေတာလဲ လုံ .."

"တံခါးမှမတွေ့တာ .."

အိမ်ထဲက စက်ဝန်း ထွက်လာတော့ လုံ မျက်နှာလေးမှာ ချွေးစလေးတွေနဲ့ လက်နေ၏။

"လာ .. ဒီမှာဝင် .."

အဖြူရောင် **Alphard** ကား၏ နောက်တံခါးကိုတွန်းဖွင့်လိုက်တော့ လုံ က မျက်လုံးလေးအဝိုင်းသားနှင့်ကြည့်နေ၏။ ဒီတံခါးက အဆန်း အပြား ..။

"ကြာလိုက်တာ အဝန်း ရယ် .. ဘာလုပ်နေတာလဲ၊ ကုမ္ပဏီကို မီတင်အမီသွားရမှာပါဆို .."

မောင်းနေသူနေရာမှာ ဝင်ထိုင်လိုက်ရင်း စက်ဝန်း မျက်နှာက မသာယာ၊ လုံ ကားကိုပတ်ပြေးနေရှာတာ သူ မြင်သည်။ ကားထဲကနေ မညှာမတာထိုင်ကြည့်နေသည့်လူတွေရှိနေတာ သူ မသိခဲ့ ..။

လုံ တစ်ယောက်တည်းအရင်ထွက်လာပြီး ကားကိုကြည့်နေသည်ပဲ ထင်ခဲ့တာမို့ ကမန်းကတန်းထွက်လာပြီး ဝင်ထိုင်နေလို့ရအောင် တံခါးဖွင့်ပေးလိုက်တာဖြစ်သည်။

တကယ်ဆို အထက် ဒီလောက်ထိတော့ ရက်စက်ဖို့မကောင်းပါ။

"အဝန်း က ဘာဖြစ်နေတာလဲ .."

တော်ဝင်စင်တာရောက်တော့ အထက် က စက်ဝန်း လက်ကိုဆွဲချိတ်လိုက်ပြီး ကပ်မေးသည်။ ဘောင်းဘီရှည်အဖြူတီရှပ်အပြာနုနှင့် ရှင်းသန့်



နေသည့် စက်ဝန်း မျက်နှာက အလိုမကျနေသည့်အခါ ဆွဲဆောင်မှုပိုရှိနေတတ်၏။

ထူတန်းနက်မှောင်နေသော မျက်ခုံးတန်းတို့အောက်မှာ သိသာအောင် ရှည်နေသည့် မျက်တောင်များတို့က သိပ်မကော့ပေမယ့် မျက်မှောင်ကုတ်ထားလိုက်တာနှင့် ထင်းနေ၏။

မထူမပါးပုံကျသည့် နှုတ်ခမ်းသားတွေရဲနေတတ်တာလည်း သူမ အသည်းစွဲရသည့်အချက်ပင် ..။

"ဘာလဲ .. လုံမဒီကို တံခါးဖွင့်မပေးလို့ တင်းနေတာလား .."

"မဟုတ်ပါဘူးကွာ .. တံခါးဖွင့်ပေးဖို့မဟုတ်ရင်တောင် .."

"ဒါပါပဲ လှည့်ပတ်ပြောမနေပါနဲ့ .."

အထက် က အထည်ဆိုင်မှာ မေရှား နဲ့ လုံ တို့ ဝယ်ခြမ်းရွေးချယ်နေတာကို လှမ်းကြည့်ပြီး စက်ဝန်း လက်မောင်း ကို ကလေးဖက်သလို ဖက်ထားလိုက်၍ ..၊

"အဝန်း ဘာသိလို့လဲ .. ယူညီမက အကြောတင်းတယ်၊ တစ်ခုခုပြောလိုက်ရင် ပက်ခနဲပြန်ပြောတယ် ပြန်မေးတယ်၊ ကြည့်တော့ဖြင့် သူသိတာ ကိုင်ဖူးတာဘာမှမရှိဘူး၊ အထက် ရဲ့ အဝတ်စားပေးဝတ်တာ ကျတော့ ငြင်းတယ်လေ .."

"မင်း ဝတ်တဲ့ပုံတွေ သူ မဝတ်ရဲလို့ပါ၊ တောသူတောသားဆိုတာ သူတို့သိလိုထင်သလို ပြောတတ်တော့ ရိုင်းတယ်ထင်ရတယ် ဒါပေမယ့်"

"တကယ်တမ်း မယဉ်ကျေးတာ အသိသာကြီးပါ အဝန်း ရယ်၊ လုံမဒီ က စွာကိုစွာတာ၊ ဒီကမထွက်ခင်လေးတင်ပဲ သူ အထက် ကို ရန်လိုနေတာ သိလား .. အဲဒါကြောင့် ကားတံခါးဖွင့်မရတာကို တမင်ကြည့်နေလိုက်တာ၊ ပြီးတော့ အဝန်း ထွက်လာမှာပဲမဟုတ်ဘူးလား .."

စက်ဝန်း ရင်ထဲမှာမကောင်းဖြစ်နေမိတာကတော့ သိပ်မပြောချင်..။

"သူ့ကြောင့် စိတ်ကသိကအောက်ဖြစ်ရတာ ခုမှပဲ အထက် ကျေနပ်

www.burmeseclassic.com



သွားတာ ..”

ပေါ်တင်ပြောနေတော့ စက်ဝန်း လှည့်ကြည့်မိသည်။ အထက် က မော့ကြည့်ပြီး မျက်လုံးတစ်ဖက်မှိတ်ရယ်ကာ သူ့မေးဖျားကို ချစ်စနိုး လိမ်ဆွဲလိုက်၏။

လူစည်ကားသည့်စင်္ကြံတာအပေါ်ထပ်မှာ အထက် က ဘယ်သူမှ ဂရုမစိုက်ပေမယ့် စက်ဝန်း က နှာမည်ကြီးမော်ဒယ်လ်ဖြစ်သည်။ သိသည့် မိန်းကလေးတစ်ချို့ လက်တို့ကြည့်ကြသလို အင်္ကျီဝတ်ကြည့်ဖို့ ကိုင်ထား ရင်း လုံ ကလည်း ဒီဘက်ကိုမျက်လုံးရောက်လာတာနှင့် ပင်ပင်းတိုး၏။

“သွားလေ .. ကြိုက်ရင်လည်း သွားဝတ်ကြည့် ..”

“မဝတ်ချင်တော့ဘူး ..”

“ဟင် .. ဘာဖြစ်လို့လဲ ..”

“မကြိုက်လို့ ..”

မေရှား စိတ်မရှည်သလိုဖြစ်သွားသည်။ မြို့မှာ လူဝင်ဆံ့မယ့်အဝတ် အစားဆိုတာ အထက်ဆင်တပ်ထားတဲ့ ထမီတွေချည်း လျှောက်ဝတ် လို့ ဖြစ်မလား ..။

စကတ်ရှည်အကျပ်လေးဘာလေး ဝတ်ရမည်။ ဒါမှမဟုတ်ရင် ဘောင်းဘီရှည်ပွပွ ဒါမှမဟုတ်ရင် ဂျမ်းဂါဝန်ရှည်တွေဖြစ်ဖြစ် ..။

“ဒီမှာ တော်တော်ဝယ်ပြီးနေပြီပဲ .. တော်ပြီ ..”

“ခုမှ ဆယ့်လေးငါးထည်ပဲရှိသေးတာ၊ နောက်ထပ် နှစ်ဆယ် လောက်ထပ်ဝယ်ရဦးမှာ အဲဒါသွားဝတ်ကြည့်လိုက် သွား ..”

မေရှား စိတ်မရှည်တော့ အမိန့်ဆန်ဆန်ခိုင်းမိလာ၏။ အပေါ်အောက် တစ်စုံစာကို ဘယ်လောက်ပေးဝယ်ရတယ်ဆိုတာ သင်းနားမလည်ဘူး လား ..။

အင်္ကျီ စကတ်တွေရွေးနေရင်း စိတ်ကဘယ်ရောက်နေသည် မသိ။

“ဟဲ့ .. လုံမဒီ ..”



လုံ့ စိတ်ဇော်တွေကလည်း စက်ဝန်း နဲ့ အထက် ဆီမှာပဲမို့ လက်ကို ဆောင့်ဆွဲခေါ်လိုက်မှ လှည့်ကြည့်မိကာ ..၊

“ဘာဖြစ်လို့ လုံ့ ကို တဟဲ့ဟဲ့နဲ့ အော်နေတာလဲ မမေရှား .. တောမှာ နွားကျောင်းနေတာကျနေတာပဲ ..”

“အခု နွားမှမရှိတာ ဒါပေမယ့် ပြောရဆိုရခက်လွန်းတော့လည်း ဆင်ဆင်တူရင်လည်း တူနေမှာပေါ့ ..”

“ရပါတယ် .. တောမှာလည်း ‘ဟဲ့’ ဆိုတဲ့စကားက အဆန်းအပြား မဟုတ်ပါဘူး၊ ဒါပေမယ့် တောသူက ပြောမှနားကြားပြင်းကပ်လိုက် တာလို့တော့ မပြောနဲ့ပေါ့ ..”

အံ့မာ တောသူမကကြည့်စမ်း ..၊

ဒါကြောင့် အထက် က ပြောတာ၊ လူက အဝီစိကပ်နေပြီး ပြောတဲ့ စကားက ဓောင်းကင်တက်ချိတ်လို့ ..။

“တောမှာမဆန်းဘူးဆိုရင်လည်း မင်းက တို့ကိုကျမှ ဟိုလိုမဆက် ဆံပါနဲ့ ဒီလိုမဆက်ဆံပါနဲ့နဲ့ မာနပြနေတာလား ..”

“မာနပြတာမဟုတ်ဘူးလေ .. စကားလုံးတူပေမယ့် သက်ရောက်မှု ကွာသေးတယ် ..”

“အံ့မာ ....”

ဒေါသထွက်နေသည့် မေရှား မျက်နှာကို လုံ က တည့်တည့်ကြည့် ပြီး မေးဆတ်ကာ ..၊

“ဒီလို မျက်နှာမျိုးနဲ့ ပြောတာမျိုးကတော့ ဒီပတ်ဝန်းကျင်မှာ ရှင့် လေဟာပ်ရှုံနဲ့တင် တုံ့ခနဲ လဲသေသွားနိုင်တယ် ..”

စိတ်ထဲရှိတဲ့အတိုင်း ပြောပစ်လိုက်တာ နောက်ထပ် ဘာပြဿနာ ဖြစ်လာလာ ခေါင်းထဲမှာ မရှိ ..။

ကိုယ့်ရပ်ကိုယ့်ရွာမှာဆို လုံ တို့က လေးစားထိုက်သူကို လေးစား နိုင်တယ်ဆိုတဲ့ မာနနဲ့ ခေါင်းမော့နေလာခဲ့တဲ့သူ ..။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ စက်ဝန်း ရဲ့ညီမဆိုတာနဲ့ပဲ ကိုယ်နဲ့ရွယ်တူ မတိမ်းမယိမ်း တွေက ကျောကျော့မော့မော့ပြောဆိုဆက်ဆံတာကို ခေါင်းငုံ့ခံနေရသည်။

ပိုဆိုးတာက ထိုလူတွေက လူချမ်းသာဖြစ်နေခြင်းပင် ..။

တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်မေးရမလိုပါ။ စက်ဝန်း ကို စွန့်လွှတ်လိုက်ရတာနဲ့ အထက်ဦး ကို အရှုံးပေးနေရတာ ဘယ်ခံစား ချက်ကြောင့် ပိုနင့်နေတာလဲလို့ ..။

ကိုယ်ချစ်တဲ့ယောကျ်ားတစ်ယောက်လုံးကို စွန့်လွှတ်ခဲ့ရသည့်ပြင် ဝေးကွာသွားခဲ့ကြတာလည်း မဟုတ် ..။

ပြီးတော့ ကိုယ့်ယောကျ်ားကို ကိုယ့်အစ်ကိုအဖြစ်နဲ့ တစ်ပါးသူနဲ့ ကြည်နူးပျော်ပါးနေတာလည်း ဒီတိုင်းကြည့်နေခဲ့ရသည်။

သူမရဲ့ အထင်မြင်သေးစော်ကားခြင်းကို ခံနေရတာလည်း တစ် ဒုက္ခ ..။

ထိုအခါ လုံ ခံစားနေရသမျှ ဆင်းရဲဒုက္ခတို့ဟာ "အထက်ဦး" ဆိုတဲ့ မိန်းမတစ်ယောက်နဲ့သာ ဆက်နွယ်ပတ်သက်နေရသည်ဖြစ်ရာ ..

"လုံ ..."

ဟင် ...၊

သူမရဲ့ ဦးတည်ရာမဲ့ခြေလှမ်းတွေက ရှေ့မှာပိတ်ရပ်လိုက်သည့် စက်ဝန်း ကြောင့် တုံ့ခနဲရပ်၏။

"အဝန်း ..."

တဆက်တည်း စက်ဝန်း ရဲ့ဘေးမှာ အထက် က အလိုမကျသည့် မျက်နှာနှင့် ပေါ်လာကာ ..၊

"ဘာမပြော ညာမပြောနဲ့ သူများကိုလက်ဆွဲခေါ်လာပြီးတော့ကွာ.."

အထက် က ရှုံ့မဲ့ညည်းကာ စက်ဝန်း ဆုပ်ကိုင်ထားသည့် သူမ လက်ကို ပြန်ရုန်းလိုက်ပြီး ..၊

"အဝန်း ညီမ သူ သွားချင်သလိုလျှောက်သွားနေတာကို ဒီလိုပဲ



ကလေးထိန်းသလို ထိန်းနေမှာလား .."

စက်ဝန်း သည် အထက် ရဲ့ လက်ကို လွှတ်ပေးလိုက်ရပြီး လုံ့ ရဲ့ လက်လေးတစ်ဖက်ကိုတော့ ဆုပ်ကိုင်ထားဆဲဖြစ်ကာ ..၊

"သူ မျက်စိလည်သွားရင် ဘယ်မှသွားတတ်မှာမဟုတ်ဘူး .."

"ဩော် .. အဝန်း ဆီကိုတောင် ရောက်အောင်လာသေးတာပဲ အဝန်း ရယ် .. တောသူပေမယ့် အဝန်း ညီမ ဒီလောက်မအပါဘူး .."

"ဟုတ်ပါတယ် .. စက်ဝန်း ရယ် ရှင့်ညီမက ရန်တွေ့ကလည်း ကောင်းမှကောင်း .."

နောက်တစ်ယောက်ရောက်လာတော့ စက်ဝန်း မျက်နှာမှာ စိတ်ရှုပ် ထန်တွေနှင့် အိုစာသွား၏။

မရှား က အထုပ်အပိုးတွေသယ်လာပြီး ရှုံ့မဲ့ကြည့်ကာ ..၊

"ခုလို အထုပ်အပိုးတွေသယ်ဖို့ ကျုပ်ကိုခေါ်လာတာ ကျေးဇူးပါ ရှင့် ... အထက် ရေ .."

"တွေ့လား အဝန်း .. အဝန်း ညီမက သူ့အတွက်ဝယ်လာတဲ့ အဝတ် အစားတွေကိုတောင် ဘာမှမတို့မထိဘဲ အထာကြီးနေတာ .."

"မဟုတ်ပါဘူး .. သူနဲ့ ပတ်ဝန်းကျင်က စိမ်းနေတော့ ဒီလို နေရာမှာ စိတ်ဝင်စားစရာတွေချည်းပဲလေ .. လျှောက်ကြည့်ချင်တဲ့ စိတ်တွေများနေတာပါ၊ ကိုယ့်ညီမအကြောင်း ကိုယ်သိပါတယ်ကွာ .. ဒီလိုစိတ်မရှိပါဘူး .."

လုံ က ဘာမှမဖြေရှင်းဘဲရပ်နေ၏။ စက်ဝန်း က ခေါင်းကုတ် လိုက် နဖူးပွတ်လိုက်နှင့် တွင်တွင်ဖြေရှင်းသည်။

အထက် နည်းနည်းလေးမှ မကျေနပ်ပေ ..။

"ကဲ .. နေ့လယ်မီတင်ရှိတယ်လေ .. အခု ပြန်မယ်မို့လား .."

လုံ့ ကိစ္စကိုဆက်မပြောတော့ပေမယ့် ထိုကိစ္စအပေါ် အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်သွားမှန်း သိသာနေသည့်လေသံသည် အထက်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကိုပါ တင်းမာနေစေခဲ့လျက် …၊

"အဝန်း ညီမကို စိတ်မချရင်နေခဲ့မလား … ကားဆီအရောက် ပြန်ပို့ပေးမှာဆိုရင်တော့ အထက် မစောင့်နိုင်ဘူးနော် …"

"ကိုယ်တို့သွားဖို့ ကားမှ မလာသေးတာ …"

"အခု ရောက်နေပြီ …"

ဖုန်းကိုပြပြီးပြောတော့ စက်ဝန်း မျက်နှာပျက်သွားမိသည်။ စီစဉ်လာခဲ့တုန်းက လုံ့ ကို ကားထိပြန်ပို့လိုက်ပြီးမှ ကုမ္ပဏီကိုဆက်သွားဖို့ ဖြစ်သည်။ သို့သော် …၊

သူမကိုလိုက်ရှာနေရသည့် အချိန်တွေက မလိုအပ်ဘဲ ကုန်သွားခဲ့ရသည်မို့ …။

"လုံ ဒီကနေဆက်လျှောက်သွားလိုက်နော် … အဝင်အထွက်တံခါးတွေ့ရင် …"

ကားပါကင်ကိုသွားတတ်အောင် သေချာပြောပြရင်း အထက် တို့ ဟန်တပြင်ပြင်ဖြစ်နေတာကိုလည်း စိတ်ကမဖြောင့် …။

"ရော့ … ရော့ … အထုပ်တွေ ငါ ကိုင်ထားရတာ လက်တွေနာလှပြီ …"

အထုပ်အပိုးတွေကို လုံ့ လက်ထဲ လာထည့်တော့ ငုံ့ကြည့်ပြီး စက်ဝန်း ပိုစိတ်ညစ်သွား၏။ ဒါတွေစုပြုံဆွဲပြီး ကားဆီတန်းတန်းမတ်မတ်ရောက်သွားလျှင် ကိစ္စမရှိ …။

"ရပါတယ် … သွားလေ … ငါ သွားတတ်ပါတယ် …"

လုံ ကတော့ ရဲ့ရဲ့စွာခြေလှမ်းပြင်၏။ စက်ဝန်း က 'နေဦး' ဟုဆိုကာ ဘောင်းဘီအိတ်ထဲက ဖုန်းတစ်လုံးထုတ်၍ …၊

"ဒါယူသွား … နင် ခေါ်ဖို့မလိုဘူး … ဖုန်းကအသံမြည်လာရင် အစိမ်းနဲ့ အနီအမှတ်လေးတွေ ပေါ်နေလိမ့်မယ် …"

ဖုန်း ဘယ်လိုကိုင်ရမလဲ ပြောပြတော့လည်း အထက်က ရောက်



လာပြီး …

"ဖုန်းက ဆယ့်ငါးသိန်းတန်တယ် အဝန်း … ခုချိန်က ဆိုင်ကယ်လ်တွေနဲ့ လှည့်ပတ်လုယက်နေကြတာ နည်းများလို့ပြောတာမဟုတ်ဘူး၊ သူ့အတွက် အန္တရာယ်ရှိတယ် …"

ဒါလည်းဟုတ်သည်လို့ စက်ဝန်း တွေးမိလိုက်ချိန်မှာ အထက် ရဲ့ နှုတ်ခမ်းက အပြုံးကို လုံ သေချာမြင်လိုက်၏။

"သူက မကိုင်ဘူးတော့ သွားလာရင်း ဒါပဲတဲ့ကိုင်ကိုင်ဖြစ်နေမှာ စက်ဝန်း … အထက် ပြောတာဟုတ်တယ်နော် … သူခိုးရှေ့ရတာပြပြလုပ်နေရင်တော့ ခုလို ဆယ့်ငါးသိန်းတန်မပြောနဲ့ သုံးလေးသိန်းလောက်နဲ့ ရိုက်နှက်လုယက်နေကြတာ …'

"ဟုတ်ပါတယ် … ငါ့ဘာသာသွားလာတတ်ပါတယ် စက်ဝန်း ရယ် … သွားတော့ …"

လုံ ကပဲ နေရာမှ လှည့်ထွက်လာခဲ့သည်။ ပြီးတော့ အထက်ဦး ရဲ့ ခနဲ့ပြုံးကိုမြင်ယောင်နေမိ၏။

စိတ်ရှိတဲ့အတိုင်းသာဆိုလျှင် …။

"နင် ဟန်ကြီးပန်ကြီးပြုံးမနေနဲ့ အထက်ဦး … နင်ယူထားတာ ငါ့ယောကျ်ားဟဲ့ … နင်က ငါ့လင်ခိုးထားတာ …" လို့ ပြောပြီး အားပါးတရ ခါးထောက်ရယ်ပစ်ချင်မိသည်။

ဒါပေမယ့် ရှိပါစေတော့ …။ ရယ်ခွင့်ကြုံရင်တောင် ရယ်နိုင်ဖို့ မလွယ်သည့် ကိုယ့်ဘဝကို ပွလောင်ပြင်းပြမနေချင်တော့ပေ။ စက်ဝန်း တစ်ယောက် မိန်းမနှစ်ယောက်ကြားမှာ ဖြေရှင်းဖို့မလွယ်သော မွန်းကြပ်မှုများနှင့် ရှိနေခဲ့တာကိုလည်း မမြင်ချင် …။

အထက် ရဲ့ လက်တစ်ဖက်ကိုဆွဲလာပြီး ကိုယ့်လက်ကို လာ[illegible]ခဲ့သည့်အဖြစ်အတွက် လုံ နားလည်သွားခဲ့တာဖြစ်သည်။ ချစ်[illegible]မေတ္တာတွေကို မတိုင်းတာတတ်ပေမယ့် ငယ်သံယောဇဉ်လက်[illegible]ချိန်နှင့် သူမ

www.burmeseclassic.com



အတွက် စက်ဝန်း ပူပင်နေခဲ့သည်။

အထက် ကိုတော့ အထင်ကြီးမက်မောဖွယ်ဇနီးကောင်းအဖြစ် လက်မလွှတ်နိုင် ..။

နင်ကမှ မချမ်းသာဘဲ လုံ ရယ် ..၊

"တီ .. တီ .."

ဘယ်ဆီရောက်လို့ ဘယ်ကိုလျှောက်နေမိသည် မသိဘဲ အနားက ကပ်တိုးသွားသည့် ကားဟွန်းသံကြောင့် အထုပ်တွေပါလွှတ်ကျကုန်၏။ ကားပေါ်က ခေါင်းထွက်ကြည့်ပြီး ဘာတွေထပ်အော်သွားသည်မသိ ..။

"အမလေးဟယ် .. သူများဒုက္ခရောက်ကျန်ခဲ့တာကို သူတို့က တောင် ပြန်လှည့်အော်သွားသေးတယ်၊ ရရဲ့လား ညီမလေး ကွဲမှာရှမှာ တွေပါနေလားဟင် .."

အနီးအနားမှာရှိသည့် အမြင်မတော်သူတစ်ဦး လုံ့ ဘေးကိုရောက် လာပြီး မေးဖော်ရ၏။ သူမက အထက်ဦး လို ခေတ်မီအဝတ်အစားတွေနဲ့ ပဲဖြစ်ကာ လှလည်းလှပါသည်။

ကူညီတတ်သည့် မျက်နှာလေးကလည်း ပြုံးချိုနေကာ .. အကျီ ထုပ်တစ်ထုပ်ကို ကောက်ပေး၍ ..၊

"အထည်တွေထင်တယ် .. တော်သေးတာပေါ့ .."

"ဟုတ်ကဲ့ အစ်မ .. ကျေးဇူးတင်ပါတယ်နော် .."

သူမက အဖော်နှစ်ယောက်ပါသေးကာ လုံ့ ဘေးနားမှာပဲ အငှားကား တားစီးဈေးဆစ်နေ၏။

ဒီအငှားကားကတော့ ကားပေါ်မှာ တက္ကစီလို့ရေးထားတဲ့ တုံးလေး မပါပါလား ..။

ခပ်စမ်းစမ်းဆက်လျှောက်ခဲ့ရင်း တက္ကစီအကြောင်းတွေးလာခဲ့မိ သည်။ သူမအိမ်ကိုပြန်ဖို့တော့ စိတ်မကူးပေ။ ဖြစ်ပျက်ပြောင်းလဲနေသည့် အခြေအနေတွေကို အေးလှ ကို ပြောပြချင်သည်။ 'ငါတို့ပြောသားပဲ'



လို့ အေးလှ ကဲ့ရယ်ရင်လည်း ခေါင်းငုံ့ခံရုံသာ ..။

သွားနေရင်း နောက်လှည့်ကြည့်လိုက်တော့ သူမရှိနေသည့်ဘက် ကနေ ခပ်ဖြည်းဖြည်းလိမ့်လာသည့် ကားအဖြူလေးကို သတိထားမိကာ ခုန ငှားသွားကြသည့် တက္ကစီနဲ့ အရောင်တူတာကို တွေးမိပြီး လက်ပြ တားလိုက်၏။

ကားကလည်း သူမဘေးမှာပဲ ထိုးရပ်သွား၏။

ကားထဲမှာ ခေါင်ဖျား နဲ့ တပည့်နှစ်ယောက်ရှိကာ ..၊

"ဘာဖြစ်လို့လဲ .. ဘရာ နဲ့သိလား .."

"သိလို့ ရပ်ပေးလိုက်လို့ပြောနေတာပေါ့ကွ .. ရပ်ဆိုရပ်လိုက်ပါ လား .."

တပည့်တွေဆိုပေမယ့် 'ဆရာ' လို့ခေါ်တာလည်း ခေါင်ဖျား က မကြိုက် ..။

ထို့ကြောင့် အားလုံးက ဘရာသားလို့ခေါ်ကြရင်း ကြာတော့ 'ဘရာ' ဖြစ်သွားခဲ့လေသည်။ ခေါင်ဖျား က ကင်မရာကိုင်ပြီး စီဒီယိုဖွင့်ကြည့် ရင်း ဘေးတံခါးကို ဖွင့်ပေးလိုက်ပြီး ..၊

"နောက်မှာ ထိုင်လို့ပြောလိုက် .."

မင်းအုံ့ က မှန်ချလိုက်ကာ ..၊

"နောက်မှာ ဆရာရှိတယ် အစ်မ .. နောက်မှာဝင်လိုက် .."

မှန်ချလိုက်တော့ အထဲမှာ ယောကျ်ားတွေမြင်လိုက်သဖြင့် လုံ စိတ်ထင့်သွားသည်။ သို့သော် ခေါင်ဖျား ကို မြင်လိုက်တော့ မြင်ဖူး သလိုဖြစ်သွားခဲ့လျက် ..၊

ဘယ်မှာ မြင်ဖူးခဲ့တာလဲ ..၊

"ဟိတ် .. ဝင်ထိုင်လေ ဒီမှာကြာကြာရပ်လို့မရဘူး .."

ခေါင်ဖျား အသံကြားလိုက်မှ သတိရသွား၏။

ဒီလူပဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်ဘဲ သိဖူးထားသည့်လူပဲမို့ ဖွင့်ထားသည့်တံခါးကနေ ဝင်ထိုင်လိုက်မိသည်။ ပြီးတော့ တံခါးပိတ်လျှင် ...၊

"ဘာရာ တံခါးမကျသေးဘူး .."

ကားမောင်းသည့်လူ ဘာပြောလိုက်မှန်း လုံ က မသိ ...၊

"တံခါးပြန်ဖွင့်ပြီး နာနာလေးပြန်ဆွဲပိတ်လိုက် .."

ခေါင်ဖျား က ပြောတော့ လုံ မျက်လုံးပြူးနှင့် ပြန်ကြည့်ကာ ...

"ကားမောင်းနေတာ တံခါးဖွင့်လိုက်ရင် လုံ ပြုတ်ကျမှာပေါ့ .."

"နောက်ဆုတ် .."

သူ့ကိုယ်ကြီး ကိုယ့်ရင်ခွင်ထဲပြိုကျလာသလိုဖြစ်သွားသဖြင့် လုံ့ကျောပြင်လေး ကူရှင်မှာ တောင့်ကပ်သွား၏။ တံခါးကိုပြန်တွန်းဖွင့်လိုက်ပြီး ဂျိမ်းခနဲ ပြန်ပိတ်ပြီးမှ ...၊

"ငါ့ကားမှန်းသိလို့ တားတာလား .."

ဟင်!...

လုံ မျက်လုံးပြူးသွားပြန်သည်။ သူ့ကိုတောင် ရုတ်တရက် မမှတ်မိတာ သူ့ကားကို သိစရာလား ...။

"ဒါ .. ဒါ တက္ကစီမဟုတ်ဘူးလား .."

ဟမ်!...၊

"ဟား .. ဟ .."

ရှေ့ကအသံနှစ်သံထွက်လာသည်။ ခေါင်ဖျား က ကင်မရာကိုင်နေရင်း မျက်တောင်ဖျားတွေ စင်းကြည့်၏။

ထင်တော့ ထင်သားပါ။ ဒီကောင်မလေး အူကြောင်ကျားဆိုတာ...။

မင်းအံ့ နဲ့ ချစ်သူ တို့ကတော့ မှန်ထဲကနေ မျက်လုံးချင်းဆုံရင်း ပြုံးစိစိတွေဖြစ်နေကြ၏။

"ကျွန်မက ရှင့်ကိုတောင် မသိဘဲနဲ့ ကားကို ဘယ်လိုလုပ်သိမှာလဲ၊ ဒါပေမယ့် တက္ကစီလို့ရေးမထားတဲ့ကားတွေလည်း သူများတွေ တားစီး



နေကြတော့ .."

"မင်းလုပ်ပုံနဲ့ ငါ့ကားမဟုတ်ဘူးဆိုရင် ဘာဖြစ်သွားနိုင်လဲ သိလား .."

"လုံ ကလည်း ရှင့်ကိုမြင်လိုက်လို့ ဝင်ထိုင်တာပါ .."

"ခုနကတော့ မသိဘူးဆို .."

"မြင်ဖူးသလိုတွေးနေတုန်း ရှင် စကားပြောလိုက်တော့ .. ဟင် .."

သူ ကြည့်နေသည့် ကင်မရာထဲက လှုပ်ရှားနေသည့် ပုံတွေထဲမှာ လုံ ...။

"ဒါ .. ဒါ .. ကျွန်မလားဟင် .."

ခေါင်ဖျား က လှည့်မကြည့်ဘဲ သူမပုံကို အကြီးချဲ့ပြီးမှပြကာ ...

"ဘယ်သူထင်လို့လဲ .."

"ဒါ .. ဟိုဈေးထဲမှာပဲ ဟုတ်တယ်မလား .. ခုလေးတင် လုံ အဲဒီက ပြန်လာတာ .."

"ဟုတ်တယ် .."

တော်ဝင်စင်တာကို ဈေးလို့ပြောတော့ သူမ ဘယ်အရပ်ကနေ ဘယ်လေနဲ့လွင့်ပါလာသလဲဆိုတာ ခန့်မှန်းလိုက်မိသည်။

"ဒါတောင် လုံ တစ်ယောက်တည်း ဒီဘက်ထွက်လာမှ ဖြစ်မယ်"

လက်ထဲမှာလည်း ဘာမှမပါ။ အနားမှာလည်း ဘယ်သူမှမရှိသဖြင့် လုံ သေချာသိလိုက်ကာ ...၊

"ရှင် .. လုံ့ ကို တမင်လိုက်ရိုက်နေတာပေါ့ .. ဟုတ်လား .."

"ဟား .. ဟား .. ဟား .."

ထွက်လာပြန်ပြီ ရှေ့ကရယ်သံတွေ ...။

လုံ မျက်မှောင်လေးကုတ်သွားကာ သူ့ကိုလှည့်ကြည့်တော့ နှုတ်ခမ်းမွေးစစနှင့် မျက်နှာက ပြုံးယောင်သမ်းလို့ ...။

"ရှင်တို့က ဘာရယ်တာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဗီဒီယိုလိုက်ရိုက်ရအောင် ကိုယ့်ပုံစံကိုလည်း ပြန်ကြည့်ပါဦး .."

လုံ ကိုယ့်ဘာသာ ငုံ့တော့ကြည့်မိသေးသည်။ သို့သော် ..။

"မလိုပါဘူး .. ကျွန်မပုံစံဘာဖြစ်နေနေ ရှင့်ကင်မရာထဲမှာ အနရ ကျွန်မပါနေတာ မဟုတ်လို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် ကင်မရာက မင်းကိုလိုက်ရိုက်တာ မဟုတ်ဘူး၊ မင်းကိုက ကင်မရာရှေ့ကဖြတ်နေတာ ခေါက်တုံ့ခေါက်ပြန် .."

"လုံ က ထွက်ပေါက်ရှာမရလို့ ရှာနေတာ .."

"ဟား .. ဟား .. ဟား .."

လာပြန်ပြီ ..၊

"ဒီမှာ .."

ရှေ့က ကူရှင်ကို နောက်ကျောကနေ ဘုန်းခနဲ ရိုက်ပစ်လိုက်မိကာ ..၊

"ကျွန်မစကား အပြောမှားတာတွေရှိရင် ရှိမယ် .. အဲ့လိုမရယ်ပါနဲ့ .."

ရယ်သံတွေ တိခနဲတိတ်၏။

"ဟွန်း .. မြို့သူမြို့သားတွေဖြစ်ပြီးတော့ လေးစားသမှုဆိုတာ နားလည်ဖို့ကောင်းတယ် .."

သေစမ်း .. မင်းအုံ့ ..၊

ပါးစပ်ပိတ်ထားလိုက်ရတာတောင် စပရင်တွန့်နှင့် ..။

ရယ်တာချင်းတူပေမယ့် အသံရှင်မှာသာ အပြစ်ရှိသည်မို့ အသံထွက်အောင် မရယ်သော ချစ်သူ က မိုက်နှိပ်ပြီး လက်ညှိုးထိုးရယ်၏။

"ရှင်တို့ကားကို တက္ကစီမှတ်လို့ တားစီးမိတာ လူကို ရယ်စရာကျလို့ .."



"မင်းက စွာလှချေလား .."

"ပြောကြတာပဲ .."

ခေါင်ဖျား စကားစလိုက်တာနှင့် လုံ က ပတ်ခနဲပြန်ပြော၏။ နည်းနည်းလေးမှ နောက်ကျမခံ ..။

"မင်းနဲ့ ငါ အပေးအယူရှိခဲ့ဖူးလို့ ကားရပ်ပေးခဲ့တာ .."

"ကြားကောင်းအောင် ပြောစမ်းပါရှင် .. ကိုယ်တိုင်မလုပ်နိုင်လို့ သူများက ဝင်လုပ်ပေးရင် ကျေးဇူးတင်တတ်ရတယ် .."

"မင်း အလကားလုပ်ပေးတာလား .."

"အဲဒါက နောက်ကိစ္စလေ .."

တော်ပါသည်။ မတတ်ပ ..။

"အဟွန်း .. ထားလိုက်ပါတော့ မင်းကို နေရာတကာမှာတွေ့နေရတဲ့ကိစ္စကို ပြန်ပြောရအောင် .."

"ကျွန်မကို .."

"ဟုတ်တယ် .. ခုလည်း တစ်ယောက်တည်းပဲလား .. ခုနပြောခဲ့ အရ အဖော်ပါသေးတဲ့ပုံပဲ မိန်းကလေးတွေလား .."

"ကျွန်မအဖော်က မိန်းကလေးဖြစ်ဖြစ် ယောက်ျားလေးဖြစ်ဖြစ် ရှင်နဲ့ ဆိုင်လို့လား .."

"မင်းကို ယောက်ျားလေးတွေနဲ့ တွေ့ဖူးလို့လေ .. သူတို့မပါတော့ တစ်ယောက်တည်းရယ် .."

လုံ မျက်နှာလေးနီရဲသွားသည်။

ဆိုတော့ မင်းမှာ မိန်းကလေးသူငယ်ချင်းမရှိဘူးလားလို့ .."

သူက ကင်မရာသိမ်းနေရင်း ပြောနေတာ အေးဆေး ..။

နားထောင်နေရသည့်လူ မျက်ကလဲဆန်ပြာဖြစ်နေတာ နည်းနည်းလေးမှ ငဲ့မကြည့် ..။

"ယောက်ျားလေးတွေနဲ့ တွေ့တယ်ဆိုတဲ့စကားက ရှင် တော်တော်

www.burmeseclassic.com



လွန်နေပြီနော် .. ခုချက်ချင်း ကားရပ်ပေး ..”

“လွန်တယ်ထင်ရင် ရှင်းပြပေါ့ကွ .. မင်း အခု ကားပေါ်ကဆင်းပြေးသွားလည်း မင်းကို ယောက်ျားတွေနဲ့ တွေ့ခဲ့တာက ..”

“ပြော .. ဘယ်မှာတွေ့တာလဲ .. မှန်အောင်ပြော မဟုတ်ရင်တော့ ရှင့်မလွယ်ဘူးမှတ် ..”

ခေါင်ဖျား ကပခုံးတစ်ချက်တွန့်ကာ ..၊

“ပြီးခဲ့တဲ့ အပတ်ထဲကပဲ .. ညဆယ်နာရီလောက် တံတားပေါ်မှာ..”

ဟင် ...၊

လုံ ချက်ချင်းတွေးမိသည်။ မွေးနေ့ပွဲညက သူပေးခိုင်းတဲ့ လက်ဆောင်ကြောင့် ပြဿနာတွေတက်ခဲ့ရသည်။

အဲ့ဒါနဲ့ ပတ်သက်ပြီး လုံ အပြင်ထွက်နေချင်တဲ့စိတ်တွေ ဖြစ်ခဲ့ရတာ ..။

“အဲဒါ ရှင်နဲ့ ပတ်သက်တယ် နားလည်ရဲ့လား ..”

“ဘာ ...”

ကိုယ့်ကောင်လေးတွေရှေ့မှာမို့ ခေါင်ဖျား မျက်နှာပျက်သွားမိသည်။

“ရှင်ပေးခိုင်းတဲ့ လက်ဆောင်ကြောင့် အထက်ဦး နဲ့ လုံ ပြဿနာဖြစ်ပြီး ..”

“မွေးနေ့လက်ဆောင်ပေးတာ ဘာဖြစ်လို့လဲ ..”

“ဘာဖြစ်လို့လဲ ရှင့်ဘာသာသိမှာပေါ့ ..”

လှေကလေးနှစ်စင်းထပ်ထားတာ လှတော့လှပါသည်။ ဒါပေမယ့် အထက်ဦး ဘာလို့ စိတ်ဆိုးသွားတာလဲဆိုတာတော့ ..၊

“သူများတွေ အရုပ်တွေ ရတနာပစ္စည်းတွေပေးကြတာ၊ ရှင်က လှေတွေသွားပေးလို့နေမှာပေါ့ ..”

“လှေပဲကွ .. မြွေတွေထည့်ပေးတာမှ မဟုတ်တာ ..”

“မသိဘူး .. သူတို့လင်မယားလည်း အဆင်မပြေကြတော့ ကျွန်မ



လည်း စိတ်ညစ်တာနဲ့ ထွက်လာမိတာ ..”

“မင်းက အဲ့ဒီမှာနေတာလား .. ငါမေးတော့ ဘယ်သူနဲ့မှ ..”

သူ့စကားသူ သတိရသွားသည်။ မေးခဲ့တာက အထက်ဦး နဲ့ ဆွေမျိုးတော်သလားလို့ပဲဖြစ်သည်။ ထို့ကြောင့် ..၊

“မင်းက မနစက်ဝန်း ရဲ့ ဆွေမျိုးလား ..”

သူ့ဇနီးပါလို့ ဘယ်တော့မှ ပြောခွင့်ရမှာမဟုတ်တော့တာကို မပြောနိုင်သည့်အဖြစ်နဲ့ ကြုံတိုင်း ရင်နာမိသည်။

“ဟုတ်တယ် ..”

“ဒါဖြင့် မနစက်ဝန်း က တောဆက်တွေပေါ့ .. မင်းပုံစံနဲ့တော့ ..”

“ရှင်တော်တော် စပ်စုပါလား ..”

“တမင်တကာတော့ မဟုတ်ပါဘူး စပ်မိလို့ပါ ..”

“ဟုတ်ပါပြီ .. ကျေးဇူးပါပဲ .. ကျွန်မ ဆင်းတော့မယ် ကားရပ်ပေး”

“ကားက ရပ်ချင်တိုင်းရပ်လို့မရဘူး၊ မီးပွိုင့်ကျော်ရင် ရပ်ပေးမယ်၊ ဘယ်သွားမလို့လဲ ..”

လုံ က မျက်စောင်းထိုးသလိုလှည့်ကြည့်တော့ သူက လက်ကာပြီး ကူရှင်မှာ ပတ်ခနဲ မှီလိုက်ရင်း ..၊

“စပ်စုတယ်ထင်ရလည်းနေလေ .. မင်း ကားစီးတတ်အောင် အကြံပေးမလို့ ..”

ကားက မီးပွိုင့်မှာရပ်နေပြီဖြစ်သည်။ ဒီကလွန်ရင် ဆင်းရမှာမို့ ဘယ်ကားဆက်စီးရမယ်ဆိုတာ သိဖို့တော့လို၏။

“ဒါဆို ပြောပြပေါ့ .. တာမွေ .. အဲ .. ဟိုကျောက်မြောင်း နေဦး ဒီထဲမှာ ..”

လိပ်စာက အလွတ်မရသဖြင့် ပိုက်ဆံအိတ်ကိုဆွဲထုတ်ပြီး အထဲက အေးလှ ရဲ့ လိပ်စာကိုရှာမိသည်။ ထိုစဉ် ..၊

“မင်းအဲ့ နေဦး .. နေဦး ..”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ!..."

"ကျီ .. ကျိမ်း .."

"အား ..."

မီးဝါအတင်းဖြတ်လာသည့် အကွေ့ကားတစ်စီးသည် ခေါင်ဖျား တို့ ကားကို ခါးလယ်ကနေ ဖြတ်တိုက်ပစ်လိုက်၏။ ကားထဲကလူတွေ နှီဆီခွက်ထဲမှာ ထည့်ခလောက်ခံလိုက်ရသလိုဖြစ်သွားခဲ့လျက် ...၊

"ဟိုကား အဖြူလေး ကားကြီးနဲ့ တက္ကစီကြားမှာ ညပ်သွားတာ.."

"သေကုန်ပြီလား မသိဘူး .."

ပတ်ဝန်းကျင်သည် ရုတ်တရက် ဆူညံဂယက်ထသွားခဲ့ပြီး ...၊

❖



## အခန်း (၉)

"ညီလေးက ချစ်သူအတွက် ရေမွှေးနဲ့ လိုးရှင်းဘူးတွေ ပယ်လာတာ ကို စပရိုက်လုပ်မယ့်အပြုံးနဲ့ မျက်နှာက ဝင့်ကြွားကြည်လင်နေရမှာလေ၊ နည်းနည်းငိုင်နေသေးတယ် .. ပြုံးထား .."

ပြုံးဖို့ကြိုးစားနေရင်း ကိုင်ထားသည့် လိုးရှင်းနဲ့ ရေမွှေးပုလင်းတွေ ကို စားပွဲပေါ်မှာ ချထားလိုက်ရသည့်အဖြစ်သို့ ရောက်ကာ ...၊

"ကျွန်တော် မရသေးဘူး .. ဆောရီးပါ .."

သူ နေရာမှလှည့်ထွက်လာခဲ့လျှင် ရပ်ကြည့်နေသည့် အထက် ရဲ့ မျက်နှာ ညိုမှောင်သွား၏။ ရိုက်ကူးရေးအဖွဲ့တွေ ခေါင်းကုတ်ခေါင်းခါ ဖြစ်နေကြစဉ် စက်ဝန်း နောက်ကို သူမ လိုက်လာခဲ့ပြီး ...၊

"အဝန်း ..."

"တောင်းပန်တယ် အထက် ရာ .. ခဏလေး ကိုယ်နားပါရစေ .."

"တစ်နေကုန် တစ်ညလုံး နားလို့ရတယ် အဝန်း .. အခု အားလုံး နဲ့ ချိန်းပြီး အလုပ်လုပ်နေတာ .."

အထက် က စက်ဝန်း မျက်နှာ လွှဲပစ်တဲ့ရှေ့ကို လိုက်ရပ်ပြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို မော့ကြည့်၍ ...

"လုံမဒီ အတွက် အဝန်း ဒီလောက်တောင် စိတ်ပူနေသလား .."

"မင်း မေးရက်တယ် အထက်ဦး ရာ .. မိန်းကလေးတစ်ယောက် တည်းပျောက်နေတဲ့ကိစ္စ .. ကိုယ်မပူရဘူးလား .."

"ပျောက်နေတာလို့ပဲ အဝန်း က ထင်နေတာကိုး .. လုံမဒီ ဒီလောက် မအဘူး အဝန်း .. အဝန်း ညီမ လည်ပါတယ်၊ လူလည်းလည်တယ်၊ ပါးစပ်လည်း သွက်တယ်၊ တောကနေ ဒီမြို့ဝန်းထဲထိတောင် ရောက်လာ ခဲ့တာ .. အခု မရှိတာကို အဝန်း သိပ်စိတ်ပူနေဖို့မလိုဘူး .."

အထက် က မညှာမတာပြောနေတာလား .. သူကပဲ အထက် ပြောနေသလို တကယ်လွန်ကဲနေတာလား ..။

"ရှင့်ညီမ သူ့ရင်ထဲမှာ မကျေနပ်စိတ်တွေဖြစ်ပြီး ဘမင်ထွက် သွားတာ .."

"လုံ က အဲ့ဒီလို ကောက်မနေတတ်ဘူး .."

"သေချာလှချေလား .. ဒါဆို အထက် က မလိုလို့လိုက်ပြောနေ တယ်ပေါ့ .."

"ကျွတ် ..."

"အဝန်း .."

အထက် က စက်ဝန်း လှည့်သွားသည်နှင့် လက်မောင်းကနေ အတင်း ပြန်ဆွဲလှည့်၍ ..၊

"သူ့ကို အထက် ဘယ်လောက်ထိ လိုက်ချော့ခဲ့သလဲ အဝန်း သိတယ်နော် .. သူများပေးတဲ့ လက်ဆောင်ဘူးနဲ့ ဘာမှန်းမသိ ညာမှန်း မသိ လူကြားထဲမှာ အရှက်ခွဲခဲ့တဲ့ ကိစ္စကိုတောင် အထက် မေ့ပျောက် ထားခဲ့တာ .. ကိုယ်တိုင် ရှေ့ပင်းလိုက်ပြီး သူ့လိုအပ်ချက်အတွက် ဖြည့် ဆည်းပေးခဲ့သေးတယ် .."

"ဟုတ်တယ် .. အထက် ကို ကိုယ်ဘာမှမပြောဘူး .."



"မပြောပေမယ့် အထက် ပြောသမျှ မဟုတ်ဘူးချည်းပဲ အဝန်း ပြောနေတာ၊ အထက် က သက်သက်အထင်လွဲနေတာနဲ့ တူနေပြီလေ၊ ဒီရောက်တည်းက အထက် ကို သူ့ယောက်မရယ်လို့ ချစ်ချစ်ခင်ခင် တစ်ချက်မှ မကြည့်ခဲ့သေးဘူး၊ မေးရင် ဖြေချင်မှ ဖြေတယ်၊ အကောင်း ပြောရင် အကောင်းမထင်ဘူး၊ သူ အဲ့ဒီလိုနေနေတာကျတော့ အဝန်း ကိုယ့်ညီမကို ဆုံးမဖူးလား .."

"ကိုယ် တောင်းပန်ပါတယ်ကွာ .. အခု ကိုယ် သူ့အတွက်စိတ်ပူ နေတယ်၊ အဲ့ဒါကို လွတ်လပ်စွာ စိတ်ပူခွင့်တော့ရှိတယ်မို့လား .. အဲ့ဒါ ခင်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကိုယ် အေးဆေး ခဏလေးဖြစ်ဖြစ် နားပါရစေ"

"ရှင် ..."

အထက် ဘယ်လိုမှ မကျေနပ်နိုင်ပါ။ မွေးနေ့ညတည်းက ခေါင်းဖျား ဆးခိုင်းတဲ့ လက်ဆောင်ကို ဟိုကခိုင်းလိုက်တဲ့အတိုင်း လူကြားထဲမှာ ဘမင်လာချပေးသည်။

ဘာနဲ့မှ ပိတ်မထားတဲ့ဘူးကို သူ ဖွင့်မကြည့်ဘဲနေမတဲ့လား ..။ ကိုယ့်ဘာသာ သွားမပေးရဲတဲ့လူကို ဘာဖြစ်လို့ ကိုယ့်ဘာသာသွားမပေး ဘာလဲ မမေးတော့ဘူးတဲ့လား ..။

ဟိုသတ္တဝါတစ်ခုခုပြောသွားတာ ဖြစ်နိုင်သလို သင်း တမင်တကာ သူတို အရှက်ခွဲတာလည်း သေချာသည်။ ဒါတွေကို ယောက်ျားရဲ့ မျက်နှာ တစ်ခုတည်းကြောင့် သူမ မျိုသိပ်ထားခဲ့သည်။

မေ့မေ့ပျောက်ပျောက်ထားပြီး ပုံမှန်အတိုင်း ပြောဆိုဆက်ဆံနိုင် အောင် ကြိုးစားခဲ့သည်။ ကိုယ့်ဘက်က ချေဖျက်လိုက်ရတာတွေကတော့ အရာမထင်ဘဲ သင်းတစ်မျိုးပြီးတစ်မျိုး ပညာတွေပြနေတာ မပြီးနိုင် ..။

"စိတ်တော့မရှိနဲ့ အဝန်း .. အများနဲ့အလုပ်လုပ်နေတာ ကိုယ့်အလုပ် ပဲဆိုပြီး ရှုတင်ဘရိတ်(ခ်) လုပ်လိုက်ဖို့တော့ မဖြစ်နိုင်ဘူး .. ဆယ်မိနစ် လောက်ကြာရင် ထွက်လာပေး .."

www.burmeseclassic.com

www.burmeseclassic.com



"အထက် ..."

သူမ လှည့်ထွက်လိုက်တော့ စက်ဝန်း က လက်ကိုဆောင့်ဆွဲလိုက် ကာ ...၊

"မင်း ကိုယ့်ကို အမိန့်ပေးတာလား .."

"အများအတွက် မဖြစ်တာတွေကို ပြောပြတာလေ၊ ဒီကြော်ငြာကို တခြားမော်ဒယ်လ်နဲ့ပဲ ရိုက်ဖို့ အထက် အစတည်းက စီစဉ်ခဲ့တာ၊ 'ဒါကို တော့ ကိုယ်တိုင်ဝင်ရိုက်ချင်တယ်' လို့ အဝန်း ပဲ တာဝန်ယူခဲ့တာလေ"

"ဟုတ်တယ် .."

"ဟုတ်ရင် အထက် ကိုပဲ အထင်လွဲဖို့စဉ်းစားမနေပါနဲ့ .. ဒီနေ့ အပြီးရိုက်မယ်၊ ရှုတင်ပြီးရင် ရှင့်ညီမကို ကြိုက်သလောက်ပူလို့ရပြီ .."

အထက် က စိုက်ကြည့်ပြီးမှ လှည့်ထွက်လာခဲ့၏။ အချစ်ကြောင့် သာမဟုတ်လျှင် သူမ ဘယ်လိုလူကိုမှ အလျှော့ပေးဆက်ဆံမှာမဟုတ်ပေ။ စက်ဝန်း ဆိုတဲ့ယောကျ်ားကို မြင်မြင်ချင်း စွဲလမ်းခဲ့သည်။

သူ့အပြုံး သူ့အကြည့် ပြီးတော့ စကားပြောသံလေးကအစ ကရုဏာသံ အပြည့်နှင့် ဆွဲဆောင်မှုရှိသည့် စက်ဝန်း ...။ သူမဘဝမှာ အရာရာဟာ စက်ဝန်း သာလျှင် အဓိကဖြစ်လာခဲ့၏။

ထို့ကြောင့် စက်ဝန်း ကို ရအောင် လက်ထပ်ခဲ့သည်။ ရုပ်ချောတာ လေးမက်ပြီးယူသည်လို့ ဘယ်သူတွေဘယ်လိုပဲဝေဖန်ကြပါစေ မော်ဒယ်လ် ကို သူဌေးက ယူတာ ဘာဆန်းလို့လဲ ...။

စက်ဝန်း ကို ချစ်မိသည့် အချစ်ကလွဲလျှင် ဟိုတုန်းကကိစ္စအကြောင်း အရာများက ရယ်စရာဟာသတွေလိုဖြစ်သွားခဲ့၏။

သူမဘဝမှာ ခေါင်ဖျား ဆိုသည့် ချစ်သူရှိခဲ့ဖူးသည်။ ထိုသူနဲ့ ခိုးပြေး ဖူးသည်။ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခဲ့ကြသည်။

ထိုအရာတွေအားလုံးကိုလည်း ဂရုမစိုက်ဘဲ စက်ဝန်း ကိုသာ စွဲလမ်း စွာ လက်တွဲခဲ့သည်။ နောက်ဆုံးလုပ်ငန်းကိစ္စတွေကိုပါ စက်ဝန်း ကို



တ်အောင်သင်ပြပေးပြီး စက်ဝန်း ကိုပဲ သူဌေးလို့ခေါ်စေခဲ့တဲ့အထိ...။

သူ့အတွက် သူမ ဒီလောက်ထိ ပံ့ပိုးပေးခဲ့တာပါ။

ချစ်သူဇနီးကို ဖယ်ထားပြီး ညီမက ပိုအရေးပါနေတာ သဘာဝ ပါသလား ...။

"မမ ဒါရိုက်တာက ရှုတင်ဘရိတ်(ခ်)မှာလား မေးနေတယ် .."

"အို .. ဘာလို့ ဘရိတ်(ခ်)ရမှာလဲ .. ဆယ့်ငါးမိနစ်လောက်ဆို ြန်စမှာလို့ .."

"ခုပဲ ရပြီ အထက် .. ကိုယ်အဆင်ပြေတယ် .."

အဆင်ပြေတယ်လို့ပြောသွားသည့် မျက်နှာကို လိုက်မော့ကြည့်ရင်း အထက် မျက်နှာပျက်သွားသည်။ အဝန်း သူမကိုရွဲ့တာလား ...၊

"ဟင် .. ကိုစက် က အကျီလဲနေတာမဟုတ်ဘူးလား .."

မင်းသမီး ရှမ်ဝခင် က စက်ဝန်း ဆီ လျှောက်လာပြီးမေးကာ ...၊

"ခဏလေး .."

စက်ဝန်း ရှေ့ကနေ ပိတ်ရပ်လိုက်ကာ သူမကိုင်လာသည့် ကရင်း(မ်) တ်(ဖ်) ဘူးကိုဖွင့်၍ ...

"နဖူးဆံစပ်တွေမှာ မိတ်ကပ်နည်းနည်းကွက်နေတယ် ကိုစက် ရဲ့ .. ခဏလေး .."

"ရတယ် .. ကျွန်တော် မိတ်ကပ်ကို လိမ်းမထားတာ .."

"ဟင် .. တကယ် ..."

စက်ဝန်း က သူမလက်ကို ဖယ်ချခဲ့ပြီး ဒါရိုက်တာဆီ လျှောက်သွား၏။

အထက် က မင်းသမီးနဲ့ စက်ဝန်း ကို အစအဆုံးကြည့်နေပြီးမှ းတုံ့တုံ့မျက်နှာနှင့် လျှောက်လာကာ ...၊

"မင်းသမီးက လိုတာတော့ ကြည့်တတ်သားပဲနော် .. ဒါပေမယ့် အဝန်း က မလိုဘူးဖြစ်နေတော့ .."

"ဒါပေါ့ ဒေါ်အထက်ဦး ရယ် .. မနေ့စက်ဝန်း အတွက် ဘာမှမလို

www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြည့်ဆည်းပေးနေတဲ့ ဒေါ်အထက်ဦး လို ဇနီးမျိုးရှိနေတော့ ရှုမဝ တို့ သိနေတဲ့ လိုအပ်တာတွေက အပိုဖြစ်သွားတာပေါ့ ..”

“ဟုတ်တယ် .. အဲ့ဒီလိုလိုအပ်ချက်မရှိ ဖြည့်ဆည်းပေးနေတာ တောင်မှ ကိုယ်မသိလိုက်တာများ ကျန်ဦးမလားလို့ မျက်လုံးဒေါက်ထောက်ကြည့်နေရတာ၊ ခုခေတ်က စိုးရိမ်နေရတာယ်လေ .. သိတဲ့အတိုင်းပဲ ..”

ဤိစဉ် မေရှား ဝင်လာသဖြင့် မင်းသမီးနဲ့ အထက် ရဲ့ စကားစတွေ ပြတ်တောက်သွားခဲ့၏။ ရှုမဝင်ခင် အပြုံးမပျက်ထွက်သွားပေမယ့် သူမရဲ့ ကျောပြင်ကိုကြည့်ရင်း အထက် အံ့ကြိတ်နေသဖြင့် ..၊

“ဖြစ်ရပြီမို့လား နှင် .. ငါပြောသားပဲ နှင့်ယောကျ်ားကို ဗီဒီယိုလောကထဲ မထည့်ပါနဲ့ဆိုတာ ..”

“ဒီကြော်ငြာက အရေးကြီးတယ်ဟ .. ပြီးတော့ ပစ္စည်းကြော်ငြာဖို့ထက် သူ့ရုပ်ကြီးပါသွားဖို့ ပိုအရေးကြီးတယ် ..”

“အကြောင်းတွေပြနေလည်း ဒုံရင်းကတော့ နှင့်ယောကျ်ားက ရိုက်ချင်တယ်ဆိုလို့ ခွင့်ပြုလိုက်ရတာမို့လား ..”

“ဪ .. နှင်ကလည်း ငါလိုအပ်လို့ပါဆိုမှ ..”

အထက် က စားပွဲနားမှာသွားပြန်ထိုင်လိုက်ကာ ထူနက်သည့် မျက်ခုံးတန်းတို့ ခပ်တွန့်တွန့်နှင့် အလိုမကျဖြစ်နေသော စက်ဝန်း ကို ငေးကြည့်နေခဲ့၏။

ပြီးတော့ ကြော်ငြာမည့် ဘရန်းကို ကိုင်ပြီး မင်းသမီးနဲ့ ရီဟာဇယ် လုပ်နေတော့ ပြုံးရယ်လာသည့် မျက်နှာပေါ်က ရယ်မြူးရိပ်တို့နှင့် မျက်ဝန်းတွေ ..။

“အဟမ်း .. အဟမ်း ..”

မေရှား က အထက် မျက်နှာရှေ့မှာ လက်နဲ့ခပ်ပြီး ..၊

“စိတ်ထိန်းဦး .. အဲဒါ ကိုယ့်ယောကျ်ား ..”



ပြုံးယောင်သမ်းနေသည့် အထက် မျက်နှာလေး ပြန်တည်သွား၏။ ပြီးတော့ ပင့်သက်ရှိုက်၍ ..၊

“သူ့ညီမကြောင့် သူ ငါ့ကို စိတ်ဆိုးနေတယ် ..”

“ဟုတ်လား ..”

“အဲတစ်ယောက်ကလည်း အကြောင်းမကြားဘာမကြားနဲ့ မိုးတောင်ချုပ်တော့မယ်လေ ပျောက်နေတာ ..”

“လူပျောက်တိုင်ထားလိုက်ရင်ရော .. အဲ .. လူပျောက်တိုင်တာက နှစ်ဆယ့်လေးနာရီကျော်မှ ရတာထင်တယ် ..”

“သူ ဘာလုပ်ချင်နေမှန်းကိုမသိဘူး၊ ဒါပေမယ့် ငါလည်း မတိုင်ချင်ပါဘူး .. နှင်ပဲ စဉ်းစားကြည့်လေ လုံမဒီ ဆိုတဲ့ ကောင်မလေးက မလည်မဝယ်လေးမို့လို့လား ..”

“မကြောက်တတ်တာဟ .. တုံးတာတော့ သေချာပါတယ် ..”

“ဟုတ်တယ်လေ .. မကြောက်လို့ သွားချင်ရာသွားနေတာပေါ့ .. တက္ကစီပေါ်တက်လိုက်ပြီး လိပ်စာပြောလိုက်တာနဲ့ ဒီကို ဒိုင်းခနဲရောက်လာမှာ သူ မသိဘဲနေမလား .. ပြန်မလာချင်လို့ကို မလာတာ ..”

မေရှား က လွယ်ထားသည့်ဘေးလွယ်အိတ်ကို ပေါင်ပေါ်မှာ ကြိုးရော အိတ်ရော ပုံချတင်လိုက်ကာ ..၊

“ဘာပဲဖြစ်ဖြစ် နှင် သူ့ကို မလိုလားတာ နည်းနည်းတော့ သိသာတယ် အထက် ရဲ့ ..”

“ဘာကိုလဲ ..”

“ဥပမာ သူ ဖုန်းပေးလိုက်မယ်ဆိုတာကို နှင် ဝင်တားလိုက်တာလေ ..”

“ငါပြောတာ ကျိုးကြောင်းမဆီလျော်ဘူးလား ..”

“ဆီလျော်ပါတယ် .. ဒါပေမယ့် နှင် တကယ်စိုးရိမ်လို့ မဟုတ်တာ ..”

www.burmeseclassic.com

www.burmeseclassic.com



အထက် မျက်နှာလေးတည်သွားသည်။ ပြီးတော့ ကြော်ငြာရိုက်နေသည့်နေရာကို လှမ်းကြည့်ရင်း ...၊

"မတတ်နိုင်ဘူး ငါ သူ့ကို ဘာတွေပုံပေးရပေးရ ချစ်တယ်၊ ဘာနဲ့ဖြစ်ဖြစ် လဲနိုင်တယ်၊ သူ့ကို မပေးလိုက်နိုင်ဘူး .. ဒါကြောင့် သိမ်းပိုက်ထားတယ်၊ ပုံပေးထားတယ်နဲ့ ဘယ်သူတွေ ဘာပြောပြော ငါ ဂရုမစိုက်ခဲ့တာ .."

"သူ့ကိုချစ်ရင် သူ့မိသားစုကိုလည်း လက်ခံနိုင်အောင်ကြိုးစားပေါ့ဟာ .."

"မေရှား နော် .. အဲ့ဒီဟာမလေးကို မုန်းတာ နင်လည်းပါတယ်ခုမှ .."

"ဟုတ်ပါတယ် .. စွာလွန်းလို့ကိုကြည့်မရတာ .. ဒါပေမယ့် ခုလိုပျောက်သွားတယ်ဆိုတော့လည်း .."

"ပျောက်တာမဟုတ်ဘူး .. ငါသိတယ် .. တမင်တကာကို ထွက်သွားတာ .."

"ထွက်သွားမယ်ဆိုရင် စက်ဝန်း ကိုတော့ ပြောသွားမှာပေါ့ .."

အေးလှ ဆီ ရောက်နေတာဖြစ်မှာလို့ စက်ဝန်း ပြောသေးသည်။ ဒါပေမယ့် အေးလှ ဘယ်မှာတည်းခိုနေသလဲဆိုတာ မသိသောကြောင့် စုံစမ်းဖို့က မဖြစ်နိုင် ...။

တကယ်လို့သာ သူမဘေးဒုက္ခတစ်ခုခုနဲ့ ကြုံနေရပြီဆိုလျှင် စက်ဝန်းနဲ့ အထက် ရင်ဆိုင်ရတော့မှာ သေချာ၏။

အထက် စက်ဝန်း ငြိုငြင်မှာကိုတော့ မခံနိုင်ပါ။

❖



## အခန်း (၁၀)

"ဟင် ..."

မျက်လုံးဖွင့်ကြည့်လိုက်တော့ သူမနဲ့ မလှမ်းမကမ်းမှာ ပတ်တီးတွေကိုယ်စီနှင့် သုံးယောက်သား ...။ ပြီးတော့ မီးလုံးကြီး ငါးလုံးက မြင့်မားသည့် မျက်နှာကျက်ကနေ ပြူးတူးပြဲတဲ ငုံ့ကြည့်နေ၏။

သူမ ဘယ်ရောက်နေတာလဲ ...။

နမ့်ဖူးကနေ တင်းကျပ်နေသည့် တစ်စုံတစ်ရာကို သတိထားမိကာ စမ်းကြည့်လိုက်တော့ ပတ်တီး ...။

"လုံ ..."

သူမ စီးခဲ့သည့်ကားကို တခြားကားတစ်စီးဝင်တိုက်ခဲ့သည်။

"လုံ ဘာဖြစ်သွားလဲဟင် .."

အလန့်တကြား ကျိုးထလိုက်တော့ ထောက်လိုက်မိသည့် လက်တစ်ဖက်လုံးက အသည်းခိုက်အောင် နာကျင်သွား၏။

"အား .. သေပါပြီ .."

"ဘာလို့ အတင်းထတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာ ပတ်တီး လက်တစ်ဖက်မှာ ပတ်တီးနှင့် ခေါင်းဖျား မျက်နှာက စိတ်ရှုပ်ဟန်တွေနှင့် ..။

"မင်း ခေါင်းကွဲသွားတာ သွေးထွက်နေတော့ မြင်ရတယ်၊ တခြား ဘယ်နေရာမှာ ဘာဖြစ်သွားမှန်းမသိတော့ .."

"လုံ ခေါင်းကွဲသွားတယ် ဟုတ်လား .. ဘယ်နှစ်ချက်တောင် ချုပ်လိုက်ရလဲဟင် .."

"မများပါဘူး .. သုံးချက်တည်း .."

သုံးချက်က မများဘူးတဲ့ ..။

တစ်ခါမှ အကြီးအကျယ် သွေးထွက်သံယိုမဖြစ်ဘူးခဲ့သဖြင့် လုံ မျက်နှာလေခြောက်ချားနေ၏။ သူတို့တွေ အလန့်တကြားထအော်လိုက်တာနှင့်အတူ ကားတစ်စီးကို သစ္စာဝါကြီးတစ်ကောင်ပြေးကပ်လာသလို ရိပ်ခနဲ မြင်လိုက်ရပြီး ကားချင်းတိုက်သံကြီးက နားနားမှာ ကပ်၍ မိုးကြိုးပစ်ချလိုက်သလို ကျယ်လောင်စူးရှာစွာ ..။

"လုံ .. ကျ .. ကျွန် .."

ကိုယ့်ကိုယ်ကိုယ် ဟိုကိုင်ဒီစမ်းလုပ်နေမိရင်း ဂျိမ်းခနဲ အသံကြီးနှင့်အတူ သူမ လွင့်ထွက်သွားတာကိုသတိရကာ ..၊

"ကျွန်မ ကားထဲကနေ လွင့်ထွက်သွားခဲ့တာလား .."

"ဟုတ်တယ် .. ကားခေါင်မိုးပွင့်ထွက်ပြီး မင်းကို ဝါးနှစ်ပြန်လောက်မှာ လိုက်ကောက်ရတာ .."

ဘုရား ...၊

လုံ နေရာမှာ ဖင်ရွှေ့တိုးကာ ခုတင်ပေါ်ကနေ ခြေချလိုက်သည်။ ခြေထောက်ကိုဆန့်ကြည့်လှုပ်ကြည့်တာ အကောင်း ..။

"ရှင် မဟုတ်တာမပြောနဲ့ .. ဝါးနှစ်ပြန်လောက်လွင့်သွားရင် ကျွန်မ သေသွားမှာပေါ့ .."

"ဟား .. ဟား .. ဟား .."



"ဟား .. ဟား .. ဟား .."

ခြောက်ကပ်ကပ်ရယ်သံတွေ ကွက်တိကွက်ကျားထွက်လာသည်။ မင်းအုံ နဲ့ ချစ်သူတို့ ဒဏ်ရာတွေနဲ့ မအီမသာရှိနေကြပေမယ့် ရယ်ချင်တာကိုလည်း မရယ်ဘဲ မနေနိုင် ..။

လုံ က သူတို့ကို အူကြောင်ကြောင်ကြည့်သည်။ ပြီးတော့ မျက်နှာလေးတည်သွားကာ ..၊

"ကျွန်မ အိတ်တွေရော .."

"ကားထဲမှာ ..."

"ဒါဆို အဲ့ဒါတွေ ပြန်ယူပေးပါ .. ကျွန်မ ပြန်တော့မယ် .."

ခေါင်ဖျား အကြည့်တွေက ခပ်ချဉ်ချဉ်ဖြစ်သွားလျက် ..၊

"မင်းအိတ်တွေအပြင် ဘယ်အိတ်မှ ပါမလာဘူး .. ဥစ္စာခြောက် မနေနဲ့ .. ကားက ရှုံးရောက်နေတယ် .."

"ဟင် !..."

ယာဉ်တိုက်မှုဖြစ်သွားရင် ဘယ်လိုရှင်းရမှာတွေဘာတွေ လုံ နားမလည်ပေ ..။ မင်းအုံ က အခြေအနေကို တွက်မိကာ ..၊

"ကျွန်တော်တို့အကုန်လုံး သတိလစ်ကုန်ကြတာဗျ .. ဘရာ တစ်ယောက်ပဲ သတိမလစ်လို့ အိမ်ကိုကောင်းကောင်းကန်းကန်းပြန်လာနိုင်တာ .."

ဘရာ ဆိုတာ ဒီလူ့ကိုခေါ်တာလား ဘယ်လိုနာမည်ကြီးလဲ ..။

ပြောရဆိုရခက်မည့်နာမည်မို့ ခဏတော့ တွေးမိလိုက်ကာ ..၊

"ရှုံးဆိုတာ ဘယ်ရှုံးလဲဟင် .. အဲ့ဒီအိတ်ထဲမှာ လုံ မှတ်ပုံတင်တွေ ရှိသမျှ ပိုက်ဆံတွေလိပ်စာတွေရော .."

ပြောနေရင်း အေးလှ ကို သတိရမိ၏။ သူမ အေးလှ ဆီသွားလည်ပြီး ဖြစ်ကြောင်းကုန်စင်ရင်ဖွင့်မလို့ပါ။ ပြီးတော့ စက်ဝန်း တို့နဲ့ နေသင့်မနေသင့်ကို တိုင်ပင်ချင်သည်။ ဒါပေမယ့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ မယူပေးနိုင်ရင်လည်း ကျွန်မဘာသာ .."

"ဒီမှာ ..."

ခေါင်ဖျား အသံက ပေါက်ဆတ်ဆတ်နိုင်လျက် ...၊

"ဟိုသွားမယ် .. ဒီလာမယ်နဲ့ မင်း ခြေထောက်ကိုပြန်မေးဦး၊ ဒီကနေ အခန်း၀အထိသွားနိုင်လားလို့ .."

"သွားနိုင်ပါတယ် .."

လုံ နေရာမှထရပ်လိုက်သည်။ သူမ ရပ်နိုင်သည်ပဲ ...။

"ခြေထောက် ဘာမှမဖြစ် .. အား .."

ခြေလှမ်းလိုက်တာနှင့် နောက်ခြေထောက်ကို ပြန်မရုတ်နိုင်ခင် နေရာမှာတင် ပုံခနဲလဲလေသည်။

"အား .. သေပါပြီ .."

"ကျွတ် .."

"သွားထူပေးလိုက်ပါ ဘာရာ ရယ် .. ပိုဆိုးသွားတာထင်တယ် .."

မင်းအုံ နဲ့ ချစ်သူတို့လည်း ဒူးတွေထိထားကြသဖြင့် လမ်းကောင်းကောင်း မလျှောက်နိုင်ကြပေ ...။

ထို့ကြောင့် ခလောက်ဆန်သလို နှစ်ချက်သုံးချက်ဆောင့်ခါသွားပြီးမှ ခုံတွေကြားမှာ အပုံလိုက်ပြုတ်ကျထားသည့် သူမကို ဘယ်လိုမှ အကောင်းတိုင်း မရှိနိုင်မှန်း သူ တွက်မိထားခဲ့၏။

"ဘယ်ကနာနေတာလဲ ခုသိသွားပြီလား .."

"သိပြီ .. ခြေကျင်း၀တ်ပဲ .. ပြီးတော့ ဒူးခေါင်းက အား .. အရမ်းနာတယ် .."

ဒဏ်ရာဖြစ်ထားတာကို မင်း အတင်းထလျှောက်တာလေ .. နည်းသေးတယ် .."

သူမနားကို လျှောက်သွားရင်းပြောတော့ လုံ မျက်နှာလေးရှုံ့မဲ့ညည်းနေရင်း ဆတ်ခနဲမော့ကြည့်၏။



"ရမလားလို့ပေါ့ .. ရှင် လဲနေတဲ့လူကို ထူပေးမလို့လား .. အပြစ်တင်ဖို့လား .."

"အပြစ်တင်ပြီးမှ ထူပေးနိုင်တယ် .."

ခေါင်ဖျား မျက်နှာကလည်း တင်းနေကာ အနားမှာ ဒူးတစ်ဖက်ထောက်လိုက်ပြီး ...၊

"မင်းပဲ ဝေဒနာခံနေရတာ မဟုတ်ဘူး .. သူများ ကုသပေးချင်အောင် နည်းနည်းပါးပါး ပါးစပ်ပိတ်နေဖို့ သတိရ .."

"ဒီဒဏ်ရာကို ဆေးကုရဖို့အတွက်များ လုံ က ရှင့်ကို သနားခံနေရဦးမယ် .. ဆုတောင်း .."

အံမာ ...၊

"လုံ့ အိတ်ယူပေး အကြောကြီးနဲ့ ခိုင်းနေတာမဟုတ်ဘူး၊ ရှင်တို့ကားဘယ်မှာရှိမှန်း လုံ မသိလို့ .."

ခေါင်ဖျား မျက်နှာတင်းနေတာကိုလည်း သူမသတိထားမိနေတာကိုယ့်စကားကို ပြန်ရှင်းပြရသေးသည်။

"ပြီးရင် ကားငှားပြီး လုံ့ကို တင်ပေးလိုက်၊ ကျိုးကန်းနေတဲ့လူကို ဒီလောက်တော့ လုပ်ပေးပေါ့ .. ဆေးကုပေးဖို့မလိုဘူး .. ကျေးဇူးတင်တယ် .."

"လာသေးတယ် .."

"မလုံ အဲ့ .. လုံ လို့ပြောသံကြားနေလို့ .. နာမည်က .."

"လုံမဒီ .."

"လှသားပဲ .."

မင်းအုံ က မျက်နှာချိုသွေးသလိုပြောရင်း ...၊

"မလုံ က ရန်ကုန်မှာလည်း ဧည့်သည်မို့လား .. ခြေထောက် ဒီလောက်အခြေအနေဆိုးနေတာ သူများအိမ်မှာ ဧည့်သည်သွားလုပ်နေလို့ အဆင်ပြေမှာ မဟုတ်ဘူးနော် .."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါနဲ့ပဲ ကျွန်မက ရွာကိုပြန်ရမှာလား .. ခရီးက နီးတာမဟုတ်ဘူး .."

"ကျွန်တော်တို့ပြောတာက မလုံ ဒီမှာပဲနေပြီး ဆေးကုပါ၊ ဆရာက ဆက်ဆံရေးကျဲသလိုရှိပေမယ့် .."

'စိတ်ရင်းကောင်းမယ့်ပုံလည်း မရှိပါဘူး' လို့ စိတ်ထဲက ပြောမိရင်း မျက်နှာလွှဲ၍ မဲ့မိ၏။

ဒါပေမယ့် ခေါင်ဖျား ကလည်း မြင်လေသည်။ ခေါင်ဖျား မြင်သွားမှန်း လုံ ကလည်း မြင်သွားလျက် သူခိုးလူမိသလို မျက်လုံးတွေကို ဟိုလွှဲဒီလွှဲနှင့် ...။

"ရှင်တို့ကို ကျေးဇူးတင်ပါတယ် .."

"ငါ့ကို တင်ဖို့မလိုဘူး .."

ဒေါသကြောင့် လွှတ်ခနဲပြောမိပြီးမှ လုံ တအံ့တသြလှည့်ကြည့်တော့ 'သွားပြီ' ဆိုတာ သိလိုက်၏။

"ရှင့်ကိုတင်ပါတယ်လို့ လုံ မပြောရသေးပါလား .."

ခေါင်ဖျား မျက်နှာကြီး နီရဲသွားသည်။

"ဒါပေမယ့် ရှင်က သူတို့ရဲ့ ခေါင်းဆောင်ထင်တယ် .."

"လုံမဒီ .. မင်း စကားတွေတော်တော်များနေပြီ .."

"ပြောဖို့လိုလို့ ပြောနေရတာလေ .. ဒီမှာ ခြေထောက်ကိုလှုပ်တောင်မလှုပ်ရဲတော့ဘူး .. ရှင် ခုထိ လူကိုထူပေးဖော်ရလား .."

"ထူပေးချင်အောင် ပါးစပ်ပိတ်နေလိုက် .."

လုံ နှုတ်ခမ်းလေးဟလိုက်သေးသည်။ ပြီးမှ ပြန်၍ ဖိပိတ်သွားကာ ထိုအခါကျမှ ခေါင်ဖျား က သူမနား ပိုကပ်လိုက်ပြီး ပခုံးတစ်ဖက်နိမ့်ချပေး၍ ...၊

"လက်ကို ပခုံးပေါ်တင်လိုက် .."

"ဟင် ..."



"လက်ကို ပခုံးပေါ်တင်ပြီး ငါ ထရပ်ရင်ခိုထားလိုက်၊ အပိုတွေမေးမနေနဲ့ .."

"ဒါဆို ရှင့်ကို လုံ က ဖက်ထားသလိုကြီးဖြစ်နေမှာပေါ့ .. လုံ့လက်မောင်းကိုဆွဲပြီး နည်းနည်းထူပေးလေ .."

"မင်း တော်တော်ရစ်ပါလား လုံမဒီ .. မင်းကိုဆွဲဖို့ကိုင်ဖို့ ငါ့လက်တွေက ကောင်းနေလို့လား .."

ဟင်း ...၊

တစ်ယောက်ကိုတစ်ယောက် ထူတွဲပေးဖို့ ဒီလောက်တောင် ခဲယဉ်းနေရသလား ...။

မင်းအံ့ တို့ သက်ပြင်းခိုးချရင်း ရင်တမမနဲ့ ကြည့်နေရ၏။

လက်တွေမကောင်းဘူးဆိုမှ ပတ်တီးမရှိသည့် လက်တစ်ဖက်ကိုလည်း ကွေးထားရတာ လုံ သတိထားမိသည်။ ထို့ကြောင့် ခေါင်းညိတ်ကာ ...၊

"ကိုင်မယ်နော် .."

လို့ ထပ်ပြောပြီး နိမ့်ချပေးထားသည့် ပခုံးတစ်ဖက်ပေါ် လက်တင်၍ သေချာအားပြုထားလိုက်၏။

"ထရပ်နိုင်ရင် ခုတင်ပေါ်ပြန်ထိုင်လိုက် .."

"ဟုတ် .."

ပါးစပ်ကတော့ ရိုသေနာခံနေခဲ့လျက် လုပ်တော့တလွဲ ...။

ခေါင်ဖျား သူမကိုယ်ကိုထိန်းပြီး ထရပ်ပေးပါသော်လည်း ...၊

"အမလေး ..."

သူ မတ်တတ်ရပ်လိုက်တာနှင့် သူ့ပခုံးပေါ် တစ်ကိုယ်လုံး အားပြုထားသည့် လုံ့ ကိုယ်လေးရှိတ်ပါသွားကာ ခြေထောက်တွေက ကြမ်းနဲ့ လွှတ်သွားပြီး ...၊

"ဟော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ကျွန်မ .. အား .."

"သေပြီဟ ..."

လုံ သူ့လည်ပင်းကို အသေဖက်ပစ်လိုက်သဖြင့် သူမ ခုတင်ပေါ် ပြုတ်ကျအောင်လွှဲပေးလိုက်ရင်း သူပါ ကိုးယို့ကားယားပါသွားလေသည်။

"အား .. သေပါပြီ .."

"သေသင့်တယ် .. မင်း .."

"ရှင်က တန်းထလိုက်တော့ .. လုံ ခြေထောက်လွတ်သွားတာကိုး.."

"မင်းကို ဘယ်သူက နိုစီးနိုင်းလို့လဲ .. ခုတင်ပေါ်ထိုင်လိုက်ပါဆိုတာ မထိုင်ဘဲနဲ့ မာရ်နတ်လည်ပင်း ခွေးသေကောင်ပုပ်ချိတ်ထားတာ ကျနေတာပဲ .."

"ဘာနဲ့ တူတူ မတတ်နိုင်ဘူး .."

"ဟယ် .. ဒါ .. ဒါ ဘယ်လိုတွေဖြစ်နေကြတာတုံး .. အို အိပ်ရာပေါ်မှာ .."

ရုတ်တရက် ခေါင်ဖျား အဒေါ် ဒေါ်ဟန်သီ ရောက်လာကာ အထိတ်တလန့်ပြောရင်း မျက်မှန်ကိုလည်း ပင့်လိုက်ချလိုက် ပြူးပြဲနေကာ ...၊

"ခေါင် .."

"မဟုတ်ဘူး .. ဒေါ်လေး .."

အိပ်ရာထဲမှာလည်းဖြစ်ကာ တစ်ယောက်ကိုတစ်ယောက် ဖက်ထားရင်း လဲကြတာမို့ ရုတ်တရက် ထလို့မရဘဲဖြစ်နေသဖြင့် ...၊

"ဟိုမှာလည်း ပတ်တီးတွေကိုယ်စီနဲ့ ကြည့်စမ်း .. ငါထင်သားပဲ နိုင်ငံခြားသွားပြီး စုဆောင်းပြန်လာတာ ဒီကောင်လေး မိန်းမယူတော့မှာပါလို့ .."

"ဒေါ်လေး မဟုတ်ဘူး .. ဘာရာ နဲ့ သူက .."



"ငါသိပြီ .. နင်တို့ မိန်းမခိုးဖို့ကြိုးစားရင်း ကောင်မလေး မိဘ မောင်ဘွားတွေ ရိုက်လွှတ်လိုက်တာမို့လား .."

"ဒေါ်လေး .. ဒေါ်လေး ခဏလောက် ဘာမှမမေးဘဲနဲ့ နားထောင်ပါလား .."

လက်ထောက်ပြီး ထထိုင်ရတာတောင် နာနေသည့်လက်ကို ထောက်မိတော့ နာကျင်သည်။ ခေါင်ဖျား ထထိုင်ပြီးမှ ရှုံ့မဲ့နေကာ ...၊

"ဒီမှာ ဒဏ်ရာတွေက ဒုက္ခပေးနေရတဲ့ထဲ ဒေါ်လေးက ထင်ရာတွေ ပြောနေတာတစ်မျိုး၊ သူက ကျွန်တော့်ကား .."

"အား .. သေပြီ .. ရှင် အံရမ်းထလိုက်တာ ဆံပင်တွေ .. အား .."

လုံ က သူ့လက်မောင်းကို နောက်က လှမ်းဆွဲလိုက်ပြီး အင်္ကျီရင်ဘတ်က ဇစ်မှာ ဆံပင်တွေငြိနေတာပြဖြစ်၏။

"တွေ့လား .. ဆံပင်တွေပြုတ်ကုန်တော့မယ် .."

"အဲ့ဒါ တွတ်တွတ်တွတ်တွတ်နဲ့ ဘာတွေပြောပြီး မငြေမလည်ဖြစ်နေကြတာလဲဟင် .. ငါ ရောက်လာလို့ ကြောက်နေတာလား .."

ဒေါ်ဟန်သီ တံခါးဝကနေ တစ်လှမ်းချင်း ရှေ့တိုးလာသည်။ လက်ကိုင်အိတ်ကြီးကို လက်မှာချိတ်ထားလျက် အနားထိလည်းမလာဘဲ လည်ပင်းရှည်ကြည့်၍ ...

"ခေါင် .. ဒီမှာ မင်း အဒေါ်ရှိသေးတယ်နော် .."

"ကျွတ် .. မြန်မြန်ဖြုတ်ကွ .. ဒီမှာ ဒေါ်လေးက ကောင်တောင်မြောက်မြောက်တွေ ထင်နေပြီ .."

"ဟဲ့ .. ခုထိ ပြောတုန်းပဲ ဟာဟင် .. ငါက .."

"ဒေါ်လေးကို ရှင်းပြမယ် .. ခဏလေးနေပါဦး .."

"ရပြီ .."

ရပြီဆိုပြီး မျက်နှာလေးမော့၍ ရယ်ပြတော့ လုံ့ မျက်နှာလေးကို ဒေါ်ဟန်သီ သေချာမြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာလေးပဲ .."

မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်သွားကာ ...

"ဆံပင်တွေ ကောင်းလိုက်တာ၊ အိမ်က အပျိုကြီးမမကတော့ သဘောကျလိုက်မယ့် ဖြစ်ခြင်း .."

"ဟား .. ဟား .. ဒေါ်လေးကတော့ အကြီးကြီးနဲ့ 'မ' နေပြီ .."

မင်းအုံ့ က ချစ်သူ နားကပ်ပြောပြီး တခွိခွိရယ်၏။ ခေါင်ဖျား ရဲ့ ဒေါသက သူတို့ဘက်လှည့်လာလျှင် ...၊

"သဘောကျနေကြတယ် ဟုတ်လား .."

"မဟုတ်ပါဘူး ဘာရာကလည်း ကျွန်တော်တို့က ရှင်းပြမလို့ပါ .."

"ဟုတ်တယ် .. ဒေါ်လေး အဲဒါက စဟုတ်ဘူး .."

"ဘာကွယ် .."

"ဒီလိုပါ .. သူက လုံမဒီ တဲ့ .."

"အေး .. နာမည်လေးကလည်း မြန်မာပီသပါ့ .."

"ပီသဆို သူက တောကလာတာ .."

"တောကလား .. ဒါကြောင့် ဒီပုံစံလေးဖြစ်နေတာကိုး .. ဘယ့်နှယ် ငါ့တူက တောသူနဲ့တွေ့သွားတာလဲ .. ပြန်ရောက်လာသဖြင့် မကြာသေးဘူး .."

"ဒေါ်လေးကလည်း တွေးလိုက်တာ ဒီထဲကကို မထွက်တော့ဘူး.."

နေရာမှ ထလာပြီး ခေါင်ဖျား က မင်းအုံ့ တို့အားမှာ လာပြန်ထိုင်သည်။ ကွေးထားသည့် လက်ကို ဖိဆုပ်ရင်း နောက်ထပ် ဒဏ်ဖြစ်သွားသည့်အဖြစ်ကိုလည်း ထပ်မပြောနိုင်တော့ဘဲ ...၊

"ဒေါ်လေး အထင်လွဲနေတာပါ .. ဆရာနဲ့ မလုံ က သိရုံပဲသိကြတာ .."

မင်းအုံ့ က ဒါကိုအစပြုပြီး ဖြစ်ခဲ့ပုံကို ရှင်းပြလိုက်ကာ ...၊

"ကျွန်တော်တို့ ကံကောင်းလို့ ဒီလောက်လေးပဲဖြစ်ကြတာ .."



"ဟုတ်တာပေါ့ .. အမလေး ကံကြီးလို့ပါလား .. ဘုရား .. ဘုရား အခု နင်တို့က လမ်းမလျှောက်နိုင်ဘူးလား .."

"လျှောက်လို့တော့ ရပါသေးတယ် .. ကိုယ်လျှောက်တဲ့ပုံတောင် ပြန်မကြည့်ချင်ဘူး၊ ပုံဆိုးလွန်းလို့ .."

"ကျွန်တော်ဆို ကားပေါ်ကနေ အိမ်ထဲဝင်လာတာ ပိုလီယိုကျနေတာပဲ .."

"အောင်မလေးဟယ် .. ဒဏ်ရာအနာတရဖြစ်တာတောင် လှလှပပ ဖြစ်ချင်နေသေးတယ် .. အခု လုံမဒီ က ဘယ်ကိုပြန်မှာလဲ .."

"လုံ က ရန်ကုန်ကိုအတူလာခဲ့တဲ့ သူငယ်ချင်းဆီ သွားမလို့ပါ .."

"အဲ့ဒီ သူငယ်ချင်းက ဘယ်မှာနေတာတောင် မသိဘူးဆို .."

"သူ တည်းမယ့်နေရာကို လိပ်စာပေးခဲ့ပါတယ်၊ လိပ်စာက ကားထဲ က အိတ်ထဲမှာ ပါသွားလို့ .."

ဒေါ်ဟန်သီ က ခေါင်းညိတ်ရင်း စဉ်းစားသလိုလုပ်နေ၏။ ပြီးမှ—

"ကိုယ်လာခဲ့တဲ့အိမ်ကိုပဲ ပြန်သွားရမှာပေါ့ တူမရယ် .. သူငယ်ချင်း ဆိုတဲ့ တစ်ယောက်က သူလည်း ဟိုမှာ ချည့်သည်မို့လား .."

"ခု လောလောဆယ် သူ ဘယ်မှ သွားလို့မရသေးဘူး ဒေါ်လေး၊ ခြေထောက်မှ မထောက်နိုင်တာ .."

ခေါင်ဖျား က ဝင်ပြောတော့ ဒေါ်ဟန်သီ မျက်ခုံးတွေ တွန့်သွားပြီး လှည့်ကြည့်၏။ ဘာရယ်မဟုတ်ဘဲ မျက်နှာပူသွားမိကာ ...၊

"သူပြောပြတာပါ .. ဟိုအိမ်မှာလည်း၊ သူ သိပ်အဆင်မပြေတော့ ဒီတိုင်းပြန်သွားရင် .."

"အဲဒါ သူရင်ဆိုင်ရမှာ သူသိမှာပေါ့ .."

"ဟုတ်ပါတယ် ဒေါ်လေး.. ကိုခေါင် .."

"ဟဲ့ .. ခေါင့် နာမည်တောင် မသိသေးဘူးလား .."

"ဟုတ် .. အဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့တူပဲ .. ခေါင်ဖျား တဲ့၊ 'မာရီယာ' တတ်ပုံစတူရီယိုနဲ့ ပန်းချီအနုပညာသင်တန်းကျောင်း ဖွင့်ထားတယ်၊ ပြောပါဦး ခုနက စကား .."

လုံ့ မျက်နှာလေးနဲ့ မွေ့ရာထက်မှာ ခွေကျနေသည့် ဆံနွယ်ဖျားတို့ကို သေချာကြည့်၍ ဒေါ်ဟန်သီ က ပြုံးမိရင်း...၊

"တူမက သူငယ်ချင်းနဲ့ မြို့တက်လာတယ်ဆိုတော့ အုပ်ထိန်းသူတွေက လွှတ်တာလား .. အလုပ်လုပ်ကြမလို့လား .."

ကျွန်မယောကျ်ားနောက်ကို လိုက်လာခဲ့တာပါလို့ ပြောခွင့်မရှိခြင်းသည် သူမအတွက် လုံလောက်သောအကြောင်းတစ်ခုခု ထပ်ပြနိုင်ဖို့ ခဲယဉ်းခဲ့ရကာ ...၊

"ဟုတ်ကဲ့ .. အလုပ်လုပ်ချင်လို့ပါ .."

"အခု ခေါင် ပြောတဲ့အိမ်က ဘာတော်တာလဲ .."

"လုံ နဲ့ မောင်နှမဝမ်းကွဲပါ .."

"စပ်စုတာတော့ မဟုတ်ဘူးနော် .. အဲ့ဒီအိမ်ကရော တူမကို ကြည်ကြည်ဖြူဖြူရှိရဲ့လား .. ခုန ခေါင် ပြောတုန်းက သိပ်အဆင်မပြေဘူးဆိုတော့ .."

လုံ့ မျက်နှာလေးငယ်သွားကာ နာနေသည့်လက်ကိုပဲ ဖိဆုပ်နေရင်း ဖြေသံ တော်တော်နဲ့မထွက်နိုင် ...။ ခဏကြာမှ ...၊

"ဆိုးဆိုးရွားရွားတော့ မဟုတ်ပါဘူး .. လုံ ကိုယ်တိုင်က သူများကို မှီခိုပြီး ကြာကြာမနေချင်တာ .."

"အေး .. အဲဒါ သိတတ်မှုပဲ၊ ပြီးတော့ လူဆိုတာ အဲ့လိုမာနရှိရတယ် .."

"အဆင်ပြေနေပြီ .."

ချစ်သူ က ခေါင်ဖျား ကြားရုံ ခေါင်းငုံ့ပြီး ခပ်တိုးတိုးပြော၏။

"ဒါဆိုရင် ဒေါ်လေးကပဲ စီစဉ်ပေးမယ်၊ မိန်းကလေးမို့ တူမ



အားချင်းအရွယ် စာနာလို့ပါ၊ ဒဏ်ရာမပျောက်မချင်း သမီး ဒီမှာနေပေါ့၊ အယ်မှာနေနေ ညှော်သည်ပဲမို့လား .. ကိုယ်မရှိနေလို့ စိတ်ဆိုးမယ့်သူလည်း မရှိဘူးဆိုတော့ သမီး သူတို့ကိုတော့ အကြောင်းကြားရမယ် .."

"ဟုတ်တယ် .. အဲ့ဒါကောင်းတယ် မလုံ၊ ဒဏ်ရာပျောက်တာနဲ့ မလုံ အလုပ်ကောင်းကောင်းရသွားနိုင်သေးတယ် .."

"ဟင် .. အဲ့လိုဖြစ်နိုင်လားဟင် .."

အဆင်ပြေသလိုပြောလိုက်ရတာပေမယ့် အလုပ်အကိုင်လေးနဲ့ ကိုယ့်ဘာသာနေရမယ်ဆိုရင်တော့ လိုချင်မိ၏။

"မပူပါနဲ့ မလုံ ဘာလုပ်တတ်လဲ .."

"ဟင့်အင်း .."

"ဘွဲ့ရပြီးသားလား .."

"ဟင့်အင်း .."

ဒေါ်ဟန်သီ ခေါင်းထောင်သွားသည်။

"ဟဲ့ .. စာတော့ တတ်ပါတယ်နော် .."

"လုံ ဆယ်တန်းအောင်ပြီးသားပါ၊ သင်္ချာဂုဏ်ထူးတောင်ပါသေးတယ် .."

"ဟုတ်လား .. နှမြောစရာကြီးကွယ် .. ဘာလို့ဆက်မတက်တာလဲ၊ ဘွဲ့ယူဖို့က လက်တစ်ကမ်းပဲလိုတော့တာကို .."

"လုံ ကျောင်းသွားတက်တဲ့အိမ်က မီးလောင်ခံရပြီး သူတို့တွေ ကျောက်ပန်းတောင်ကို ပြောင်းသွားကြတော့ အဆင်မပြေတော့လို့ .."

"မိဘတွေကမရှိတော့ဘူးလား .."

"ဟုတ်ကဲ့ .. မရှိကြတော့ပါဘူး၊ လုံ က အဘွားနဲ့နေတာပါ .."

ခုဆို အဘွားလည်း သီလရှင်ဝတ်သွားပြီဆိုတာ ထည့်မပြောချင်တော့ပေ ..။

"ကဲပါ .. ဒေါ်လေးရာ .. ဒေါ်လေးမေးနေတာတွေ အ[illegible]ဒစ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ဒရာမာဇာတ်လမ်းတစ်ပုဒ်လောက်ရနေပြီ၊ ဘာဖြစ်လို့ သူ့အကြောင်းပဲ စိတ်ဝင်စားနေတာလဲ ..''

''ခေါင်ရယ် .. ကိုယ့်သမီးအရွယ်လေး ရိုးရိုးသားသား ရှာဖွေစားသောက်မယ်ဆိုရင် ကူညီချင်လို့ပေါ့ .. သူ့အကြောင်းသိထားမှ ဘယ်လိုကူညီသင့်လဲဆိုတာ ပေါ်လာမှာ ..''

''ဟွန်း ...''

ကူညီစေချင်ရဲ့လားပဲ မေးပါဦး လို့ စိတ်ထဲကပြောမိ၏။

''ဒီဇာတ်ရာကို ဆေးကုရဖို့အတွက်နဲ့များ ရှင့်ကို လုံ က သနားခံရဦးမယ် .. ဆုတောင်း ..'' တဲ့ ...။

ကိုယ်ပဲဆုတောင်းလိုက်မိတာလား .. သူမက ဆုမတောင်းဘဲပြည့်နေတာလား ...။

ခေါင်းကပတ်တီးကို စမ်းကြည့်ရင်း ခေါင် မျက်နှာက မဲ့ချင်ချင် ...။

❖



အခန်း (၁၁)

''မမလေး .. ဖုန်းလာနေတယ် ..''

''ဟင် .. အေး ..''

နှစ်ယောက်အတူ ဘရေ့ဖက်(စ်)စားနေကြတုန်း ဖုန်းလာသံကြားလျှင် ပါးစပ်ထဲရောက်တော့မည့် ကိတ်ခြောက်ကို ပြန်ချလိုက်ပြီး စက်ဝန်းထရပ်၏။

''ကိုယ့်ဖုန်းဖြစ်မယ် ..''

သူ ကောင်လေးတစ်ယောက်ကို ခရီးဝရိုဘ်အပြည့်အစုံနှင့် ရှာကိုလွှတ်ထားခဲ့သည်။ အကြီးသိမ်းရဲ့ လိပ်စာအတိအကျစုံစမ်းပြီး ချက်ချင်းဖုန်းဆက်ဖို့ ...။

''ဟလို ..''

''.... .... ....''

''ဪ .. အဟွန်း ..''

''.... .... ....''

''မဟုတ်ပါဘူး .. ကျွန်တော်မျှော်နေတဲ့ဖုန်းလားလို့ပါ .. သူရှိတယ် ခေါ်ပေးမယ်လေ ..''

www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ဗျာ …"

"…. …. …."

"အဲ့ဒါလည်း အထက် နဲ့ပဲ ပြောလို့ရပါတယ် .."

သူ အထက် ကို ခေါ်ဖို့ လှည့်လိုက်တာနှင့် အထက် က သူနောက် ရောက်လာကာ ဖုန်းကိုယူလိုက်ပေမယ့် သူ့မျက်နှာကိုပဲ စိုက်ကြည့်၍…

"ပြော .. ဟေမာ .."

"…. …. …."

"မဟုတ်ပါဘူး ..ဘာလဲ သူနဲ့ပဲ ပြောချင်တာလား .."

"…. …. …."

"ဒါဆိုလည်းပြော .. ဘယ်နှစ်ရက်နေ့လဲ .."

ဖုန်းပြောနေတာတွေကို မကြားချင်တော့ဘဲ အခန်းထဲဝင်ပြီး ဖုန်းနဲ့ အိတ်ကိုယူ၍ ပြန်ထွက်လာခဲ့မိသည်။

လုံ ဘယ်ရောက်သွားတာလဲ .. ဘာတွေဖြစ်နေပြီလဲ …။

အေးလှ ဆီ ရောက်နေပြီဆိုရင်လည်း သူ့ဆီကို အသိမပေး မဆက်သွယ်ဘဲနေမှာမဟုတ်ပေ …။

ကိုယ့်လုပ်ရပ်အတွက် ခွင့်မလွှတ်နိုင်လို့ဆိုရင်တောင် မသိအောင် ထွက်သွားတဲ့အထိ လုံ ဘယ်တော့မှ လုပ်မှာမဟုတ်မှန်း သူ ယုံကြည်သည်။

ထိုယုံကြည်စိတ်ကြောင့်ပဲ သူ့ရင်ထဲက ပူပင်စိတ်တွေကို လျော့ပါးအောင် ဖြေသိမ့်နိုင်စွမ်းမရှိဖြစ်နေခဲ့ရ၏။ လုံ တစ်ခုခုဖြစ်နေသည်ပဲ ထင်နေသည့်စိတ်က နာရီမိနစ်တိုင်း နှိပ်စက်နေခဲ့လျက် …၊

"အဝန်း …"

သူ အပြင်ကိုတောက်လျှောက်ထွက်လာခဲ့စဉ် အထက် က ဧည့်ခန်းကနေ လှမ်းခေါ်ကာ …၊



"ဒီမှာ .. ယူမျှော်နေတဲ့ဖုန်း .."

ဒီရက်ပိုင်းတွေမှာ အထက် ဘက်က ဆက်ဆံရေးကျဲလာတာကို လည်း သိသည်။ ဒါပေမယ့် ကိုယ့်ညီမအဖြစ်ရှိနေသည့် လုံ့ အတွက် သူ့ဘက်က ဒီလောက်တော့ ပူပန်ခွင့်ရှိသည်ဟု ထင်မိ၏။

အထက် ရဲ့ စကားဆုံးသည်နှင့် ဖုန်းနားကို ဘယ်လိုရောက်သွား မှန်းတောင် မသိလိုက် …။

"ဟလို .. ဖြိုးလား .."

"ဟုတ်တယ် .. အစ်ကိုလေး၊ ကျွန်တော် အစ်ကိုလေးပြောတဲ့ ဒေါ်စိန်ဥ ကိုတွေ့တယ်၊ ဒါပေမယ့် သူက သီလရှင်ဝတ်နေတာ .."

"ဟုတ်လား .."

"ဟုတ်တယ် အစ်ကိုလေး၊ အသက်လည်းကြီးနေပါပြီ၊ ပြီးတော့ ဒေါ်ငွေသိမ်း ရဲ့ လိပ်စာကိုလည်း မသိတော့ဘူးတဲ့ .. အဲဒီ ဒေါ်ငွေသိမ်း ရဲ့ ဆွေမျိုးတွေဆီ သွားမေးဖို့တော့ လမ်းညွှန်တယ်၊ ဒါပေမယ့် ဘယ်သူမှ သေချာမပြောနိုင်ကြဘူး၊ ဒေါ်ငွေသိမ်း က ဘယ်ဆွေမျိုးနဲ့မှ မတည့်ဘူးဆိုပဲ .. သူက မအေးလှ ဆိုတဲ့ သူ့တူမတစ်ယောက်ကိုပဲ အဆက် အသွယ်လုပ်တာတဲ့ .."

လမ်းဆုံးပြီပေါ့ …။

ရွာမှာ အဘွားလည်း သီလရှင်ဝတ်သွားပြီ၊ သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်စလုံးမှာ လူကြီးမိဘတွေမရှိကြတော့သလို ဆွေမျိုးရင်းချာလည်း သူနဲ့ လုံ့ မှာ မရှိပေ။

ရွာမှာ အတိဒုက္ခရောက်လွန်းလို့ လုံ သူ့နောက်ကို လိုက်လာရှာ တာဖြစ်မည်။ ဖုန်းကိုင်လျက်နှင့် ရင်ထဲမှာ နင့်သွားမိ၏။ မကြားရ မမြင် ရရင်လည်း အကောင်းသား …။

လုံ့ ကို ထားရစ်ခဲ့တုန်းက ခံစားခဲ့ရတာ နည်းနည်းပါးပါး …။

ဒီမှာ အခြေကျနေခဲ့တော့လည်း သတိရမိတာ နည်းနည်းပါးပါး…။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိအောက်ရောက်လာသည့်အချိန်မှာ နိုင်မာခဲ့သည့် သံယောဇဉ်တ တစ်ရစ်ချင်းပြန်တင်းလာသည့် ကြိုးတစ်စလို ..။

"ဘာသတင်းကြားရလို့ ငုတ်တုတ်မေ့သွားတာလဲ အဝန်း၊ ဘာလဲ ဟိုအဘွားကြီးလိပ်စာ ရှာမရလို့လား .."

"ဟုတ်တယ် .."

သူ ဖုန်းချလိုက်ပြီး အထက် မျက်နှာလေးကို တောင်းပန်သလိုကြည့်မိကာ ..၊

"ရွာမှာရော ဒီမှာရော သူ့မှာ ကိုယ့်တစ်မျက်နှာပဲ အားကိုးစရာရှိတာ .."

"မထင်ရဘူးပဲ .. သူ့အမူအရာ အပြောအဆိုတွေက အားကိုးမဲ့လို့ ပြေးလာတာနဲ့ လုံးဝကိုမတူဘာ .."

စက်ဝန်း မျက်နှာ ငိုင်တွေနေကာ ..၊

"တစ်ချို့က သနားခံရတာကို မနှစ်သက်ဘူး .. သနားတာကိုလည်း မကြိုက်ဘူး .."

ရှင့်ညီမက အဲ့လိုအဆင့်အတန်းနဲ့လာတဲ့ မာနမျိုးရှိတာမဟုတ်ပါဘူး ..။

စိတ်ထဲကပြောမိရင်း ကိုယ့်အမူအရာတွေမှာ ပေါ်မသွားအောင် အထက် ထိန်းလိုက်ရသည်။ ရင်ထဲမှာ လုံမဒီ ဆိုတဲ့ မိန်းကလေးအပေါ် မလိုလားစိတ်တွေပဲ ဖြစ်နေမိတာ ဘယ်လိုဆုတောင်းတွေရှိခဲ့လို့လဲ ..။

အထက် ကိုယ့်စိတ်ကို ရိုးသားဖို့လည်း ကြိုးစားကြည့်ခဲ့ပါသည်။ ဒါပေမယ့် စေတနာနဲ့ ပြောမိတာတောင်မှ ဒေါသကင်းတာ ကိုယ့်ဘာသာသိနေသည်။

ဘာကိုကြည့်ကြည့် ဘာကြောင့်ပြောပြော အမြင်ကတ်ပုဒ်မတွေ ပါနေတာ စိတ်တော့ သိပ်မလုံ ..။

သို့သော် သင်းကလည်း အချိုးမပြေတာတွေရှိနေသည်မို့ ကိုယ့်ဘက်



ကပဲ ဖြောင့်မတ်ဖို့တော့ မကြိုးစားနိုင်ပါ။

"အထက် .. မင်းကို ကိုယ့်ဘက်က ပျက်ကွက်မှုတွေအတွက် တောင်းပန်ပါတယ် .."

သူမအတွေးတွေက စက်ဝန်း ရဲ့ တောင်းပန်စကားကြောင့် အတည့်ပြုလိုက်သလိုဖြစ်သွား၏။

ထို့ကြောင့် ခပ်တည်တည်ပဲပြန်ကြည့်မိကာ ..၊

"ဘာကိုလဲ အဝန်း .."

"ကိုယ် လုံ့ အတွက် စိတ်ပူနေတာတွေကြောင့် စီးပွားရေးမှာရော မင်းအတွက် အချိန်တွေကိုပါ .."

"ယူ ကိုယ့်ကိုယ်ကိုယ်သိဖို့ပဲလိုတာပါ .."

အထက် က လင်မယားချင်းပေမယ့် စိတ်ဆိုးနေပြီဆို 'ယူ' တွေ 'တို့'တွေ ပါလာတတ်ကာ ..၊

"သူ ထွက်သွားတာ အထက် ကြောင့်လို့ပဲ ယူ တွေးမနေဘူးဆိုရင် ကျေးဇူးတင်တယ် .."

"အဲ့လိုချည်းပဲ ကိုယ်မတွေးပါဘူး .. ဒါပေမယ့် လုံ က မျက်နှာငယ်တစ်ယောက်အဖြစ် ဒီမှာနေတာပါ .."

"ဪ .. ဒါကြောင့် သူကတော့ မာနထားခွင့်ရှိတယ်၊ အထက် က ချမ်းသာမိတဲ့အဖြစ်နဲ့ အောက်ကျို့ဆက်ဆံရမယ် .. ဒီလိုလား .."

"ကိုယ် .."

သူ မပြောရသေးခင် .. ဖုန်းဝင်လာလျှင် ..၊

"ကိုယ်သွားတော့မယ် .. မင်း အဲ့လိုထင်နေတာတွေအတွက် ပြန်လာရင် ကိုယ်ပြောတဲ့သဘောကို ရှင်းပြမယ်နော် .. စိတ်တွေတိုမနေနဲ့-

ဒေါသထွက်နေသည့် မျက်နှာလေးက ပါးလေးတစ်ချက်နမ်းမိပြီး ဖွဖွလေးပုတ်လိုက်တာနှင့် ပြေကျသွားခဲ့၏။

ဖုန်းကိုင်လိုက်တော့ စက်ဝန်း က လှည့်ထွက်လာခဲ့၏။ သို့သော်—

www.burmeseclassic.com

www.burmeseclassic.com



"ဟလို ..."

"..... ..... ....."

"ဟင် .. လုံမဒီ လား .."

စက်ဝန်း ခြေလှမ်းတွေတုံ့သွားသည်။ ပြီးတော့ ချက်ချင်း ပြန်လှည့်လာကာ ..၊

"ကိုယ့်ကိုပေး .."

ဖုန်းကိုဆွဲယူလိုက်ပြီး စိတ်လောကြီးနေတာကို ဟန်မဆောင်နိုင်..။

"လုံ ..."

"..... ..... ....."

"ဘယ်လို .. ဘာ .."

"..... ..... ....."

"မင်း .. နင် ကားအက်ဆီးဒင့်ဖြစ်တယ် .. ဟုတ်လား .."

"..... ..... ....."

"လုံ့ .. နင် ငါ့ကိုရွဲ့နေတာလား .."

စက်ဝန်း အရမ်းစိတ်ပူနေတာကို ငေးကြည့်နေရင်း အထက် စိတ်မကောင်းဖြစ်သွားမိသည်။ 'ခွေးရိုက်ချင် ခွေးမျက်နှာကြည့်' တဲ့ ..။ ပြီးတော့ 'မျောက်သားစားချင် မျောက်မျက်နှာကြည့်' ရတယ်ဆိုတာတွေ ..။

'မ' ကိုချစ်မှ 'ဥ' ကိုခင် ဆိုတာတွေရော ရှေးဆိုရိုးတွေကို သူမ ဥပေက္ခာပြု၍ လုံ့ အပေါ် စိတ်ထဲဖြစ်လာတဲ့အတိုင်း ဆက်ဆံမိတာများပြီထင်သည်။

တကယ်ဆို စက်ဝန်း ရဲ့ ညီမအရင်းဖြစ်သည့်ပြင် သူတို့မောင်နှမက ကိုယ့်ထက် နိမ့်ပါးတဲ့ဘက်က ..။

"ဘာတွေပြောသွားလို့လဲ အဝန်း .."

ဖုန်းကိုချထားလိုက်ပြီး မျက်နှာကိုပဲ ဖိပွတ်နေသဖြင့် အထက်



က အနားကပ်လာပြီးမေး၏။ ပြီးတော့ လက်မောင်းကို လာကိုင်သဖြင့် စက်ဝန်း သူမ ပခုံးလေးကို ဖက်ထားလိုက်ကာ ..၊

"သူ အကြီးသိမ်း တို့ အိမ်မှာ အေးလှ နဲ့အတူ ရှိနေတယ်တဲ့ .."

"ဒါဆို အဝန်း စိတ်အေးရပြီ မဟုတ်ဘူးလား .. ဟိုမှာ မပြည့်စုံဘူးထင်ရင်တောင် ထောက်ပံ့လိုက်ပေါ့ .."

စက်ဝန်း က ဖျတ်ခနဲငဲ့ကြည့်လျှင် ..၊

"အထက် က ဒီမှာမနေစေချင်လို့ပြောတာမဟုတ်ပါဘူး၊ ခု သူထွက်သွားတာလည်း သူ့သဘောနဲ့ သူပဲ .."

"ဟုတ်ပါတယ် .."

ဘယ်သူ့မှာမှ အပြစ်မရှိတာအမှန်ပါ။

ဒါတွေဖြစ်လာခဲ့တာ သူ့ကြောင့် ..။

"သူ တော်ဝင်စင်တာက ထွက်သွားတုန်းက အေးလှ ဆီ ခဏဆိုပြီး သွားတာတဲ့၊ လမ်းမှာ သူစီးတဲ့ကား အက်ဆီးဒင့်ဖြစ်လို့ .."

သူ ပြောပြနေရရင်း လုံ တကယ်အဆင်ပြေတာဟုတ်ရဲ့လားလို့ တွေးနေမိ၏။

"သူ အဲ့ဒီဒဏ်ရာကုရင်း အလုပ်ရှာပေးဖို့ အေးလှ ကို ပြောထားတယ်တဲ့၊ အေးလှ က အကြီးသိမ်း ရဲ့ စတိုးဆိုင်မှာ အရောင်းစာရေးလုပ်နေတာလေ .."

"အရောင်းစာရေးလုပ်တာ ဘယ်လောက်ရမှာမို့လို့လဲ .."

"သူကတော့ တခြားအလုပ်လို့ပြောတာပဲ .. ဒါပေမယ့် အကြီးသိမ်း ဆိုတဲ့ မိန်းမကြီးက ပါးစပ်ကြမ်းတယ် .."

"သူ အဆင်မပြေရင် ပြန်လာမှာပေါ့ အဝန်း ရယ် .. ရှင် သူ့အတွက်ပူနေရတဲ့ အချိန်တွေကို နာရီမိနစ်တွေနဲ့တွက်ရင် မနည်းတော့ဘူးနော်.. ဒီမှာက အစ်ကိုအရင်း ဟိုမှာက ရပ်ခွေရပ်မျိုး ဘယ်မှာပိုနေသင့်တာလဲ သူသိမှာပေါ့ .. အခု သူ့အခြေအနေသိရပြီမို့လား .. အလုပ်ကို အာရုံ

www.burmeseclassic.com

www.burmeseclassic.com



စိုက်ဖို့လည်း စဉ်းစားပါဦး ..”

ပြောနေရင်း တစ်စုံတစ်ခုကို သတိရသွားသလိုဖြစ်ကာ ..၊

“ဒီအိမ်က ဖုန်းနံပါတ်ကို သူ ဘယ်လိုသိသွားတာလဲ ..”

အထက် က နှုက်နှုက်ချွတ်ချွတ်တွေးတတ်သူပီပီ မျက်ခုံးလေးတွန့်နေအောင် စဉ်းစားရင်း ..၊

“ဒီဖုန်းနံပါတ်မေးထားလောက်တဲ့အထိ သူ ထွက်သွားဖို့ အစီအစဉ်တွေရှိနေတာ ဖြစ်နိုင်လား .. ဒါမှန်ရင်တော့ သူ အထက် ကို တမင်ပြဿနာရှာနေတာပဲ ..”

“မဟုတ်တာ အထက် ရယ် ..”

“ဟုတ်တယ် အဝန်း .. သူလုပ်သွားပုံက အထက် တို့ လင်မယားနားလည်မှုမရှိကြရင် ကွဲသွားနိုင်တယ်လေ၊ ခုတောင် အဝန်း စိတ်ထဲမှာ အထက် ကို ဘယ်လောက်တောင် ..”

“မင်းကို ကိုယ်နားလည်တာပေါ့ အထက်ရယ် .. ကြီးတဲ့အမှုငယ်ပါစေ .. ထပ်ကြီးကျယ်သွားအောင် ချဲ့ကားတွေးမနေပါနဲ့တော့ ..”

အထက် က နှုတ်ခမ်းလေးစူနေဆဲရှိကာ သူ ပွေ့ပိုက်ထားလိုက်ပေမယ့် ကျေနပ်သွားတာမဟုတ်မှန်း ခံစားမိနေသည်။ သို့သော် သူ့စိတ်ထဲ အမျှင်မပြတ်သည့်အတွေးက လုံ့ အကြောင်းပဲဖြစ်၏။

သူမ ပြောသွားတာတွေအားလုံး အမှန်တွေဖြစ်နိုင်ရဲ့လား ..။

အမှန်တစ်ဝက် အမှားတစ်ဝက် ပြောလိုက်ရသည့် စကားတွေအတွက် တစ်ဖက်မှာ လုံ လည်း စိတ်မကောင်းဖြစ်နေမိခဲ့သည်။ သူမအတွက် စက်ဝန်း ဒီလောက်ထိပူပင်နေလိမ့်မည်လို့ မထင်ခဲ့တာတော့ အမှန်ပင် ..။

ထို့ပြင် ကိုယ်မရှိလျှင် သူ့အတွက်ပိုလို့တောင် စိတ်ရှုပ်ရသက်သာဦးမည်လို့ ထင်ခဲ့မိ၏။ ဒါပေမယ့် ကြားရသည့် စက်ဝန်း ရဲ့ အသံက သူမထင်သလို မဟုတ်ခဲ့ ..။



“ကဲ ပြောလို့ပြီးရင် ဖုန်းချလိုက်တော့ ..”

ပြောပြောဆိုဆို ခေါင်ဖျား ကပဲ ဖုန်းကိုပြန်ချထားလိုက်ကာ ..၊

“ဘာလဲ .. မင်းကို ဆူနေလို့လား ..”

“သူ စိုးရိမ်နေလို့ပါ ..”

“အဲ့ဒီတော့ လာခေါ်မယ် ဘာညာမပြောဘူးလား ..”

“ပြောတယ် ..”

ဟင်!...၊

မထင်လို့ အမှတ်တမဲ့ ထွေဝေသလို မေးလိုက်တာဖြစ်သည်။ မောင်နှမဝမ်းကွဲလည်းဖြစ်သည်။ ဇနီးဖြစ်သူနဲ့လည်း အဆင်မပြေသော ညီမကို ဘယ်လိုအစ်ကိုမျိုးက သည်းခံစောင့်ရှောက်ချင်တာလဲ ..။

ထွေဝေ ပြောလိုက်မိတာ အားနာသွားပေမယ့် အံ့ဩတာကပို၏။ သို့သော် သူ အံ့ဩချိန်မရလိုက်အောင် လုံ့ စိတ်က တခြားတစ်ခုကို ရောက်သွားခဲ့လျက် ..။

“လုံ့ ကို အေးလှ ဆီ ခေါ်ပေးပါဦး ..”

“ဘာ!...”

“အေးလှ ဆီလေ .. ဒီမှာလိပ်စာ .. အကြီးသိမ်း က သူ့ဒွေးဝါ သူ့မှာလည်း ဖုန်းရှိမှာပဲ ..”

လိပ်စာကိုငုံ့ကြည့်လိုက်တော့ ဖုန်းနံပါတ်မပါဘဲ တစ်ကြောင်းနှစ်ကြောင်းတည်း ..။

“ဖုန်းနံပါတ်မှ မပါဘဲ ငါက ဘယ်ကိုဆက်ရမှာလဲ ..”

“စက်ဝန်း တို့အိမ်က ဖုန်းနံပါတ်ကိုတော့ ရှင်သိနေပြီးတော့ ..”

ဒေါပွန်သို့ အကြည့်တွေ သူ့ဆီရောက်လာသည်။ ခေါင်ဖျား ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေမိမှန်း မသိအောင် ကြောင်တောင်တောင်ဖြစ်သွားသည်။

“ရှင် မခေါ်ပေးချင်လည်း နံပါတ်ပဲပြောပြ ..”

www.burmeseclassic.com

www.burmeseclassic.com



သူခေါ်ပေးတာ တစ်ခါကြည့်ထားပြီးပြီမို့ လုံ က ဖုန်းဆီပြန်လှည့်၏။ ခေါင်ဖျား က စိတ်မရှည်နိုင်စွာ ဖုန်းကို သူမထက်ဦးအောင် ဖိကိုင်ထားလိုက်ပြီး ..။

"မင်း ဒီလောက်တောင် တုံးရသလား လုံမဒီ၊ မင်းအစ်ကိုအိမ်က ဖုန်းနံပါတ်ကို ငါ ဘာအကြောင်းနဲ့ပဲသိနေနေ ရန်ကုန်တစ်မြို့လုံးမှာရှိ သမျှ နံပါတ်တွေ ငါက သိနေနိုင်မလား .."

ဟုတ်လားဆိုသည့် မျက်ဝန်းလေးတွေနှင့် လုံ က ပြန်လှည့်ကြည့်၏။ ပြီးတော့ မျက်တောင်လေးတွေခတ်၍ စဉ်းစားနေရင်း ..၊

"ဒါဆို အေးလှ တို့ဆီ စက်ဝန်း က သွားမေးလိုက်ရင် လုံ ညာလိုက်တာ သိသွားမှာပေါ့ .."

"မသိစေချင်ရင် ခင်ဗျားကိုယ်တိုင် အဲ့ဒီမှာ သွားနေလိုက်တော့ .."

"ကဲပါ .. လိပ်စာသိတယ်မို့လား .. တစ်ယောက်ယောက်လွှတ်လိုက်ရင်ဖြစ်တာပဲ၊ ဖုန်းနံပါတ်မှမရှိတာ သူတို့လည်း ချက်ချင်းတော့ သွားမစုံစမ်းလောက်ပါဘူး .."

အကြီးသိမ်း တို့ အိမ်လိပ်စာလည်း စက်ဝန်း သိချင်မှသိမှာပါ။ ကိုယ်တိုင်သွားစုံစမ်းချင်မှလည်း စုံစမ်းလိမ့်မည်။ ဒါပေမယ့် ခုလိုစိတ်ပူနေပုံမျိုးနဲ့ဆို မစုံစမ်းဘူးလို့လည်း မဆိုနိုင် ..။

စက်ဝန်း ငါ့ကို သနားညှာတာစိတ်လေးနဲ့ စိတ်ပူဟန်ဆောင်ပြတာများလား ..။

"ပြီးတော့ လုံက ကိုယ့်ဘာသာ အလုပ်ရှာမယ်လို့ပြောလိုက်သေးတယ်၊ လုံ တကယ်အလုပ်ရပါ့မလားဟင် .."

"ဒီလောက်တုံးတစ်နေတော့ သိပ်တော့မသေချာဘူး .."

"ရှင် လူကို ဘာကိစ္စတုံးတယ် တစ်တယ်ချည်းပဲ ပြောနေရတာလဲ .."

ကြားရဖန်များလာတော့လည်း မခံနိုင်တော့ပေ။ ခေါ်ဟန်သီ လည်း ဘယ်ဘက်ကို ဖိရမှန်းမသိဘဲ သက်ပြင်းချမိလေသည်။ အလုပ်ခန်းမှာ



ပဲ စုပြုံနေကြတာမို့ သူမ မနက်စောစောထလာပြီး လူမမာစာတွေ ချက်ပြုတ်စီစဉ်ပေးနေတာပါ။

လုံ တစ်ယောက်တည်းတုန်းက အထဲဝင်ချက်လိုက် သူမနဲ့ စကားလာပြောရင်း သူ့အကြောင်းမေး ကိုယ့်အကြောင်းပြော ပြောနေကြတာ အကောင်း ..။

ယောကျ်ားလေးတွေ နိုးလာပြီဆိုမှ သူများတွေကို ပြောစရာမလိုဘဲ ခေါင်ဖျား နဲ့ လုံမဒီ တကျက်ကျက် ..။

"မလုံ ကလည်း ဆန္ဒတွေစောနေတယ် .. ဘရာ ကလည်း စိတ်မရှည်တတ်တာနဲ့ နားလည်မှုလွဲနေကြတာပါ .."

"အဲဒါပဲ မတည့်အတူနေဆိုတာ .."

"ဘယ်သူက အတူနေမယ်ပြောလို့လဲ .."

"ပြောတိုင်းရော နေလို့ရမှာမို့လို့လား .."

"နေလည်း မနေပါဘူး .."

"ကျေးဇူးတင်ဖို့က စဉ်းစားရဦးမယ် .."

"တွေ့လား ကလေးတွေ ရန်ဖြစ်နေကြတာကျနေတာပဲ .."

"ကလေးပဲ ရန်ဖြစ်တတ်တာ မဟုတ်ဘူးကွ .."

"ခေါင်ဖျား ရေ .."

ခေါ်ဟန်သီ ဝင်ပါရတော့သည်။ လုံ ကလည်း ပြောဖို့ပြင်လိုက်ပြီးမှ ခေါ်ဟန်သီ ကို ငဲ့ကြည့်ပြီး ငြိမ်ကျသွားသည်။

"မင်းတို့နဲ့ပတ်သက်ပြီးမှ လုံမဒီ ကို ခေါ်လေးသိတာနော် .."

"ပတ်သက်တာတွေကိုပြောနေတာမှ မဟုတ်တာ .. ဖွာလိုက်တာ လက်လန်တယ် .."

"ဟဲ့ .. မခံချင်အောင်ပြောလာရင်တော့ ဘယ်သူက ငြိမ်ခံနေမှာလဲ .."

"ဘယ်သူက မခံချင်အောင်ပြောနေလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ဒေါ်လေးကလည်း ဘရာ က မခံချင်အောင်ပြောစရာလား .."

ခေါင်ဖျား အကြည့်တွေ တန်းခနဲ ရောက်လာတော့ ချစ်သူက မျက်နှာသေလေးနှင့် ..။

"မလုံ အမိပွာယ်ကောက်လွဲနေတာကို ပြောတာပါ၊ သူ့ကို မခံချင်အောင်ပြောလို့ ဘရာ က ဘာအကျိုးရှိမှာလဲ .. အဟွန်း .."

"အေး .. သူများအကျိုးရှိတာ မရှိတာထက် မင်းတို့ ကျိုးနေတာတွေ မြန်မြန်ကောင်းဖို့ပဲလိုတာ၊ ဒီခြေထောက်တွေ ထော့နေသ၍ ဘာမှ လုပ်ကိုင်နိုင်မှာမဟုတ်ဘူး .. ဟိုနေ့က ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေလည်း ပျက်ကုန်လို့ဆို .."

"ဟုတ်တယ် .."

ဖြေသည့် ခေါင်ဖျား မျက်နှာကြီးက စိတ်ပျက်လက်ပျက်နှင့် ..၊

"အဲ့ဒီပုံတွေတင်မကဘူး .. တခြားအရေးပါတဲ့အလုပ်ကိစ္စတွေလည်း ပါသွားတယ်၊ ကင်မရာတစ်ခုလုံး ကြေမွသွားတာ **memory card** က ဘယ်ရောက်သွားမှန်းကို မသိတော့ဘူး .. ရောသောကြေမွသွားသလား ကျပျောက်သွားတာလား .."

"အဲဒါ ကျွန်တော်တို့ ချက်ချင်းပြန်မရှာနိုင်လို့ ဘရာ .. ကြေမွသွားရင်တောင် ကင်မရာထဲမှာရှိရမှာပေါ့ .."

"ကဲ .. ပစ္စည်းတွေ ဘာပျက်ပျက် နှမြောမနေကြနဲ့၊ ကင်မရာကြောင့် လူကို သိပ်မထိတာလို့ပြောတယ်၊ လူ့ဒဏ် ပစ္စည်းခံရတာ ကျေးဇူးတောင်တင်ရဦးမှာ အရေးကြီးတာက မင်းတို့ မြန်မြန်နေကောင်းဖို့ပဲ .. ခြေထောက်တွေ အမိကထိခိုက်မိထားရင် ခြေထောက်တွေကို ဂရုစိုက်မှပေါ့ .."

"ကျွန်တော်တို့လည်း စိုက်နေတာပဲ ဒေါ်လေးရ .."

"အဲဒါကြောင့် အိပ်ရာကထလာတာနဲ့ ဝရန်တာထွက်မယ် ခြံထဲ



ဆင်းမယ်ဖြစ်နေကြတာ .."

မင်းအံ့ က ခေါင်းကုတ်ရင်း ရယ်ကာ ..၊

"ဒေါ်လေးရာ .. နာတယ်ဆိုပြီး ညှာနေရင် နာတာရှည်တယ်လေ.."

"ဘယ်သူပြောတာလဲ .."

"ဒီလိုပဲပြောနေကြတာ .."

"အေး .. အဲဒါက ထောက်နိုင်ကြွနိုင်တဲ့အခါ သန်မာဖို့လေ့ကျင့်ရတာဟဲ့ .. ဖြစ်ထားတာ မနေ့တစ်နေ့ကမှ ဒီနေ့ထပြေးချင်လို့ ဖြစ်မလား"

လုံ့ ကို လှည့်ကြည့်တော့လည်း ခုတင်ပေါ်ကနေ ခြေချထိုင်ရင်း လွှဲနေလိုက်၊ ခြေချိဖိကြည့်လိုက်နှင့် တစ်ချက်မှ အငြိမ်မနေ။ ဒီမိန်းကလေး ဘယ်ကလာပြီး ဘယ်လိုစရိုက်အခြေခံမျိုးလဲဆိုတာ မသိနိုင်သေးမယ့် သူမပုံစံလေးကိုက မဟုတ်တမ်းတရားထင်ရလောက်စရာ မရှိပေ။

လူတိုင်းမှာ ဖွင့်မပြောနိုင်ကြတဲ့ လျှို့ဝှက်ချက်တစ်ခုခုတော့ရှိနေကြတာပဲဖြစ်သည်။ သူမမှာ ဖွင့်မပြောနိုင်တဲ့ အကြောင်းတစ်ခုခုရှိနေရင်တောင် ဒါက သူမရဲ့ စိတ်ဓာတ်စာရိတ္တနဲ့တော့ သက်ဆိုင်မှာမဟုတ်ဘူးဆိုတာ ယုံကြည်မိသည်။

ဒေါ်ဟန်သီ သူမကို သဘောကျနေမိရသည့် အကြောင်းက သူမရဲ့ ကတ္တီပါသားလို ထူခဲညို့မှောင်းသော ဆံနွယ်ရှည်များပင် ..။ ဘာပဲဖြစ်ဖြစ် မိန်းမကောင်းလေးတစ်ယောက် အတိဒုက္ခရောက်နေတာကိုတော့ ပစ်မထားနိုင် ..။

ထိုစဉ် ..၊

"ယော .. ဖုန်းသံကြားတယ် .."

"အပြင်ကဖုန်း အဲ့ဒါ .."

သူ့အိပ်ရာဘေးက ဖုန်းမြည်နေတာကို အားလုံးအကြည့်တွေရောက်သွားကာ ..၊

"ဟုတ်တယ် ညတုန်းကလည်း အဲ့ဒီဖုန်း ခြောက်ခါလောက် ထမြည်

www.burmeseclassic.com

www.burmeseclassic.com



တာ .. ဖုန်းလာရင် မကိုင်နဲ့ဆိုလို့ ..”

ခေါင်ဖျား ရဲ့ အိပ်ခန်းထဲမှာ သူမ အိပ်နေတာမို့ အပြင်ထွက်အိပ်အိပ်ရသည့် ခေါင်ဖျား က သေချာမှာထားခဲ့တာ ဖုန်းမကိုင်ဖို့ ..။ ဒီတစ်ထပ်လုံးမှာ ရှေ့မျက်နှာစာလေးမှာပဲ ဓာတ်ပုံစတူဒီယိုဖွင့်ထားတာဖြစ်ကာ အတွင်းခန်းတွေက အားနေခဲ့သည်။

မင်းအုံ တို့ကလည်း စတူဒီယိုထဲမှာ အိပ်ကြတာများကာ အိပ်ခန်းထဲမှာ စံနစ်တကျဝင်အိပ်တတ်တာ ခေါင်ဖျား ပဲရှိသည်။

ခုကျတော့ အလုပ်မလုပ်နိုင်ကြသေးသဖြင့် ဆိုင်ထဲမှာ ကောင်လေးတွေနဲ့ လွှဲထားရပြီး သူတို့က နောက်ထဲမှာ မင်းအုံ နဲ့ ချစ်သူ က တစ်ခန်း၊ ခေါင်ဖျား က တစ်ခန်း ..။

မနက်ပိုင်းဆို ကိုယ်ယောင်ဖျောက်နေကြရပြီး ည အလုပ်ပိတ်ပြီဆိုမှ ထွက်အိပ်ကြ၏။

“ဟဲ့ .. ဟဲ့ .. ဩော် .. ဖုန်းရှိရာသွားမနေပါနဲ့ လုံ ပ် ကိုင်လိုက်ပါစေတော့ ..”

“ဟာ .. ဖြစ်မလား ဒေါ်လေးရ ..”

ကိုင်လိုက်ပါစေဆိုတော့ လုံ က ကိုင်လိုက်ပြီးကာ ခေါင်ဖျား က ခြေရင်းမှာထိုင်ပြီး လက်ထောက်လှဲလိုက်ကာ ..၊

“ပေး .. ပေး ..”

“ရော့ ..”

ဖုန်းကလက်နဲ့ မမှီတမီဖြစ်နေလျှင် လုံ က ပုခတ်ကို လှမ်းယူပြီး ပိုက်ထားလိုက်ကာ ..၊

“ရပြီ ..”

လုံ သွက်သွက်လက်လက်လုပ်တတ်တာလေးကို ဒေါ်ဟန်သီသဘောတွေကျနေခဲ့လျက် ခေါင်ဖျား ကတော့ မထနိုင်ဘဲ လှဲနေရင်းနဲ့ စကားပြောရလျှင် မသိရင် လုံ နဲ့ သူက အိပ်ရာပေါ်မှာ လင်မယားတွေလို



ရင်းနှီးစွာ ရှိနေကြတဲ့အတိုင်း ..။

“အေး .. ငါထွက်မလာနိုင်သေးဘူး .. မင်း ကြည့်ကောင်းအောင် ပြောလိုက် ..”

“.... .... ....”

“အဲ့ဒါလည်း ပြောလို့မရသေးဘူးလို့ .. မင်း ရက်ချိန်းသွားမပေးနဲ့နော် ..”

“.... .... ....”

“ဘီယာ .. မင်း တော်တော်ရစ်ပါလားကွ .. ဒါလေးတောင် မဖြေရှင်းနိုင်ဘူးလား .. တောက် ..”

ဒေါသတွေထွက်ပြီး ဖုန်းချလိုက်တော့ ဝှတ်ခနဲ ..။

“ရှင် .. ရှင်တို့က ကြွေးရှင်တွေကို ပုန်းနေရတာလားဟင် ..”

“ဟုတ်တယ် .. ပေးစရာမရှိရင် မင်းကို အပေါင်ထည့်ပေးလိုက်ဖို့ စဉ်းစားနေတာ ..”

ပြောပြီး ကျူးထလိုက်လျှင် ..၊

“အား .. ကျွတ် .. ကျွတ် ..”

“ကောင်းတယ် .. ကိုယ့်ဒေါသနဲ့ကိုယ် ..”

ခေါင်ဖျား မျက်နှာ ရဲခနဲဖြစ်သွားသည်။ လက်တစ်ဖက်ကဆွဲပြီး နားရင်းအုပ်ပစ်လိုက်ရရင် ကြည့်ကောင်းဦးမည်။

မနေတတ် မထိုင်တတ်နဲ့ ..။

❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဘရာ က နိုင်ငံခြားမသွားခင်တည်းက ဒီစတူရီယိုနဲ့ ပန်းချီခန်းကို ဖွင့်နိုင်ခဲ့တာ .."

တော်တော်တန်တန်သွားလာနိုင်တာနှင့် မင်းအုံ နဲ့ လုံ တို့ ညနေပိုင်းတတိယထပ်က ရေကူးကန်ထိတက်လာခဲ့ကြပြီး အေးဆေးစကားထိုင်ပြောဖြစ်ကြသည်။

"တကယ်ဆို ဘရာ က မဆင်းရဲပါဘူးဗျာ .. လူလတ်တန်းစားထဲမှာဆို သူဌေးစာရင်းဝင်တဲ့အဆင့်မျိုးပါ၊ ဒါပေမယ့် သူ့ချစ်သူက အရမ်းချမ်းသာတော့ ဆရာက ပြည့်စုံမှုမရှိဘူးဖြစ်သွားတာပေါ့ .."

"သူ့ချစ်သူက ဘယ်သူလဲဟင် .."

"မသိဘူး .. ဘရာ က နေရာတကာပြောပြတတ်တဲ့အကျင့်မရှိဘူး၊ သူ့ကို ဆရာခေါ်ရင်လည်း မကြိုက်ဘူး၊ ဘရားသားလို့သာ ခေါ်ခိုင်းတာ ညီအစ်ကိုသူငယ်ချင်းလို ပြောဆိုတိုင်ပင်တာလည်း မရှိဘူး၊ သူ ခံစားနေရမှန်းသိလို့ မျှဝေခံစားပေးပါ့မယ်ဆိုတာတောင် အသည်းကွဲတာကို မျှခံစားရအောင် ချစ်တုန်းက မျှချစ်ခဲ့တာမို့လို့လားတဲ့ .. အဲ့လိုပြောကျတာ .."



"ဒီလိုဆို အေးအတူပူအမျှ ရဲဘော်ရဲဘက်စိတ်ဆိုတာတွေ ဘယ်သွားထားမလဲ .."

"သူ ဘယ်မှာထားသလဲတော့ မသိဘူး .. အဲ့ဒီအမျိုးသမီးကို သူ ခိုးပြေးတာတောင် .."

"ဟင် .. သူတို့ အဲ့လောက်တောင် ပတ်သက်ခဲ့ကြတာလား .."

"ဟုတ်တယ် ပြီးတော့ ဆယ့်လေးငါးရက်တည်းနဲ့ ပြန်ကွဲသွားကြတယ် .."

"ဖြစ်ရလေ .."

"ဒေါ်လေးတို့ ပြောတာတော့ ဟိုဘက်က ညီအစ်ကိုမောင်နှမတွေက လာခွဲသွားတာတဲ့၊ ဆရာက မျက်နှာကမာကျောသလောက် စိတ်လည်းမာတယ်၊ သူ အရမ်းခံစားရတာကို သူ့အမူအရာပျက်နေတာလောက်ပဲ ခန့်မှန်းလို့ရတယ် .. ဘာမှ ဖွင့်မပြောဘူး .."

"သူ့ချစ်သူကို ဒေါ်လေးတို့ကတော့ သိမှာပေါ့ .."

"မသိဘူး .."

"ဘယ်လို ..."

ရေကူးကန်မှာ ရေကူးတဲ့လူ သိပ်မရှိပေမယ့် ရေကူးဝတ်စုံနဲ့ မိန်းကလေးနှစ်ယောက်ဆင်းလာတော့ ပြောနေသည့် စကားကို အံ့သြတာရော မိန်းကလေးတွေ ဝတ်ထားတာကို ထူးဆန်းနေတာရော ...။

လုံ မျက်လုံးတွေပြူးထွက်လာသလိုပင် ...။

သို့သော် ရေကူးကန်နဲ့ ရေကူးကြတဲ့ လူတန်းစားတွေအကြောင်း ခုနကပဲ မင်းအုံ သေချာပြောပြထားတာမို့ စိတ်ကတော့ ခေါင်ဖျားအကြောင်းမှာပဲ ပိုမိုဖိစီးနေခဲ့ပြီး ...၊

"အဲ့လောက်တောင် သူက နှုတ်လုံတယ်နော် .."

"တမင်မှိုသိပ်နေတာမဟုတ်ဘူး၊ ပြောပြတတ်တဲ့အကျင့်ကိုမရှိတာနောက်ပြီး အဲ့ဒီတစ်ယောက်ကတော့ တော်တော်မာနကြီးတဲ့ပုံဗျ .. ဘရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းစနှစ်ခွန်းစ ပြောပြတဲ့ပုံအရဆို သူက ဘရာ့ ကိုတော့ချစ်တယ် လူကိုသာချစ်တာ ဘဝကိုမချစ်တာမျိုးပေါ့ ..”

“ကိုခေါင်ဖျား က ဘာဖြစ်နေလို့လဲ ..”

“မကြီးစု က ဆယ့်သုံးနှစ်သမီးတည်းက စကားမပြောနိုင်တဲ့ရောဂါ ရသွားတာလေ ..”

“အဲဒါ ဘာဖြစ်လဲ .. မွေးရာပါလည်းမဟုတ်ဘူး၊ ကူးစက်ရောဂါ မျိုးလည်းမဟုတ်ဘဲနဲ့ ..”

“မပြောတတ်ပါဘူး၊ ဘရာ နဲ့ ညားရင် သူ ပြုစုရမှာစိုးလို့လားမှ မသိတာ ..”

ခေါင်ဖျား နဲ့ သူမ သိပ်မရင်းနှီးသေးပါ။ ဒါပေမယ့် ကြားနေရတာ ကိုတော့ ခေါင်ဖျား ဘက်က မခံနိုင်ဖြစ်နေမိ၏။

“ဒါတောင် ဘရာ က ပြန်ပေါင်းဖို့ကြိုးစားသေးတယ်၊ နောက်တော့ စတူရီယိုကို ကျွန်တော်နဲ့ထားခဲ့ပြီး သာရ ရယ် သတ္တိ ရယ်ကိုခေါ်ပြီး စင်ကာပူထွက်သွားတာပဲ ..”

“အဲ့ဒီလူတွေကိုခေါ်သွားပြီး ဘာလုပ်တာလဲ ..”

“ဟိုမှာ ခတ်ပုံနဲ့ အက်ဒစ်သင်တန်းတွေတက်နိုင်ဖို့လေ .. အကုန်လုံးကို ဘရာ ကပဲ စရိတ်စကအကုန်ခံပြီး ပညာသင်ဖို့ထိ တာဝန်ယူခဲ့တာ ..”

“ခတ်ပုံရိုက်တာ အဲ့လောက်တောင်ခက်ခဲလို့လားဟင် ..”

“ဘယ်ပညာမဆို ဝါသနာပါလို့ လေ့လာသင်ယူမယ်ဆိုရင် ပြီးဆုံးသွားတယ်ရယ်လို့မရှိဘူးဗျ .. ဘရာ က ခတ်ပုံကိုသိပ်ဝါသနာပါတာ၊ ပန်းချီကတော့ သူ့စိတ်အပန်းဖြေတဲ့သဘောလောက်ပါပဲ၊ သူ စိတ်ညစ်လာရင် အရက်သောက်တာ လေလွင့်တာတွေမဖြစ်ဘူး၊ တိတ်ဆိတ်အေးချမ်းတဲ့နေရာတွေမှာ ပန်းချီသွားဆွဲတာပဲ ..”

“အဲဒါကောင်းတာပေါ့ ..”



“ကောင်းပေမယ့် သူ့ရင်ထဲမှာ ဘာဖြစ်နေတာကို ခန့်မှန်းမရတာ တော်တော်ဆိုးတယ်၊ သူ့အတွက် ဘာလုပ်ပေးရမှန်းမသိဘဲ သူ စိတ်ဆင်းရဲနေတာကိုထိုင်ကြည့်နေရတာ မလုံ စဉ်းစားကြည့် ..”

“ဟုတ်တယ် ..”

လုံ နဲ့ သူ စတွေ့တုန်းက မွေးနေ့ပွဲကို ပြောပြလိုက်ဖို့ ရည်ရွယ်ပြီးမှ သူက လျှို့ဝှက်တတ်တာကို သတိရမိသည်။ ဒါကို သူ ပြောစေချင်ရဲ့လား မပြောစေချင်ဘူးလား မသိ ..။

တော်ကြာ ‘တုံးတစ်’ သည့်အဆင့်ကနေ ‘ပါးစပ်ဖွာ’ သည့် ဘွဲ့တစ်ခုထပ်တိုးနိုင်၏။

“ဟိုမှာ သတ္တိ တို့ကို သင်တန်းတက်နိုင်းပြီး ဘရာ က အလုပ်လုပ်တာလေ၊ ငွေတွေရှာလာတာတော့ အများကြီးပါပဲ၊ ဒါပေမယ့် သူ့မျှော်လင့်ချက်တွေတော့ ဘာမှဖြစ်မလာပါဘူး ..”

“ဘာကိုမျှော်လင့်တာလဲဟင် ..”

“သူ့ချစ်သူကို ပြန်ရဖို့ပေါ့ .. ဘရာ ပြန်လာရင် စီးပွားရေးထပ်တိုးချဲ့မှာလား .. ဘာလုပ်ဖို့အစီအစဉ်ရှိသေးလဲဆိုတော့ ‘မိန်းမယူမှာ’ တဲ့..”

“မိန်းမယူမယ်ဆိုတာနဲ့ အရင်ချစ်သူကိုပြောတာဖြစ်စရာလား .. သုံးနှစ်လောက်ကြာမှတော့ ..”

“မပြောတတ်ပါဘူး .. အဲဒါကြောင့်ပြောတာပေါ့၊ သူ့ကိုခန့်မှန်းမရတာ တော်တော်ကိုဆိုးပါတယ်ဆိုမှ .. ဟော .. ပြောရင်းဆိုရင်း ဖုန်းလာပြီ ..”

ဒါပေမယ့် ကြည့်လိုက်တော့ ခေါင်ဖျား ဆီကမဟုတ် ..။

“ပြော သာရ ..”

“.... .... ....”

“ခုလား .. ငါ့ကို ဘရာ က အဲ့ဒီကိစ္စမလုပ်နိုင်းဘူးကွာ ..”

“.... .... ....”

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် .. ငါလျှောက်နိုင်နေပါပြီ အောက်မှာကားရှိလား .."

ဖုန်းပြောပြီးတာနှင့် ဆားမှာချထားသည့် ကင်မရာအိတ်ကို ကောက်ယူလိုက်ကာ ..၊

"ကဲ .. အောက်ဆင်းရအောင် .. အရင်ကိစ္စပေါ်လာလို့ .."

"ဟုတ်လား .. ကိုမင်းအံ့ ဆင်းနှင့်လေ .. ဓာတ်လှေကားနဲ့ဆင်းရတာပဲ .. ဒီနေရာလေးက အရမ်းလှလို့ .."

ပတ်ဝန်းကျင်ကိုလည်း မြင်နေရသည်။ ပြာလဲ့လဲ့ရေကန်နှင့် အလှပဒေသာတို့ကိုလည်း ထိုင်ကြည့်နေလို့ရသည်။ ထို့ပြင် သူမရဲ့ ယိုင်ခုံဆားမှာ တစ်ခါမှမမြင်ဖူးခဲ့သည့် ပန်းအလှပင်တွေက အိုးကြီးထဲမှာ ပန်းအတုတွေလားထင်ရအောင် လှလေသည်။

"ဒီရေကူးကန်က ဒီကွန်ဒိုမှာနေတဲ့လူတိုင်း လာကူးလို့ရတယ်လေ .. ညနေခင်းဆိုရင်လည်း ခြောက်လွှာကနေ **sunset** ကြည့်လို့ရတယ်၊ ညနေဆို အဲ့ဒီမှာလူတွေအများကြီးပဲ မသိတဲ့လူချင်းလည်း အဲ့ဒီမှာ ပြောဖြစ်ခေါ်ဖြစ်ပေါ့ .." တဲ့ ..။

မင်းအံ့ ရှင်းပြတာတွေနားထောင်ပြီး ပိုက်ဆံသာရှိလျှင် ကိုယ့်ဘဝကို လောကနိဗ္ဗာန်ဖြစ်အောင် ဖန်တီးနိုင်တာပဲလို့ တွေးနေမိ၏။ ပြီးတော့ လူတွေကလည်း စည်းစိမ်ခံစားဖို့အတွက်ဆို ပိုက်ဆံတွေအကုန်ခံပြီး သူ့ထက် ငါ သုံးဖြုန်းနေကြ၏။

ဒီကြားထဲမှာ ခေါင်ဖျား လို လူကိုဘယ်နေရာထားကြည့်ရမလဲဟု တွေးမိလာခဲ့သည်။ သူ့ချစ်သူ သူ လက်ထပ်ခဲ့တဲ့မိန်းကလေးဆိုတာ ဘယ်သူလဲ ..။

နိုင်ငံခြားကိုထွက်သွားတယ်ဆိုတာ ဒီမိန်းကလေးကို မေ့ဖျောက်ဖို့လား .. သူမနဲ့ ပေါင်းနိုင်ဖို့ စီးပွားရှာသွားတာလား ..။ သူ ဘာကြောင့်သွားပြီး ပြန်လာတော့ ဘာလုပ်ခဲ့သလဲဆိုတာ ဘယ်သူမှ မရိပ်မိအောင် သူ ဘယ်လိုများ ဖုံးဖိဟန်ဆောင်နေနိုင်တာလဲ ..။



"မာမီ .. မာမီရေ .."

"ဖြန်း ..."

"အမလေး .."

တွေးလို့ငေးလို့ကောင်းနေတုန်း ရေတွေဖြန်းခနဲလာစင်တာ အလုံးလိုက် ..။

"ဟယ် .. သားရယ် .. ဟိုမှာ သူများကိုရေတွေစင်ကုန်ပြီကွယ်.. ညီမလေးရယ် .. ဆောရီးပါနော် .."

ရေကန်ပေါ်တက်လာသည့် မအေကို ကန့်ထဲကနေ သုံးလေးတန်းအရွယ်ကောင်လေးက ရေနဲ့လှမ်းပက်လိုက်တာဖြစ်သည်။

မအေဖြစ်သူက တဘက်စောင် ပတ်ခြုံလိုက်ပြီး ပျာပျာသလဲလာတောင်းပန်သည်။

မျက်နှာနဲ့ ရင်ဘတ်တွေမှာ ရေတွေစိုရွှဲကုန်သဖြင့် လုံ က ရေတွေကို ပွတ်သပ်ခါချနေရင်း ..၊

"ရပါတယ် အစ်မ ကလေးကဆော့တာပဲဟာ .."

"အန်တီလေး .. အန်တီလေး ရေဆင်းကူးပါလား .. ရေမကူးတတ်ရင် သား သင်ပေးမယ်လေ .."

ကောင်လေးက ဝတုတ်တုတ်ပါးဖောင်းဖောင်းလေးနှင့် ချစ်စရာလေးဖြစ်သည်။ ပြီးတော့ စကားသွက်ပုံလည်းရကာ ..၊

"လာပါ အန်တီလေးရ .. ရေစိုနေပြီဥစ္စာ .."

"ဟင့်အင်း အန်တီက ရေမကူးတတ်ဘူး၊ ကူးကိုမကူးရဲတာ .."

ခေါင်းမှာလည်း ဒဏ်ရာက ပတ်တီးဖြေပြီးရုံပဲရှိသေးသည်။ ခြေထောက်ကလည်း သိပ်မကောင်းသေး ..။ လုံ ရေကူးတတ်ပါသည်။ ဒါပေမယ့် ချောင်းရေမှာပဲကူးဖူးသည်။ ခုလို ရေသေမှာတော့ မကူးရဲပေ ..။

သူမ အောက်ပြန်ဆင်းမှ ဖြစ်တော့မှာပါ။ ရင်ဘတ်တစ်ပြင်လုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထမီအောက်နားတွေမှာ စိုနေပြီဖြစ်ကာ ဒီနေရာမှာ လေကပိုတိုက်သည်။

"ဟင် ..."

"ခတ်လှေကား အလုပ်မလုပ်ဘူး ညီမ .. မီးပျက်နေသလားမသိဘူး .."

"ဟုတ်တယ် .. မကြုံစဖူးပဲ .."

"အစ်မ .. အစ်မ .."

ခတ်လှေကားရှေ့က ပြန်လှည့်သွားသည့်လူတွေကို ကမန်းကတန်းခေါ်ကာ ..၊

"ကြာမှာလားဟင် အစ်မ .."

"ပြောလို့မရဘူး .. လာလေ အရေးကြီးရင် လှေကားက ဆင်းလိုက်ပေါ့ .."

ပြောသွားပေမယ့် သူတို့ထွက်သွားသည့်ဘက်မှာလို့တွေးရင်း လိုက်ခဲ့ပေမယ့် လှေကားထိပ်ရောက်တော့ ခြေထောက်က တော်တော်နာနေပြီဖြစ်၏။ ငုံ့ကြည့်လိုက်တော့ လှေကားထစ်က ခပ်မတ်မတ်မှာ သိပ်တော့မရှည်ပေ ..။

သူမ လက်ရမ်းကိုအားပြုပြီး ခြေထောက်တစ်ဖက်ချကြည့်လိုက်သည်။

"အား ..."

အားပြုဖို့ကြိုးစားလိုက်သည်နှင့် နောက်ခြေထောက်က အဆမတန်နာကျင်သွားကာ ..၊

"ဟော့ .. ကိုင်ထား .."

ခေါင်ဖျား ၏ အလောတကြီးအော်သံကို ကြားလိုက်ရကာ တဒုန်းဒုန်းပြေးတက်လာပြီး ..၊

"ခြေထောက်ကဖြင့် မသန်ဘူး .. သုံးထပ်ထိတက်သွားသေးတယ်၊ မပြောလိုက်ချင်ဘူး .."



"အား .. အရမ်းနာတယ် .."

"နည်းသေးတယ် ခင်ဗျား ..."

လူကို လက်မောင်းတစ်ဖက်ကနေ ဆွဲ'မ'ထားကာ အပေါ်ပြန်ရောက်အောင် ဇွ‌ေ့ခနဲ ဆွဲယူလိုက်၏။

"အဲ့ဒီမှာထိုင်နေ .. ခတ်လှေကားကောင်းမှ ဆင်း .."

ပြောပြီး ခတ်လှေကားဆီ သူ ပြန်သွားသည်။ ပြီးတော့ ဖုန်းကိုင်လျက်ပြန်ရောက်လာကာ ..၊

"နာရီဝက်လောက်ကြာမယ်တဲ့ .. စက်ချို့ယွင်းလို့ပြင်နေတယ်တဲ့ .. ကျွတ် .."

သူ့ဟာသူ ဒေါသထွက်နေပြီး နဖူးဆံစတွေနဲ့ မျက်နှာရော ရင်ဘတ်တွေရော ရေတွေစိုနေတာကိုမြင်သွားကာ ..၊

"အဲ့ဒါတွေက ဘာဖြစ်လာတာလဲ .. သကြိန်မကျသေးဘူး ရေဆော့လာတာလား.."

"ဟုတ်တယ် .."

"ဘာ ..."

ရွဲ့ပြောပြီး လုံ က ရူးရူးဝါးဝါးကြည့်၏။ ပြီးတော့ ကလေးတွေစိတ်ကောက်သလို ဆတ်ခနဲ မျက်နှာလွှဲပစ်၍ ..၊

"ပြောလည်း သေပေါ့လို့ပြောဦးမှာမို့လား .. မေးမနေနဲ့ .."

"မမေးလို့ရမလား .. သေပေါ့လို့ပြောလို့ရအောင် သေသွားနိုင်တာတွေ ဘယ်လောက်လုပ်ထားလဲဆိုတာ သိဖို့လိုသေးတယ်၊ မင်းအုံ့ ပြောတော့ ထိုင်နေကြတာဆို .. အဲ့ဒီမှာ စိုရွှဲနေတာတွေက ဘာလဲ .."

"ကန်ထဲက ကောင်လေးက သူ့အမေကို ရေနဲ့ပက်ဆော့တာ အဲ့ဒါလုံ့ ကို စိုတာ .." ဟု သေချာရှင်းပြသော်လည်း ..၊

"ရေလည်းမကူးဘဲနဲ့ လှမ်းပက်လို့ရလောက်တဲ့အထိ ခင်ဗျားက အနားမှာသွားထိုင်နေတာလား .. ဘာလဲ လူတွေရေချိုးနေတဲ့ ပုံစံက

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြည့်လို့ကောင်းနေလို့လား ..."

"ခေါင်ဖျား .. ရှင် .."

"ငါ့ကို ခေါင်ဖျား လို့မခေါ်နဲ့ မင်းအသက်ကို လက်ချိုးရေကြည့်ဦး .."

"အို .. ခေါ်ချင်သလိုခေါ်မှာပဲ .. ရှိသေလေးစားခံချင်ရင် ရှိသေအောင်နေပေါ့ .."

"ဘာကွ ..."

"သူများ အရှိုက်ထိအောင်ကပ်ဖွဲ့ပြော ဘယ်လိုနေနေ အပြစ်တင်တာက မလွတ် .."

"လုံမဒီ ..."

"ဘာလဲ .."

"မင်း .. သေတော့မယ် .."

"ရောဂါနဲ့တော့ မသေဘူး .. ရှင် မေတ္တာပို့လွန်းလို့ သေမှာ .."

"မင်း ..."

"ဘာလို့တက်လာသလဲ .. လို့ ဘာသာ ဘယ်အချိန်ပြန်ရောက်ရောက် .."

"ဟုတ်တယ် .. ငါကိုက ရှည်တာ .."

"ကိုယ့်ဟာကိုယ်သိဖို့ပဲလိုတာ .."

"တောက် .."

ဘာမှ ဆက်မပြောချင်တော့ဘဲ သူ လှည့်ထွက်လာခဲ့မိသည်။ သို့သော် ဒုတိယထပ် လှေကားတစ်ဝက်ထိဆင်းခဲ့ပြီးမှ ...။

ကိုယ့်ဘာသာရှေ့ရွှတ်ပြီး ကျွတ်ခနဲ ဖြစ်သွားသည်။ ဒီကောင်မလေးနဲ့ သူ ဘာမှပတ်သတ်ဖို့လည်းမရှိခဲ့ဘဲ ခုလည်း ရင်းနှီးလှတာမဟုတ်ဘဲနှင့် သူမတွက် ဘာဖြစ်လို့ သူချည်းပဲ နေရာတကာ သိတတ်နေရတာလဲ ...။



သင်းကတော့ ရန်တွေ့ဖို့တာဝန်ကျေနေသည်။

"မင်းအုံ .. ဟော့ကောင် .."

"ဘရာ .. ဘရာ ပဲ ကိုမေတ္တာ တို့ ခတ်ပုံတွေကိစ္စ .."

"ကျွတ် ..."

"ဘာခိုင်းစရာရှိလို့လဲ ဘရာ .."

"ချစ်သူရော .."

"ချစ်သူက အိပ်နေတယ်လေ .. ဒီမှာ ကျွန်တော်နဲ့ သတ္တိ ပဲရှိတယ်"

"သတ္တိ က ဆိုင်သစ်မှာ မဟုတ်ဘူးလား .."

"မင်းအုံ ကို ဘရာ ဖုန်းဆက်တဲ့ကိစ္စနဲ့ ဒီရောက်လာတာ .."

အားလုံး တန်းစီမေးပြီးမှ တာဝန်က သူ့မှာပဲရှိလာတာတွေးမိသွားသည်။ အကျီက ရင်ဘတ်မှာ အပေါ်သားလေးတစ်ဝက်ပါနေသဖြင့် ရေစိုနေတော့ ကြည့်ရဆိုးနေတာကို မြင်ယောင်လာ၏။

ရှေ့ဆံပင်တွေ ရေစိုနေသဖြင့် မျက်နှာကနေအပြောင်သိမ်းလှန်ထားတော့ သူမကိုယ်မှာ ကာကွယ်ထားတာ ဘာမှမရှိသလိုပင် ...။

ထို့ကြောင့် တဘက်ကြီးတစ်ထည်ဆွဲယူကာ အပေါ်ပြန်တက်လာခဲ့ရသည်။ အပေါ်ရောက်တော့ သူမ လှေကားထိပ်မှာပဲ မတ်တတ်လေးရှိနေကာ နံရံကိုမှီ၍ လက်လေးပိုက်ထား၏။

"ရော့ .."

တဘက်ပေးလိုက်တော့ သူမ ရင်ဘတ်ကနေ သိုင်းခြုံလိုက်ပြီး လက်ပိုက်လေးပြန်လုပ်ထားလျှင် ...။

"မင်း ခေါင်းကိုအရင်သုတ်လေ .. ဆံပင်တွေစိုရွှဲနေတယ် မဟုတ်ဘူးလား .."

"ရပါတယ် ..."

သူမ အတင်းကြီးငုံ့နေပြီး ပြောသံက တုန်ခါနေကာမှ သူ သတိထားမိသွားသည်။ လုံ ငိုနေသည်ပဲ ...။ သေချာကြည့်လိုက်တော့ ငုံ့ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်ဝန်းကနေ မျက်ရည်ပေါက်ကြီးတွေ တလက်လက်ခုန်ဆင်းလျက် ...၊

"ဟိတ် .. ဘာဖြစ်တာလဲ .."

"ဟင့်အင်း .."

"မင်းကို ငါ အော်နေငေါက်နေတယ်ထင်လို့လား .. မင်းပဲ ရန်တွေ့ကောင်းပြီးတော့ ဦးအောင်ငိုတယ် .."

"မဟုတ်ပါဘူး .."

ပြောပြီး မျက်နှာမော့ဖို့ကြိုးစားတဲ့ပုံပင် ...၊ ဒါပေမယ့် မျက်ရည်သုတ်နေရင်း ပြန်ငုံ့သွားကာ တရှိုက်ရှိုက်ဖြစ်လာခဲ့ပြီး ...။

"လုံ့ ခြေထောက်က အရမ်းကိုက်လာလို့ .."

ဟင်!...၊

ရေစိုသွားလို့များလား ...၊

မိန်းကလေးတွေရဲ့ လက်နက်က မျက်ရည်ဆိုတာ မှန်နေသည်ထင်၏။ သူ့ဒေါသတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ဘဲ ဟိုဒီလှမ်းကြည့်ရင်း ခေါင်းကုတ်မိ၏။

"ခဏနေဦး .."

သူ ဓာတ်လှေကားသွားကြည့်တော့လည်း မဖွင့်သေးပေ ...။

"လာ .. မင်း ဒီမှာထိုင် လောလောဆယ်ဆံပင်တွေ အရင်ရေသုတ်လိုက် .."

"လုံ အောက်ဆင်းချင်တယ် .."

"မင်းကိုပွေ့ပြီး အောက်ထိရောက်အောင်သယ်သွားဖို့ ငါက ဟာ့ကျူရီမှ မဟုတ်တာ၊ ကျွတ် .. ဟိုကောင် ဘာကိစ္စ ဒီထိခေါ်လာပြီးတော့ကွာ.."

"လုံ က နေခဲ့ဦးမယ်လို့ပြောလိုက်တာ အဲ့လိုရေစိုမယ်လည်းမထင်လို့ .. ပြီးတော့ ဓာတ်လှေကားပျက်တတ်မှန်းလည်း မသိလို့ .."

"ဘာမှသာမသိတာ မင်းလုပ်ချင်ရင် ဘယ်တုန်းက စဉ်းစားချင့်ချိန်



တာရှိသလဲ .."

"ဘယ်တုန်းကလို့တော့ မပြောပါနဲ့ .. လုံ ရှင့်အိမ်မှာနေတာ တစ်ဝတ်ပဲရှိပါသေးတယ် .."

မျက်ရည်တောင် မခြောက်သေးဘဲ ရန်တွေ့သံက ပတ်ခနဲ ...။

"ဟား .. ဒီမှာတွေ့ပြီ ဆရာသမား .. လာ .. လာ .. ဝိုင်းထားကြ"

ရုတ်တရက် ယောကျ်ားကြီးသုံးယောက် ရောက်လာကြကာ ခပ်ဖိုင့်ဖိုင့်ထိပ်ပြောင်နေသည့်လူက လုံ နဲ့ ခေါင်းဖျား ကို ရယ်နေရင်း တစ်လှည့်စီကြည့်ကာ ...၊

"ကျုပ်တို့က နှောင့်ယှက်သလိုဖြစ်နေပြီထင်တယ် .. ဆောရီးဗျာ"

"အန်ကယ်လ် ဦး .."

"ဟုတ်ပ .. မြို့လယ်ခေါင်က ဆိုင်သစ်ကိုလည်း ရောက်ခဲ့ပြီးပြီ၊ အောက်ထပ်မှာလည်း မေးခဲ့သေးတယ်၊ သူတို့ကတော့ အပေါ်မှာလို့ မပြောပါဘူး .. ကျုပ်က ခြောက်ထပ်က ကျုပ်မန်နေဂျာဆီလာရင်း ဆိုက်ဆိုက်မြိုက်မြိုက်တွေ့တာ .."

ဘယ်သူတွေမှန်းတော့ မသိ ...၊

ဒါပေမယ့် လုံ နဲ့ သူ့ကို တစ်ခုခုထင်နေကြတဲ့ပုံပင် ...။ ဒီနားက ထွက်သွားပေးချင်သော်လည်း သူမ ခြေထောက်က မလျှောက်နိုင် ...။

"သူက ဒေါ်လေးမိတ်ဆွေထဲက အသိပါ၊ ခြေထောက်မှာ ဒဏ်ရာဖြစ်ထားလို့လေ .. ဓာတ်လှေကားပျက်နေတော့ မဆင်းနိုင်သေးလို့ စောင့်နေတာ .."

ခေါင်းဖျား ကလည်း သေချာရှင်းပြ၏။ သို့သော် ထိပ်ပြောင်ပုဂ္ဂိုလ်က လုံ့ တစ်ကိုယ်လုံးနဲ့ ဖြန့်ချထားသည့်ဆံပင်တွေကိုပဲ ကြည့်နေကာ...

"ဆံပင်တွေကတော့ ရှယ်ပဲဗျာ .. ဒီပုံ ဒီရုပ်ရည်နဲ့ဆို မခိုးဘူးဗျ.."

"ဟုတ်တယ် ကိုဦး .. ငါ့အတွက်လည်း အဆင်ပြေနိုင်တယ် .."

"ခင်ဗျားတို့ကလည်း ပိုင်ရှင် .. အဲ .. အိမ်ရှင်မျက်နှာလည်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြဦး ..."

ဘာတွေပြောနေကြတာလဲ ..။

မသမာသည့်စကား မဟုတ်လောက်ပေမယ့် ဘာအဓိပ္ပာယ်တွေမှန်း မသိသောကြောင့် လုံ့ မျက်နှာလေးတည်တည်တင်းတင်းလေးဖြစ်နေ၏။

ပြီးတော့ ခေါင်ဖျား နဲ့အတူ ရေကန်ဘက်ကို လျှောက်သွားကြရင်း စကားတွေပြောနေကြသည်။ လုံ့ ကိုလည်း လှည့်ကြည့်တဲ့အခါရှိသည်။

လှုံစုခွဲတော့တောင် လုံ့ ကို နှုတ်ဆက်သလို မေးဆတ်ပြီး ရယ်ပြုံသွားကြသေးသည်။ မျက်နှာတွေ ဂါက ဖော်ရွေသည့်အပြုံးတို့ကြောင့် မဟုတ်တမ်းတရားပြောနေကြ... ...တ်မှန်းတော့ သိသာနေ၏။

သူတို့တွေ အကြာကြီးပြောနေကြတာကို စောင့်ရင်း လုံ့ ဘာသာ ဓာတ်လှေကားဆီ တရွေ့ရွေ့သွားနေမိတာမို့ ခေါင်ဖျား သူမနားပြန်ရောက် လာတော့ ဓာတ်လှေကားရှေ့မှာ ..။

"မလျှောက်နိုင်ဘဲနဲ့ ဘာလို့ ဇွတ်လျှောက်နေတာလဲ .."

"ရပ်စောင့်နေတော့လည်း ရှင်တို့ သူများအကြောင်းပြောနေကြတာ မနေတတ်လို့ပေါ့ .."

"ဘယ် သူများလဲ .."

"လုံ့ အကြောင်း .."

ခေါင်ဖျား က ရေသုတ်ထားပြီးစ ပြောင်နေသည့် လုံ့ မျက်နှာလေးကို စိုက်ကြည့်ကာ ..။

"မင်းအကြောင်းမသိတဲ့လူတွေက ပြောသွားကြတယ် မင်းကို လှတယ်တဲ့ .."

"ဘယ်လို!..."

လှတယ်ပြောတာတောင် ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား ..။

"ဟုတ်တယ်လေ .. ငါကတော့ အကြောင်းသိနေလို့ထင်တယ် မင်းလောက်ရုပ်ဆိုးတာ ရှာမတွေ့ဘူး .."



"ဒါဆိုလည်း ကျွန်မ မရှိတော့ရင် ရုပ်ဆိုးတာ ရှာမတွေ့ဘဲနေမယ် စောင်ကြည့်ထား .."

"အဖွန်း ..."

လုံ့ စိတ်တိုသွားသဖြင့် မျက်နှာလွှဲပစ်မိကာ ..။

"သူ့ကျတော့ တော်တော်ချောနေရှာတာ .."

ပွစိပွစိရေရွတ်ရင်း သတိလက်လွတ်ခြေလှမ်းလိုက်လျှင် ..။

"အ ..."

သူမ ကိုယ်လေးယိုင်သွားသည်နှင့် ခေါင်ဖျား က လက်တစ်ဖက်နဲ့ ဖမ်းထိန်းထားလိုက်ပြီး ..။

"ငါက အဲ့ဒီလို မင်းအကြောင်းတွေ သိနေလို့လေ .."

လှူချင်းပူးကပ်သွားသည့်အချိန်မှာ သူ့ကိုယ်က မွှေးပျံ့သည့် ကိုယ်သင်းနံ့ကြောင့် လုံ့ မနေတတ်မထိုင်တတ်ကြီး ဖြစ်သွားမိသည်။ မသင့်မြတ်ကြသည့် ဒေါသရန်စွယ်တွေ ခဏတဖြုတ်မေ့သွားခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြစ်သွားလိုက်မှန်းလည်း မသိ ...။

❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"လုံ ရယ် .. ဒီထက်ကောင်းတဲ့ကံတောင် ဒီလောက်မကောင်းနိုင်ဘူး၊ အဆိုးထဲက အကောင်းလို့ မှတ်လိုက်စမ်းပါ .."

ဖြစ်ပျက်သမျှအလုံးစုံကို ပြောပြလိုက်တော့ အေးလှ လုံ့အတွက် စာနာစိတ်နဲ့ မျက်ရည်တွေတောင် လည်နေခဲ့၏။ ဒါပေမယ့် အပြီးသတ်မှာတော့ သူမကိုယ်တိုင် အားရဝမ်းသာဖြစ်နေခဲ့လျက် ...၊

"ပြန်မသွားနဲ့ လုံ .. လုံးဝမပြန်နဲ့၊ သူ့မှာ နောက်မိန်းမနဲ့ သာယာနေလို့ လွှတ်လပ်ခွင့်ပေးပါလို့တောင် ပြောထွက်နေမှ ကိုယ်က ဆက်နေရင် မျက်နှာပြောင်ရာကျမှာပေါ့ .. ပြီးတော့ နင့်ကိုယ်နင် ပြန်ဆန်းစစ်ကြည့်စမ်း .. သူ့အိမ်မှာနေရတုန်းကနဲ့ အခု မျက်နှာစိမ်းတွေနဲ့ နေရတဲ့ ခံစားချက် .."

"နင်က ဘာကိုမေးတာလဲ .. မျက်နှာစိမ်းတွေနဲ့တော့ ဘယ်နေချင်ပါ့မလဲ .. ပြီးတော့ သူတို့ကယောကျ်ားလေးတွေ သူတို့ဆီမှာ အလုပ်လုပ်ဖို့က .."

"ဟော်ပြီ .. အလုပ်အကိုင်ကိစ္စ ငါသိချင်တာမဟုတ်ဘူး၊ နင် စက်ဝန်း ဆီမှာနေတေ... ...ါနေလား .."



"ပျော်ပါ့မလား အေးလှ ရယ် .."

စက်ဝန်း ကို သတိရလိုက်တာနှင့် အထက်ဦး မျက်နှာကပါတွဲ ...က်ပါလာသည်။ ထိုနာမည်ကြားလိုက်ရတိုင်း သူ့ကို သတိရမိတိုင်း ...မှာ ပူလောင်ခြင်းသည် ရင်ထဲမှာ မီးမြှိုက်ခံနေရတဲ့အတိုင်း ...။

"ကိုယ်ချစ်တဲ့ယောကျ်ားက ကိုယ့်ကိုပွေ့ပိုက်ကြင်နာခဲ့တဲ့လက်တွေနဲ့ .. ကိုယ့်ကို ချစ်စနိုးကြည့်ခဲ့တဲ့ မျက်လုံးတွေနဲ့ .."

"ကဲပါ မငိုပါနဲ့တော့ .. ဒီလောက်ဆိုရပါပြီ၊ ငါ အိမ်ထောင်သည်မဟုတ်ပေမယ့် စာနာနိုင်ပါတယ် လုံ ရယ် .. သူ တခြားမိန်းမကိုပွေ့ဖက်ကြင်နာနေတာမြင်တိုင်း နင် ဘယ်လိုခံစားရမလဲဆိုတာ ပြေးကြည့်ဖို့မှမလိုတာ၊ နင် အဲ့ဒီမှာနေဖို့များ စဉ်းစားသေးတာ အံ့ရော လုံ ရယ် .. ချမ်းသာပြီး ချောမောလှပတဲ့မိန်းမကိုယူထားတည်းက နင် ကိုယ့်နေရာကိုယ်သိရမှာ .."

လုံ မျက်နှာလေး ငုံ့ကျသွားတော့လည်း သနားမိကာ ...၊

"ငါက တမင်နှိမ်ပြောတာမဟုတ်ပါဘူးဟာ .. ငါတို့က ဒီမှာလာပြီး ပွဲကြမ်းလို့မှမရတာ၊ တရားစွဲပါလား အရှက်ခွဲပါလားဆိုတော့လည်း ကိုယ့်မှာ ငွေက မလိုက်နိုင်၊ ငွေရှိရင်တောင်မှ နင် လုပ်ရက်မှာလား .."

လုံ ချက်ချင်း ခေါင်းခါ၏။

"ဟုတ်တယ်လေ .. သူတို့က ရက်ရက်စက်စက်လုပ်ပေမယ့် ကိုယ်က လုပ်ရက်တာမှ မဟုတ်တာ၊ ငါတို့လို မျက်နှာမွဲတွေအတွက်က ...ိုင်ငိုနေရုံအပြင် ဘာမှ မတတ်နိုင်ဘူး၊ အဲ့ဒီတော့ နင် တောကိုပြန်ပြီး ...စ်ရွာလုံးလက်ညှိုးထိုးတာ ခံမယ့်အစား သူတို့နဲ့ပဲ နေလိုက် အလုပ်လုပ်...ီး ပိုက်ဆံစုပေါ့ .. ယောကျ်ားလေးတွေချည်းပေမယ့် ဒေါ်ဟန်သီ ဆိုတဲ့ ...ါကြီးက သူတို့နဲ့နေဖို့ လက်ခံနေတာပဲ .."

ဒီနေရာရောက်မှ အေးလှ က တစ်ခုခုကိုပြောရခက်သွားသလို ...တားနေးသွား၏။ ပြီးမှ လုံ့ ကို ကြည့်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဟို မစု ဆိုတဲ့ ကိုခေါင် .. ဘယ်သူ .."

"ခေါင်ဖျား ..."

"အေး .. အဲ့ဒီ ကိုခေါင်ဖျား ရဲ့ အစ်မ အပျိုကြီးကို ပြုစုစောင့်ရှောက်မယ့်သူ လိုချင်နေတာလည်း ဖြစ်နိုင်တာပဲ .."

"ငါသိပါတယ် အေးလှ ရယ် .. သူတို့စောင့်ရှောက်မှုအောက်မှာ အလကားအခန့်သားနေရအောင် ကိုယ့်ဆွေမျိုးသားချင်းမှ မဟုတ်တာ ဘယ်လိုနေရထိုင်ရမယ်မှန်း သိပါတယ် .."

လုံ က ပြောလိုက်မှ အေးလှ က ပေါ့ပါးစွာရယ်၍ ...၊

"အေး .. ငါပြောချင်တာ အဲဒါ .. အဲဒါ နင့်ကို မြင်မြင်ချင်း ချစ်ခင်ယုံကြည်မှုတွေဖြစ်သွားတာကိုပဲ ဝမ်းသာလိုက်တော့ လုံ ရေ .. ခုခေတ်မှာ ဆွေမျိုးဖြစ်နေရင်တောင် နင် ခုနပြောသလို အခန့်သားနေရမယ်တော့ မထင်နဲ့ ..."

အသံတိုးတိုးနှင့် မျက်နှာချင်းကပ်ပြောကာ အိမ်ရှေ့ကိုလည်း လှမ်းကြည့်သေးသည်။

"နီးတကျက်ကျက် ဝေးတသက်သက်တဲ့၊ ငါ့ရွာမှာနေတုန်းကတော့ ချစ်ပါခင်ပါနဲ့ တကယ်တမ်း အကူအညီလိုလို့လည်း လိုက်လာရော အခု နင်မြင်တယ်မို့လား .."

လုံ ခေါင်းပဲညိတ်ပြရသေးသည်။

"ဟဲ့ .. မီအေးလှ ရေ .."

"ရှင် .. အကြီးသိမ်း .."

ဒေါ်သိမ်း က အသားညိုညိုမျက်ခုံးကောင်းကောင်းနှင့် ကိုယ်ခန္ဓာက ခပ်ပြားပြားဖြစ်သည်။ ဆံပင် အုံကောင်းပုံကတော့ ခေါင်းမှာ ဘီးဆံပတ်ထုံးထားတာကပင် သပိတ်လုံးကြီးမှောက်တင်ထားသလို အယ်နေ၏။

ထို့ပြင် မျက်ခုံးကောင်းသလောက် ကုတ်ချီထားပုံက နှာတံထိပ်မှာ



ချုပ်ခုံးချင်း ထိဆက်နေသလားထင်ရ၏။ နောက်ထဲဝင်လာတာနှင့် ခါးတစ်ဖက်ထောက်ထားပြီးသားဖြစ်ကာ ...၊

"ခြေ့သည်လာတာလည်း လာတာပေါ့အေ .. ညည်းကိုနောက်ထဲဝင်ခိုင်းထားတာ တစ်နာရီခွဲရှိနေပြီ၊ ကိုယ့်တူမမို့ အခွင့်အရေးပေးနေတာ ဆမယ့် ကျန်တဲ့ကောင်မလေးတွေ ပြောလာရင် ကိုယ့်ဘက်က ချို့ယွင်းချက် အဖြစ်မခံနိုင်ဘူး .."

"ဟုတ်ကဲ့ပါ ခဏလေးပါ အကြီးစိန် .. လုံ ကလည်း ပြန်တော့မှာပါ .."

"အင်း .. ပြန်ရမှာပေါ့ .. ခုန ငါပြောလိုက်တာ စိတ်ဘော့မရှိနဲ့ လုံမဒီ .. ဒီမှာက စရိတ်ငြိမ်းခေါ်ထားရတဲ့ မိန်းကလေးတွေရှိနေတော့ နေရာအပိုမရှိဘူးလေ .."

"ရပါတယ် အကြီးသိမ်း .. လုံ စိတ်မဆိုးပါဘူး .."

"အေး .. အေး .. ဒါနဲ့ ညည်းက အခု ဘာလုပ်နေတာတုံး .. အေးလှပြောတော့ ညည်းယောကျ်ားကို လာရှာတာ တွေ့တယ်ဆို .."

ပြောပြီး လုံ့ ကိုယ်ပေါ်က ရင်ဖုံးအင်္ကျီနဲ့ ပါတိတ်ထမီကိုကြည့်ကာ အထည်တွေရောင်းတဲ့သူပီပီ မျက်ခုံးတွေပင့်သွား၍ ...၊

"ညည်းကြည့်ရတာတော့ မှန်မှန်ကန်ကန်အဆင်ပြေနေတဲ့ပုံပဲ .."

မမှန်မကန်အဆင်ပြေနေသလားထင်ပြီး အကဲခတ်လိုက်တာမှန်း တွေးမိလိုက်တော့ စိတ်တော့တိုသွားမိသည်။

"ဟုတ်သား .. ငါမေ့နေတာ ညည်းက ညည်းယောကျ်ားနဲ့ နေမှာပေါ့ .. သူက ဘယ်မှာတုံး .."

သူချည်းပဲ တစ်ယောက်တည်းမေး တစ်ယောက်တည်းဖြေနေသည်။ လုံ က အေးလှ ကို အားနာသလိုတစ်ချက်ကြည့်ပြီးမှ ...၊

"သူက အခြေအနေမဟန်လို့ လုံ က ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ဖို့ ကြိုးစားနေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘယ်လို ဘယ်လိုအခြေအနေမဟန့်တာလဲ၊ စက်ဝန်းက ဟုတ်လား .. ဖြစ်နိုင်တာပေါ့ ဒီကောင်လေးက အစတည်းက ရွာမှာ မွေး၊ပေမယ့် ရွာမှာကြီးတာမှမဟုတ်တာ၊ ကောင်လေးက မင်းပေါက်စိုးပေါက်လေးပဲ .."

ပြောပြီး လုံ့ ကို ကြည့်သေးသည်။ ညည်းနဲ့ မတန်မရာ ညားခဲ့တာလို့များ ပြောချင်သေးတာလား ..။

"ကောင်လေးက အခု ဘွဲ့ရပညာတတ်လေးဖြစ်သွားပြီမို့လား .."

"ဟုတ်တယ် .."

"အင်း .. မြို့မှာ တော်ရုံလူပျက်စီးတာပဲ .. အပျော်အပါး မိမ်ခံပစ္စည်းတွေက ပေါမှပေါနဲ့ .. သူများကိုင်ရင်ကိုင်ချင် သူများသုံးသလို သုံးချင် မသုံးနိုင်တော့ရတဲ့နည်းနဲ့ ပိုက်ဆံရှာရော .. ဒါနဲ့ ညည်းက အခု ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်မှာဆို ဘာလုပ်မလို့တုံး .."

"လုပ်နေပါပြီ .. စားသောက်ဆိုင်မှာ သီချင်းဆိုတာ .."

"ဘာ ..."

ဒေါ်သိမ်း ရဲ့ ဘာ သံကြီးက အကျယ်ကြီးပဲဖြစ်ကာ ..၊

"ညည်းက ဒီပုံစံနဲ့ .."

"ဘာဖြစ်လို့လဲ အကြီးသိမ်း ရဲ့ အခု ဒီပုံစံနဲ့ဆိုတော့ အကြီးသိမ်းတောင် မထင်ဘူးမို့လား .."

လုံ ရှဲ့နေမှန်းသိပေမယ့် အကြီးသိမ်း အပြောဆိုးတာသိနေသောကြောင့် အေးလှ ကြားထဲက ဘယ်လိုဖြေရှင်းရမှန်းမသိဖြစ်နေ၏။

"သြော် .. ဒါကြောင့် သုံးလေးသောင်းတန်တွေ ဝတ်ထားတာကိုး"

ခေတ်ပုံတွေချည်း မေရှား ဝယ်နေတဲ့ကြားက ဒီဝတ်စုံလေးတော့ ကိုယ့်အကြိုက်ဖြစ်ချင်သည်မို့ ဖွတ်ဖြုတ်ယူခဲ့တာ ဘယ်လောက်တန်မှန်းတောင် မသိခဲ့ပါ။

မေရှား ကတော့ မျက်စောင်းထိုးခဲ့သေးသည်။ ဒါပေမယ့် ဈေးကြီး



လို့တော့ မဟုတ်ပေ ..။

"ယူ .. ယူ .. အဲဒါလေးဝတ်ပြီး ပြတိုက်ထဲပြေးဝင်ပျော် .."

လို့ မဲ့ရွဲ့ကဲ့ရယ်တာဖြစ်၏။ ခုလည်း အပြင်ထွက်ဖို့ပြင်တာနှင့် ဝတ်စုံတွေအများကြီးထဲက မြန်မာဝတ်စုံလေးကိုပဲ ရွေးဝတ်ခဲ့မိသည်။ တကယ်ဝတ်ကြည့်တော့ နည်းနည်းတောင်ပွနေပါသေးသည်။

"ညည်းက အခု ငါတူမကိုပါ အဲ့ဒါတွေလုပ်ချင်အောင် လာမြှူဆွယ်နေတာလား လုံမဒီ .."

"မဟုတ်ပါဘူး .. လုံ ကလည်း လုပ်ချင်လွန်းလို့မှမဟုတ်တာ၊ အေးလှ က အရိပ်ကောင်းရပြီး ငြိမ့်နေတယ်ဆိုတော့ အားကျလို့လာကြည့်တာ .."

"အမလေး .. လုပ်ချင်ရာလုပ်နေတာများ .. အေးလှ လို ငြိမ့်ချင်ရသေးတယ်လို့အေ .."

"အလုပ်ဝင်ထားတာပါ၊ ဒီညမှ စဆိုရမှာ .. ဒါတွေလုပ်တာမကောင်းဘူးဆိုရင်လည်း အကြီးသိမ်း က ကူညီမယ်ဆိုရင်တော့ နောက်ပြန်ဆုတ်လို့ရပါသေးတယ် .."

"ဖြစ်ရလေ လုံမဒီ ရယ် .. ကျုပ် ရန်ကုန်မြို့ပေါ်တက်နေတာ ဒုက္ခသည်ကယ်ဆယ်ရေးစခန်း လာဖွင့်တာမှမဟုတ်ဘဲ .."

လုံ မျက်နှာ ချက်ချင်းတင်းမာသွားကာ ..၊

"အကြီးသိမ်း က တောကတက်လာပြီး ပျက်စီးသွားတဲ့ မိန်းကလေးတွေအကြောင်းပြောတော့ စိတ်မကောင်းဖြစ်နေသလားလို့ပါ .. လုံက အကြီးသိမ်း နဲ့ တစ်ရွာတည်းသား .."

"တစ်ရွာတည်းသားတိုင်း မှီခိုခွင့်ပေးနေရရင် ငါ့ဆိုင်တောင် ပြုတ်သွားဦးမယ် .."

"မကူညီချင်ရင်လည်း သူများတကာ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြရတာကို လျှာလိတ်ပါးလိမ်မပြောနဲ့ပေါ့ သူများ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တန်ဝတ်လာသလဲ ဘာတွေလုပ်လို့ အဆင်ပြေနေသလဲ လိုက်စိတ်ဝင်စားနေတာ လွန်လွန်းတယ် ..”

“အံမာ ငါ့အိမ်ပေါ်တက်လာပြီး ငါ့ကိုရန်တွေ့နေလိုက်တာ၊ ဟော့.. ဒီမှာ ငါက လိုက်စိတ်ဝင်စားနေတာမဟုတ်ဘူး၊ ညည်းက ငါ့အိမ်ပေါ် တက်လာတာ ..”

“အေးလှ က အကြီးသိမ်း အိမ်ပေါ်ရောက်နေလို့လေ ..”

ပြောနေရင်း လုံ နေရာမှ ထရပ်လိုက်သည်။ ဒေါ်သိမ်း က ခါးနှစ်ဖက် ထောက်၍ ..၊

“ကိုယ့်ဘာသာ ဝါသနာပါလို့လုပ်ရင် လုပ်တယ်ပြော .. ငါ့အိမ်ပေါ် တက်ပြီး အထောက်အပံ့မရှိလို့ လုပ်ရသလိုလို ခေါင်းစဉ်တပ်ချင်တာနဲ့”

“မတပ်ပါဘူး .. အကြီးသိမ်း ပဲ ကိုယ့်သတင်းကိုယ် ခေါင်းစဉ် လှလှလေးထွက်နိုင်အောင် ကြိုးစားပါ ..”

လုံ က အေးလှ မျက်လုံးပြူးနေတာကို ငုံ့ကြည့်ကာ ..၊

“နင် ထမင်းစားနေရရုံနဲ့ ကျေနပ်နိုင်တယ်ဆိုရင် ကျေနပ်နိုင်သမျှ နေလိုက်ပေါ့ .. မနေနိုင်တဲ့တစ်နေ့ ငါ့ဆီထွက်လာခဲ့ ..”

“ဟော့ .. ခုခေါ်သွားလို့ရတယ်နော် .. ဒါမျိုးတော့ မလွှမ်းဘူး ..”

ဒါ အခေါ်တစ်ယောက်က တူမကို ပျက်စီးမှာစိုးတဲ့ စေတနာတွေ လား ..။

စတိုးဆိုင်ဘက်ကိုရောက်လာပြီးမှ ခြေစုံရပ်၍ မဲ့လိုက်မိသည်။ ဒါတွေပြန်ပြောနေရင် ရန်ပွဲကြီးဖြစ်လာဖို့သာရှိသည်မို့ ကိုယ့်စိတ်ကို ထိန်းလိုက်သည်။

သူမကရော ကိုယ့်ကိုယ်ကိုယ် လူအထင်သေးစေမယ့် စကားမျိုးတွေ ဘာဖြစ်လို့ပြောလိုက်မိတာလဲ ..။ ဒါတွေကြောင့်ဖဲ့ ခေါင်ဖျား ကလည်း ကဲ့ရယ်ခဲ့သည်။

‘မင်းအကြောင်း မသိကြတော့ သူတို့က လှတယ်ထင်နေကြတယ်’



တဲ့ ..။

‘ငါကတော့ အကြောင်းသိဖြစ်နေတော့ မင်းလောက်ရုပ်ဆိုးတာ မင်းပဲရှိတယ် ..’ တဲ့ ..။

သူမ တကယ်ပဲ ဒေါသဖြစ်လွယ်ပြီး ခပ်စွာစွာခပ်ကြမ်းကြမ်း ဆိုးတဲ့ မိန်းမမျိုးလား ..။

အကြီးသိမ်း ကို ဒီလိုပုံစံဖြစ်နေလိမ့်မည်လို့ တွေးမိခဲ့တာရှိပေမယ့် မဖြစ်နိုင်ဘူးလို့ထင်ခဲ့သည်။ ကိုယ်နဲ့ သွေးသားမတော်ပေမယ့် အေးလှ အပေါ်မှာတော့ ကောင်းနေမည်လို့ ယုံကြည်ခဲ့၏။

ခုတော့ ရွာမှာတုန်းကမှ အေးလှ တို့ ညနေစောင်းတာနှင့် သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး အထက်အောက် အဆင်ပြေတာလေးဝတ်လို့ ရွာရိုးကိုးပေါက် ကျော့ကျော့မော့မော့လေး လျှောက်နေနိုင်သေးသည်။

ရန်ကုန်မြို့ပေါ်တက်လာကာမှ မီးဖိုချောင်ထဲနဲ့ ဆိုင်ရှေ့ ကူးလူး ပြေးလွှားနေရတာ ထမီတောင် မဝတ်နိုင်ရှာတော့တဲ့ အထိပင် ..။

“နင်က ဘောင်းဘီကြီးကားကားနဲ့ပါလား ..”

“ငါလည်း ဝတ်လိုက်ကာစက အဝတ်မပါသလိုကြီးပါ လုံ ရယ် နေကိုမနေတတ်ပါဘူး၊ အကြီးသိမ်း က ချက်ပြုတ်ရင်း ထမီကြီးပြင်ပြင် ဝတ်နေရတာ ရှုပ်လို့တဲ့ .. ငါ့မှာ အိမ်ရှေ့လည်း လူကျရင် ဝိုင်းကူရောင်း ရသေးတယ်၊ ထမင်းစားတာတောင် အပြင်က စာရေးမလေးနဲ့ အလှည့်ကျ စားရတာ ..”

“နင့်ကို သူတို့လိုပဲ လစာပေးလား .. ပိုမပေးဘူးလား .. မီးဖိုချောင် မှာလည်း ခြောက်ယောက်ခုနစ်ယောက်စာ ချက်ရသေးတယ်”

“မပေးတဲ့အပြင် သူများလို ကျော့ကျော့မော့မော့လေးတောင် ဆိုင် မထိုင်ရတာ ကြည့်တော့ မိလုံ .. မီးဖိုချောင်စရိတ်စကက အရေးကြီးတယ် တဲ့ .. အလုပ်သမားတွေကို စိတ်မချရလို့ ငါ့ကို ခိုင်းတာတဲ့၊ ကိုယ့်အခေါ အိမ်ပဲ အလုပ်သမားစိတ်ဓာတ်မမွေးနဲ့တဲ့ ..၊ ကဲ .. တစ်ခါတစ်ခါ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



စားဝယ်ပေးမယ်တဲ့ ..”

ဆွေမျိုးတော်စပ်သူတွေ မတော်စပ်ကြသူတွေအကြောင်းတွေးရင်း ကိုယ့်ဘဝရှေ့ရေးကို တွေးမိလာခဲ့သည်။ စက်ဝန်း အကြောင်း သူမ ဘယ်သူ့ကိုမှ အမှန်အတိုင်းမပြောရဲသလို ရွာကိုပြန်ဖို့ကတော့ ပိုလို့ဝေးပါသေးသည်။ ဒါပေမယ့် ကိုယ့်စိတ်ကူးတွေအတိုင်း ဆုံးဖြတ်နိုင်ဖို့အတွက် ဒေါ်လေးဟန်သီ တို့ကသာ ခုလို မကူညီခဲ့ကြဘူးဆိုရင် သူမ ဘာတွေ ဖြစ်မလဲ ..။

အားလုံးခြုံငုံပြီး သူမ နိုင်မာသည့်ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ စက်ဝန်း တို့ဘက်ကိုလည်း ခြေဦးမလှည့်တော့ဘဲ ဒေါ်သိမ်း ပြောသွားတဲ့ တောကမိန်းကလေးတစ်ချို့စာရင်းထဲမှာလည်း ကိုယ်မပါရအောင် သူမ အစွမ်းကုန်ကြိုးစားတော့မည်။

စက်ဝန်း ရယ် .. ငါပျောက်သွားလို့ လူလိမ်လူညာတွေနဲ့တွေ့နေပြီလားဆိုပြီး ရုတ်တရက် နင် စိတ်ပူသွားတာပါ။ ခုလောက်ဆို ‘ပြန်သွားတာပဲ ခပ်ကောင်းကောင်း’ လို့တောင် တွေးနေဦးမှာ ..။

ဟုတ်ပါတယ် ငါကျေနပ်နိုင်ဖို့ကြိုးစားပါ့မယ် နင်ပျော်ပါစေ..။

❖



အခန်း (၁၄)

“ထမင်းသွားစားပါ့မယ်ဆိုမှ ဘာလို့ခုထိ မထသေးတာလဲ အဝန်း..”

“ခဏလေး လုံ ..”

“ဟင် ...”

သူဆီလှမ်းလာသည့် အထက် ရဲ့ ခြေလှမ်းတုံ့သွားမှ စက်ဝန်း ထိတ်ခနဲဖြစ်သွားသည်။ သို့သော် ဣန္ဒြေမပျက်အောင် ထိန်းလိုက်ရင်း မျက်နှာတစ်ချက်ပွတ်ကာ ..၊

“ဆောရီးပါကွာ .. သူ့အကြောင်းတွေးနေတုန်းမို့ ယောင်သွားတာ..”

“အထက် ကတော့ အဲ့ဒီလိုဆောရီးလုပ်ခံရတာ ခံရခက်ဆုံးပဲသိလား ..”

သူ အောင်မြင်ကာစအချိန်မှာတည်းက မိန်းကလေးတစ်ချို့ရဲ့ ဟိုဟိုဒီဒီအကြောင်းပြချက်တွေနဲ့ ဖိတ်ခေါ်မှုကို သူ ငြင်းခဲ့ရတာ ‘ဆောရီး’ နှစ်ခွန်းပဲဖြစ်သည်။

စက်ဝန်း အဲ့လောက်ထိ အောင်မြင်ခဲ့တာဖြစ်သည်။ မိန်းမချောလေးတွေ တော်တော်များများကို ‘ဆောရီး’ လုပ်နေခဲ့ရင်း ‘ဆောရီး’ ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



သဘောမကျသည့် အထက်ဦး က အပိုင်သိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

စက်ဝန်း ရဲ့ အချိန်တိုင်းက သူမအတွက်ဖြစ်စေခဲ့သည်။ သူမ လိုအပ်သမျှ တမ်းတလိုက်တာနှင့် စက်ဝန်း သူမရှေ့ရောက်လာအောင်လည်း သူမပဲ တတ်နိုင်ခဲ့သည်။

ထို့ပြင် စက်ဝန်း နဲ့ သူမ လက်ထပ်ပြီးတာနှင့် မော်ဒယ်လ်ဆိုသည့် အောင်မြင်မှုတွေကိုပါ ပိတ်သိမ်းပစ်ခဲ့နိုင်၏။

"အနုပညာနဲ့ အောင်မြင်မှုတွေက ဒီရေလှိုင်းတွေပဲ စက်ဝန်း၊ အထက် က အဝန်း ကို အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးအဖြစ်နဲ့ ရပ်တည်စေချင်တာ၊ အဲ့ဒီအတွက် အထက် က နေရာပေးဖို့ပါ ပြင်ဆင်ထားပြီးသား .."

သူမ စက်ဝန်း ကို 'အဝန်း' လို့ခေါ်ခဲ့တာကိုက စက်ဝန်း ရဲ့ ဘဝကို မေ့စေချင်လို့ ..။ ခုတော့ ကိုယ့်သဘောအတိုင်း စေလိုရာစေဖြစ်လာခဲ့ပြီးမှ ညီမဆိုတဲ့ ဘာမဟုတ်တဲ့ဟာကြောင့် ..။

"အဝန်း .."

အထက် စက်ဝန်း ဘေးမှာရပ်ရင်း မျက်တောင်ဖျားတွေကော့နေသည့် စက်ဝန်း ရဲ့ မျက်နှာကို စီးမိုးကြည့်နေမိ၏။ ပြီးမှ ..။

"လုံ ဆိုတဲ့တစ်ယောက်က ညီမဆိုတာမှ ဟုတ်ရဲ့လား .."

"ဘာ !..."

စက်ဝန်း မျက်စိမျက်နှာပျက်နှင့် မော့ကြည့်တော့ အထက် က ခံဆဲ့ပြီး ထိုင်ချလိုက်ကာ ..။

"အဲ့ဒီလိုမေးချင်လာပြီလို့ ပြောမလို့ပါ .. အဝန်း ကို မမေးသေးပါဘူး .. ဟွန်း .."

စိတ်ထဲမှာ တော်တော်ချဉ်လာတာကိုတော့ ဖုံးလို့မရနိုင်အောင် ဖြစ်ရကာ ..။

"အထက် က ရိုင်းရိုင်းစိုင်းစိုင်းပြောချင်တာမျိုး မဟုတ်ဘူး၊ ဒါပေမယ့်



သူ့ကို ညီမအဖြစ်နဲ့ စည်းတစ်ဖက်ထုတ်ထားတာသာ မဟုတ်ဘူးဆိုရင် သူနဲ့ ပတ်သက်လာမှ အဝန်း နဲ့ ဆက်ဆံရေးကျဲလာတာ အထက် ခံစားရတယ် .."

"မဟုတ်ပါဘူး .. အထက် ရယ် .."

"မဟုတ်ဘူးဆိုတာက အဝန်း ပါးစပ်ကပြောနေတာ .. ရင်ထဲက တစ်မျိုး .."

"ဟင်း ..."

အတော်လေးစိတ်ညစ်သွားသည့် သက်ပြင်းချသံကြောင့် အထက် မျက်မှောင်ကုတ်သွားမိ၏။

"အထက် ကို ပြဿနာအစရှာတယ်လို့တော့ မထင် နဲ့ အဝန်း .. ဒါပေမယ့် ဆွေမျိုးတော်ကြတဲ့လူတွေ သံယောဇဉ်ရှိကြတာထက် အဝန်း က ပိုနေတာ .."

"အစက မပိုဘူး .. အခုမှ စိုးရိမ်စိတ်တွေနဲ့ ဖြစ်လာတာ .. အဲ့ဒါကိုပဲ အထက် အကဲခတ်ပြီး ငြိုငြင်နေရင်တော့ ကိုယ်တို့ စကားကောင်းကောင်းပြောဖြစ်ဖို့ အချိန်သိပ်ရှိမှာမဟုတ်ဘူးထင်တယ် .."

"ဒါဖြင့် အထက် က လင်မယားအဆင်ပြေပြေပြန်ဖြစ်ဖို့အတွက် လုံမဒီ ကို မြေလှန်ရှာရတော့မယ်ပေါ့ .."

"သူ မရှိတဲ့အတွက် ကိုယ် ဘာဖြစ်နေသလဲ မင်း လိုက်ကြည့် မနေဖို့ပဲ လိုတာပါ .."

"ဒါပေမယ့် အခုတော့ မေးချင်သေးတယ် အဝန်း .. သူ ထွက်သွားတဲ့ကိစ္စက အထက် နဲ့ မပတ်သက်ဘူးဆိုတာ ယုံ စိတ်ထဲမှာရှင်းရဲ့လား"

စက်ဝန်း က အထက် ကို သေချာစိုက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ ..။

"ကိုယ် သူ့ကို စိတ်ပူနေတာသက်သက်ပဲ .. တခြားဘာယ်သူ့ကိုမှ မဥပါဒ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပဲ .. ထမင်းသွားစားမယ် ထ .."

"ကိုယ် ခုနကပဲ မန်နေဂျာက သူ့ဇနီးရဲ့ မွေးနေ့ဆိုပြီး ခေါက်ဆွဲကြော်နဲ့ ကိတ်မုန့်လာပို့သွားလို့ နည်းနည်းစားထားလိုက်တာ မဆာဘူးဖြစ်နေတယ် .. မင်းပဲ .."

"အရှည်ကြီးပြောပြမနေနဲ့ အဝန်း .. အဲဒါတွေ အထက် လည်းစားခဲ့တာပဲ.. ကဲ .. ထပါကွာ .."

"ဒါဆိုလည်း သွားမယ်လေ .."

ချစ်ရတဲ့သူက တဖြည်းဖြည်းတော့ သူ့အောက်ရောက်ရတာပါပဲ။

စက်ဝန်း မျက်နှာကိုစိုက်ကြည့်ရင်း အထက် ရဲ့ စိတ်တွေက လုံမဒီဆီ ပြန်ရောက်သွားသည်။ ယောက်မပဲဖြစ်ဖြစ် ယောက္ခမပဲဖြစ်ဖြစ် ဇနီးဆိုတာ ကိုယ့်ယောကျ်ားကို သူတို့ထက်တော့ ပိုလွှမ်းမိုးနိုင်ရမည်။

ခုတော့ သူမကြောင့် ကိုယ်ကပဲ တစ်ထစ်ပြန်ဆုတ်ပေးခဲ့ရသည်။ ပြီးတော့ ဘယ်တုန်းကမှ မွေးချင်းမောင်နှမအကြောင်း မပြောခဲ့ဘူးသည့်လူက ညီမကိုမြင်လိုက်တော့ ချစ်နေလိုက်တာ သည်းသည်းလှုပ် ..။

ပြောစရာရှိနေသမျှ မပြောမိအောင် သူမကပဲ မျိုသိပ်ထိန်းချုပ်နေရမည့်ဘက်က ဖြစ်နေသည်။ ဒါကို မခံရပ်နိုင်သော်လည်း ..၊

"မမ .. ဒီနေ့ ကြော်ငြာဆက်မရိုက်ဖြစ်ဘူးတဲ့ .."

ဟင် !...၊

နှစ်ယောက်အပြင်ထွက်လာကာမှ စာရင်းကိုင် မေသူ က ကပျာကယာထရပ်ပြီး သတင်းပေးသည်။ အလုပ်နဲ့ ပတ်သက်လျှင် တိကျမှုကြိုက်သည့်စိတ်က အားလုံးကိုမေ့ကာ ထောင်းခနဲထဖြစ်၏။

"ဒီနေ့ အပြီးရိုက်ပေးပါ့မယ်လို့ ဒါရိုက်တာက အာမခံထားတာပဲ၊ ကြားထဲမှာ နားထားတာပဲ လေးရက်၊ ဘာဖြစ်ပြန်တာလဲ မင်းသမီးကြောင့်တဲ့လား .."

"အခုက မင်းသမီးမဟုတ်ဘူး မမ .. စက်အဖွဲ့နဲ့ အဆင်မပြေတာ"



"အဲ့ဒီကိစ္စတွေကို မင်း မေးမနေနဲ့ အထက်၊ ရိုက်ကူးရေးကိစ္စတွေဘာ ဒါရိုက်တာလုပ်ရမှာ .. ဘာကြောင့်မရိုက်နိုင်တာလဲ ကိုယ် မေးမယ်"

စာရင်းကိုင်စားပွဲပေါ်က ဖုန်းကိုပဲ ကောက်ဆက်လိုက်ကာ ..၊

"ဟလို .. ကိုဇောလား .. ကျွန်တော် စက်ဝန်း ပါ၊ ဒီညနေ ကြော်ငြာအပြီးသတ်ရမှာမဟုတ်ဘူးလား .."

"... ... ..."

"စက်အဖွဲ့တွေ ရိုက်သတ်လို့မကုန်ဘူးဗျာ .."

"... ... ..."

"ဘယ်လို ..."

"... ... ..."

"မနက်ဖြန်ဆိုတာရော ခင်ဗျားသေချာသလား .."

ဖုန်းပြောပြီး စက်ဝန်း က အထက် ကို ကြည့်ကာ ..၊

"မင်းက 'မာရီယာ' နဲ့ အလုပ်မလုပ်ချင်ဘူးလို့ ပြောထားတာလား .."

"အဲဒါ ဘာဖြစ်လို့လဲ .."

"စက်အဖွဲ့တွေက မာရီယာ နက်ဝေါ့(ခ်)တွေချည်းပဲတဲ့ .."

"အဓိပ္ပာယ်မရှိတာ .."

စက်ဝန်း က ဘာမှထပ်မမေးတော့ဘဲ အပြင်ကိုထွက်လာခဲ့သည်။ ခပ်လှမ်းလှမ်းကားရှေ့ရောက်မှ ပြန်လှည့်၍ ..၊

"ဘာမှမမြင်ရတဲ့လေတောင်မှ ဖိအားများရပ်ဝန်းကနေ လေဖိအားနည်းရပ်ဝန်းကို တိုက်ခတ်ကြတာ၊ ဗီဒီယိုစက်အဖွဲ့တွေ မာရီယာနဲ့ ခကင်းကြဘူးဆိုတာ သဘာဝမကျတာ ဘာရှိလို့လဲ အထက် .."

မာရီယာ နဲ့ ပတ်သက်လာတိုင်း ခါးခါးသီးဖြစ်တတ်တာတွေများလာတော့လည်း ဒါက နားလည်ရခက်သည့် ပဟေဠိတစ်ခုဖြစ်လာခဲ့သည်။

ဟိုအရင်ကထက် အခု ပိုဆိုးလာတာက ကိုယ့်အလုပ်ကို ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



ခံလာခဲ့တဲ့အထိ ..။

"မာရီယာ က တစ်ယောက်ယောက်နဲ့ မင်းအဆင်မပြေတာရှိနေတာလား .."

အထက် က မျက်နှာခပ်လွှဲလွှဲနှင့် မဖြေ ..။

"အဲ့ဒီအဆင်မပြေမှုက အကြီးကြီးလား သေးသေးလေးလား ကိုယ်မမေးပါဘူး၊ မင်း မပြောချင်လို့ မပြောခဲ့တာမှန်းသိလို့ ဒီနေ့ထိလည်း မေးဖို့ စိတ်ကူးမရှိဘူး၊ ဒါပေမယ့် အခု ကိုယ်တို့ စီးပွားရေးနဲ့ပတ်သက်လာပြီ .."

"မာရီယာ က အထက် ရဲ့ စီးပွားရေးကို ထိခိုက်လောက်အောင် ဒုက္ခမပေးနိုင်ဘူး အဝန်း ပူမနေနဲ့၊ ခုဖြစ်နေတဲ့ကိစ္စ ဒါရိုက်တာ မှုမမှန်တာ .. တမင်လွှဲချနေတာ .."

"မဖြစ်နိုင်ဘူး .."

စက်ဝန်း က ခေါင်းခါ၍ ...

"လူတစ်ယောက်ရဲ့ ပြုလုပ်ချက်တွေက အနံ့အသက်တွေလို ပျံ့နှံ့မမြန်သလို သတင်းတစ်ပုဒ်လိုလည်း ပျောက်ကွယ်မသွားဘူး၊ ဒီလူကောင်းတာဆိုးတာ သူဘာတွေလုပ်ခဲ့သလဲဆိုတာ တစ်ချက်မျှော်ကြည့်လိုက်တာနဲ့ သိတယ်၊ ဒါရိုက်တာကိုစောထူး က အဲ့ဒီလိုမဟုတ်ဘူး အထက်.."

"ဟူ ဘာပြောချင်တာလဲ .."

"အခု ပြဿနာရှိတာက မာရီယာ နဲ့ အလုပ်မလုပ်ဘူးလို့ တားမြစ်ခဲ့တဲ့ မင်းရဲ့ စကားကြောင့် .."

"မာရီယာ ကလွဲပြီး သူ ရှာပါစေ၊ အလုပ်မလုပ်ခင်တည်းက တို့သဘောကိုပြောပြီးသား .. မာရီယာ ကလွဲပြီး စက်အဖွဲ့ ရှိခြင်း မရှိခြင်းက သူ့အပိုင်း .."

"အထက် ..."

အထက် က မာတ်လေှကားခလုတ်ကိုလှမ်းဖွင့်လိုက်ပြီး ပြန်ငဲ့ကြည့်-



သည်။

"မာရီယာ နဲ့ ကင်းလွတ်တာမရှိတော့ဘူးဆိုတာမှန်ရင် မာရီယာကလည်း မင်းနဲ့ဆို အလုပ်မလုပ်ချင်တဲ့လူမျိုးပဲဖြစ်နေတာလား .."

"မသိဘူး .."

"ဘာဖြစ်လို့ ကိုယ်ရှင်းပြနေတာကို ဒေါသထွက်နေတာလဲ အထက်ရယ် .. မင်း မလုပ်ချင်ရင် ကိုယ်လုပ်လို့ရတယ်၊ မင်းနဲ့ ဘယ်လိုအဆင်မပြေဖြစ်ထားသလဲ .. ဘယ်အတိုင်းအတာအထိလဲ သိဖို့မလိုဘူး၊ ကိုယ့်ဘက်ကတစ်ခြမ်းတည်းနဲ့ ဆက်လုပ်မယ် .. ဒီကြော်ငြာတင်ဖို့ကို ရက်ကြာသွားရင် .."

"ဒီမှာ အဝန်း .."

မထင်မှတ်ဘဲ အထက် ရဲ့ မျက်နှာလေးက မာကြောနေကာ ..၊

"လုံ ထွက်သွားတည်းက ငေါ်နေခဲ့တဲ့မျက်နှာက မာရီယာ ပြဿနာကျမှ အရမ်းစိတ်ဝင်စားနေတာလား .. အထက် နည်းနည်းမျက်စိလည်သွားလို့ပါ .."

"ဘာဖြစ်ဖြစ် လုံ့ ကိုပဲ ထည့်တွေးလိုက်တော့ မင်း မျက်စိလည်တာပေါ့ .. ဒီစီးပွားရေးကို ကိုယ်စိတ်ဝင်စားလို့ မင်းဆန္ဒအတိုင်း ကိုယ့်ဝါသနာကို စွန့်လွှတ်ပြီး မင်းနဲ့အတူ စိတ်ပါလက်ပါလိုက်လုပ်နေခဲ့တာ"

အထက် မျက်နှာ မသိမသာပြေကျသွားသည်။

"အခု မင်းဖြေရှင်းဖို့ ခက်နေတဲ့ကိစ္စကို ကိုယ်က .."

"အဝန်း ဝင်ပါတာလည်း အထက် မကြိုက်လို့ပေါ့ .. ဒါလိုဖြစ်မှပါ အလုပ်လုပ်ဖို့ထက် မာရီယာ ဂရု(စ်)နဲ့ အထက် ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာ အဝန်း သိချင်နေတာဟုတ်သလား မဟုတ်ဘူးလား .."

"ကိုယ့်ဆန္ဒကို မင်း မေးရမှာမဟုတ်ဘူး .. ကိုယ်သိအောင် မင်းဘက်က ပြောပြနိုင်သလား .. မပြောနိုင်ဘူးလား အဲ့ဒါပဲ .."

ဝင်းစက်လှပသည့် မျက်နှာလေး ကွက်ခနဲပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယူက တို့ကို ဒေါသတွေထွက်နေတာလား .."

"မင်းကို ကူညီချင်တာ အထက် .. မင်း ဘာဖြစ်လို့ နက်(ဂ်)တစ်တွေ့ပဲ တွေးနေတာလဲ .."

"အဲ့ဒီအကူအညီကို အထက် က မလိုချင်ဘူးဆိုရင်ရော .."

"ဖြစ်တာပဲ .. ဒါတွေက မင်းပိုင်တဲ့စီးပွားရေး .. မင်းဆန္ဒရှိတဲ့အတိုင်း အားလုံးဖြစ်လို့ရတယ် .."

အဝန်း က သူမလက်ထဲက သော့ကိုယူပြီး ခတ်လှေကားထဲက ထွက်သွားသည်။ အထက် ဒီတိုင်းခွလေးကျန်ခဲ့ပြီးမှ ခပ်သွက်သွက်လိုက်သွားမိရင်း ..။

"အဝန်း နေဦး .. အထက် ဒီသဘောပြောတာမဟုတ်ဘူး .."

သူမ ရှင်းပြဖို့ကြိုးစားရင်း ကားပါကင်ကိုရောက်တဲ့အထိ အမောတကောဖြစ်နေခဲ့၏။

စက်ဝန်း မျက်နှာကတော့ ကြည်လင်မလာခဲ့ပေ။ ထို့ကြောင့် အထက် စိတ်တွေကသိကအောက် ဖြစ်နေခဲ့ရလျက် ဒီလိုစကားတွေ ပြောမိတိုင်း စိတ်ညစ်ခဲ့ရသမျှ ပြန်တွေးမိကာ ချမ်းသာတဲ့မိန်းမဖြစ်ရတာကိုတောင် မုန်းလာခဲ့တဲ့အထိ ..။

❖



အခန်း (၁၅)

ခေါင်ဖျား ..။

နာမည်ကို ဖတ်လို့ရပေမယ့် ဆိုင်းထိုးထားပုံကလှသည်။

ခတ်ပုံ၏ ဆိုက်ဒ်က ဆယ့်ရှစ်လက်မပတ်လည်လောက်ပဲရှိကာ ထိုင်နေသည့်ပုံကို ပခုံးလောက်ကနေ မျက်နှာအပြည့်ယူထားတာဖြစ်သည်။

စတူဒီယိုတစ်ခုလုံးမှာ ဒီခတ်ပုံတစ်ပုံပဲရှိကာ နောက်ထပ် ဘာပုံမှမရှိ အလှအပအဆင်တန်ဆာတင်ပြချိတ်ဆွဲထားတာလည်း ဘာမှမရှိဘဲ သာမန်ခတ်ပုံစတူဒီယိုတစ်ခုထက် လှပခမ်းနားတာ ဘယ်မှာလဲ ..။

နက်ပြာရောင် ကန့်လန့်ကာကြီးတွေ မျက်နှာကျက်ကနေ ကြမ်းခင်းဆီထိ နောက်ဖက်မျက်နှာတစ်ပြင်လုံး အပြည့်ကာထား၏။ ပြီးတော့ တင်မရှာကြီးတွေက ထရိုင်ပေါ့ပေါ်မှာ ပြူးတူးပြဲတဲ ..။

မီးဖန်းတွေ ဆလိုက်တွေက ကြမ်းခင်းပေါ်မှာရော ဒေါက်စင်တွေနဲ့ တင်ထားတာရော .. အားလုံးကိုပှည့်ပတ်ကြည့်၍ မျက်နှာမော့လိုက်တော့ ယောက်ျားလေးသုံးယောက်က ဖလက်(ရှ်)ဂန်းတွေ ကိုင်နေရင်း

www.burmeseclassic.com

www.burmeseclassic.com



သူမကိုကြည့်နေတာ ပြုံးတွေတွေ ..။

"ခေါင်ဖျား က မင်းတို့သိရဲ့လား .."

မျက်မှုံးတွေမသိမသာပင့်သွားကြပြီး ခေါင်းညိတ်သည်။ အထက်ရဲ့ လေသံအမူအရာကြောင့် စိတ်ကသိကအောက်ဖြစ်သွားသည့် မျက်နှာနှင့် ..။

"ဆရာနဲ့ တွေ့ချင်ရင်တော့ သူနဲ့ အရင်ကွန်တက်(တ်)လုပ်ထားမှဖြစ်မှာ .. သူ ဘယ်စတူရီယိုမှာရှိမယ် ဘယ်အချိန်လာမယ်ဆိုတာ မသိနိုင်သလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဖြစ်ရင်တောင် သူ အချိန်ပေးမှာ မဟုတ်ဘူး .."

"ဒါဆို သထက်ဦး က တွေ့ချင်တယ်လို့ပြောပြီး ဖုန်းဆက်ပေးပါလား .. ပလိ(စ်) .."

သူတို့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြစဉ် ..၊

"ဟိုမှာ .. ဘရာ လာပြီ .."

ဆရာကနေ ဘရာ ဖြစ်သွားသော လူရိပ်ဝင်လာတာ သတိထားမိပေမယ့် လှည့်မကြည့်ဖြစ် ..။

"ဘရာ .. ဒီမှာ ဧည့်သည် .."

ကိုယ်နားရောက်လာမှ အထက် လှည့်ကြည့်လိုက်မိသည်။ ခေါင်ဖျားကလည်း ငုံ့ကြည့်၏။ သို့သော် သူမကို မြင်လိုက်သဖြင့် အံ့ဩသွားတာ စိတ်လှုပ်ရှားသွားတာမျိုး ဘာမှ ဖြစ်မသွားခဲ့ဘဲ ..။

"မင်းအဲ့ တို့ ဒီမဝင်ဘူးလား .."

ဟန်ဆောင်တာလား တမင်ဂရုမစိုက်ပုံပြတာလား မသိ၊ ကွန်ပျူတာနဲ့ စားပွဲဆီတန်းဝင်သွားရင်း အလုပ်ကိစ္စကိုပဲမေး၏။

လှောင်ရိပ်ထင်ခဲ့သော လူငယ်တွေရဲ့ရှေ့မှာ အထက် ရှက်စိတ်ကြောင့် ပူရှိန်းလာသလိုပင် ..။



"မဝင်ဘူး ဘရာ .. အစ်မကို ခါတ်ပုံရိုက်ပေးရဦးမှာဆိုပြီး ..ဒဲဘက်က လှည့်သွားတဲ့ပုံပဲ .."

"အေး .. ဒါဆို ပြင်ဦးလွင်ဟိုတယ်လ်ဖွင့်ပွဲက မန်မိုရီကဒ် ငါယူသွားမယ် .. 'ပွင့်ဦး' ရုပ်ရှင်က ဦးထွန်း ဖုန်းဆက်ရင် အစ်ကို့ဆီမှာ မေးကြည့်ပါလို့ပြောလိုက် .."

ကွန်ပျူတာ တစ်လုံးနဲ့ အလုပ်ရှုပ်ရင်း ပါးစပ်က မှာစရာရှိတာတွေ မှာသည်။ ပြီးတော့ ယူစရာရှိတာယူပြီး ပြန်ထွက်သွားဖို့ ထွက်လာမှ...

"ခေါင်ဖျား ..."

ကိုယ့်ရှေ့ပြန်ရောက်မှ အထက် အံကြိတ်သံလေးနှင့် ခေါ်မိကာ...

"ယှူနဲ့ ပြောစရာရှိတယ် .."

ခေါင်ဖျား က ဆက်ထွက်သွားလျှင် ..၊

"မစားရတဲ့အမဲ သဲနဲ့ပတ်သလို ညစ်ပတ်ခဲ့ပြီးမှ ရုပ်တည်ကြီးနဲ့ ရှောင်ထွက်ချင်တာလား .."

သူ ခြေလှမ်းတုံ့သွားသည်။ အထက် က သူ့ဘက်လှည့်ရပ်လိုက်ကာ ..၊

"ရှင်နဲ့ ဆွေးနွေးစရာတွေရှိတယ် .."

ခေါင်ဖျား သူမဘက်လှည့်လိုက်ပြီး မေးဆတ်၍ ...

"ပြော ..."

"ကျွန်မတို့နှစ်ယောက်ပဲ ပြောချင်တယ် .."

"ငါ့ဘက်မှာ နှစ်ယောက်တည်းဆွေးနွေးရမယ့် ဧည့်သည်မျိုးမရှိဘူး .."

"ခေါင်ဖျား .."

"အခု မင်းပြောလို့မဖြစ်ဘူးဆိုရင် ပြန်စဉ်းစားလိုက်ဦး .."

"ရှင် ဒီလောက်ခြေလှမ်းပြင်နေတာ ရှင့်အကြောင်းတွေ ပြောချလိုက်

www.burmeseclassic.com

www.burmeseclassic.com



မှာ စိုးရိမ်နေတာများလား ..”

“ဟား .. ဟား .. ဟား ..”

ခေါင်ဖျား က သူမစကားမဆုံးခင် အားပါးတရ ထရယ်ပစ်၏။ ပြီးတော့ ဘောင်းဘီထဲလက်နှိုက်ပြီး ရှေ့တိုးလာကာ ..၊

“အခု ငါ့စတူဒီယိုထဲမှာ ဘာမှမပြောရဲတာက ဘယ်သူလဲ ..”

“ဟုတ်တယ် .. မပြောရဲတာမဟုတ်ဘူး .. မပြောချင်တာ ..”

“ဒါဆို အခု မပြောရဲတာ သေချာပြီပေါ့ ..”

အထက် က နောက်မှာအလုပ်လုပ်နေကြသည့် ကောင်လေးတွေကို လှည့်ကြည့်လိုက်လျှင် ကောင်လေးတွေ ရှိုးတိုးရှန့်တန့်တွေဖြစ်ကုန်ကာ ထွက်သွားကြဖို့ ခြေလှမ်းပြင်၏။ သို့သော် ..၊

“လူသိမခံချင်တာဖြစ်ဖြစ် လူသိမခံရဲတာဖြစ်ဖြစ် ပြောချင်တာက မင်း .. ငါ့ညီတွေကို ရှောင်နိုင်းစရာမလိုဘူး ..”

“ရတယ်လေ .. ရှင်က နည်းမျိုးစုံနဲ့ ပတ်သက်ကြောင်းပြချင်နေတာ အထက် သိပြီးသား ..”

ခေါင်းဖျား မျက်နှာတင်းသွားသည်။ အထက် က လှလှပပလေးမဲ့ကာ ..၊

“ကျွန်မကို ဒုက္ခပေးဖို့ ခင်းကျင်းပြင်ဆင်ထားတာတွေကို ရပ်တန့်ပေးဖို့လာပြောတာ၊ ကွန်း .. ရှင် သိပ်တတ်နိုင်လွန်းတယ်သိလား .. ဘာမှမဆိုင်တဲ့ လမ်းကြောင်းကနေ ကျွန်မနဲ့လာငြိအောင် လုပ်နိုင်တယ်၊ နည်းနည်း ဖြစ်ဖြစ်ဒုက္ခပေးရမှ စားဝင်အိပ်ပျော်မယ်ဆိုရင်လည်း ..”

“မင်းကို ဒုက္ခပေးချင်တာတော့ အမှန်ပဲ .. ဒါပေမယ့် အဲ့ဒီအတွက် ငါ ခင်းကျင်းပြင်ဆင်ခဲ့တာမဟုတ်ဘူး ..”

“ယုံအောင်ဖြီးစမ်းပါ ..”

“မင်းယုံတာ မယုံတာ ငါ့အတွက် အရေးမကြီးပါဘူး၊ ဒီမှာ အထက်ဦး



မင်း တစ်ယောက်နဲ့ မပြတ်စဲရသေးဘဲ နောက်တစ်ယောက်နဲ့ လက်ထပ်ရတာ ဂုဏ်ယူနေပေမယ့် သုံးစားမရတဲ့ကောင်အဖြစ် ကန်ထုတ်ခံလိုက်ရတာ ဂုဏ်ယူစရာမဟုတ်ဘူး ..”

“ဒါပေမယ့် ရှင် ဂုဏ်တက်အောင် ကျွန်မနဲ့ ပတ်သက်ဖူးတာတွေ ကြေညာချင်နေတာပဲ မဟုတ်ဘူးလား ..”

“အဲ့ဒီလိုဖြစ်သွားစေတဲ့အကြောင်း ဘာရှိခဲ့သလဲ ပြော ..”

“ကျွန်မ ‘ထက်ဝန်းယံ’ နာမည်ပြောင်းတုန်းကလည်း ခုလိုအဖြစ်မျိုးကြုံခဲ့ရတယ် ..”

“ဘယ်လိုအဖြစ်လဲ ..”

“ရှင် မသိချင်ယောင်ဆောင်မနေပါနဲ့ .. ရိုက်ကူးရေးစက်အဖွဲ့တွေအားလုံး ရှင့်လက်အောက်ကနေ ခေါင်းခါတယ်၊ အက်ဒစ်ကိစ္စတွေ ဘယ်မှာလုပ်လုပ် အဆင်မပြေဘူး ..”

“ဘယ်တုန်းကလဲ ..”

“အဲဒါတွေ ရှင် ပြန်ရောက်လာတည်းက ဖြစ်ရတာ ..”

“ဘာဖြစ်လို့ ငါ့ကြောင့်လို့ မင်းပြောနေတာလဲ .. ခေါင်ဖျား ဆိုတဲ့ကောင်က နာမည်ကသာ ခေါင်ဖျားက လူတိုင်းအပေါ်မှာတော့ ဒီလောက်သြဇာမညောင်းပါဘူး .. ကြည့်ရတာ မင်း ငါ့ကို တော်တော်အထင်ကြီးလာတဲ့ပုံပဲ ..”

“ဒီမှာ ခေါင်ဖျား ..”

“ပြော ...”

“ကျွန်မက ချမ်းသာပြီးသား၊ နောက်ထပ် ချမ်းသာတဲ့ယောကျ်ားမလိုပါဘူး၊ ကျွန်မလိုချင်တာ အချစ်ပဲ ..”

“မင်းက ငါ့ကိုမချစ်ခဲ့ဘူးပေါ့ ..”

“ရှင် အဲ့ဒါတွေပြန်ပြောမနေနဲ့ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပြောတာလဲ .."

အထက် ဒေါသထွက်သွားသည်။ ခေါင်ဖျား က လက်တွေကို ဘောင်းဘီအိတ်ထဲထည့်လိုက်ပြီး သူမရှေ့ထိ နီးကပ်စွာတိုးရပ်လိုက်ကာ..၊

"မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ခိုးပြေးဖို့ မင်းပဲ ပြောခဲ့တာနော် .. အခု အချစ်ကိုပဲ လိုချင်ပါတယ်လို့ ပြောနေပြန်ပြီ .. မင်းပြောတဲ့ အချစ်က ယောကျ်ားတွေကို လိုသလိုခေါ်သုံးရုံပဲထင်တယ် .."

"ရှင် ...."

မျက်နှာတစ်ပြင်လုံး ရဲတွတ်သွားကာ အထက် လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွားသည်။ သို့သော် ခေါင်ဖျား က အရှိန်နဲ့ ရိုက်ချလိုက်သည့်လက်ကို ဖမ်းကိုင်ထားလိုက်ပြီး ..၊

"ရိုက်နှက်ဆုံးမဖို့လိုတာ ငါမဟုတ်ဘူး .."

ပြောပြီး လက်ကိုဆောင့်လွှတ်ချလိုက်သည်။ ပြီးတော့ လက်ကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်လိုက်ရင်း ..၊

"မင်းကို ငါ ကြိမ်းဝါးခဲ့တာ ဒေါသကြောင့်ပဲ .. ဒါပေမယ့် မိန်းမ တစ်ယောက်ကို ပြုံးမာန်ဖွဲ့ပြီး ဖျက်ဆီးဖို့အတွက် အချိန်ကုန်ခံ ဇယားခင်းနေလောက်အောင် ငါ အောက်တန်းမကျဘူး၊ ငါ့ရဲ့ အချိန်တွေကို မင်းလို မိန်းမတစ်ယောက်အတွက် ဖြုန်းတီးပစ်ဖို့ရော တန်လို့လား .."

ပြောနေရင်း သွားကြားစေ့သံလို ခေါင်ဖျား ရဲ့ စကားသံတွေက ခက်ထန်မာကြောလာခဲ့၏။

"သတိလေးဘာလေးထားဦး .. ငါက မင်းကို ပတ်သက်ဖို့ကြိုးစား ချင်နေတာလား .. မင်းပဲလိုက်ဖြစ်နေတာလား .."

"ဘာ!...."

"မင်းသာ ငါ့ကို မင်းခေါင်းထဲက ဖယ်ထုတ်ပစ်လိုက်ပြီဆိုရင် စိဋ္ဌမာနလို တကောက်ကောက်လိုက်ပြီး လက်ညှိုးထိုးဖို့ ကြိုးစားနေ



မလား .."

"ကျွန်မက ရှင့်ကို .. ဟုတ်လား .."

"ချစ်လို့ဖြစ်ဖြစ် မုန်းလို့ဖြစ်ဖြစ် မင်းနောက်တစ်ခေါ် ငါ့ရှေ့ကို ရောက်မလာမိဖို့ကြိုးစား .."

"ရှင် ကွယ်ရာကနေ ကြံစည်နေတာတွေက ဒီလိုလာမပြောလို့ရ မလား .. ရှင် ကျွန်မ စီးပွားပျက်အောင် အောက်ခြေကနေ ချစားဖို့လုပ် နေတာ၊ ရှင် ယုတ်မာတာ ဘယ်သူမှမသိလည်း ကျွန်မ သိတယ် .."

"မင်းကို ဒုက္ခရာဖြစ်စေချင်ရင်တောင် မင်းရဲ့ ရှို့ပေနေတဲ့လက် ကို ကိုက်ဖြတ်ဖို့တော့ မစဉ်းစားဘူး အထက်ဦး .. ငါ့စီးပွားရေးနဲ့ မင်း အလုပ် ဘယ်လိုပတ်သက်သွားတာလဲ ငါမသိဘူး၊ ဒါပေမယ့် မင်းနဲ့ မပတ်သက်ချင်တဲ့အတွက် မပတ်သက်ဖို့ ငါ အမိန့်ထုတ်ထားတယ်၊ ဒါပဲ .. ကျန်တာမပါဘူး .."

"နေဦး ခေါင်ဖျား .. ရှင် အဲ့လိုကြားကော်င်းအောင်ပြောမသွားနဲ့ .."

ပြောချင်တိုင်းပြောသွားပြီး ကားပါကင်ရှိရာဆင်းလျှက်သွား၏။ အထက် ဒေါသတွေနဲ့ တနုံ့နုံ့ကျန်ခဲ့ပြီးမှ ပြေးလိုက်တော့ ခေါင်ဖျား က တံခါးကို ဂျိမ်းခနဲဆွဲပိတ်ပစ်လိုက်၏။

"ခေါင်ဖျား .."

ဒေါသနဲ့ မာန်မာနကြောင့် သင့်တော်တာ မတော်တာမသိ ..။

မှန်တံခါးကို အတင်းထုရိုက်ပစ်မိကာ အော်ခေါ်ရင်း ..၊

"ရှင့်ကိုလည်း ပြောလိုက်မယ် ခေါင်ဖျား .. နောက်တစ်ခါ ရှင် အဲ့လို ထပ်ငြီအောင်လုပ်ကြည့် ကျွန်မ .."

ကားက မညှာမတာဆောင့်ထွက်သွားလျှင် အထက် လဲပြိုမောတ် ကျန်ရစ်ခဲ့၏။ လူမလဲအောင်ထိန်းရင်း လွယ်ထားသည့်အိတ်က အပုံလိုက် ပြုတ်ကျလေသည်။

www.burmeseclassic.com



"တောက် …"

ပတ်ဝန်းကျင်မှာရှိသမျှလူတွေ ဝိုင်းကြည့်ကုန်ကြသည်။ သူနဲ့ ကိုယ် နောက်ဆုံးရင်ဆိုင်ဖြေရှင်းခဲ့ကြတုန်း သူ့စကားမဆုံးဘဲ သူမ သွားခွင့် မရအောင် လက်ကိုဆွဲထားသည်။

ကိုယ့်အလှည့်ကျတော့ ဆွဲထားလို့လည်းမရ၊ သူ့ကိုနိုင်အောင်လည်း မပြောလိုက်နိုင် …။

"တွေ့မယ်" ဆိုပြီး မောင်းတင်လာခဲ့တုန်းက ကျည်အပြည့် ယမ်း အပြည့်နဲ့ သူမ …။

ကိုယ့်လက်ထဲမှာပဲ ပေါက်ကွဲသွားခဲ့မယ်လို့လည်း မတွေးမိခဲ့တာ အမှန် …။

ဒါဆို ဘယ်သူမှားနေတာလဲ … မှန်တာက ဘယ်သူလဲ …။

ပတ်ဝန်းကျင်ကို ဝေ့မကြည့်ဘဲ မျက်ရည်တို့ကြောင့် မြင်ကွင်းက ခပ်ဝါးဝါးလှုပ်လှုပ်ခါခါဖြစ်လာသည်။

ဒီနေ့ ဒီလိုနေရာမှာ ခြေစုံရပ်ရင်း ကျရှုံးရလိမ့်မည်ဆိုတာသာ ကြိုတင်သိခွင့်ရှိခဲ့ပါလျှင် …။

❖



## အခန်း (၁၆)

"ခတ်ပုံတွေ ဘာလို့ရိုက်နေရတာလဲဟင် … လုံ က ကွန်ပျူတာ သင်ရတာပဲကြိုက်တာ …"

"ဩော် … မလုံ ကလည်း ကွန်ပျူတာသင်ရတာလည်း မလုံ ဖို့တို ရှော့(ပ်)အပိုင်းမှာ အလုပ်လုပ်လို့ရအောင်လို့ပဲ … အခု ခတ်ပုံကလည်း …"

"ခတ်ပုံရိုက်သင်ရမယ်ဆိုရင်လည်း သင်မှာပေါ့ … လုံ က ဘာဖြစ်လို့ အရိုက်ခံနေရတာလဲ …"

"ဟား … ဟား … ဟား …"

"ဟား … ဟား … ဟား မသိရင် ငါတို့က သူ့ကိုရိုက်နေတာကျနေ တာပဲ …"

သူတို့ရယ်တော့ လုံ ပါ လိုက်ရယ်မိကာ …၊

"မဟုတ်ဘူးလေ … ဒီမှာဝတ်ထားရတာလည်း …"

"ဘာဖြစ်လဲ မလုံ ရာ … မလုံ က ဘော်ဒီစထရက်ချာမိတယ် ဒါမျိုးလေးဝတ်လိုက်မှ …"

"မင်းအံ့ ဟိုမှ ဘာရာ ရောက်လာပြီ …"

www.burmeseclassic.com

www.burmeseclassic.com



ပြောလက်စက တိခနဲပြတ်ကျသွားကာ မင်းအုံ့ နဲ့ ဘီယာ တို့ ခေါင်ဖျား ဆီ ပြေးသွားကြ၏။ တစ်ဖက်မှာ ဒေ့်သည်တွေကို ခတ်ပုံ ရိုက်နေသည့် ချစ်သူ ကလည်း အနားရောက်လာကာ ..၊

"ဗိုက်တွေဆာနေပြီ ဒေ့်သည်တွေကလည်း များမှများပဲ .."

ညည်းတွားရင်း ကင်မရာကို လုံ ဆီက ထရိုင်ပေါ့(တ်)မှာ တင်ခဲ့ပြီး ခေါင်ဖျား ဆီ ထွက်သွား၏။ ခေါင်ဖျား က ကားပေါ်ကဆင်းလိုက်ပြီး မင်းအုံ့ တို့နဲ့ စကားပြောနေသဖြင့် ဒီဘက်ကိုရောက်မလာသေး ..။

"ဒီမှာ .. ဒီမှာ သမီးရေ သမီးက ဟိုခတ်ပုံဆရာတွေနဲ့ အတူတူပဲမို့လား .."

"ဟုတ်ကဲ့ အဒေါ် ဘာဖြစ်လို့လဲဟင် .."

"ဒီမှာလေ .. အားလုံးစုရိုက်ဖို့ကျန်သေးတာကို .."

"ဟုတ်လား .. ခဏလေးနော် .."

ခေါ်ပေးမလို့လှည့်ကြည့်လိုက်တော့ စကားပြောရင်း အုပ်စုလိုက် လျှောက်သွားကြတာ ကန့်ဘက်ကိုဖြစ်၏။

"လာပါ သမီးရယ် ဗိုက်လည်းဆာနေကြပြီ [illegible] ရိုက်[illegible] ပါ .. အလှပုံမှမဟုတ်တာ .."

"ဟုတ်တယ် .. လာပါ အစ်မတို့လူတွေများလို့ထင်တယ်၊ ကောင်လေးတွေလည်း စိတ်ညစ်နေကြပြီ ညီမလေးပဲ ရိုက်ပေးပါ .."

"ရိုက်မယ် .. လာကြ .. ရေကန်ကိုကျောပေးပြီးနေကြ .. နောက်က ကရဝိတ်လေးပါအောင် ရိုက်ပေးနော် .."

ပြောပြီး သူတို့ဘာသာ လူတွေစုနေကြသည်။ ပြန်ကြည့်လိုက်တော့ ခေါင်ဖျား နဲ့ သူ့ကောင်လေးတွေက ဘယ်လိုရောက်လာကြမှန်းမသိသော လူရွယ်အုပ်စုတစ်စုနဲ့ စကားပြောနေကြ၏။

စာရွက်စာတမ်းတွေလည်း ကိုင်နေကြကာ အပီအပြင်ဆွေးနွေးနေကြပုံပေါက်နေသဖြင့် အရေးပါသည့် အလုပ်ကိစ္စတစ်ခုခုပဲဟု တွက်



လိုက်မိကာ ..၊

"အဟမ်း ..."

လုံ ထရိုင်ပေါ့(တ်)ရှေ့မှာ အကျအနဝင်ရပ်လိုက်သည်။ ချောင်းဟန့်၍ ပင့်သက်တစ်ဝကြီး ရှိုက်သွင်းလိုက်ရင်း ကင်မရာကိုကိုင်၍ နင်လုပ်နိုင်တယ် လုံမဒီ ..။

မင်းအုံ့ တို့ ချစ်သူ တို့ နင့်ကိုသင်ပြထားတာတွေရှိတယ်၊ သူတို့ကိုယ်တွယ်နေတာတွေကို မြင်တွေ့လာခဲ့တာလည်း လနဲ့ချီနေပြီ။ ခတ်ပုံရိုက်တာလောက်တော့ ဘာလို့မလုပ်နိုင်ရမှာလဲ .. လုပ်လိုက်တော့ ..။

"သမီးရေ .. အဆင်ပြေရဲ့လား .."

တန်းစီနေကြတာကိုကြည့်လိုက်တော့ လူဝကြီးနှစ်ယောက်နဲ့ မိန်းမဝဝကြီးတစ်ယောက်ကပဲ ရေတိုင်ကီသုံးလုံးပူးထားသလောက်ရှိသည်။ ပြီးတော့ ခပ်ဖိုင့်ဖိုင့်တွေ အနေတော်ယောကျ်ားလေး မိန်းကလေးတွေက ဆယ်ယောက် ..။

"နေဦးလေ .. အားလုံးတစ်ခါတည်းရိုက်မှာလား .."

"အေး .. ဟုတ်တယ်လေ .. နောက်က ကရဝိတ်ပါအောင်ရိုက်နော် .. တို့ ရွာပြန်ရောက်ရင် အပြတ်ကြွားပစ်မှာ .."

"နေဦး .. ကျုပ်က အစွန်ရောက်နေပြီ .."

"ဟ .. မိန်းမ .. မင်းက ဝတယ်လေ ကလေးတွေ ဦးစားပေးစမ်းပါ.."

"မပေးနိုင်ပါဘူး .. ခေါင်းဆောင်ဆိုတာ အလယ်မှာပဲနေတာတဲ့၊ ရန်ကုန်ဘုရားဖူးအဖွဲ့မှာ ကျုပ်က ခေါင်းဆောင်ဆိုတာ သိသာထင်ရှားအောင် အလယ်မှာနေမှ .."

"ဟဲ့ .. နေဦး ကင်မရာက ရိုက်နေတာလား .. ငါတို့ အိုက်တင်မပေးရသေးဘူးလေ .."

"အယ် .. ကျုပ်ပုံ ကုန်းကုန်းကွကွကြီး ပါသွားပြီထင်တယ် .."

"ဟက်ပ .. ငါ့သားလေး ငိုနေတဲ့ပုံကြီးပါသွားပြီ.. လှတပတလေး

www.burmeseclassic.com

www.burmeseclassic.com



နေမှ ရိုက်ပါဟဲ့ ..."

လသားအရွယ်ကလေးလေးကို ချီထားသည့် အမျိုးသမီးက သူ့ကလေးလေးရဲ့ ပါးစပ်ပြဲပြဲကို လက်ဝါးနဲ့ အတင်းဖိကပ်ပိတ်ပြီး အငိုတိတ်ဖို့ကြိုးစားနေ၏။

ကင်မရာထဲမှာ သူတို့အရိပ်တွေကိုချိန်နေရင်း အစွန်ကလူက အလယ်ထဲထဝင်လိုက် အလယ်ကလူက မှောက်လျားထိုးလဲသွားလိုက်..။

"ခဏ .. ခဏလေးနော် .. လူတွေအရမ်းများလွန်းတော့ တန်းစီထိုင်နေရင် ကင်မရာထဲမှာ မဆံ့ဘူး .."

"ဟော ..."

"ဟုတ်လားဟဲ့ .. ငါ့သား တပ်ထဲက ပြန်လာတုန်းက အမှတ်တရ ဓာတ်ပုံတွေပါလာတာ တပ်သားတွေ သုံးလေးဆယ်ဆံ့ပါ့ .."

"ဟုတ်ပ .. တို့ဆရာတော်ကြီးပျံလွန်တော်မူတုန်းက ဖယောင်းကျူးဖို့လာကြတဲ့ ဆိုင်းအဖွဲ့တွေနဲ့ တို့ရွာသားတွေ တွဲရိုက်ကြတာလည်း လူတွေမှ အများကြီးပဲ .."

"အေးလေဟာ .. ငါတို့က တစ်အုပ်စုလုံးပုံ မပါသေးလို့ ရိုက်ချင်တာကို .."

"ညီမရယ် .. ငါတို့ ပိစိညောင့်တောင့်လေးပဲ ပါပါ ရပါတယ် ဆံ့အောင်ရိုက်ပေးနော် .."

တောင်းပန်နေတဲ့လူတွေကလည်း မဆံ့ပါဘူးဆိုမှ သူမဖယ်ဘူး ငါမဖယ်ဘူးတွေဖြစ်ကုန်သည်။ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ထားတဲ့လူတွေက တစ်မျိုး ..။

"ငါတို့ သားအမိသုံးယောက်ကတော့ တစ်ယောက်မှ ဖယ်လို့မရဘူး .. ဒါပဲ .."

"ကျုပ်တို့လင်မယားကလည်း ဖြစ်နိုင်ရင် ကျောချင်းကပ် ရင်ချင်းကပ်.."

"တော် .. တော် .. ငါတို့ကတော့ သူမှန်းမသိ ငါမှန်းမသိ ပိစိ



ညောင့်တောင့်မပါချင်ဘူး .."

"ဟုတ်တယ် .. ကျွန်တော်လည်း အကြီးကြီးပါချင်တယ် .."

"အဲဒါ မင်း အမေသွားပြောပါလား .."

"ကိုကြီးအုန်း .. ခင်ဗျားနော် .."

"ကဲ .. တော်စမ်းပါကွာ .. ဓာတ်ပုံဆရာမက ပြောပါလိမ့်မယ် .."

အားလုံးကို 'ဒါပဲ' လို့ တစ်ချက်လွှတ်ဩဇာညောင်းရအောင် ကိုယ်လည်း သိပ်တတ်တာမဟုတ် ..။

"အဟမ်း .. ဒီလိုလုပ်ပါ .. ဝတဲ့လူတွေ ခဏဖယ်လိုက် .."

"ခဏဆိုတာက .."

"နှစ်ယောက်တစ်တွဲ ခွဲရိုက်မယ် .."

"ဟာ .. တစ်အုပ်စုလုံး အကုန်ပါချင်ပါတယ်ဆို .."

"ဓာတ်ပုံထွက်လာရင် တစ်အုပ်စုလုံးဖြစ်သွားမှာလေ .."

"ဟုတ်လို့လား .."

"သြော် .. လုပ်လို့ရလို့ပြောနေတာပေါ့ .. ကဲ .. ကဲ .. ငါတို့လင်မယားဖယ်လိုက်မယ် .."

"ငါတို့က ပိန်တော့ သုံးယောက်တွဲလိုက်မယ် .."

"ဟုတ်တယ် .. တို့က ညီအစ်မတွေ .."

"ဟဲ့ .. မိကျောင်းမ .."

"ခတ္တာ ပါ .."

"ခတ္တာ ပေမယ့် နင်က သိပ်လျှာရှည်တာ .."

"မိကျောင်းက လျှာမပါဘူး .."

"နှုတ်သီးရှည်တယ်ဟာ .. ကဲ .. ဓာတ်ပုံထွက်လာရင် အကုန်တွဲလျက်ပါပါမယ်ဆိုမှ ဘာကိစ္စလျှာရှည်နေရတာလဲ .."

"ပြန်ဆက်တဲ့အချိန်မှာ တစ်နေရာစီကွဲသွားမှာစိုးလို့ပေါ့ .."

သူတို့ချင်း နေရာချထားရေးအတွက် စစ်ခင်းနေကြချိန်မှာ လုံ

www.burmeseclassic.com

www.burmeseclassic.com



က ကင်မရာတစ်လုံးနဲ့ အလုပ်ရှုပ်နေတာ ဆရာမကြီးစတိုင်လ် ..။

"ခတ်ပုံဆရာမက အချောလေး .."

"ဆံပင်ကြီးကလည်း ကောင်းပါဘိ .."

ချွေးပြန်ချင်နေတာတောင် လှတယ်ပြောတော့ လှမ်းရယ်ပြဖို့ကို မမေ့ ..။

ရွှေညိုစိမ်းရောင် ဘောင်းဘီအရှည်ကျပ်ကျပ်နှင့် အဝါနုနဲ့ အစိမ်းရောနေသော လက်ရှည်ခါးရှည်ကိုယ်ကျပ်လေးကို ခါးပတ်အနက်လေး ချိတ်ထား၏။ ဓာတ်ပုံရိုက်ခံနေရတုန်းကတော့ မိတ်ကပ်ပြေပြေလေးနဲ့ ဖြစ်ပေမယ့် ပြီးပြီဆိုတာနှင့် ယူလာခဲ့သည့် သနပ်ခါးဘူးလေး လက်ပေါ် သွန်ချပြီး ပါးကွက်လေးတင်ထားခဲ့သည်။

ဝတ်ထားတော့ ခေတ်ပုံဒီဇိုင်းနှင့် ဆံပင်က တင်ပါးအောက်ကျော် သည်။ ပါးမှာ ပါးကွက်နဲ့ သူမကို မင်းအုံ တို့ ပြန်လှည့်လာကြရင် ဘာပြောကြမည်မသိ ..။

သနပ်ခါးဘူးမြင်သွားတည်းက 'ဒါကြီးမလိမ်းနဲ့နော် ဘာမှမဆိုင် ဘူး' လို့ တားခဲ့ကြတာ ..။

"အယ် .. မဆုံတော့ဘူး .."

"ဟော ..."

"တို့နှစ်ယောက်တည်းပဲလေ .."

"ဟုတ်တယ် .. ဒေါ်ဒေါ်တို့က အရမ်းစတော့ ကင်မရာထဲမှာ မဆုံဘူး .."

"ငါတို့က ကင်မရာထဲ ဝင်ထိုင်မှာမှမဟုတ်တာ .."

"ဟုတ်သားပဲ .. နှစ်ယောက်တည်းကတော့ ဆုံတယ်လုပ်လိုက်ပါ"

"ငါတို့က တောသူတောင်သားတွေပေမယ့် ဒီလောက်တော့လည်း မအပါဘူး အေရယ် .. တုတ်တုတ်ပြဲပြဲကွဲကွဲကြီးတွေ နှစ်ယောက်တွဲ ရိုက်ကြတာတွေရှိပါ့ .."



"ဟုတ်ပါ့ .."

"ရမယ် .. ရမယ် .. လုပ် .. ဖက်ထား .."

"ဟော ..."

လုံ သူများကဲ့ရယ်တာတော့ မခံနိုင်ပါ။ ပြီးမှပဲ မင်းအုံ တို့ကိုကြည့် လုပ်ပေးဖို့ပြောတော့မည်လို့ ဆုံးဖြတ်၍ ..၊

"မဟုတ်ဘူးလေ .. ဒေါ်ဒေါ်တို့က လင်မယားတွေမို့လား .."

"အေးလေ .."

"အဲဒါကြောင့် ချစ်ချစ်ခင်ခင်ဖက်ထားတဲ့ပုံလေး .."

"ဩော် .. ဟုတ်လား .."

"ဒီလိုလေး .."

လူကြီးက နည်းနည်းပုနေသည်။ ဇနီးသည်ကိုဖက်လိုက်တော့ လက်မောင်းကြွက်သားလုံးကြီးကလည်း ခံနေသဖြင့် ကြည့်ရဆိုး၏။

"မကောင်းဘူး .. ဒေါ်ဒေါ်ဖက်လိုက် .."

"ငါက ခံပဲခံချင်တာအေ .. မိန်းမကဖက်ရမယ်လို့.."

"ကဲပါဟာ .. လင်မယားချင်းပဲ နင်တို့ကတစ်မျိုး .."

"သူတို့ပြီးရင် ငါတို့အတွဲ .."

"ကျုပ်ကတော့ မဖက်ဘူးနော် .."

"နင့်ကိုလည်း မဖက်နိုင်းပါဘူး .. ငါတို့ကယောကျ်ား ကိုယ့် အလုပ်ကိုယ်ပဲလုပ်တယ် .."

"ပေါက်ကျိုင်း မင်း စောင်းမပြောနဲ့နော် .."

တစ်နေရာတည်းမှာ လူဆယ့်လေးငါးယောက်နဲ့ ငြင်းခုံသံတွေနဲ့ဆူညံ ပွထနေခဲ့လျက် ကင်မရာရိုက်ချက်တွေကလည်း ဟဝင်းဝင်းတလက်လက် နှင့် ..။

❖

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

"ဟာ .. သွားပြီ .."

"ဘာဖြစ်တာလဲ .."

မင်းအုံ့ မျက်လုံးပြူးနေတာမြင်သည်နှင့် ချစ်သူက ပြေးလာကြည့်သည်။ ကွန်ပျူတာထဲမှာ မြင်လိုက်ရသည့်ပုံတွေက ..။

"ချစ်သူ ဖုန်းလာတယ်ကွ .."

"အေး .. လာပြီ .."

ချစ်သူ ဘာမှမပြောနိုင်ဘဲ ဖုန်းထပြောရပြန်သည်။

"ဟလို .. ဟုတ်ပါတယ်ခင်ဗျာ .. မာရီယာ ဓာတ်ပုံစတူဒီယိုကပါ"

"..... ..... ....."

"မဟုတ်ဘူးခင်ဗျ .. သုံးဆယ့်ငါးလမ်းမှာပါ .."

"ချစ်သူ ..."

မင်းအုံ့ ကလည်း အနားကပ်လာပြီး မြန်မြန်ပြောဖို့ အမူအရာတွေ စုံအောင် လုပ်ပြနေတာ စာခြောက်နေတဲ့အတိုင်း ..။

မင်းအုံ့ ကို ချစ်သူက ခဏနေဖို့ လက်ကာပြသည်။ ထိုစဉ် လုံ့



ထွက်လာတာမြင်တော့ လက်ညှိုးထိုးပြလိုက်၏။

"မလုံ ..."

မင်းအုံ့ လုံ့ ကို မြင်လိုက်တာနှင့် လက်ယပ်ခေါ်ကာ ..၊

"မလုံ ဒီမှာလာကြည့်ပါဦး .. ဒီမှာ အကြီးကြီးကွိုင် .."

"ဘာဖြစ်လို့လဲဟင် .."

လုံ ကလည်း အလန့်တကြားမျက်နှာလေးနှင့် ပြေးလာရှာသည်။ သို့သော် ..၊

"လုံ ရေ .. ခဏလောက် .."

"ဟင် .. ဒေါ်လေးတို့လာကြတယ် .."

လုံ့ ရဲ့ လမ်းကြောင်းက တံခါးဝဆီကိုဖြစ်သွားကာ မင်းအုံ့ တို့ဆီက အကြီးကြီးကွိုင်ဆိုတာကို မေ့သွားခဲ့၏။

"ဒီမှာလေ .. ခါတိုင်းလည်း နှစ်ယောက်တည်းနေနေကျကို ခုတလော မှ ညည်းမရှိရင် ပျင်းလို့ပါတဲ့ .. ဒေါ်စုစုစံ .."

"ဟုတ်လား .."

လုံ က စုကို လက်လေးပြေးတွဲကာ သူမကိုင်ထားသည့်အိတ်ကို လက်ပြောင်းယူလိုက်၏။ ဒေါ်ဟန်သီ တို့နဲ့ သူမ အတူနေခဲ့ရတာ ရက်ပိုင်းလေးပဲဖြစ်သည်။

ဒါပေမယ့် နှစ်ယောက်တည်း ခြောက်သွေ့နေကြသည့် အမျိုးသမီးကြီးနှစ်ယောက်နှင့် လုံ တို့ ဆုံမိတဲ့အချိန်မှာ ချက်ပြုတ်လုပ်ကိုင်ရင်း ရယ်စရာတွေပြောကြ၊ အတွေ့အကြုံတွေပြောဖြစ်ကြနှင့် စို ပြည်နေခဲ့တာပါ။

ဒါကြောင့်လည်း လုံ ကွန်ပျူတာသင်ဖို့ ဓာတ်ပုံစတူဒီယိုတွေဆီ ထွက်လာတဲ့အချိန်တွေမှာ နှစ်ယောက်တည်းပြန်လည်ခြောက်သွေ့ခဲ့တာ ဖြစ်မည်။

တွေးမိတော့ စာနာစိတ်နှင့် စု ရဲ့ လက်လေးကို လက်တွဲထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုဆို နေ့တစ်ဝက်တင်မဟုတ်တော့ဘဲ တစ်နေကုန် ဒီမှာပဲဖြစ်နေခဲ့တာ ကြာပြီမို့ ..။

"လုံ အခု ကွန်ပျူတာတော်တော်ကိုင်တတ်နေပြီ မကြီးစု သိလား.."

ဟုတ်လားလို့ မေးသည့်မျက်ဝန်းလေးတွေနဲ့ စု က ပြုံးနေ၏။ ဆံပင်ကျောသာသာလောက်နှင့် နဖူးကနေ အပြောင်သိမ်းလှန်ပြီး နောက်တွဲလေး ထုံးထားသော စု ရဲ့ မျက်နှာလေးက ရင့်ရော်သလိုထင်ရပေမယ့် ညိုဝင်းဝင်းခပ်သွယ်သွယ်လေးမို့ ချစ်ခင်ဖွယ်လေးဖြစ်သည်။

သူမကလည်း လုံ့ လက်ကို ပြန်ဆုပ်ကိုင်ထားကာ ..၊

"အာ .. အာ .. ဟ .."

"ဩော် .. အုန်ကိုခေါင်ဖျား လား .. ဗီနိုင်းထုတ်မယ့်ပုံတွေရေးနေတယ် .. အထဲမှာ မကြီး သွားမလား .."

"ဟာ .. မလုပ်နဲ့လေ .."

မင်းအုံ့ အသံကြီးက ပိုဍ်ပူလောင်ပြင်းပြနေကာ ..၊

"ဘရာ က အလုပ်လုပ်နေရင် အနားမှာ စကားသွားပြောတာ မကြိုက်ဘူး .."

ချစ်သူ ဖုန်းပြောနေတာလည်း မပြီးနိုင် ..။ ဒေါ်ဟန်သီ တို့ပါ ထပ်ရောက်လာသဖြင့် မင်းအုံ့ ကွန်ပျူတာရှေ့မှာ ခေါင်းကုတ်၍ ရှုံ့မဲ့နေ၏။

ဒါကြီးကို လူတွေစုံနေကာမှ သိရလား .. ဘာလို့ ခုမှသိရတာလဲ..။

"ဟုတ်လား .. ဒါဆို ကျောက်မြောင်းဆိုင်ခွဲမှာ ဖြစ်မယ် .."

"..... ..... ....."

"ဟုတ်တယ် .. မာရီယာပဲ .. စိတ်ချပါ ပေးပေးမယ်၊ ဒီညနေ သူတို့ဖုန်းဆက်ပါလိမ့်မယ်ဗျ .."

ချစ်သူက ဖုန်းပြောခြင်းကို အမြန်လက်စသပ်၍ ပြန်ပြေးလာကာ..၊

"ဒီမှာ ဘရာ ရှိနေကာမှကွာ .."



"ဟုတ်တယ် မင်းကလည်း မနက်တည်းက ဘာလို့ဖွင့်မကြည့်တာလဲ .. ခုမှ ဘာမှ .."

"ဒေါ်လေးတို့က နှစ်ယောက်စလုံး ဘာလာလုပ်ကြတာလဲ .."

ပြောနေတုန်း ခေါင်ဖျား ထွက်လာတော့ မင်းအုံ့ တို့ မျက်လုံးပြူးကုန်သည်။ ချစ်သူက ကကောင်ကတက်နှင့် ကွန်ပျူတာရှေ့ ကာပိတ်ရပ်လိုက်၏။

ခေါင်ဖျား က သတိမထားမိ ..။

"မမကို အပြင်ခဏခဏ ခေါ်မထုတ်ပါနဲ့ဆိုတာ .."

"ခေါင်ရယ် .. သူ့ခများလည်း အိမ်ထဲမှာချည်းပဲနေရှာပါတယ်၊ အခု လုံ က အကျင့်ဖျက်သွားတာလေ .. သူက ဒီမှာပဲဖြစ်နေတော့ မင်းအစ်မက မနေတတ်တော့ဘူး .."

"အရေးမပါတာ .."

"အရေးပါတာပေါ့ .. လုံ က ဒေါ်လေးလိုမဟုတ်ဘူး၊ ဟင်းချက်တာလည်း အချဉ် အစပ်လေးတွေရောပြီး မွှေးမွှေးကြိုင်ကြိုင်လုပ်တတ်တယ်၊ နေ့လယ်ခင်းဆို လက်သုပ်လေးတွေလုပ်ပေးတာလည်း မရိုးအောင်ဘဲ ပြီးတော့ တောက အတွေ့အကြုံလေးတွေ ပြောပြတယ်၊ ရယ်ကြရတာ မောတောင်မောတယ် .."

ပြုံးနေသည့် လုံ ကို ခေါင်ဖျား က ကျေးဇူးမတင်သည့်အကြည့်နှင့် မျက်လုံးဝေ့၍ ..၊

"စည်းရုံးသွားတာ .."

လုံ ကြားသွားပြီး ဖျတ်ခနဲမော့ကြည့်တော့ သူ မဟုတ်သလိုမျက်နှာလွှဲကာ ..၊

"ဟိုနှစ်ယောက် ဘာလုပ်နေကြတာလဲ .. ချစ်သူ ကို တောင်ဥက္ကလာပသွားခိုင်းထားတာမို့လား .."

"ဟုတ်ကဲ့ ဘရာ .. ကိုသတ္တိ ပြောပါတယ်၊ အဲဒါပဲ .. ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဘာခိုင်းဦးမလဲလို့ .."

"မလိုဘူး .. သွားစရာရှိတာသွား .. ငါခိုင်းဖို့ မင်းပဲရှိတာမဟုတ်ဘူး .."

"ဘရာ .. ကျွန်တော်ပါလိုက်သွားလိုက်မယ် .."

မင်းအုံ့ ပြောပြီး ခေါင်ဖျား ရဲ့ အဖြေကိုမျှော်လင့်ကာ တံတွေးမျိုချတာ ကွိခနဲ ..။

"ဘာကိစ္စနဲ့လဲ .."

"ဟို .. ခတ် .. ခတ်ပုံတွေ တောင်ဥက္ကလာပမှာလုပ်လာခဲ့မယ်.. ဒီမှာက ကွန်ပျူတာ .."

"ဖြစ်ပါတယ် .. ငါအထဲမှာ ယူလုပ်လိုက်မယ် .. ထုတ်လိုက် .."

ဟမ်!....

ချစ်သူ ခြေလှမ်းတုံ့နေကာ မင်းအုံ့ ရင်တုန်သွား၏။ လုံ က ခုမှ အကဲခတ်မိကာ ခုနပြဿနာဆိုတာကို သတိရသွားသည်။

မင်းအုံ့ မန်မိုရီကဒ်ကို ထုတ်နေတာကြာရှည်စွာ ရှိနေစဉ် ..၊

"နေဦး ကွန်ပျူတာ က ဘာဖြစ်လို့လဲ .. ငါကြည့်ဦးမယ် .."

သေပြီ ..၊

ခေါင်ဖျား က ဖွင့်ထားလက်စကို ပြန်ထောက်ပြီးကြည့်လျှင် ..၊

"ဒါ .. ဘာတွေလဲ .."

သူ့ဟာသူ ရေရွတ်ပြီး လက်တစ်ဖက်ကပါ စားပွဲပေါ်မှာထောက်၍ သေချာကြည့်၏။

ဘာတွေလဲဆိုတည်းက အားလုံးရဲ့အကြည့်တွေက မော်နီတာမှာ စုဝေးသွားခဲ့ရာ ..၊

"မင်းအုံ့ .."

"ဗျာ .. ဘရာ .."

"ဒါ ဘာပုံတွေလဲ .."



လုံ နေရာမှ မရွေ့ဘဲ ကျောက်ရုပ်လေးလိုတောင့်မတ်နေ၏။ မင်းအုံ့ ရဲ့ လက်ညှိုးက လုံ့ ဆီရောက်လာပြီးမှ ဟိုဒီ ဦးလှဲသွား၍ ..၊

"ဟော့ကောင် .."

"အဲ့ .. အဲ့ဒါ .. မလို .. ဟို .."

ခေါင်ဖျား ချက်ချင်းသိလိုက်သည်။ လှည့်ကြည့်လိုက်တော့ လုံ က လက်သီးဆုပ်လေးတစ်ဖက် နှုတ်ခမ်းမှာ ဖိကပ်ထားလျက် ..၊

"လုံမဒီ .."

လုံ့ ကို ခေါ်လိုက်သည်နှင့် အခြေအနေမကောင်းမှန်းသိလိုက်ကာ ဒေါ်ဟန်သီ ကပဲ မော်နီတာဆီ ပြေးကြည့်၏။ လုံ က မင်းအုံ့ တို့ကိုလည်း လှမ်းကြည့်သည်။ မသွားဘဲလည်း နေလို့မရမှန်း သိနေသပြင့် တုံ့နှေးနှေးလေး လျှောက်လာလျှင် ..။

"ဒီကိုလာ ..."

ခေါင်ဖျား က လက်လှမ်းမီတာနှင့် လုံ့ လက်ကိုဖမ်းဆွဲ၍ ကွန်ပျူတာရှေ့မှာ ရပ်စေကာ ..၊

"ကြည့် .. ဒီမှာဘာလဲ .."

အားလုံးပဲ ခေါင်းချင်းဆိုင်၍ကြည့်မိကြ၏။ လေးဘက်ထောက် ကုန်းကွနေသည့် ကျောကုန်းကြီးက ကင်မရာကို ကျောပေးထားတာ ဖြစ်လျက် ဒေါ်ဟန်သီ မျက်မှန်ပင့်ကာ ပြူးပြဲကြည့်နေရသည်။

"ပြောလေ .. အဲဒါဘာလဲလို့ .."

"အဲဒါ ဖင် .."

"ဖင် ..."

"ဟား .. ကျွတ် .."

"ဟား .. ဟား .. ဟား .."

"ဟော့ကောင် ဘာရယ်တာလဲ မင်းက .."

ချစ်သူ အသံတိခနဲတိတ်၏။ ခေါင်ဖျား လုံ့ ဘက် ပြန်လှည့်၍–

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို 'အ' သုံးလုံး သင်နေတယ်မှတ်နေသလား .."

"ဟဲ့ .. မင့်ဟာ ဖင်ကြီးနှစ်လုံးပဲပြူးပြဲနေတာ ဖင်လို့မဖြေလို့ ဘယ်လိုဖြေရမှာလဲ .."

"ဒေါ်လေးက တစ်မျိုး .."

"လုံ့ လည်း သူတို့ကို ရိုက်ပေးနေတာပဲဟာ .."

"မင်းကို ဘယ်သူရိုက်ခိုင်းတာလဲ .. မင်းက ဘာတတ်လို့ ကင်မရာကိုင်ရတာလဲ .."

"ကိုင်တော့ ကိုင်တတ်ပါတယ် .."

"ဘာပြောတယ် .."

"သူတို့က လူတွေအများကြီးစုပြုံရိုက်ချင်တာ .. ကင်မရာထဲမှာ ဆံ့မှ မဆံ့တာကို .."

"ဟိ .."

ရယ်သံပိစိလေးထွက်လာသည်။ ချစ်သူ ပဲဖြစ်ကာ ကြောက်တော့ ကြောက်နေပေမယ့် ငိုအားထက်ရယ်အားသန် ဖုန်းလာသံက တိုက်ဆိုင်စွာ ..။

ခေါင်ဖျား ပုံတွေကို တစ်ဖက်ကဆက်ကြည့်နေရင်း ဖုန်းထုတ်ကိုင်လိုက်၏။

"သြော် .. ကိုမြတ်စိုး ပြောဗျာ .."

".... .... ...."

"ညှို့သည်တွေပုံလား .."

ခေါင်းဖျား မျက်နှာကြီးကို အားလုံးလှမ်းကြည့်မိကြ၏။ ပြီးတော့ မော်နီတာပေါ်ပြန်ရောက်သွားကြသည်။ ကလေးပါးစပ်ကို လက်နဲ့အုပ်ပြီး ပါးစပ်ကြီးပြဲနေသည့် အမျိုးသမီးပုံက ကလေးမျက်နှာနဲ့သူ မဲ့ရွဲ့ပြနေသည့် ပါးစပ်ကြီးပဲ ပါသည်။

ပြီးတော့ ကရဝိတ်ရဲ့ ကျောကုန်းချည်းပဲပုံ၊ ပြီးတော့ ထမီတစ်ဖက်



'မ'၍ ဘာလုပ်နေမှန်းမသိပေမယ့် ထိုပုံကလည်း အမျိုးသမီးရဲ့ အရှေ့အလယ်ပိုင်းပဲပါသည်။

လင်မယားပုံမှာလည်း ပူးကပ်ဖက်ထားပြီး ဘာလုပ်နေမှန်းမသိ..။

ဒါပေမယ့် ထိုပုံမှာလည်း ယောကျ်ားကြီးရဲ့ ရင်ဘတ်လေးတစ်စိုးတစ်စနဲ့ မိန်းမဝဝကြီးပုံပဲပါသည်။ ဒါတောင် မိန်းမကြီးရဲ့ ဘင်လုံးကြီးတွေ အဖျားပြတ်နေကာ ခြေထောက်တွေလည်းမပါ။

"ဟီး .. ဟီး .."

ချစ်သူ က ခေါင်ဖျား တစ်ခုပြီးတစ်ခုဆွဲကြည့်နေသမျှ လိုက်ကြည့်ပြီး မအောင့်နိုင်တော့ဘဲ ရယ်၏။ မင်းအံ့ မျက်နှာကြီးလည်း ပြုးဖြီးဖြီးဖြစ်လာကာ ..၊

လုပ်လည်း လုပ်တတ်ပါ့ မလုံ့ ရယ် ..။

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် လုံ့ ကို မသက်မသာကြည့်မိ၏။ ပြီးတော့ သူ့ရဲ့ ကံကြမ္မာ ..၊

"ဆောရီးပါဗျာ .. ကျွန်တော် ရီကွက်(စ်)လုပ်တာပါ၊ တစ်ရက်ဝဲထပ်နေပေးပါ၊ ပုံတွေအကောင်းဆုံးပြန်ရပါစေ့မယ် .."

".... ..... ...."

"ဗျာ ..."

ခေါင်ဖျား မျက်နှာမှာ စိုးရိမ်တုန်လှုပ်ခြင်းတွေနှင့် ကျန်ရစ်ခဲ့ပြီး အနီးအနားမှာပါ တိတ်ကျသွားခဲ့၏။

မုန်တိုင်းမကျခင် တိတ်ဆိတ်ငြိမ်သက်ခြင်းမျိုးပဲဆိုတာ လုံ့ နဲ့ မင်းအံ့ တို့ နားလည်ကြပေမယ့် ..၊

"ဟယ် .. ဟိုလူက ဘယ့်နှယ် ကရဝိတ်ငှတ်သီးကို ပါးကြီးဖြဲပြီး ကိုက်ဖို့ကြိုးစားနေတာကြည့်စမ်း .. သူက အဲ့လိုရိုက်ချင်တာတဲ့လား .."

ဒေါ်ဟန်သို့ မေးခွန်းက တောက်မယ့်မီးခဲကို ယပ်ခပ်ပေးသည့်နှယ် ..၊

www.burmeseclassic.com

www.burmeseclassic.com



ပုံတွေ ဟာရှပ်ရှပ်ပြောင်းနေသမျှ ကျောတွေဖင်တွေ ခေါင်းတွေ တပိုင်းစီပါဝင်လျက် လူတစ်ကိုယ်လုံးအကောင်းတိုင်းပါတာ တစ်ပုံမှ မရှိ ..။

"တောက် ..."

"ဒုန်း ..."

ဖုန်းဆက်ပြောသွားသည့် ကက်စတန်မာရဲ့ စကားတွေနဲ့ အချိုးမပြေသည့်ပုံတွေကြောင့် ခေါင်ဖျား ဒေါသကို ဘယ်လိုမှ ထိန်းမရတော့ဘဲ စားပွဲကို လက်သီးဆုပ်နဲ့ ထုချပစ်လိုက်ပြီး ..၊

"လုံမဒီ .."

"ဟဲ့ .. လန့်လိုက်တာဟယ် .."

"မင်း ..."

"အား ..."

လက်ပြန်ရွယ်လိုက်သည့်အရှိန်က သေးသေးကွေးကွေးမဟုတ်ပေ။

ခေါ်ဟန်သီ ရော အားလုံးဝင်ဆွဲဖို့လည်း သတိမရကြဘဲ ပါးစပ်အဟောင်းသား မျက်လုံးအဝိုင်းသားတွေဖြစ်ကာ ..၊

"မင်း ... တောက် .. မင်း သေတော့မယ် .."

"ဒုန်း .. ခွမ်း .."

မျက်လုံးစုံမှိတ်၍ လန့်ဖျပ်အော်လိုက်သေမယ့် ခေါင်းဖျား ရဲ့ ရိုက်ချက်မျက်နှာပေါ်ကျမလာခဲ့ပေ။ လုံ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဆူညံကွဲရှသံများနဲ့အတူ ခေါင်းဖျား မင်းအံ့တို့ရှေ့ကို လွှားခနဲရောက်၏။

"မင်းတို့ကိုခိုင်းတဲ့ကိစ္စက ဘာဖြစ်လို့ ဒီဟာလေးဝင်ပါတဲ့အထိ ဖြစ်သွားတာလဲ .. ပြော .."

"ဘရာ .. ကျွန်တော်တို့က .. ဟို .. ဟုတ်ပါတယ် .. ကျွန်တော်တို့အပြစ်ပါ .."

"မဟုတ်ပါဘူး .. လုံ့ အပြစ်ပါ .."



ကြောက်တော့ကြောက်သေမယ့် ဒါက မင်းအံ့ တို့နဲ့မှ မဆိုင်တာ..

လုံ က လှမ်းအော်လိုက်ပြီးမှ သူ့နောက်ရောက်သွားအောင် ထပ်တိုးလိုက်ကာ ..၊

"ကိုမင်းအံ့ တို့က မခိုင်းပါဘူး .. သူတို့ထွက်သွားကြတော့ အဲ့ဒီလူတွေက လုံ့ ကို အတင်းလာရိုက်ခိုင်းကြတာ၊ အဲဒါနဲ့ လုံ .."

"မင်း တိတ်တိတ်နေစမ်း .."

ခေါင်ဖျား မျက်နှာလှည့်အော်ပစ်သည်။ ပြီးမှ ဖျတ်ခနဲလှည့်ရင်ဆိုင်ကာ ..၊

"မင်းက ဘာတွေတတ်လို့ လူတတ်ကြီးဝင်လုပ်တာလဲ၊ ဓာတ်ပုံရိုက်တာကို လွယ်လွယ်လေးမှတ်နေတယ် ဟုတ်လား .."

"အဲ့လိုမဟုတ်ပါဘူး .. ရိုက်တာလောက်တော့ ရိုက်ဘတ်မယ်ထင်လို့ .."

"မင်း ...."

လုံ့ လက်မောင်းလေးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲခါပြီး ရှေ့ဆွဲယူလိုက်လျှင် သူ့မျက်နှာအောက်မှာ လုံ့ မျက်နှာလေး မော့မော့လေးပါလာ၏။

ပုဇွန်ဆီရောင်ကိုယ်ကျပ်လည်ဟိုက်လေးနှင့် ဆံပင်တွေကို ဘီးကုတ်လေးနဲ့ သိမ်းလှန်ထားသည့် မျက်နှာလေးသည် ဝတ်ထားသည့်အကျီရောင်ကြောင့် ပါးပြင်လေးတွေပါ အဝါရောင်သမ်း၍ ဝင်းစိုနေ၏။

မျက်ရည်တွေဝေ့နေသည့် မျက်ဝန်းလေးတွေကို ခနီးကပ်စိုက်ကြည့်မိရင်း လက်ကိုပြန်ဆောင့်လွှတ်လိုက်ကာ ..၊

"မင်း ကြပ်ကြပ်သတိထား .. အခွင့်အရေးဆိုတာ ပေးတိုင်းယူရတာမကောင်းဘူး၊ အရိပ်သုံးပါးနားလည် .."

"ဒုန်း ..."

"ကြည့်စမ်းဟယ် .. ကြီးလိုက်တဲ့ဒေါသ .."

မျက်စိအောက်မှာ မြင်မြင်သမျှကို ကန်ကျောက်ပစ်ခဲ့ပြီး ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျဲများနှင့် ထွက်သွား၏။

"အမှာင့် .. ဟီး .."

"ဟော့တော့ .."

လုံ က ငေးကြည့်နေပြီးမှ မျက်နှာကိုလက်ဖဝါးလေးနှစ်ဖက်နဲ့အုပ်ပြီး ငုတ်တုတ်လေးထိုင်ချလိုက်ကာ ..၊

"လုံ အဲ့လိုလူမျိုးမဟုတ်ပါဘူး .. လုံ မှားသွားတယ်၊ အဲ့လိုလုပ်ခဲ့တာမဟုတ်ပါဘူး .."

"လုံ မငိုနဲ့လေ .. ဩော် .. လင်နဲ့မယား အဲ့ .. 'ဟုတ်ပေါင် မတွဲအတူနေတဲ့၊ အဲ့လိုဟုတ်ရဲ့လားမသိဘူး .."

ဒေါ်ဟန်သီ စကားစရှာရင်း မှားယွင်းနေခဲ့လျက် ..၊

"နီးတကျက်ကျက်တဲ့ .. အတူတူလုပ်ကြကိုင်ကြပြီဆိုရင် အမှားအယွင်းအဖုအထစ်တော့ရှိတာပေါ့အေ .."

"ဟုတ်ပါတယ်ဗျာ .. ဘရာ က လက်အောက်ငယ်သားကို ဖိနှိပ်တတ်တဲ့အကျင့်မရှိပါဘူး၊ အခု ဒီဓာတ်ပုံရိုက်ထားတဲ့လူတွေကလည်း ဖုန်းဆက်ပြီးကျပ်နေတဲ့ပုံပဲ .. အဲဒါကြောင့် စိတ်ဆိုးသွားတာပါ .."

"ဟုတ်တယ် .. ဘရာ တော်တော်စိတ်ဆိုးသွားတာ ရွယ်လိုက်တဲ့လက်ကြီးသာ မလုံ မျက်နှာပေါ်ရောက်လာရင် မတွေးရဲစရာ၊ အဲဒါ သူ့ဟာသူ ပြန်ထိန်းသွားတာကြည့်လေ .."

လုံ ကတော့ မျက်ရည်မဆည်နိုင်ပါ။ ပြောသွားလိုက်တာ လုံ က ကိုယ့်ဘဝကိုမေ့နေတဲ့ မိန်းမလိုလို ..။

"မလုံ ကလည်း ဒီလူတွေက တကယ့် တောခေါင်ခေါင်ကလူတွေရယ် .. ဘာဖြစ်လို့ သူတို့ခိုင်းတိုင်းလုပ်ပေးနေရတာလဲ .."

"ဒီလူတွေက သူတို့ရွာကိုဖြတ်ပြီး လမ်းဖောက်တုန်းက ပိုတယ်လ်ဆောက်မယ့်သူဌေးကို အများကြီးကူညီခဲ့ကြတာ၊ အဲဒါကြောင့် သူဌေးက တစ်ရွာလုံးကို ဘုရားဖူးခေါ်မယ်လို့ ကတိပေးခဲ့တာလေ .. သူတို့က



နောက်ဆုံးဒုတိယအသုတ်ပေါ့ .."

"ကဲ .. ကဲ .. မျက်ရည်သုတ်တော့၊ ဟိုကောင်လေးကလည်း သွားလေ .. နင့်ကို ဘယ်ကိုလဲ သွားခိုင်းထားတယ်ဆို .."

ဆိုင်ခွဲတွေအများကြီးမို့ ဆိုင်ထိုင်ကြသမျှ လူငယ်တွေကို ဒေါ်ဟန်သီ နာမည်တွေမသိတော့ပါ။

"အေးလေ ချစ်သူ မင်းသွားတော့၊ တော်ကြာ ဆရာပြန်လှည့်လာမှ ထပ်အဆူခံရဦးမယ် .."

"ကိုမင်းအုံ့ – သူတို့က အစ်ကိုခေါင်ဖျား ကို ဘာပြောသွားတာလဲဟင် .."

လုံ က မျက်ရည်သုတ်ရင်း မေးတော့ မင်းအုံ့ ခေါင်းခါ၍ ..၊

"မသိဘူးလေ .. ဟိုကပြောတာ ကျွန်တော်မှမကြားရတာ၊ ဒါပေမယ့် အဆင်မပြေကြတာတော့ သေချာတယ်၊ အလုပ်နဲ့ ပတ်သက်ရင် ဘရာ က ကိုယ့်ဘက်က အမှားအယွင်းမရှိအောင် အရမ်းဂရုစိုက်တာ၊ ခုလို သူများကို တောင်းပန်ရတာမျိုးလည်း မရှိခဲ့ဘူး .."

လုံ့ မျက်နှာလေး ငယ်ကျသွားသည်။ သူမ အပြစ်ဘယ်လောက်ကြီးသွားပြီဆိုတာလည်း နားလည်သွားခဲ့လျက် ..၊

"သူပြောတာ မလွန်ပါဘူး .."

လို့ လေသံသဲ့သဲ့လေးနှင့်ပြော၍ နောက်ထပ်ဝေ့တက်လာသည့် မျက်ရည်တွေကို မြင်မှာစိုးသလို မျက်နှာလေးငုံ့ပစ်၏။ ပြီးတော့ အထဲ လှည့်ဝင်သွားလျှင် ..၊

"မလုံ တော်တော်ဝမ်းနည်းသွားတယ်ထင်တယ် .."

"ကဲ .. မင်းသွားပါတော့ဆိုမှ .. မလုံ ထက် ပိုအဖြစ်ဆိုးသွားမယ် နော် .. မပြောမရှိနဲ့ .."

ချစ်သူ ခေါင်းညိတ်ပြီးအထဲဝင်သွားသည်။ ပြီးတော့ ဂျာကင်တစ်ထည် ပခုံးပေါ်တင်၍ ပြန်ထွက်လာကာ ..၊

"ခက်တယ် .. မလုံ က တစ်မျိုး ဘရာ က တစ်မျိုး .."

www.burmeseclassic.com

www.burmeseclassic.com



"ပေါင်းလိုက်တော့ နှစ်မျိုးပေါ့ကွာ .."

မင်းအံ့နဲ့ ချစ်သူက တစ်ယောက်စကားကို တစ်ယောက်ဝင်နှောက်နေကျ ..။

"ဟဲ့ .. ဒါက ဘယ်လိုဖြစ်တာလဲ .."

ဒေါ်ဟန်သီ အသံကြောင့် သူတို့လှည့်ကြည့်လိုက်တော့ လုံ က ဆားလွယ်အိတ်လေးလွယ်လျက် လက်တစ်ဖက်က ကျွတ်ကျွတ်အိတ်လေးတစ်လုံးဆွဲထားကာ ..၊

"ဒေါ်လေး ..."

"ဘယ်လိုဖြစ်ရတာလဲ လုံ .."

"အဟမ်း .. အာ .. အား ..."

စု က နေရာမှအပြေးတစ်ပိုင်းသွားကာ လုံ့ လက်ထဲကအိတ်ကို အတင်းဆွဲယူသည်။ ခေါင်းလည်းခါပြကာ ငိုတော့မယ့်အတိုင်း ..။

"လုံ .. ညည်းက ဒီကထွက်သွားတော့မလို့လား .."

"မလုပ်ပါနဲ့ မလုံ ရာ .. ဘရာ ကလည်း ဒီလိုဖြစ်စေချင်လို့ပြောသွားတာမှမဟုတ်တာ .."

"အား .. အင်း .. အင့် .. အာ .."

"ညည်းကို ခေါင် က ရိုက်မယ်ပုတ်မယ်ဖြစ်နေတော့ စု ခများ ညည်းလက်ကိုဆုပ်ကိုင်ထားပြီး မျက်ရည်တောင်ကျရှာတာ၊ ပြောရမယ်ဆို ခေါင် ကလည်း ညည်းအပေါ်မှာ ကျေးဇူးရှိတဲ့သူပါအေ .. လူဆိုတာ မကောင်းတစ်ချက်လောက်နဲ့ ကောင်းခဲ့သမျှကို မေ့မပစ်ရဘူး၊ သူ့ကျေးဇူးကို မှတ်ထားပါ .. ကိုယ့်ကျေးဇူးကို မေ့ပစ်ပါတဲ့ .."

"အမ်း .. အမ်း .."

ဟုတ်တယ်ဆိုသည့်သဘောမျိုး စု က ခေါင်းတွေညိတ်ပြနေ၏။

"ဒေါ်လေးက ကျေးဇူးတရားတွေဂုဏ်ဖော်ပြီး ချည်တုတ်တာမဟုတ်ဘူးနော် ..၊ ညည်းကို သံယောဇဉ်ဖြစ်နေပြီမို့လို့ မသွားစေချင်လို့



ဝါ .. နောက်ပြီး ကိုယ်က စေတနာသန့်သန့်နဲ့ ကူညီခဲ့ပါလျက်နဲ့ အမုန်းနဲ့ ခွဲကြရတာမကောင်းဘူး .. တို့လည်း နာမည်ပျက်တာပေါ့ .."

"ဟုတ်ပါတယ်ဗျာ .. မလုံ ထွက်သွားရင် .."

"လုံ က ထွက်မသွားပါဘူး .."

ဟင်!...

သူတို့အံ့သြသွားပေမယ့် ထွက်သွားမည်ထင်နေကြသည့် သူတို့ကိုပဲ လုံ က နားမလည်သလိုကြည့်လျက် ..၊

"လုံ့ မှာ သွားစရာလည်းမရှိဘူး .. ပြီးတော့ အစ်ကိုပြောတာမှန်ပါတယ် .. လုံ အစ်ကို့ကို စိတ်မဆိုးပါဘူး .."

"ဒါဖြင့် ဒါတွေလွယ်ပိုးပြီး ထွက်လာတာက .."

လုံ က လွယ်ထားသည့် အိတ်လေးကို ရှေ့ဆွဲယူပြီး ဖိုက်သားလိုက်ကာ ..၊

"လုံ့ အိမ်ပြန်နှင့်တော့မလို့ .."

"ဘယ်လို!..."

"ဒေါ်လေးတို့က ဒီမှာချက်ပြုတ်စားသောက်ကြမယ်လို့ စီစဉ်လာကြတာမို့လား .."

"အေးလေ .. ညည်းအစ်မက ပျင်းလို့ပါ ညည်းနေလို့ .."

"အဲဒါကြောင့် ဒေါ်လေးနဲ့ မကြီး နေခဲ့ပြီး လုံ က ပြန်နှင့်ချင်လို့ .."

"အိမ်ကိုပြန်နှင့်မယ် .."

"ဟုတ် .."

လုံ က အပြစ်ရှိသူတစ်ယောက်လို မျက်လွှာလေးချလိုက်ပြီး ..၊

"လုံ .. လုံ ဒီမှာအလုပ်မချင်တော့လို့ပါ .. စတူရီယိုမှာ အလုပ်လုပ်ဖို့ဆိုတာ ဖိုတိုရှော့(ပ်)ကျွမ်းကျင်အောင်သင်ရဦးမှာ ပြီးရင် မာတ်ပညာတွေလာဦးမယ် .. လုံ က ဒီအလုပ်တွေနဲ့ အရမ်းကိုအလှမ်းဝေးခဲ့တဲ့သူပါ.."

"ဒါပေမယ့် မလုံ ရယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ကိုမင်းအံ့ .. လုံ ဝါသနာပါပေမယ့် ဒါ မိန်းကလေးနဲ့လည်း သိပ်မသက်ဆိုင်ပါဘူး .."

"ဘာလို့ မသက်ဆိုင်ရမှာလဲ .. ဓာတ်ပုံစတူဒီယိုမှာ မိန်းကလေးတွေ သူ့နေရာသူ လုပ်နေကြတာ အများကြီး၊ ကင်မရာလွယ်ပြီး ထွက်ရိုက်နေကြတာတောင်ရှိတယ် .."

"လုံ က သူတို့နဲ့ မတူဘူး ကိုမင်းအံ့ .. လုံ ဘာလုပ်လုပ် အမှားတွေဖြစ်တတ်တာလည်း ဒီရောက်မှမဟုတ်ဘူး ."

"နေပါဦး လုံ ရယ် .. ဒေါ်လေးတူ ပြောတာဆိုတာကိုများ စိတ်နာသွားတာလား .."

"မဟုတ်ပါဘူး .. လုံ ကလည်း ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအသိတရားသွင်းထားထား ထစ်ခနဲဆို ပြန်ပြောတတ်တဲ့အကျင့်ရှိတယ် အစ်ကိုနဲ့ အဆင်မပြေမဖြစ်ချင်လို့ပါ .. တကယ်လို့ သူ မောင်းထုတ်ရင်တောင် လုံ့ မှာ သွားစရာနေရာမရှိဘူး .."

"အဲ့ဒီလို ကျုပ်တူက လုပ်ခဲ့ရင်လည်း ကျုပ်တို့ အိမ်တစ်အိမ်လုံး ရှိပါတယ် .."

လုံ့ ကို ဘယ်လိုမှ နားချလို့မရတော့ဘဲ နောက်ဆုံး ဒေါ်ဟန်သီတို့ပါ တစ်ခါတည်းပြန်ကြလေသည်။

မင်းအံ့ ဆိုင်ထဲက ကောင်လေးတစ်ယောက်ငါ ၍ ကွဲရှလဲပြီးနေသည်များကို သိမ်းဆည်းရင်း ...၊

'ဒီမှာလည်း မလုံ မရှိတော့ရင် ခြောက်ကပ်ကပ်ကြီးဖြစ်သွားမှာပဲ' လို့ ရေရွတ်လေသည်။

❖



အခန်း (၁၈)

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာနှင့် ကြမ်းတိုက်နေသည့် မိန်းကလေးတစ်ယောက်က တံခါးလာပြေးဖွင့်သည်။

"အတော်ပဲ အစ်ကိုလေးရောက်လာတာနဲ့ .."

"ဘာဖြစ်လို့လဲ .."

"နေ့လယ်တုန်းက ရှမ်းတို့ဟူးသုပ်စားကြတာလေ .. ပိန်းရိုးဟင်းခါးလေးကို ငါးရံ့မီးဖုတ်အသားလေးတွေထွင်ပြီး ချက်တာ အခမ်းကောင်းတာပဲ .. မမလုံ ရှိနေရင် လက်သုပ်တွေအမျိုးမျိုးစားရတယ်သိလား .. ခုလေ .."

"ကဲ .. ကိုယ့်အလုပ်ကိုယ်လုပ်စမ်း .. ညည်းကို ဘယ်သူမေးနေလို့လဲ .."

"ဟုတ် ..."

လို့ ပြောပေမယ့် 'အစ်ကိုလေးပဲ မေးပြီးတော့' လို့ နောက်ဆက်တွဲ တီးတိုးပြောရင်းကျန်ခဲ့၏။

"ဟင် .. လူလေး ဒီအချိန်ကြီး .."

တစ်ခါမှ ညနေခင်းပြန်မလာခဲ့ဖူးသဖြင့် ဒေါ်ဟန်သီ ငါး...ဝါးဆယ်

www.burmeseclassic.com

www.burmeseclassic.com



မွေ့စားအုပ်ကြီးကိုင်လျက် တအံ့တသြဆိုရင်း ...၊

"ဘယ်ကနေ ဝင်လာတာလဲ .."

"ကိုယ့်အိမ်ကို ပြန်လာတာပဲ ဒေါ်လေးရာ ဘာတွေထူးဆန်းနေလဲ .."

"မင့်မှာ အိမ်အလုံးပေါင်းသောင်းခြောက်ထောင်လောက် များပြီး နေတော့လည်း မေးရတာပေါ့ကွယ် .. အိမ်ကိုတစ်ပတ်နေလို့ တစ်ခေါက် ပြန်တာမှမဟုတ်ဘဲ .."

"ဟုတ်တယ် .. အခု ကိစ္စရှိလို့ပြန်လာတာ .. ဘယ်မှာလဲ လုံ .."

"အောင်မလေးတော် .."

ဒေါ်ဟန်သီ ကိုင်ထားသည့်စာအုပ်ကြီး သေးမှာချလိုက်မိကာ မျက်မှန် ကိုပင့်၍ ...၊

"မေးပုံက ဝရမ်းပြေးလက်ရဖမ်းတော့မယ်ပုံပါလား .. လုံ မင့်ဒေါသကိုကြောက်လို့ သူ့ဟာသူ အေးရာအေးကြောင်း .."

"အေးရာအေးကြောင်းနေလို့မရဘူး .. သူ့ကို ခိုင်းစရာရှိတယ် .."

"အမ် .. အား .. အား .."

စု က အပြင်ထွက်လာတာနှင့်ဆိုကာ မျက်နှာလေးပျက်သွားပြီး ရန်တွေ့သလို ပြောတော့သည်။ လုံ့ ကို မဆူဖို့ မခေါ်ဖို့တွေပြောနေပြ တာမှန်း သူ သိလိုက်၏။

ဒီသတ္တဝါမလေး သူ့အတွက် ပြောဆိုမကောင်း ဘယ်နေရာ အချိုးမပြေပေမယ့် တခြားလူတွေနဲ့တော့ ဘာဖြစ်လို့ အဆင်ပြေနေတာ လဲ ...။

"အမ်း .. အား .. အား .."

သူ ရှေ့တိုးတာနှင့် စု က လက်ကိုဆွဲထားကာ လက်တကာကာနှင့် တောင်းပန်ပြနေသည်။ သူ စု ရဲ့ ပခုံးလေးကိုကိုင်ပြီး သက်ပြင်းချမိကာ ..

"ကျွန်တော် သူ့ကို ဆူမလို့မဟုတ်ပါဘူး .. မမ ခဏလေးဖယ်အုံး



"အမ်း .. အမ်း .."

"တကယ်ပြောတာ သူ ဘယ်မှာလဲ .."

စု က အပေါ်ထပ်ကိုလက်ညှိုးထိုးပြ၏။ သူ အပေါ်ထပ်တက်လာ တာ သူမရှိနေသည့် အခန်းရှေ့မှာ ရပ်လိုက်ပြီး ...၊

"ဒေါက် .. ဒေါက် .."

"မကြီး ဝင်ခဲ့လေ .. တံခါးဖွင့်ထားတာကို .."

သူ တံခါးဖွင့်ဝင်လိုက်တော့ လုံ က ထမီရင်လျားလေးနှင့် ဆံပင် တွေကို တဘက်နဲ့ ရေသုတ်နေ၏။

အဝတ်ဗီရိုရှေ့မှာ ကျောပေးရပ်နေသော သူမရဲ့ အလှတရားတွေ က ဘယ်လိုနေနေ ထင်ရှားပေါ်လွင်နေသည်။ ဆံပင်တွေကို ရှေ့ကိုဆွဲ ချထားသဖြင့် ဖွေးနုဝင်းစိုနေသည့် ကျောပြင်နဲ့ ဂုတ်သားလေးတွေ ဒီတိုင်း ...။

ဟင်ခနဲဖြစ်သွားကာ ခြေလှမ်းတွေတုံ့သွားခဲ့ပေမယ့် သူ့မျက်လုံး တွေ ဆိုးဆက်နေမိသည်။ ရုတ်တရက် မသင့်တော်ခြင်းကို မေ့လျော့သွားခဲ့ ...

မဟုတ်သေးဘူး ...၊

သတိရလိုက်တာနှင့် ဖျတ်ခနဲ ကျောခိုင်းလိုက်မိကာ ...၊

"ဆောရီး .."

ဟင်!...

သူ့အသံကြားလိုက်တာနှင့် လုံ့ ကိုယ်လေး တုန်ခနဲဖြစ်သွား၏။ ကြည့်လိုက်တာ ကမန်းကတန်း ...။

"ခေါင်းဖျား .."

အစ်ကိုလို့ပြောင်းလဲခေါ်ခဲ့ပေမယ့် သူနဲ့ အမှတ်တမဲ့ပြောမိတိုင်း ...က ထွက်မိတာ ခေါင်းဖျား ပဲ ဖြစ်နေလျက် ...။

"ဘာလာလုပ်တာလဲ .. လုံ အကျီမဝတ်ရသေးဘူး .. ထွက်ပေးလေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုပြောရာရှိတယ် .. ပြီးရင် နောက်တံခါးကနေ ခြံထဲဆင်းခဲ့ .."

"ဟုတ် .."

သူမအသံလေးတုန်နေသလို သူ့ရင်ထဲမှာလည်း မငြိမ်မသက်ကြီးဖြစ်နေကာ ရေကူးကန်သေားမှာ နှစ်ခေါက်လောက် လျှောက်နေမိတဲ့အထိ အထာမကျသေး ..။

"မိန်းကလေးရဲ့ ကိုယ်လုံး အရုပ်အမောင်းအားလုံးက ခုခေတ်မော်ဒယ်လ်တွေထက်မသာရင်တောင် လိုအပ်တာမရှိဘူးကွ .. အားလုံးထက်သာတာက ဆံပင်တွေပဲ .."

"ငါ့ကိုကြော်ငြာရိုက်ပါရစေ .. မရသေးရင်လည်း မင်း တာဝန်ယူပြီး ထရိန်းပေးပါ ညီလေးရာ .. သူ့အလှအပတွေကို နည်းနည်းလေးတည့်မတ်အရောင်တင်ပေးလိုက်ရင် လုံးဝ ပါဖက်(တ်)ဖြစ်ပြီ .." တဲ့..။

ပြောခဲ့တာက တစ်လလောက်ရှိပါပြီ။ သူ ဘာမှအကြောင်းမပြန်သေးတာက သူမမှာ ချို့တဲ့နေတာလေးကို ဖြည့်ဆည်းပေးချင်သေးလို့..။

"ကိုခေါင်ဖျား .."

ပထမဆုံး သနပ်ခါးနံ့လေးလေးလာပြီး ဆယ်စက္ကန့်လောက်ကြာမှ အသံကိုကြားရသည်။ လှည့်ကြည့်လိုက်တော့ ကြံရည်ရောင်ဆွဲသားလက်ရှည်ကိုယ်ကျပ်လေးနှင့် စကတ်ရှည်လေးကိုဝတ်ထားကာ ရေစိုနေသည့် ဆံပင်ရှည်တွေကို ဖြန့်ချထား၏။

"ဆံပင်က ဘာဖြစ်လို့ ဒရိုင်ယာနဲ့ မခြောက်တာလဲ .."

"တန်းခြောက်သွားတာ မကြိုက်လို့ပါ .."

သူ စိုက်ကြည့်လိုက်တော့ လုံ က မျက်နှာငုံ့ပစ်၏။ ဘေးခွဲမကျတကျဆံပင်တွေက သူမရဲ့ ပါးရိုးလေးနှစ်ဖက်မှာ ဝဲဖြာကျဆင်းသွားကြလျက် ကကြီးပုံနဖူးပြေပြေလေးက ထင်းနေသည်။

"မင်းက ငါ့ကို စိတ်ဆိုးနေတာလား .."



"ဟင့်အင်း .."

"ဒါဆို ပြန်လိုက်ခဲ့ .."

"ဟင့်အင်း .."

"မလိုက်လို့မရဘူး .."

"လုံ ဒီမှာပဲနေမယ် .."

"မနေရဘူး .."

"အို .. မလိုက်ဘူးဆိုမှ .."

လုံ့ လက်ကို ဖျတ်ခနဲဖမ်းဆွဲလိုက်ကာ သူ ခြံထဲကနေကွေ့ပြီး ကားရှိရာတန်းသွားသည်။ ကားထွက်သံကြားလိုက်ရတော့ ဒေါ်လေးနဲ့ မမ ပြူးပြူးပျာပျာထကြည့်ကြမှာသိပေမယ့် မတတ်နိုင် ..။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ .. ဒေါ်လေးတို့ကိုတောင် ဘာမှမပြောခဲ့ရဘူး .."

"ပြောနေရင် မင်း အင်အားတောင့်သွားမှာပေါ့ .."

လုံ က ကားမောင်းနေသည့် သူ့မျက်နှာကိုလှည့်ကြည့်ကာ ..၊

"ရှင်ပဲ ဒေါ်သတွေထွက်ပြီးတော့ ဘာလို့ လာခေါ်တာလဲ .."

"ဒေါ်သထွက်အောင်ဘယ်သူလုပ်တာလဲ .."

လုံ က မျက်နှာလေးလွှဲပစ်လိုက်ပြီး ခဏတိတ်နေသည်။ ပြီးမှ..၊

"ဟုတ်ပါတယ် .. အဲဒါကြောင့် နောက်ထပ်မမှားချင်လို့ .."

ပြောရင်း အသံလေးတိမ်ဝင်သွားတော့ ထိုကိစ္စအတွက် သူမ ဆော်တော်လေးဝမ်းနည်းနေမှန်း သိလိုက်ကာ ..၊

"ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိရင်လည်း မှားတယ်ပြောတဲ့လူကို မှားလည်းမှပေါ့ကွ .."

"ရှင့်ကို လုံ စိတ်ဆိုးလို့မဟုတ်ပါဘူးပြောနေတာပဲ .."

"အဲဒါကိုပြောတာမဟုတ်ဘူး မှားသွားလို့ရှောင်ပြေးတာ ကောင်းတဲ့ နည်းလမ်းလား .."

www.burmeseclassic.com

www.burmeseclassic.com



ဂုံ အသံကိတ်သွားပြန်သည်။

"မင်း ထမင်းဟင်းချက်ပြုတ်နေရတာကို ပျော်တယ်ဟုတ်လား.."

"လုံ က အဲ့ဒီအလုပ်မျိုးနဲ့ပဲတန်တာ .."

"ဘာ..."

ကားက တစ်ချက်ခါသွားသည်။

"ကျွတ် .."

ကိုယ့်ဒေါသကိုယ်သိကာ ခေါင်ဖျား ကားရပ်ဖို့ နေရာရှာတော့သည်။ သေချာကားရပ်လိုက်ပြီးမှ သူမဘက်လှည့်ကာ ..။

"မင်းကို ငါ့အလုပ်ခန်းတွေမှာ ခိုင်းဖို့ကစ်ခုတည်းနဲ့ ကွန်ပျူတာတွေ အသုံးအဆောင်တွေကိုင်တတ်အောင် သင်ပေးနေတာမဟုတ်ဘူး လုံမဒီ .. မြို့ပေါ်ရောက်လာပြီးမှ အမှိုက်ကောက်ပြန်မယ့် တစ်ပဲခြောက်ပြားတန်အိပ်မက်တွေကို မင်းခေါင်း ထဲက ထုတ်ပစ်လိုက် .."

"လုံ မြို့ကိုတက်လာခဲ့တာ ပိုက်ဆံတွေရှာဖွေစုဆောင်းဖို့ ရည်ရွယ်ချက်နဲ့ မဟုတ်ဘူး .."

ပြောနေရင်း စက်ဝန်း က ပြင်းလောင်သွားမိသည်။ ထို့ကြောင့် လုံ မျက်ဝန်းလေးဆွေးရိပ်သမ်းသွားကာ ..။

"ဘာခြားအရေးကြီးတဲ့ကိစ္စနဲ့ ပြန်ခဲ့တာ .. အဲဒါကြောင့် .."

သူမမျက်နှာကိုစိုက်ကြည့်နေရင်း ခေါင်ဖျား က မဲ့လိုက်ကာ ..။

"အဲ့ဒီကိစ္စက ဘာလ .. အချစ်ရေးလား မိသားစုအတွင်းရေးလား .."

လုံ က မဖြေ ..။

"မင်း မဖြေချင်ရင် ထားလိုက်ပါ .. တစ်ခုတော့ ငါပြောနိုင်တယ်၊ မင်းရဲ့လာရင်းကိစ္စပျက်သွားတယ်၊ အဲဒါကလည်း မင်းဘဝချို့ ..မှုနဲ့ ပတ်သက်နေတယ် .. မှန်ရဲ့လား .."

လုံ က မျက်ရည်ဝဲ့နေသည့် မျက်ဝန်းတို့နှင့် ကြည့်သည်။ ပြီးမှ ခေါင်းညိတ်၍ ..။



"မှန်တယ်ပဲထားလိုက်ပါ .. လုံ က အစတည်းက တစ်ပဲခြောက်ပြားတန်အိပ်မက်တွေနဲ့ပဲ မြို့ပေါ်ရောက်လာခဲ့တာ .. ဒီထက်မဆိုးဘူးဆိုရင် ဖြေသာပါတယ်၊ နောက်တစ်လလောက်ဆို ရွာပြန်မယ် .."

"လူတစ်ယောက်ဟာ ရည်ရွယ်ချက်မရှိဘူးဆိုရင် အနာဂတ်မဲ့တာပဲကွ .. ကိုယ့်ကိုယ်ကိုယ် ဖြည့်တင်းဖို့မကြိုးစားဘဲ မင်းကိုယ်ကိုင် ပစ်ချနေရင် ဘယ်သူမှဆွဲတင်လို့မရဘူး .."

"လုံ ..."

"နေဦး .. မင်း ရင်ထဲက နာကျင်နေတဲ့ ခံစားချက်တွေက ဘာကြောင့်ပဲဖြစ် ဖြစ် မင်းဘဝနိမ့်ကျနေတာနဲ့ သက်ဆိုင်တယ်ဆိုရင် မင်းကိုလည်း ကူညီ နိုင်မယ့်သူရှိနေတုန်း မကြိုးစားချင်ဘူးလား .."

မျက်လုံးချင်းဆုံမိတော့ လုံ့ မျက်ဝန်းလေးတွေ တစ်မျိုးပြောင်းသွားတာကို သူ အကဲခတ်မိကာ ..။

"မင်း အောင်မြင်နိုင်ပါတယ် ကြိုးစားဖို့ပြင်ထား .."

"ရှင် ဘာကိုပြောတာလဲဟင် .. ခာတ်ပုံစတူဒီယိုမှာလား .."

"မဟုတ်ဘူး .. မင်း မော်ဒယ်လ်လုပ်ရမှာ .."

ဟင်!...။

လုံ့ မျက်လုံးတွေပြူးကျယ်သွားသည်။

မော်ဒယ်လ်နဲ့ သူမ ဘာမှလည်းမဆိုင်ဘဲ ..။

❖

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၉)

"မဆိုင်တာတွေ ပြောမနေနဲ့ ကိုချစ်ဝေ .. ကျွန်မတို့က လိုအပ်မှ သုံးဖို့ဝယ်ထားတာ၊ ကင်မရာတစ်လုံးကို ဘယ်လောက်တောင်ပေးရဦးမှာလဲ .."

"မဟုတ်ဘူး မထက် .. ကင်မရာကြီးက အရမ်းကိုကောင်းပါတယ်၊ ဒါပေမယ့် ရိုက်ကူးရေးမှာက တစ်လုံးတည်းနဲ့ ဘယ်လိုမှအဆင်မပြေဘူး၊ တွဲသုံးဖို့ မထက် ငှားပေးထားတဲ့ ကင်မရာတွေက ဘာမှလုပ်လို့မရဘူး .."

"ကိုချစ်ဝေ ရယ် .. ရှင်က ဒါရိုက်တာပါ၊ ဘယ်မှာလဲ စက်အဖွဲ့"

"ရှုတင်တစ်ခုလုံးကို နားလည်ထိန်းချုပ်နိုင်တဲ့ အရည်အချင်းက ဒါရိုက်တာမှာပဲရှိတယ် မထက် .. ကျွန်တော် ရှင်းပြတာကို မထက် နားလည်ပေးပါ၊ ပြီးတော့ ရိုက်ကူးရေးပစ္စည်းက မစုံဘူး .."

"အထက် နေဦး .. ကိုချစ် ပြောတာ ကိုယ်နားလည်တယ် .."

"နားလည်ပေးနေရမယ့်အချိန် မဟုတ်တော့ဘူးလေ အဝန်း ရဲ့၊ ကျန်တဲ့ ကြော်ငြာအပိုင်းလေးကိုရိုက်ဖို့ရှိတာနဲ့ပဲ ကြည့်လုပ်ပေးဖို့ သူ့ကို သေချာပြောထားပြီးသား .."



အထက် ဘယ်သူ့ကိုဖြစ်ဖြစ် စိတ်တိုင်းမကျနိုင်ဖြစ်နေသည်။ ကြော်ငြာတစ်ခုအတွက် ဒီလောက်ခေါင်းခဲရလိမ့်မည်လို့လည်း မထင်ခဲ့သလို ဒါကြောင့် ခေါင်းခဲလာရလေ ဒေါသထွက်လေ ..

"မင်းသမီးကလည်း ကင်မရာပြဿနာကြောင့် ခဏခဏပြန်လုပ်နိုင်းနေရင် မကြိုက်ဘူး .."

"ကျွတ် .. ကျွန်မ ရှောဘူးပေါက်တာမလိုချင်ဘူး ကိုချစ်ဝေ .. ရေပါလာဖို့ပဲ .."

"ကျွန်တော်က ဒါရိုက်တာပါ၊ မထက် ခိုင်းထားတဲ့ အလုပ်သမား မဟုတ်ပါဘူး .."

ဒါရိုက်တာချစ်ဝေ က ပြောပြောဆိုဆိုနေရာမှ ထရပ်သည်။

"ကျွန်တော့်အတွက် ပြည့်စုံမယ့် စက်အဖွဲ့ မထက် စီစဉ်ပေးမယ်ဆိုမှ ဖုန်းဆက်လိုက်ပါ .."

"ဘာ ..."

"အထက် နေဦး .."

"တောက် ..."

ဒါရိုက်တာနောက်ကိုလိုက်ဖို့ ခြေလှမ်းပြင်ပြီးမှ စက်ဝန်း ပြန်လှည့်ကြည့်ကာ ..၊

"ဘာဖြစ်လို့ တက်ခေါက်တာလဲ အထက် .. လူတစ်ယောက်ကို တက်ခေါက်တာ သိပ်ကိုရိုင်းတဲ့ အပြုအမူနော် .."

"ပြောသွားတာကျတော့ အဝန်း မကြားဘူးလား .."

"ကြားတယ်လေ .. သူ့မှာလည်း မာနရှိတယ်၊ အထူးသဖြင့် အနုပညာသမားတစ်ချို့ကို မင်းငွေပုံပေးပြီး စော်ကားလို့မရဘူး .."

အထက် ရဲ့ စူးရဲသောအကြည့်တွေ သူ့ဆီရောက်လာသည်။ စက်ဝန်းကတော့ ပြုံးဆိုင်ကြည့်မနေပါ။ ဒါရိုက်တာနောက်ကို လိုက်သွားပြီး..

"ကိုချစ် .."

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝေ က သူ့ကိုလှည့်မကြည့်သေးဘဲ ..၊

"ရှုတင် ဘရိုတ်(ခ်)ဟော့ .."

"နေပါဦး .. ကျွန်တော်တို့ ဆွေးနွေးလို့ရပါတယ် .."

"ဟုတ်တယ် .. မင်းနဲ့ပြောလို့ရမယ်မှန်းသိတယ်၊ ဒါပေမယ့် မင်းနဲ့ မပြီးဘူး စက်ဝန်း .."

ဒါရိုက်တာ ချစ်ဝေ က စက်ဝန်း ကို မော်ဒယ်လ်အဖြစ်လူသိရှင်ကြားအောင်မြင်လာအောင် စင်တင်ပေးခဲ့သည့် ဆရာသမားတွေထဲမှ တစ်ယောက်အပါအဝင်ဖြစ်ကာ .. သူငယ်ချင်းလိုလည်း ရင်းနှီးခဲ့ကြ၏။

"မဖြစ်ဘူး စက်ဝန်း .. မင်းကိုတော့ ငါ အားနာတယ် .."

"ဘာဖြစ်လို့လဲဟင် .."

မင်းသမီးက အနားရောက်လာကာ အခြေအနေကို သိလိုက်တော့ ပြုံး၍ ..၊

"စိတ်ညစ်နေတာလား ကိုစက် ရယ် .. ဘယ်နေရာမှာဖြစ်ဖြစ် ပြေပြေပြစ်ပြစ်ရှိတတ်ဖို့ ကိုစက် ရဲ့ မဟေသီကို ပညာပေးထားပါ၊ စိတ်ချ ဒါရိုက်တာကြီးကို စိုး ပြောပေးမယ် .."

"ကိုချစ် က မစိုး ကို အားနာနေတာထင်တယ် .."

"ဟုတ်တယ်လေ .. ကင်မရာတစ်လုံးတည်းပဲ သုံးလို့ရနေတော့ ခဏခဏဒါပဲပြန်လုပ်နေရတာ မှ(စ်)အောက်(တ်)တာပေါ့ .. ပြီးတော့ ဒေါ်အထက်ဦး ကလည်း တော့လ်ကီတွေအရမ်းကြမ်းတယ် .."

စက်ဝန်း အားလုံးကိုတောင်းပန်ရ လိုက်လျှောရနှင့် ကြာလာတော့ ကိုယ့်အဖြစ်ကိုသိလာသည်။

"ကိုယ်တို့က ညီလေးနဲ့ပတ်သက်ပြီး ရှော့(ခ်)မရှိဘူး၊ ငါ့ညီနဲ့ပဲ မပြီးတော့ သူနဲ့ ဆက်ဆံနေရဦးမှာပဲ .. အဲဒါက ကွိုင် .."

ဒီလိုစကားတွေ ကြားလာရခြင်းနှင့် ပတ်သက်၍ ..၊

"ကျွန်တော်က ကုမ္ပဏီကိုဦးစီးနေပေမယ့် ဦးဆောင်နေသူက



အထက် ဖြစ်နေတယ် .."

"ဘယ်လိုဖီလင်တွေနဲ့ လာပြောနေတာလဲ အာန်း .. အထက် တို့က နှစ်ကိုယ့်တစ်စိတ်နဲ့ လုပ်နေကြတာလေ .."

"ကိုယ်နားလည်ပါတယ် .. ဒါပေမယ့် မင်းက စိတ်အရမ်းမြန်လွန်းတယ်၊ မင်းခဲ တစ်ခုခုပြောမှားဆိုမှားဖြစ်တာတွေကို ကိုယ်ကဝင်ပြီး ဖာထေးပြင်ဆင်တာကျတော့လည်း အားလုံးက မင်းပြီးမှ ပြီးရတာလို့.."

"ဟား .."

သူပြောလို့မပြီးခင် အထက် ရဲ့ စိတ်မရှည်တတ်ခြင်းက ဖာတိပြလာသည်။ ခြေချင်းချိတ်ထားနေရာကနေ ဆတ်ခနဲဖြုတ်၍ ဖင်ရွှေ့ထိုင်လိုက်သေးသည်။ ပြီးမှ ..၊

"အဲ့ဒါ သက်သက် ဆေးထိုးပေးတာပဲ၊ လင်နဲ့မယား ပိုင်ဆိုင်ထားတဲ့ အလုပ်မှာ ဘယ်သူပြီးမှပဲပြီးပြီး လုပ်တဲ့အလုပ်ပြီးမြောက်အောင်မြင်ဖို့အဓိကမဟုတ်ဘူးလား .. နေရာတကာ သဘောကောင်းနေလို့မရဘူး အဝန်း .. ဒီကြော်ငြာကို လက်စသတ်ခါနီးမှ ကင်မရာကိစ္စတွေကြောင့် ရပ်တန့်ပစ်လိုက်တာ ဘယ်လောက်ကြာသွားခဲ့လဲ .."

"အဲ့ဒါက ကိုယ်တို့ဘာသာ ကင်မရာနဲ့ လိုအပ်တဲ့ပစ္စည်းတွေ ကိုယ်ပိုင်ဝယ်တော့မယ်လို့ ပြောမိတာလည်းပါတယ်၊ ပြီးတော့ -"

"ဘာကြောင့်ပဲဖြစ်ဖြစ် စောင့်ပါဦးလို့ပြောခဲ့တာ သူပဲလေ -"

"သူက ဒါရိုက်တာ သူလုပ်ထားတဲ့အလုပ်ကို သူ လက်စသတ် မှာပဲ .. စောင့်ပါဦးဆိုတာကို နားလည်ပေးရမှာပေါ့ .."

"မာရီယာ လူလည်ကျသွားတဲ့လုပ်ကွက်ကိုထောက်ပြပြီး စောင့်ပါ ဦးဆိုတဲ့စကားတစ်ခွန်းကို လွယ်လွယ်သုံးနေတာ ကုန်သွားတဲ့အချိန်ရေ ကိုတွက်ကြည့်ဦး .."

ကိုချစ်က လူအေးသမားပါ။ ပြောတာဆိုတာကအစ အလုပ်လုပ် တာလည်း အေးဆေးသည်။ အထက် ရဲ့ စိတ်နဲ့တော့ ဘယ်လိုမှ မ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျဖွယ်မမြင်ပေ။

"စောင့်ပါဦးဆိုတဲ့စကားနဲ့ ချွေးသိပ်နေလို့မရဘူး၊ ထမင်းဆာလို့ ဂျီကျနေတဲ့ ကလေးတောင်မှ မီးဖိုချောင်မှာ သူ့အမေ ချက်ပြုတ်နေတာ မြင်မှ သူ စားရတော့မှာပဲဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ စောင့်နေမှာပေါ့ .."

ဒါတွေပြောရင် ဒေါတွေပါပါ၏။

"ထမင်းဆာနေပါတယ်ဆိုမှ မအေက အိမ်တကာလျှောက်လည်ပြီး ညှော်ခံစာတွေ လိုက်စားနေရင် ဗိုက်ဆာနေတဲ့ အိမ်ထဲက ကလေးက ဘာကိုမျှော်လင့်ပြီး စောင့်နေနိုင်မှာလဲ၊ ကင်မရာအခက်အခဲဖြစ်လို့ ဒီက ကြော်ငြာကို ရပ်ထားလိုက်ရတယ်ဆိုရင် ဒါကိုဖြေရှင်းဖို့ သူ ကြိုးစားနေသလား .."

"သူ အလုပ်ရှိတာကိုတော့ လုပ်နေရမှာပေါ့ကွ .. သူလည်း သူ့မိသားစုနဲ့သူပဲ၊ ကိုယ့်အတွက်မချန်ဘဲ အိမ်ပေါင်ချထိုးတဲ့လူရှိရင် ရှိမယ်၊ တခြားသူအတွက် အနစ်နာခံပြီး နေရာဖယ်ပေးတဲ့သူဆိုတာ ဘတ်စ်ကားပေါ်မှာတောင် မရှိသလောက်ရှားသွားပြီ၊ စည်းစိမ်ယစ်နေနိုင်တဲ့အဆင့်မျိုးထဲက သိတတ်မှုကို သွားမျှော်လင့်မနေနဲ့ .."

သူ့ရဲ့ စောင့်ပါဦးဆိုတဲ့ စကားကိုပြောပြတာလေ၊ စောင့်နိုင်ပြီးတော့ ဘာမှဖြစ်မလာဘူးဆိုရင် ပြောတဲ့လူက အပြစ်လား .. အပြောကြီးပြီး အလုပ်မပါတဲ့လူက အပြစ်လား .. လူတွေကိုယ်ထင်သလိုလျှောက်ပြောနေကြတော့ မှန်တာလည်းပါ မှားတာလည်းပါ အဝန်း တို့လို ငါ့ဆရာပဲ ငါ့လူပဲနဲ့ ဖွဲ့ထားတဲ့လူတွေကြောင့် အဲဒီလိုလူတွေ နောက်ကြောင်းပြန်မကြည့်တော့တာ .."

"အထက် ရာ .. မင်းကိုယ့်စီးပွားရေးအကြောင်းပဲပြောပါ၊ သူ့အလုပ် သူသိပါတယ် .."

"သူသိနေတိုင်းမရဘူး .. အထက် တို့က ဒါရိုက်တာမဟုတ်လို့ ဒါရိုက်တာဘာတွေလုပ်ရတယ်ဆိုတာ မသိပေမယ့် ကိုယ်လုပ်နေတဲ့



အလုပ်အတွက် သူ တာဝန်ယူထားတဲ့အပိုင်းကိုတော့ မကျွမ်းရင် ပြောရမှာပဲ .."

"ပိုက်ဆံလည်း အပြည့်ယူမထားသေးဘူး .. မင်းဖြောချင်တိုင်း ပြောလို့မရဘူးလေ .."

"မရလို့ ဘယ်မှာ ပြောခွင့်ရလို့လဲ .. အဲ့ဒါ ရှင် ကိုယ့်လူပဲဆိုပြီး လေလည်တာတောင် မွေးလုချေရဲ့လုပ်နေတာမျိုးတွေကြောင့်၊ ကိုယ့်စိတ်ထဲရှိတဲ့အတိုင်းပြောကြေးဆိုလို့ကတော့ အထက် တို့မှာ ပြောစရာတွေ တစ်လုံးကြီးပဲ .."

"ဒါဆို သေချာပြီ အထက် .. ဒီကိစ္စ မင်း ခဏနောက်ဆုတ်လိုက်၊ ကြော်ငြာကို လက်စသတ်ဖို့ ကိုယ်ပဲလုပ်တော့မယ် .."

"ဟွန်း .. လုပ်ကြည့်လေ .. နံ့သာဆီနံ့လား ချေးနံ့လား သိသွားတာပေါ့ .."

"တော်ပါတော့ကွာ .. နှလုံးနာလိုက်တာ .. ကျွတ် .."

"နှလုံးနာရမှာ အထက် ပြောနေတာတွေကိုမဟုတ်ဘူး၊ ရှင့်လူကြီးကိုနာရမှာ .. ဒီဘက်မှာ ပိုက်ဆံအကြေမယူတော့ မှန်ကန်သလိုလို ဖြောင့်မတ်သလိုလိုနဲ့ ရှင့်လိုလူတွေ အထင်ကြီးအောင်လုပ်ပြတဲ့အကွက်တွေလေ .. တစ်ဖက်မှာ အလုပ်တွေဖြုတ်သပ်ညပ်အောင် လက်ခံပြီး ဝင်ငွေလမ်းဖြောင့်နေတော့ ဒီက တစ်ဝက်ကျန်တဲ့ငွေလောက်ကို သနားတယ်ပေါ့ .."

သွားပြီ ..၊

ဒေါသတွေနဲ့ အထက်ဦး ဆိုတဲ့ မိန်းမကလေး ရှူးနေပြီလို့ လိုက်အော်လိုက်ချင်၏။

သူ ထွက်လာတဲ့အထိ အထက် ပြောနေတာ မရပ်သေး ..။

"ကြားဖူးတဲ့ စကားတစ်ခုလိုပေါ့ .. မိအေးအေးတော့ လူကြားတယ် ဂဏန်းညှပ်နေတာ ဘယ်သူမှမသိဘူး .. ဟွန်း ..၊ ဒီကအလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်စသတ်ဖို့တော့ စောင့်ပါဦး တစ်ဖက်မှာလည်း လှည့်လည်စားသောက်နေကာ မသိတာကျလို့၊ ကိုယ်သာ ဘာမှလုပ်လို့မရဘဲ ငုတ်တုတ်ထိုင်နေရတယ်၊ သူ့မှာတော့ နာမည်ကျော်ကျော် ဘွဲ့ထူးတွေထပ်နဲ့ အဲဒါတွေ ရှင်နားလည်တတ်အောင်ကြိုးစားဦး ကိုစက်ဝန်း သိရဲ့လား ..."

စိတ်ရှိလက်ရှိ အော်ပစ်လိုက်ပြီးမှ ခြေချင်းချိတ်ထားလိုက်ကာ ...၊

"မပြောချင်လို့နေနေတာ မပြောတတ်လို့မဟုတ်ဘူး ..."

ဟု ဆက်လက်ပြောနေရင်း ...၊

❖



အခန်း (၂၀)

"ကိုကြီးရေ .. လာကြည့်ပါဦး၊ အရမ်းလှနေပြီကို လည်ပင်းဟိုက်နေလို့မဝတ်ဘူးပြောနေတယ် .."

မိတ်ကပ်ဆရာမက လိမ်ဖယ်လိမ်ဖယ်ထွက်လာပြီး လက်ယပ်ခေါ်နေသည်။

"မင်းအံ့ နဲ့ သတ္တိ မင်းတို့ သူတို့ရောက်မလာသေးခင် ပစ္စည်းတွေ အပြီးတပ်ဆင်ထားနော် .."

"စိတ်ချပါ ဆရာ .. ပြီးနေပါပြီ၊ စိတ်ချလက်ချသွားပါ .."

သုံ့ ထွက်လာကာမှ ဖုန်းဝင်လာသဖြင့် ထုတ်ကိုင်ရင်း ...၊

"ကျွန်တော် ပြင်ဆင်ထားပြီးပြီ .."

"..... ..... ....."

"အဟွန်း .. သူ့ကိုပြောတာပါပဲ၊ အန်ကယ်ဦးတို့ လာမယ့်အချိန် လောက်ဆို ပြီးနေရောပေါ့ .."

"..... ..... ....."

"နည်းနည်းတော့ ပင်ပန်းမှာပေါ့ .. သေချာတော့ သင်ပေးထားတယ်ပြောတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"..... ..... ....."

"စိတ်မပူပါနဲ့ ကျွန်တော်က ဒါရိုက်တာမှမဟုတ်တာ ဘယ်လိုလုပ်သင်တတ်မှာလဲ၊ သူ့ကို ဆရာကောင်းသမားကောင်းနဲ့ သင်ပေးထားတာပါ၊ ဒါပေမယ့် လွယ်တော့မလွယ်ဘူး၊ အန်ကယ်လ်ဦးတို့ လိုချင်တဲ့အနည်းအကျဉ်းလောက်တော့ ဖြစ်အောင်ဆွဲခေါ်ပေးမယ်လို့ ဒါရိုက်တာက .."

သူ့ စကားမဆက်နိုင်ဘဲ ခြေလှမ်းရော စကားသံတွေပါ တိတ်သွားသည်။ သူ လှမ်းမြင်လိုက်ရတာ လုံ မှန်း သိရက်နဲ့ မယုံနိုင် ..။ စိမ်းပြာရောင် ဖျော့ဖျော့ကိုယ်ကျပ်အင်္ကျီသည် ရင်ပြင်တစ်လုံးကို ပွန်းကပ်ထားသလို ဆွဲရှို့ထားတာ ပခုံးစွန်းတွေသည် ဇာတွေဖြစ်ကာ ရင်အောက်ကနေ တစ်ကိုယ်လုံး ကပ်ကျပ်နေ၏။

ဖွံ့ထွားလှပနေသမျှ ကိုယ်ခန္ဓာကောက်ကြောင်းတို့ကို ဆွဲကပ်ပြထားသည့်အတိုင်း ဝတ်စုံ၏ အရောင်နှင့် ဒီဇိုင်းက ဖမ်းစားနိုင်စွမ်းရှိနေသည်။ ထို့ပြင် ..၊

ဒူးအောက်နားကျမှ သုံးလွှာစကတ်ပုံစံ ထီးကလေးပိတ်ထားသလို တွန့်ခေါက်ထားတာလေးတွေက ခြေလှမ်းလိုက်လျှင် တွဲရရွဲဝဲဖွက်သွားမည့် ဒီဇိုင်းမျိုးဖြစ်၏။

သူ စိုက်ကြည့်နေတော့လည်း လုံ ရင်ဘတ်လေးပိလိုက်၊ ဂါဝန်စကို 'မ' လိုက်နှင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်နေကာ ..၊

"အဲဒါကြီး မဝတ်ချင်ဘူး .."

ဟု လှမ်းပြောရခြင်းသို့ရောက်၏။

"ဟွန်း .. ဟွန်း .. တို့ ကိုကြီးတောင် အသက်ရှူရပ်သွားအောင်လှနေတာများ ချစ်ညလေးရယ် .. မေးကြည့်ပါဦး ကိုကြီးကို ကမ္ဘာကြီးများ ခဏတစ်ဖြုတ် ရပ်တန့်သွားသလားလို့ .."

ပြောချင်ရာတွေပြောပြီးမှ ခေါင်ဖျား ရှေ့ဆက်လျှောက်လာတော့ အသာလေးလစ်ထွက်သွား၏။



"လိုအပ်တာရှိရင် ခေါ်လိုက်နော် .. အားလုံး ပြင်ပေးထားပြီးပြီ.."

နောက်လှည့်မကြည့်ဘဲ ပြောသွားသေးသည်။ ခေါင်ဖျား နဲ့ လုံ့ကို ဘယ်လိုထင်နေလို့လဲ ..။

မလုံမလဲတွေးမိရင်း မော့ကြည့်လိုက်တော့ သူ့မျက်နှာကလည်း တစ်မျိုးတစ်မည် ပြောင်းလဲနေကာ ..၊

"အရမ်းလှတယ် .."

"မလှပါဘူး .. ရှက်စရာကြီး .."

လုံ က သူအနားရောက်လာတာနှင့် အဆင်သင့်ရှိနေသည့် ပဝါပါးလေးကို လှမ်းဆွဲလိုက်လျှင် ခေါင်ဖျား က ဖမ်းကိုင်ထားလိုက်တော့ ..၊

"မင်း ဒီတိုင်းထွက်ရမှာလေ၊ လူတွေအများကြီးရှေ့မှာ သရုပ်ဆောင်ရဦးမှာ .. မင်းသမီးလုပ်မယ့်သူက ရှက်ကြောပြတ်ရတယ် .."

"ဘယ်လို!...."

ခေါင်ဖျား က ပြုံးလိုက်ပြီး ပဝါကို သူ့လက်မှာပဲ ရစ်ပတ်နေရင်း...

"ငါက အကဲခတ်ဖို့လာတာဆိုတော့ မင်းတစ်ကိုယ်လုံးကိုကြည့်မှဖြစ်မှာ .."

"အို .. မလိုပါဘူး၊ အင်္ကျီကြီးက ရင်ဘတ်လည်းမပါဘူး၊ ဒီလောက်ဟိုက်တာကြီး မဝတ်ချင်လို့ အင်္ကျီကိုပဲကြည့် .."

"အင်္ကျီချည်းပဲ ချွတ်လဲလို့မှမရတာ .."

"နောက်ထပ် ဝတ်စုံတွေရှိသေးတာပဲ .."

"အဲဒါတွေလည်း ဝတ်ရမှာပဲ၊ ကြော်ငြာရိုက်တယ်ဆိုတာ .. အင်း .. မင်း ခုသိရမှာပါ .."

"အစ်ကို ..."

"ပြော ..."

"လုံ မရလောက်ဘူး .. လူတွေရှေ့ကို ဒီပုံစံနဲ့ ထွက်ဖို့တောင်မှ .."

"ရပါတယ် .. ဘာမှမခက်ဘူး .."

လူတွေရှေ့မှာ ခေါင်ဖျား လို့ ခေါ်လို့လည်းမဖြစ်၊ ကိုခေါင်ဖျား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့လည်း မရင်းနှီးပုံပေါက်နေသဖြင့် ခေါ်လေး သင်ပေးထားသည့်
အစ်ကိုလို့ခေါ်ဖို့ပဲ သေချာလေ့ကျင့်ထားခဲ့ရသည်။

ထို့ကြောင့် 'အစ်ကို' လို့ခေါ်ခြင်းကိစ္စကတော့ ချောမောအောင်မြင်
နေခဲ့လျက် ..၊

"မင်းခေါင်းမှာ ဆံပင်တွေနောက်ကနေ ဆံထုံးလိုလိပ်တင်ထား
တယ်မို့လား .."

လုံ က နောက်ကိုပြန်စမ်းကြည့်ပြီး ခေါင်းညိတ်ကာ ..၊

"ဟုတ်တယ် .. ကျောကုန်းကြီးမှာလည်း တစ်ပြင်လုံး ဘာမှဝတ်
မထားသလိုပဲ၊ ဆံပင်တွေကို ဘာဖြစ်လို့ .."

"အဲ့ဒီဆံပင်တွေကို ကင်မရာ ရှေ့ရောက်မှ ဖြုတ်ချလိုက်ရမှာ
မင်းရဲ့ ဆံပင်တွေပြေကျသွားတာကို သေချာရိုက်ယူလိမ့်မယ် .."

"ဒါဆို လုံ က ကျောပေးထိုင်နေရမယ် .."

"ပြေးလည်း ပြေးရမှာ .."

ဒါရိုက်တာသင်ပေးထားသည့် ပုံရိပ်တွေကို မြင်ယောင်လာသည်
မော်ဒယ်လ်အေဂျင်စီက ဆရာမရဲ့ လမ်းလျှောက်ပုံ ပြေးပုံတွေကို ပြ
တွေးနေရ၏။ သိသာလာတာက ခြေဖျားလက်ဖျားတွေအေးလာပြီ
လည်ချောင်းတွေ ကျပ်ခဲလာခြင်း ..၊

"မင်းကို မင်းအုံ့ တို့ ရှေ့မှာ လုပ်ခိုင်းထားတယ်ဆို .."

"ကိုမင်းအုံ့ တို့က ကိုယ့်လူတွေဥစ္စာ .."

"သူတို့ကိုလည်း ဒီလိုပဲသဘောထားလိုက် .. ဂ သွားမယ်"

"ကြည့်ပါလား .. သူ့ကိုအားကိုးတကြီးခေါ်လိုက်မှပဲ .."

"ဟုတ်လား .. မင်း ခေါ်ခိုင်းတာလား .."

"ဟုတ်တယ် လုံ တခြားအကျီဝတ်ချင်လို့ .."

"အားလုံးက ဒီပုံစံဆင်ဆင်တွေပဲဖြစ်မှာ .. ဒါပေမယ့် ဘာဝတ်ဝတ်
မင်းက လှနေမှာပဲ .."

သူ့အကြည့်တွေနဲ့ဆုံတိုင်း လုံ့ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း



သိ၊ သူကိုင်ထားသည့်လက်ကို ဖျတ်ခနဲရုန်းပစ်လိုက်ပြီးမှ ဘာ ဖြစ်လို့
ရုန်းမိမှန်း ကိုယ့်ဘာသာ နားမလည် ..။

"လုံ ..."

လက်ကိုရုန်းလိုက်မှ ခေါင်ဖျား က သူမရဲ့ ပခုံးလေးနှစ်ဖက်ကို
ဆွဲယူလိုက်ကာ ..၊

"တကယ် .. အရမ်းလှတယ် မင်း .."

မျက်ဝန်းလေးတွေကို ငေးကြည့်မိသည်။ မွေးသယောင်ရှိသည့်
မျက်ဝန်းလေးတွေက ရှည်လျားကော့နက်သည့် မျက်တောင်တွေကြောင့်
ထူးထူးခြားခြားပိုလှနေ၏။

နှာတံလေးက ပိုပြီးပေါ်လွင်နေသည်။ ရန်ဖွေ့ကောင်းနေတတ်
သည့် နှုတ်ခမ်းပါးလေးတွေက ကော်ဖီရောင်နှင်းဆီပန်းလေးကပ်ထား
သလိုနဲ့ တူနေသည်။

သူ ဘာဖြစ်နေတာလဲ ..၊

သူမ တစ်ကိုယ်လုံးကို ထိုင်ကြည့်နေချင်သည်။ အပြင်ကိုခေါ်ထုတ်
သွားဖို့ ဝန်လေးနေခဲ့၏။

ပြီးတော့ သူ့ရင်ခုန်သံတွေ ဘာကြောင့် ဆူညံနေကြသလဲနော်လျှင်..၊

"သွားမယ် ..."

မထွက်ရဲပါဘူးဆိုသည့် သူမထံမှ ကတုန်ကယင်စကားသံထွက်
လာခဲ့၏။

သူ ဘာဖြစ်နေသလဲဆိုသည့် ရင်ခုန်သံတွေကို သက်ပြင်းတစ်ချက်
နဲ့အတူ မှုတ်ထုတ်မိရင်း ...

ဒါမဖြစ်သင့်ဘူး ..။

❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အစ်ကို .. ကျွန်တော်က မနေစက်ဝန်း ပါ .."

"ဪ .. မှာထားတယ် ဘရာ နဲ့ ချိန်းထားတာ၊ အပေါ်တက်သွားလိုက် ညီလေး,.. အပေါ်မှာ ဘရာ ရှိတယ် .."

ကွန်ဒိုတိုက်ခန်းကို နှစ်ခန်းတွဲယူထားတာဖြစ်မည်။ မြေညီထပ်မှာ စတူဒီယိုထားပြီး အပေါ်ကတော့ ရုံးခန်းပဲထင်၏။

စက်ဝန်း ပြန်လှည့်ခဲ့ရင်း ခေါင်ဖျား ဆိုသူအကြောင်း သူများပြောသမျှကို ပြန်တွေးနေမိ၏။

"သူက နဂိုတည်းက ချမ်းသာတဲ့ပုံပဲဗျ .. ဓာတ်ပုံပညာကို တပည့်တွေခေါ်ပြီး နိုင်ငံခြားထိသွားသင်တာ၊ ပြန်လာတော့ ကင်မရာတွေ ရိုက်ကူးရေးပစ္စည်းတွေ အင်တိုက်အားတိုက်ရောက်လာတာပဲ၊ ဟိုမှာကိုပဲ တော်တော် ဈေးကောင်းမယ့်ပစ္စည်းတွေနော် .. အဲဒါတွေကို သူက မတွန့်တိုဘူး ရုပ်ရှင်ဗီဒီယိုသမားတွေထိ သူက ပေးငှားတာ၊ သူ တွက်တာက သူ့တပည့်တွေပိုကျွမ်းကျင်အောင် လုပ်ငန်းအတွေ့အကြုံရှိစေတဲ့ သဘောမျိုးပေါ့ .." တဲ့ ..။

ပစ္စည်းလည်းငှားသည်။ ကိုယ့်လူတွေပါထည့်ပေးသည်။ နိုင်ငံခြား



ပစ္စည်းတွေ သုံးဖူးကိုင်ဖူးသွားတာနှင့် တော်ရုံပစ္စည်းဆို စိတ်ခေါင်းမကျဖြစ်လာကြတော့ ခဏခဏငှားကြ ကူးလူးပြောင်းလဲကြနှင့် မာရီယာကို တမ်းတလာကြသည်။

အကူအညီတောင်းသည်က တစ်ခါပဲ တောင်းတာမို့ နောက်ကျတော့ ပစ္စည်းတွေငှားသည့် စီးပွားရေးဖြစ်လာသည်။

"ရေထဲထိ ဆင်းရိုက်တာတွေ၊ ရဟတ်ယာဉ်လိုသုံးလို့ရတာတွေ၊ လူမပင်ပန်းဘဲ အဆင်ပြေတဲ့ပစ္စည်းကိရိယာတွေက သူ့ဆီမှာပဲ ရတာလေ၊ ပြီးတော့ ပိုက်ဆံပေးငှားရပေမယ့် ပစ္စည်းကောင်းတဲ့အတွက် အရမ်းမတောင်းဘူး၊ ခေါင်ဖျား ဆိုတဲ့လူက ဆက်ဆံရေးတော့ ညက် တဲ့ပုံပဲ.." တဲ့ ..။

ပြောတဲ့အတိုင်းဆို အထက် ကျမှ ဒီလူနဲ့ ဘာဖြစ်လို့အဆင်မပြေဖြစ်နေတာလဲ .. ဆိုတာတွေးစရာဖြစ်လာသည်။ အထက် ရဲ့ မျက်လုံးထဲမှာ မဆက်ဆံချင်ရုံ အဆင်မပြေတာမျိုးမဟုတ်ပေ။

အမုန်းကြီးမုန်းနေသည့် ဒေါသတွေ ပြည့်လျှံနေတာဖြစ်သည်။ သူ ဒီထိလာခဲ့တာလည်း အီလုပ်ကိစ္စအတွက် သက်သက်မဟုတ်ပါ။ ခေါင်ဖျား ဆိုသူကို တွေ့ချင်သည်။ အထက် ပြောမပြသည့်အကြောင်းတစ်ခုတစ်ရာကိုလည်း သိချင်၏။

"လွှမ်းမိုးနိုင်ခြင်းဆိုတာ ရာထူးစည်းစိမ်နဲ့ လွှမ်းမိုးတာထက် မေတ္တာစေတနာနဲ့ လွှမ်းမိုးမှသာ ချုပ်ကိုင်ထိန်းချုပ်ခြင်းကင်းတာ၊ ကျွန်တော်တို့ ဆရာက သူ့ကိုစော်ကားတယ်ထင်ရင် နည်းနည်းမှ သည်းမခံဘူး၊ ဒါပေမယ့် အကူအညီလိုရင်လည်း ပေးဖို့ဝန်မလေးတဲ့သူ .."

မာရီယာ တစ်ဆိုင်မှာ ဓာတ်ပုံဝင်ရိုက်ရင်း သူ ရောနှောမေးကြည့်ခဲ့တုန်းကလည်း ထိုဆိုင်က ကောင်လေးတွေဆီကနေ သိခဲ့ရသည်။ သူ့တပည့်ဆိုသည့် လူငယ်တွေအားလုံးက သူ့ကို အစ်ကိုကြီးဆရာလို ချစ်ခင်ကြတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူ့မိတ်ဆွေက ထောက်ခံ၏။

"ကုမ္ပဏီတစ်ခုကို ထိန်းချုပ်နိုင်တာက အဆောက်အဦးတစ်ခုအောက်မှာ ကိုယ့်ဝန်ထမ်းတွေကိုပဲ၊ သူ လွှမ်းမိုးနေတဲ့ပုံက ဆေးစက်ကျရာ အရုပ်ထင်တာမျိုး၊ သူနဲ့ မကင်းတဲ့လူရော ကင်းတဲ့လူရော သူ့ဆိုရင်ပြီးတယ်၊ ဓာတ်ပုံစတူရီယိုတွေ ပွားများပြီး မာရီယာအားလုံး အောင်မြင်တယ်၊ သူနဲ့ ဆက်နွယ်နေတဲ့ အနုပညာလုပ်ငန်းပိုင်းမှလည်း သူ လွှမ်းမိုးနိုင်တယ် .."

"ဟုတ်တယ် ကိုစက် .. မထက် နဲ့ ညှိနှိုင်းမရသရွေ့ ခင်ဗျားတို့ ကြော်ငြာရိုက်ကူးရေးတွေ အဆင်ပြေမှာမဟုတ်ဘူး၊ ဘယ်သူမှ သူနဲ့ အမုန်းမခံချင်ကြဘူးလေ .." တဲ့ ..။

ပြောကြတာလည်း မှန်ပါသည်။ ငွေရှိလို့ ကိုယ့်ဘာသာ ထရင်းနီးပါလားဆိုတော့လည်း ကိုယ့်အတွက် မလိုအပ်တာတွေ စုပြုံစုံအောင်နေအောင် ဝယ်ထားပြီး ဘာလုပ်ရမှာလဲ ..။

မာရီယာလို့ ခဖြူရောင်ကော်ပြားလေးနဲ့ ရေးထားသည့် နဖူးစည်းဆိုင်းဘုတ်အောက်မှာရပ်ကာ လူခေါ်ဘဲလ်ကိုနှိပ်လိုက်လျှင် အထဲက လူငယ်တစ်ယောက် တံခါးလာဖွင့်၏။

"ကိုယ်က နေစက်ဝန်း ပါ .."

"ဟုတ်ကဲ့ အောက်က ဖုန်းဆက်ထားပါတယ် .. ဝင်ပါ .."

ခရစ်စတယ်လ်ပုဟီးတွေ တန်းလန်းချထားလျက် ကန့်လန့်ကာလုပ်ထားသဖြင့် ပြာလဲ့လဲ့မီးဆိုင်းအောက်မှာ တဖျတ်ဖျတ်လက်နေကြ၏။ ထို ကန့်လန့်ကာကို လွန်သွားမှ ဧည့်ခန်းပုံ အခန်းကျယ်ကြီးကို တွေ့ရ၏။

ရှားမည်းရောင် ဆိုဖာအထူကြီးတွေနှင့် တစ်ဖက်မှာ ကွန်ပျူတာသုံးလုံးတန်းစီရှိနေပြီး ထိပ်ဆုံးစားပွဲနဲ့ ကွန်ပျူတာနောက်မှာ ထိုင်နေသူသည်။



"ခေါင်ဖျား က ကိုယ်ပဲ .. ထိုင်ပါ .."

စားပွဲရှေ့မှာ လှပ်ကုလားထိုင်တစ်လုံးပဲချထားသည်။ ဒီနေရာမှာ ဧည့်သည်ထိုင်တာဟုတ်ပုံမရ ..။

"သာရ .. မီးလာပြီထင်တယ် .. မီးချိန်းလိုက် .."

"ဟုတ် .. ဘာရာ .."

သူ ထိုင်လိုက်တော့ ခေါင်ဖျား က စီးကရက်တစ်ဖက်နှင့် လက်ပ်တော့ပ်ကို ဘေးရွှေ့လိုက်သည်။

ပြီးတော့မှ စီးကရက်ကို ခွက်ထဲမှာ ဖိချေလိုက်ရင်း ..၊

"ခင်ဗျားက ထက်ဝန်းယံ အလှကုန်ပစ္စည်းကုမ္ပဏီက ပိုင်ရှင်ထင်တယ် .."

"ဟုတ်ပါတယ် .. ကျွန်တော်က နေစက်ဝန်း ပါပဲ၊ လာခဲ့တဲ့အကြောင်းကိုတော့ ကိုခေါင်ဖျား သိနေမှာပါ .."

"သိနေပြီလို့ ထင်တယ်ဆိုတော့ တစ်ခါတည်းပြောလို့ရပြီပေါ့.."

"မငြင်းလိုက်ပါနဲ့လို့ ကျွန်တော်ကလည်း ကြိုပြောပါရစေ၊ 'သားသုံးယောက်' စက်အဖွဲ့က မာရီယာနဲ့ ချိတ်ထားတယ်ဆိုပြီး ကျွန်တော်တို့ ကြော်ငြာရိုက်ကူးရေးအတွက် ကမ်းလှမ်းတာကို လက်မခံဘူးဗျာ.. ပြောရရင် အံ့လည်းအံ့ဩလောက်ပါတယ်၊ ဗီဒီယိုကင်မရာအဖွဲ့တွေ ဘယ်အဖွဲ့ပဲဖြစ်ဖြစ် မာရီယာနဲ့ပဲ .."

"နေဦး ကိုနေစက်ဝန်း .. အဲဒါကို ကျွန်တော်ပြောပြမယ် .."

"စက်ဝန်း လို့ပဲခေါ်ပါ .. ရပါတယ် .."

ခေါင်ဖျား က ခေါင်းညိတ်လိုက်ပြီး နောက်မှီမှာ ခါးဆန့်ကပ်၍ ..

"ခင်ဗျား ကျွန်တော့်ကို ဖုန်းဆက်မေးလို့ ကျွန်တော့်သဘောကို ပြောလိုက်တာ၊ ခုမေးလည်း ဒီတိုင်းပဲဖြေမှာ၊ ဒါပေမယ့် တခြားဘယ်အဖွဲ့ကိုမှ ကျွန်တော် ပိတ်ပင်မထားဘူး .."

"ဟုတ်တယ် .. ခင်ဗျား မလုပ်ပါဘူး .. ဒါပေမယ့် သူတို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဆန္ဒအတိုင်း ခင်ဗျားဘက်ကပဲနေ အဝါကဒ်ပြနေကြတာ၊ အဲ့တော့ဗျာ ကျွန်တော့်ကို သူများကိုယ်ရေးကိုယ်တာစပ်စုတယ်တော့ မထင်ပါနဲ့ .. ဒါပေမယ့် မေးချင်လာတာက ကျွန်တော့်ဇနီးနဲ့ သက်ဆိုင်နေတယ် ထင်လို့ပါ၊ ကျွန်တော်တို့နဲ့ အလုပ်မလုပ်ဘူးဆိုတဲ့ ခင်ဗျားဘက်မပြောင်းလဲသော ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး .."

"ကျွန်တော့်ဘက်က ဖြေစရာမရှိဘူး ကိုစက်ဝန်း .. ခင်ဗျားရဲ့ ဇနီးကိုပဲ ပြန်မေးပါ၊ တစ်ခုပြောနိုင်တာက ခင်ဗျားရဲ့ ဇနီးအနေနဲ့ လူမှုဆက်ဆံရေးတွေ လုပ်နေသမျှ တစ်နေရာမဟုတ်တစ်နေရာမှာ ခုလိုအခက်အခဲမျိုးတွေ ကြုံရဦးမှာပဲ .."

"ခုလည်း ကျွန်တော်က ဦးဆောင်ပြီး ကမ်းလှမ်းတာပါ၊ ကိုခေါင်ဖျား ကျွန်တော်နဲ့ပဲ ဆက်ပြီး .."

စက်ဝန်း စကားသံရပ်သွားသဖြင့် အံဆွဲဖွင့်ပြီး စီးကရက်ဘူးရှာနေသည့် ခေါင်ဖျား က မျက်လွှာပင့်ကြည့်သည်။ မီးချိန်းလိုက်သဖြင့် ဖျတ်ခနဲမှောင်ပြီး ပြန်လင်းသွားသည့်အချိန်တွင် သူတို့ထိုင်နေသည့် ဆားဘက်နံရံမှာ ဆလိုက်ကြောင့် ဖွေးထိန်၍ပေါ်လာသော ဓာတ်ပုံကြီးသည်။

လုံ ...၊

စက်ဝန်း မျက်လုံးတွေပြူးကျယ်သွား၏။ နံရံအပြည့် ဓာတ်ပုံကြီးထဲမှာ လုံ မှ လုံ ...။

ပန်းခင်းထဲမှာ ပန်းတွေနဲ့ဆော့ရင်းပြေးလွှားနေတဲ့ပုံဖြစ်သည်။ လက်ဖဝါးလေးထဲက ပန်းပွင့်တွေလျှောကျပျံ့ဝဲနေသည်။ ဖြန့်ချထားသည့် ဆံပင်တွေက သူမရဲ့ ကျောနောက်မှာ ကွေ့ဝိုက်လွင့်လူးနေ၏။

နောက်ကနေ ရိုက်ယူထားပေမယ့် နောက်ပြန်ငဲ့ကြည့်နေသည့် နှာတံချွန်ချွန်မျက်တောင်ကော့ကော့လေးတွေက ပခုံးစွန်းလေးဟစ်ဖက်မှာ ဖုံးငုံသည့် နှုတ်ခမ်းလွှာလေးအစုံနှင့်အတူ ပေးတင်နေသလိုပင် ...။



ထို့ပြင် အဖြူရောင်ပါးလွှသော ခြုံလွှာလိုမျိုးသူမရဲ့ ဝတ်စုံက လက်ချောင်းလေးတွေပေါ်ရုံ ဖုံးလွှမ်းလျက် လက်ဆန့်ထားသည့်အောက်မှာ ငှက်တောင်ပံဖြန့်ထားသလိုဝင် ...။

ဒီပုံကို ပန်းချီကျော်တစ်ယောက်ကို ပုံတူလာရေးပေးပါဆိုရင်တောင် ဒီလောက်လှနိုင်ပါ့မလား ...။

သူ့မျက်လုံးတွေ ထိုဆီမှ မခွာနိုင်ဘဲ ...၊

"ကိုခေါင်ဖျား .. ဒါ .. ဒါ .. လုံမဒီ မို့လား .."

"ဟုတ်တယ် .."

ခေါင်ဖျား က သူမေးလာမှာကိုစောင့်ကြည့်နေတာမို့ ချက်ချင်းဖြေလိုက်ပြီး သူနဲ့ မျက်လုံးချင်းဆုံအောင် စောင့်နေပြီးမှ ...၊

"တော့က တက်လာတဲ့မိန်းကလေးပါ .. မြို့က ဆွေနီးမျိုးစပ်တစ်ယောက်အိမ်ကို လာတာလို့ပြောတာပဲ .. သူ ဒုက္ခရောက်နေလို့ .."

"ဒုက္ခမရောက်ပါဘူး .. သူက .. သူက ကျွန်တော့်ညီမပါ၊ အခု သူ ဘယ်မှာလဲ .."

"ဒုက္ခမရောက်ပါဘူးဆိုတာ ဘာကိုပြောတာလဲ .. ခင်ဗျားက .."

"ကျွန်တော့်ညီမပါ .. သူ ကျွန်တော့်ကိုအိမ်လာတာ .."

"ဒါဖြင့် ခင်ဗျားအိမ်ကနေ သူ ထွက်လာတာပေါ့ .. အံ့ဩစရာပဲ သူနဲ့ အဆင်မပြေဘူးဆိုတာ ခင်ဗျားဇနီးပဲ ထင်တယ် .."

စက်ဝန်း မျက်နှာပျက်သွားသည်။ ခေါင်ဖျား ကိုယ်တိုင် ဒီဆက်ဆံရေးကြောင့် အထက် အပေါ်မှာ မကျေနပ်ချက်ရှိခဲ့ခြင်းကိုပါ နားလည်သွားခဲ့ပြီး ...၊

"ကျွန်တော် သူ့အတွက် စီစဉ်ပေးနိုင်ပါတယ်၊ အခု သူဘယ်မှာလဲ ကိုခေါင်ဖျား .. ကျွန်တော် တွေ့ပါရစေ .."

"သူက တွေ့ချင်မှာမဟုတ်ဘူး .."

"ကျွန်တော့်ကိုတော့ သူပြောမှာပါ၊ ကျွန်တော်တို့မောင်နှမချင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်လို့ပါ၊ ဖုန်းနံပါတ်လေးတစ်ချက်လောက် ပေးပါဗျာ ..”

“သူက ဖုန်းမှမကိုင်တတ်တာ ..”

ဟင်!...၊

ဒီထိ အခြေအနေပြောင်းနေတာတောင် လုံ ဖုန်းမကိုင်တတ်သေးဘူးလား ..။

အံ့သြပေမယ့် ဒါလည်းဖြစ်နိုင်တာပဲမို့ အကြံအိုက်သွားသည်။

“လုံ က ဘယ်မှာနေတာလဲ ကိုခေါင်ဖျား .. သူ့လိပ်စာလေး ..”

“ကျွန်တော့်အိမ်မှာ ..”

ရင်ထဲမှာ ဟာခနဲဖြစ်သွားသည်။ ဆံပင်ခပ်အုပ်အုပ်ပခုံးသာသာအရှည်နှင့် နှုတ်ခမ်းမွှေးခပ်ရိပ်ရိပ်ရှိသည်။ မေးဖျားမှာ မုတ်ဆိတ်မရှိပေမယ့် ပါးသိုင်းမွှေးနေရာတစ်လျှောက်နှင့် မေးဖျားတွေမှာ စိမ်းမှောင်နေ၏။

ခေါင်ဖျား၏ ယောကျ်ားပီသသော သွင်ပြင်လက္ခဏာကို တစ်ချက်ဇော်ကြည့်ပြီး ရင်ထဲမှာ ဘာကိုစိုးရိမ်ပြီး ဘာကြောင့်ပူလောင်သွားခဲ့မှန်းမသိ ..။

မျက်ခုံးတန်းထူထူနှင့် မျက်လုံးတွေက ရှူးရှသည်။ ထူသယောင်ရှိသော နှုတ်ခမ်းအစုံက အထူအပါးညီနေသဖြင့် ကြည့်ကောင်း၏။

ကျယ်ပြန့်သည့် ရင်အုံပြေပြေနှင့် ထိုင်နေပုံအရ အရပ်မြင့်၍ တောင့်တင်းကြံ့ခိုင်ပုံလည်းရှိလေသည်။ လုံ့ ကို ခေါင်ဖျား စောင့်ရှောက်ထားတာလား .. ဘာလဲ ..။

ဒီလူ့အိမ်မှာ လုံ ဘယ်လိုနေနေတာလဲ ..။

“ခင်ဗျား အရမ်းတွေးမနေပါနဲ့ .. ရော့ ..”

စားပွဲပေါ်မှာရှိသည့်ဖုန်းကို သူ့ဆီတွန်းလိုက်ပြီး စကားပြောခွက်ကို လှမ်းပေးသည်။

“ခေါ်ထားတယ် ..”



“ဗျာ .. သန့်(ခ်)ယူ ..”

သူ ဟျာဟျာသလဲ လှမ်းယူလိုက်ပြီး နားထောင်တော့ အမျိုးသမီးကြီးတစ်ယောက်အသံကိုပဲ ကြားရကာ ..၊

“ကျွန်တော် .. လုံမဒီ နဲ့ စကားပြောချင်လို့ပ ခင်ဗျာ ..”

“.... .... .....”

“ဒီက ခေါ်တာလို့ပြောလိုက်ပါ ..”

ဟိုဘက်က စကားကြောင့် စက်ဝန်း မျက်နှာပျက်သွားတာနှင့် ခေါင်ဖျား က အကြံပေး၏။ လုံ့ ကို ခေါ်ပေးတော့ သူ တော်တော်နဲ့ စကားမပြောနိုင် ..။

“ဟလို .. ဘယ်သူလဲ ..”

“လုံ .. ငါပါ .. စက်ဝန်း ..”

သူ့မ အသံလည်း တိခနဲတိတ်ကျသွားသည်။

“လုံ .. နင် ဟိုတစ်ခါဖုန်းဆက်ပြီး အေးလှ တို့ လိပ်စာလည်း ပြောမသွားဘူး .. ငါ့ကို ဆက်သွယ်စရာတစ်ခုခုတော့ ပေးခဲ့သင့်တာပေါ့ .. နင့်ကို ငါ လိုက်ရှာနေတာ နှံ့နေပြီ ..”

“ဘာလုပ်မလို့ ရှာတာလဲ ..”

“ပြန်ခေါ်မလို့ပေါ့ လုံ .. နင် ငါ့ကို ဘာမှမပြောမဆိုနဲ့ ..”

“မသိရတော့ ပိုကောင်းတာပေါ့ .. ငါ နင့်ဆီပြန်လာဖို့အကြောင်း မရှိတော့ဘူး စက်ဝန်း၊ စိတ်လည်းမကူးဘူး နောက်ထပ် ရှာမနေနဲ့တော့ ..”

“နင် အောင်မြင်နေလို့ ပြောတာလား လုံ ..”

စက်ဝန်း က ခေါင်ဖျား ကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ..

“မိန်းကလေးတစ်ယောက်က နေချင်သလိုနေလို့မရဘူး ..”

“အဲဒါက တောမှာပါ .. အခု မြို့ရောက်လာပြီ၊ ယောကျ်ားလေး နေချင်သလိုနေလို့ရတာမဟုတ်ဘူး .. ငါ့မှာ ဦးနှောက်ရှိတယ် ..”

“ဘာ .. လုံ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်းနေကြတာ နင်လည်း အဆင်ပြေတယ်မို့လား .. ငါ့ကို ခေါင်းထဲက ထုတ်လိုက်တော့၊ နောက်ထပ်လည်း ဖုန်းမဆက်နဲ့တော့.."

တစ်ဖက်မှာ လုံ့ မျက်ရည်တွေဝေ့လာခဲ့လျက် အံကြိတ်သည်။ ပြီးတော့ ဖိဆုပ်တိုင်ထားပြီးမှ ဝွတ်ခနဲချပစ်လိုက်၏။

"ငါ့ကို လွှတ်လပ်ခွင့်ပေးပါ လုံ့ ရာ .."

"ငါ ဒီလိုသာယာမှုတွေကို ဆုံးရှုံးမခံနိုင်တော့ဘူး .." တဲ့ ..။

နင့်အသံတွေကို ငါ ကြားနေမိတုန်းပဲ စက်ဝန်း ..။

နင့်စကားတွေကို နားထောင်နေခဲ့ရတုန်းက ငါ ဘယ်လိုခံစားနေခဲ့ရသလဲ နင်သိရဲ့လား ..။

မုန်းတီးနာကြည်းတာမဟုတ်ဘူး သေချင်လောက်အောင် ရှက်ခဲ့တာ ..။

❖



အခန်း (၂၂)

သူ အိမ်ပြန်သွားတော့ လုံ့ က ကွန်ပျူတာတစ်လုံးနဲ့ အလုပ်ရှုပ်နေ၏။ သောက်နေ ခဏရပ်ကြည့်နေရင်း ဖုန်းလာသဖြင့် ထုတ်ယူလိုက်ကာ ..၊

"အဲ့ဒါ မရတော့ဘူး .. **delete** လုပ်လိုက်တော့ .."

လုံ့ က တစ်ခုခုမေးမလို့ မော့ကြည့်လိုက်ပြီးမှ သူ ဖုန်းပြောရင်း ထွက်သွားတော့ ခေါင်းလေးကုတ်ပြီး ပြန်လှည့်လိုက်ရကာ ..၊

"ပြောလိုက်ရတဲ့ဖုန်းက မနှားဘူး .. တစ်လောကလုံး သူ့လောက် အလုပ်ရှုပ်တာ မတွေ့ဖူးဘူး .."

"ဟုတ်တယ် လုံ့ ရေ .. အဲဒီအတိုင်းပဲ .."

ဒေါ်ဟန်သီ က ခြံထဲက ဘုရားပန်းတွေနဲ့ တက်လာပြီး နောက်က ဘယ်လိုရောက်လာသည်မသိ ..။

"အိမ်ကို ပြန်ပြန်လာတာလည်း အခု ညည်းရှိနေမှပါအေ .. ဘယ်တုန်းကမှ အိမ်လို့မှတ်ခဲ့ကာမဟုတ်ဘူး .."

"ဒေါ်လေ ထားခဲ့လေ .. အဲဒါ လုံ့ လုပ်ပါမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ပန်းအိုးလေးတစ်လုံးထိုးတာကိုအေ .. အပမ်းမကြီးပါဘူး၊ ညည်း လုပ်စရာရှိတာလုပ်ပါ .."

"ရပါတယ် ဒေါ်လေးရဲ့ လေ့ကျင့်တာပဲဟာ ညဘက်လည်း တစ်ည လုံး အားနေတာပဲ .."

လုံ့ က စားပွဲနဲ့ ရှိုးကေ့စ်တွေပေါ်မှာတင်ဖို့ အလှပန်းအိုးတွေကို ဖျိုးဖျိုးဖျတ်ဖျတ်လိုက်လံစုဆောင်းလိုက်ကာ ..၊

"တစ်လုံးမဟုတ်ဘူး ဒေါ်လေးရဲ့ ဒါလေးတွေပါ လဲရမှာ .. မနေ့ တုန်းက မကြီးစု နှင်းဆီဖူးသေးသေးလေးတွေ ဖြတ်လာပြီး ရေလည်း မပါဘဲ ထိုးစိုက်သွားတာလေ .."

"အေး .. ဟုတ်ပါရဲ့၊ ရေမပါဘဲ ခုထိ သိပ်မညှိုးဘူးနော် .. သတိ တောင် မထားမိဘူး .."

လုံ့ က ရယ်ကာ ..၊

"အဲဒါကြောင့်ပြောတာ .. ပေးပါ ဒေါ်လေးရယ်၊ ပန်းတွေသွား ထပ်ခူးရဦးမှာ၊ လုံ့ ပဲ လုပ်လိုက်ပါ့မယ် .. တော်ကြာ မကြီးစု အိပ်ရာနိုး လာရင် သူထိုးတဲ့ပန်းတွေ လဲရလားဆိုပြီး မေးမြန်းဒေါကန်နေဦးမယ်.."

"ဟုတ်တယ် .. ဟုတ်တယ် သူမနိုးခင် အားလုံးပြီးထားမှ ဒါနဲ့ ညည်းကိစ္စတွေပြီးပြီလား .. ဒေါသကုမ္မာရပြန်လာတာ အဲ့ဒါတွေလာ ကြည့်တာများလားမသိဘူး .. တော်ကြာ အဆူခံရဦးမယ် .."

"ဟုတ်ကဲ့ပါ .. နည်းနည်းပါးပါးရှင်းလိုက်ရင် ရပါပြီ .."

ဒေါ်ဟန်သီ က ကွန်ပျူတာကိုတော့ လှမ်းကြည့်လိုက်သေးသည် ပြီးမှ အပေါ်ထပ်တက်သွား၏။

လုံ့ ကွန်ပျူတာဆီ ခဏသွားပြီး လုပ်စရာရှိတာလုပ်ထားလိုက် သည်။ ပြီးတော့ ခြံထဲဆင်းလာခဲ့ပြီး ဒေါ်ဟန်သီ ရှူးလာခဲ့သည့် ဇီဇဝါပင် တွေဘက်ကိုထွက်လာခဲ့သည်။

ဒီဘက်မှာ မြက်ပင်တွေတော်တော်ရှည်နေပြီဖြစ်ကာ ဇီဇဝါပင်တွေ



တလည်း ပင်မြင့်တွေချည်းဖြစ်နေကြ၏။ ပန်းပွင့်ကြီးမှ ပိုဖွေးပြီးလှ ဘ နိုး လက်လှမ်းမမီသည့်နေရာက အပွင့်တွေကိုမော့ကြည့်ပြီး ကိုင်းဖျား ဖြတ်သည့်ခုံမြင့်ကြီးကို မနိုင်မနင်း သွားရွှေ့လိုက်သည်။

ပြီးတော့ အပေါ်တက်မလို့ အောက်တန်းတစ်ထစ်ပေါ် ခြေတစ် ဖက်တင်လိုက်လျှင် ..၊

ဟင် .. မြွေ ..၊

သူမ ချလိုက်သည့် ဟိုဘက်က ခုံခြေထောက်အောက်မှာ ခေါင်းတနေ့ ရမ်းနှင့် ထွန့်ထွန့်လူးနေ၏။

"ဦးလေးဘ .. ဦးလေးဘရေ လာပါဦး .."

မြွေကိုကြည့်၍အော်ရင်း လှည့်ပြေးလိုက်လျှင် အနားရောက်လာ သည့် ခေါင်ဖျား ရင်ခွင်ထဲကိုပြေးဝင်လိုက်သလိုဖြစ်သွားခဲ့၏။

"ခေါင်ဖျား .. ဟိုမှာ မြွေ .. မြွေ .."

ရင်ခွင်ထဲက ပြန်ရုန်းကာ ခေါင်ဖျား ခါးကိုဖက်ထားပြီး နောက် မှာ ပြေးကွယ်၏။

"ဘယ်မှာလဲ မြွေ .."

"ဟိုမှာ .. ခုံ ခြေထောက်ကိုပတ်ထားတာ .."

ကြည့်လိုက်တော့ မြွေခမျာ ခုံထောက်နဲ့အဖိခံထားရတာ အခွေ လိုက် ..။

"ခုံကို ပတ်ထားတာမဟုတ်ဘူး .. အဖိခံထားရတာ .."

"ဟင် .. ဟုတ်လား .."

"တစ်ခုခုဆို သေချာမကြည့်ဘဲနဲ့ ရွှတ်ရွှတ်ပြော .."

ခေါင်ဖျား က ခါးမှာဖက်ထားသည့် လုံ့ လက်လေးကိုဖြုတ်ချ လိုက်ပြီး ခုံနား တိုးသွား၏။

"ချက်ချင်း သွားမဖယ်လိုက်နဲ့လေ .. မြွေတွေက ခုတ်ရာရပြီး ဒေါသကြီးနေရင် ပိုအဆိပ်ပြင်းတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အဆိပ်ပြင်းလည်း မင်းလက်သွားပေးရင်တောင် မကိုက်နိုင်တော့ဘူး .."

"အံမယ် .. ရှင်ထင်နေလား .. အခု လက်သွားပေးလိုက်လေ မကိုက်ရင် ကြိုက်သလိုပြော .."

"ကောင်းပြီ .. ပေးပြမယ်ကြည့်နေ .."

လျှာတစ်လစ်နှင့် ခေါင်းထောင်ဖို့ကြိုးစားနေဆဲ မြွေကို သူတကယ်ကိုင်မလို့ ခုံကြားထဲ ငုံ့ဝင်လိုက်တော့ လုံ အလန့်တကြားဖြစ်သွားသည်။

"ဘာလုပ်တာလဲ ခေါင်ဖျား .. ကိုက်လိမ့်မယ် မလုပ်နဲ့လေ .."

"ဟ ..."

"အား .. သေပါပြီ .."

စိုးရိမ်ကြီးပြီး စွဲမိစွဲရာ ဆွဲလိုက်တာက ကုန်းနေသည့် သူ့ခါးကိုဖြစ်သည်။ ခေါင်ဖျား ဟန်ချက်ပျက်ကာ ယိုင်သွားသည့်ခုံကို တွန်းလှဲလိုက်သလိုဖြစ်သွား၏။

ခုံသည် ဘေးတိုက်လဲကျသွားကာ လုံ က ခေါင် ့ကို ဖက်လျက်သားနှင့် ပက်လက်လေး ပစ်ကျသွားခဲ့၏။ ခေါင်ဖျား သူမကို အပေါ်ထပ်လျက်မကျအောင် ထိန်းနေရင်းနှင့် လူက နောက်ပြန်လဲတာမို့ မတတ်နိုင် ..။

"သေပါပြီ .. အား .."

"သေမှာပေါ့ .. ဘာဖြစ်လို့ လူကို ဖွတ်ဆွဲပစ်လိုက်တာလဲ .."

"ရှင့်ကို မြွေပေါက်လိုက်မှာစိုးလို့လေ .. ခု .. အယ် .. မြွေ .. မြွေလွတ်သွားပြီမို့လား .."

"ဟုတ်တယ် .. မင်းခေါင်းနားမှာ ပါးပျဉ်ထောင်နေပြီ ပေါက်ချလိုက်တော့မှာ .."

ဟင်!...

သူ ပြောလို့ မျက်လွှာပင့်ကြည့်လိုက်မှ သူမထိပ်ဦးပေါ်မှာ ခေါင်း



ငေါက်တောက်နှင့် ..။

မြွေ ...၊

လုံ့ မျက်လုံးတွေပြာသွားကာ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းတောင် မသိလိုက် ..။

"လုံ .. ဟေ့ .."

အဲဒီလို အရွဲ့တိုက် အခေါ်တူးပြီးပြောတတ်တဲ့ အကျင့်ကိုလည်း ဖျောက်လို့မရ ..။

လုံ သတိလစ်သွားတာမြင်မှ ခေါင်ဖျား ပျာယီပျာယာ ထထိုင်လိုက်မိကာ ..၊

"လုံ .. လုံ့ .."

သူမကိုယ်လေးကို ပွေ့ထူလိုက်ပြီး ပါးပြင်လေးတစ်ဖက်ကို တဖတ်ဖတ်ပုတ်နှိုးမိ၏။

"လုံ ..."

"ဟင် .."

လုံ မျက်လုံးတွေ မှေးမှေးလေးပွင့်လာပြီးမှ ဖျတ်ခနဲပွင့်သွားကာ ..၊

"မြွေ ..."

"မြွေက ဟိုမှာလေ .. မျော့မျော့ပဲရှိတော့တာ၊ အဲဒီနားကနေ လှုပ်တောင်မလှုပ်နိုင်တော့ဘူး .."

ငေါက်ခနဲ ထထိုင်လိုက်ပြီး မြွေကိုကြည့်သည်။ ပြီးတော့ ကိုယ့်ခေါင်းပေါ်ကို လက်တစ်ဖက်နဲ့ အုပ်စမ်း၍ ..၊

"ခုန မြွေက လုံ့ ခေါင်းပေါ်မှာ .."

"မဟုတ်ပါဘူးကွာ .. ဒီမှာ သစ်ရွက်ခြောက်ပါ မင်းကိုဆွဲထူလိုက်မှ ပြုတ်ကျသွားတာ .."

သူ ပြန်ကောက်ပြလိုက်တာတောင် သူမက မယုံနိုင်ဘဲ ကြည့်နေသေးသည်။ ပြီးတော့ ဘာကိုသတိရသွားမှန်းမသိဘဲ ပြန့်ချထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို ဖျတ်ခနဲရှေ့ဆွဲလိုက်၏။

အားလုံး ပခုံးတစ်ခြမ်းပေါ်မှာ ပေါ့ပါးစွာပါလာတော့ ရင်ထဲမှာ ဆွေးသွားသည်။ ကိစ္စက မြွေကိစ္စကနေ ဆံပင်တွေဖြတ်ပစ်လိုက်ရခြင်းသို့ ရောက်ကာ ..၊

"ခါတိုင်း ဒီလို ထိုင်လိုက်မိရင် လုံ့ ဆံပင်တွေကို ဖိထိုင်မိတတ်တာ .."

"အခု မဖိမိတော့ မကောင်းဘူးလား .. မြွေကနေ ဆံပင်ဖီလင်ပြောင်းသွားပြန်ပြီ .."

သူနေရာမှ ထရပ်ကာ ကိုယ့်ကိုယ်ကိုယ် ပွတ်သပ်ခါရင်း သူမကို လက်ကမ်းပေးလိုက်ရင်း ..၊

"ထ .. ဒီနေရာမှာ မြက်တွေထူတယ် .."

"လုံ့ ပန်းအိုးလဲမလို့ ဖိဖဝါပန်းလာခူးတာ .."

"ဖိဖဝါမဟုတ်လည်း ထိုးလို့ရတယ်၊ မင်းကိုက ဟိုလိုဒီလိုရှာရှုပ်ကြံကြံတွေလုပ်ရတာ ဝါသနာကြီးတာ .."

"ရှင်ကိုကလည်း ကျေးဇူးတင်ရမှန်းမသိတဲ့လူပါ .. ပြောချင်ရင်ပြည့်စုံအောင်ပြော .."

"ဘာ ..."

လုံ က အဲ့ဒီလိုပက်ခနဲ ပြန်ပြောတတ်သည့်မိန်းကလေးဖြစ်သည်။ ခံလိုက်ရလျှင် အောင့်သီးအောင့်သက်ဖြစ်သွားတတ်သော်လည်း သူမလေးကို သတိတရဖြစ်လာစေတာလည်း ထိုပြဿနာမျိုးတွေကပဲ စခဲ့တာဖြစ်၏။

လုံ က သူ့လက်ကို မဆွဲဘဲ လက်ထောက်ပြီး ခက်ခက်ခဲခဲထရပ်ကာ ..၊

"ခုလိုဖြစ်သွားတာ ရှင့်ကြောင့်လေ .. ရှင် တစ်ခွတ်ထိုးရှာကြံလုပ်မှာစိုးလို့ ကမန်းကတန်းဆွဲလိုက်ရတာ .. ဆွဲလိုက်မိလို့ လဲတာ၊ ဒီမှာ



အောက်ကခံလိုက်ရတာ ဘယ်လောက် .. ရှင်က ဘာပြုံးတာလဲ .."

မေးပြီးမှ ကိုယ့်စကားကို သတိထားမိသွားပြီး ရှက်ရမ်းရမ်းသည့်မျက်နှာလေးက ဘုဆတ်ဆတ်နှင့် ..။

"နှင်းဆီပန်းပဲ သွားခူးတော့မယ် .."

"မင်းနဲ့ ပြောစရာရှိသေးတယ် .. မခူးနဲ့ဦး .."

လုံ က ပြန်လှည့်ကြည့်၍ ..၊

"အောက်ထပ်က ပန်းအိုးတွေ စုထားခဲ့ပြီးပြီ .. မလဲလို့မရတော့ဘူး .."

"ရရ .. မရရ အဲဒါတွေထားလိုက်ဦးလို့ မင်းကိုပြောနေတာ .."

လုံ့ လက်လေးကိုဆွဲခေါ်လာခဲ့ပြီး ကျောက်ခုံတန်းလေးမှာ အတူထိုင်လိုက်ကာ ..၊

"လူတွေကွယ်ရာရောက်ရင် မင်း ငါ့ကို တော်တော်စွာတယ် .."

"ကွယ်ရာမှာ တမင်လုပ်တာမဟုတ်ပါဘူး .. လူတွေရှေ့မှာ စကားမှ သိပ်မပြောဖြစ်တာ .."

"ဘာ ..."

သူ့အသံက လုံ ကလည်း ပြန်လှည့်ကြည့်၏။

"မင်းက လူတွေရှေ့မှာလည်း ပြောစရှိရင် ပြောမှာပဲလို့ စိန်ခေါ်တာလား .."

"အဲ့ဒီလို သဘောမဟုတ်ပါဘူး .. လုံ အကျင့်ပါနေတာကိုပြောတာပါ၊ ရိုင်းလိုက်တာ .. စွာလိုက်တာလို့ အပြောခံနေရတာ ဂုဏ်ယူစရာမှမဟုတ်တာ .."

ဒါတော့ သိသားလို့တွေးဖြစ်ရင်း ဂျင်းရှပ်လက်ပြတ်လေးနှင့် သူမမျက်နှာလေးကိုစိုက်ကြည့်မိ၏။ ဆောင်းဘီအတိုအရှည်တွေ ဝတ်ရင်းတိုင်း စကားများနေရပေမယ့် စကတ်ရှည်အကျပ်လေးတွေတော့ သူမအသားကျနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူမက မပြောသေးသည်။

"ကြိုက်သွားတာမဟုတ်ပါဘူး .. ထမီလို ခဏခဏပြင်မဝတ်ရတာ ကောင်းမှန်းသိသွားလို့ .." တဲ့ ..။

တကယ်တမ်း သူများကို ကျေးဇူးတင်ရမှာကြောက်တတ်တာက သူမသာ ..။

"ရှင်က လုံ့ ကျေးဇူးရှင်ပါ .. ဘာဖြစ်လို့ ခံပြောရမှာလဲ၊ ဒါပေမယ့် ပြောမိနေတာကို လုံ လည်း စိတ်ညစ်တာပဲ .."

ပါးရိုးပေါ်ဝဲပြာကျလာသည့် ဆံပင်တွေကို နားနောက်ညှပ်ထည့်လိုက်ရင်း ဒီဆံပင်တွေကို အလှအပတန်ဆာဆင်ဖို့အတွက် ပြုပြင်ဖြတ်တောက်လိုက်ရတာက အတွေးထဲဝင်လာပြန်သည်။

"ဆံပင်အဖျားလေး နည်းနည်းညှိမယ်နော် .."

"ဆံပင်တွေ အိန္ဒြေပျော့ပျောင်းသွားအောင်လို့လေ .."

"ဆံပင်အရှည်ကြီးကို ပိုးသားလေးလို ပြောင်လက်သွားအောင် လုပ်လိုက်ရင် အရမ်းလှသွားမှာ .."

"လုပ်ရမှာပဲ .. မင်းကြော်ငြာရမှာက ခေါင်းလျှော်ရည် .."

စသဖြင့်သော တိုက်တွန်းချက်တွေကို မကြာခဏသတိရမိရင်း ဆံပင်အဖျားတွေကို မကြာခဏယူကြည့်မိသေးသည်။

တကယ်ပဲ နည်းနည်းလေးပါ။ ထိုင်လိုက်ရင် ဖင်အောက်မှာ ပိပြားသွားတတ်သည့် လက်တစ်ဝါးလောက်ကိုသာ ဖြတ်ချလိုက်တာဖြစ်သည်။

ဒါပေမယ့် အများကြီးပါသွားသလို လှိုက်ဟာကျန်ရစ်သည့် ခံစားချက်ကို ရုတ်တရက် ဖျောက်မရနိုင် ..။

"ဘာတွေ ငိုင်ငိုင်သွားတာလဲ .."

သူမ မျက်နှာလေးကိုပဲ အကဲခတ်ကြည့်နေခဲ့သည့် ခေါင်ဖျား က တစ်မျိုးတွေးလျက် ..။

"မင်းကို စိတ်ဆိုးလို့ပြောတာမဟုတ်ဘူး .. ကွယ်ရာမှာပြောနေကျ



တာ လူရှေ့ကျမှ ပြင်မယ်ဆိုလည်းမရဘူး၊ ငါက မင်းကို ငါ့ရဲ့ ညီမတစ်ယောက်လို .."

"တော်ပါတော့ အဲဒီညီမ .."

လုံ ဆတ်ဆတ်ခါထပြောမိရင်း ..၊

"လုံ က ဘယ်နှစ်ယောက်ရဲ့ ညီမ ဖြစ်နေရဦးမှာလဲ .."

စိတ်ထဲရှိတဲ့အတိုင်း တစ်လုံးကြီးပြောလိုက်မိကာ ခေါင်ဖျား မျက်မှောင်ကုတ်သွားတာမြင်မှ ခပ်အမ်းအမ်းဖြစ်သွားလျက် ..၊

"ဟိုအိမ်မှာ ပြဿနာတက်ခဲ့ဖူးတာကို စိတ်ပျက်နေမိလို့ပါ .."

ဟု မပွင့်တပွင့်လေး ဖြေရှင်းသည်။ ခေါင်ဖျား အကြည့်တွေကတော့ စူးစိုက်နေဆဲပါ။

"မင်းအစ်ကို ဖုန်းဆက်တုန်းက အနားမှာ ငါရှိတယ်၊ ဖုန်းနံပါတ်တောင်းလို့ ငါပဲပေးလိုက်တာ .."

"ဟင်!..."

"မင်းကိုတော့ သူ တော်တော်စိုးရိမ်နေတဲ့ပုံပဲ .."

"သူက ဘာလာလုပ်တာလဲဟင် .."

"အလုပ်ကိစ္စပါပဲ .. ဒါပေမယ့် မင်းရဲ့ပုံကို တွေ့သွားတာနဲ့ သူအားလုံးကိုမေ့သွားတဲ့ပုံပဲ .."

လုံ က စိတ်ဝင်တစားမေးနေ၏။

"မင်းက ဘာအတွက်စိတ်နာနေတာလဲတော့ မသိဘူး .. သူကတော့ မင်းရှိတဲ့နေရာကိုသိတာနဲ့ ချက်ချင်း လိုက်လာခေါ်မယ့်ပုံပေါက်နေတာသေချာတယ် .."

"သူ ဒီကိုရောက်လာနိုင်လားဟင် .."

"ငါ့လိပ်စာကို သူ စုံစမ်းလို့ရသွားရင်ပေါ့ .."

လုံ က မျက်ခုံးတန်းလေးတွေ တွန့်ကုတ်နေတဲ့အထိ တွေးဝေနေခဲ့လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်ကို လုံ ဘယ်တော့မှ ပြန်မလိုက်ဘူး ..."

"ဟုတ်တယ် .. မင်းလည်း အောင်မြင်ဖို့လမ်းစရှိနေတဲ့ မိန်းကလေး တစ်ယောက်ပဲ .."

"မဟုတ်ဘူး .. လမ်းစပဲရှိရှိ နိုင်ငံကျော်ပဲဖြစ်နေနေ အဲဒီအိမ်နဲ့ ပတ်သက်ရဖို့ဖြစ်လာရင် ရွာကိုပြန်မှာ .."

သူတို့နှစ်ယောက်ကို သတိရမိတိုင်း နာကျင်ခဲ့ရတာ အဲ့လောက်ထိ ပဲ ..။

သူမ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်နိုင်ဖို့ကြိုးစားနေခြင်းကို စေ့တက် လာသည့် မျက်ရည်တို့က သက်သေပြုလျက် ရင်ထဲကသောကတို့သည် အောင်နိုင်စွာ.ခေါင်းငြိမ့်နေခဲ့ပြီး ..၊

"ဘာဂုဏ်ကျေးဇူးကြောင့်ပဲဖြစ်ဖြစ် လူတိုင်း ကိုယ့်ဘဝတက်လမ်း အတွက် ကြိုးစားရှာဖွေနေကြတာ၊ မင်းကျမှ လက်ထဲကို အဆင်သင့် ရောက်လာတဲ့ အခွင့်အရေးကို လွှတ်ချပစ်ဖို့ကြံစည်နေပါလား .. အဲ့ လောက်ထိ ခံစားချက်နောက်ကို မလိုက်နဲ့ လုံမဒီ၊ ငါပြောရင် မင်း ခံနိုင် မှာ မဟုတ်ဘူး .. အလွယ်ရလို့ တန်ဖိုးထားရမှန်းမသိရင် မင်းသိလာ အောင် ကံကြမ္မာက စောင့်ပေးနေမှာမဟုတ်ဘူး .."

ခေါင်ဖျား လေသံက စိတ်ဆိုးလာပြီဆို သိသာစွာ မာကျောနေခဲ့ လျက် ..။

"ရလာတဲ့အခွင့်အရေးကို မယူတတ်ရင်တော့ ငယ်ငယ်တုန်းက အမေ မုန့်ဖိုးပေးနေတာကို ပြေးတန်းစီသလို 'ငါ့သမီးလေး မရသေး ဘူးပဲ' ဆိုပြီး မင်းအတွက် ထပ်ထုတ်ပေးမှာမဟုတ်ဘူး .."

"လူတိုင်းမှာ ခံစားချက်ရှိကြတာပဲ .. တစ်ခါတလေ ကိုယ့်ကိုယ် ကိုယ်တောင် သတ်သေချင်စိတ်ပေါက်တာ အခွင့်အရေးရလာတိုင်း ပြေးယူချင်စိတ်လည်းရှိနေချင်မှ နေမှာပေါ့ .."

"ရှိနေရမှာပဲ .."



လုံ့ မျက်ရည်တွေဝေ့နေတာကိုပဲ ဒေါသထွက်နေသလို ခေါင်ဖျား က စူးစိုက်ကြည့်၍ ..၊

"မင်း အသက်ရှူတတ်ပြီဆိုတည်းက ရင်ခုန်သံတွေဖြစ်လာတာ လုံ .. ချစ်တတ် မုန်းတတ်မှ ထဖြစ်လာတာမဟုတ်ဘူး၊ လူတစ်ယောက် ရဲ့ ရှင်သန်ခြင်းအဓိပ္ပာယ်က ခံစားချက်တွေနဲ့ပဲတည်ဆောက်တယ်လို့ မင်း ထင်နေသလား .."

"လုံ ပြောတာ အဲ့လိုမဟုတ်ဘူး .."

"မဟုတ်ရင် မင်း လွှလိုတွေး၊ လူလိုနေထိုင်တတ်ရမှာပေါ့၊ တစ်ခု နှစ်ခုလောက်ပဲ သိမှတ်ထားတာ လူမဟုတ်ဘူး၊ ရွေးချယ်စရာရှိလာရင် ကိုယ့်အတွက် အကောင်းဆုံးကို ရွေးချယ်နိုင်ရမယ်၊ မင်းကို ငါကြည့် နေတာ ကြာပြီ၊ မင်းရဲ့ခံစားချက်တွေနဲ့ လုံးထွေးနေတဲ့အခါ မင်း ခွန်အား မဲ့နေတယ်၊ နည်းနည်းသွေးအေးသွားပြီဆို မင်းမဟုတ်တော့သလို ဖြစ် သွားပြန်ရော .."

လုံ့ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုပုံစံပေါက်နေခဲ့သလဲ မသိ..။

"ကိုယ့်ဘဝကို မြင့်သထက်မြင့်လာဖို့ပဲ ကြိုးစားရမယ်၊ နိမ့်ကျ သွားအောင် မလုပ်ရဘူး .."

"စာနဲ့ပေနဲ့ပြောနေရင် ဘဝက ကဗျာတစ်ပုဒ်ပဲ ခေါင်ဖျား .. လက်တွေ့က .."

"လက်တွေ့လည်းဖြစ်တယ် .. ကြိုးစားဖို့က ကိုယ့်သမိုင်း၊ ဖြစ်လာ တာ ဖြစ်မလာတာကို ထိုင်ပြီးခန့်မှန်းနေလို့မရဘူး၊ မင်းရဲ့ သမိုင်းကောင်း ဖို့ အနာဂတ်သာယာဖို့က မင်း အခု ဘာလုပ်နေသလဲဆိုတာထက် ဘာမှ အရေးမပါဘူး .. အဲဒါကြောင့် မင်းရဲ့ပစ္စုပ္ပန်တွေလှဖို့ပဲ မင်း ကြိုးစားပါ"

လူတိုင်းဟာ ပစ္စုပ္ပန်ဝဲဂယက်ကိုပဲ ရှန်းမထွက် ရှောင်မလွှဲနိုင် ကြတာပါ။

'လုံ ဘာမှပြန်မပြောနိုင်ပေမယ့် ရင်ထဲမှာ ပြည့်ကျပ်နေသည့် ခံစား

www.burmeseclassic.com

www.burmeseclassic.com



ချက်တွေက လက်တွေ့မှာ ပူပြင်းလောင်မြိုက်နေသည့် တဏှာမီးကို ငြိမ်းသတ်ဖို့ မတတ်နိုင်ခြင်းကြောင့်ဆိုတာ သိစေချင်ပါ၏။

ဖြစ်ပေါ်လာသည့် စိတ်ခံစားချက်ကို တွန်းလှန်ကျော်ဖြတ်ဖို့သာ အခက်အခဲဆုံးမဟုတ်ဘူးလား …။

"မင်း တစ်ခုခုပြောချင်နေတာလား လုံ …"

ခေါင်ဖျား ကလည်း ငြိမ်ကျသွားသည့်မျက်နှာလေးကို မလွှတ်တမ်း အကဲခတ်နေသဖြင့် ခန့်မှန်းနိုင်နေသည်။

"ပြောတော့ လွယ်လိုက်တာလို့ မင်းတွေးနေတာမို့လား … ဟုတ်တယ် ငါ အဲ့ဒီလိုလုပ်နိုင်ခဲ့တယ် အဲဒါကြောင့်ပြောနိုင်တာ၊ မင်းပဲ ခံစားတတ်တာ မဟုတ်ဘူး … ငါ အသည်းကွဲခဲ့တာကမှ ငါ့သိက္ခာ ငါ့မာန ဘာဆို ဘာမှ မရှိတော့တာ၊ ငါ လက်ထပ်ယူခဲ့တဲ့ ငါ့မိန်းမလို့တွက်ထားတဲ့ မိန်းမက သစ္စာဖောက်ခဲ့တာ …"

လုံ ကရော ဘာထူးလို့လဲ …၊

လုံ သူ့ကို လှည့်ကြည့်လိုက်တော့ အကြည့်ချင်းဆုံသွားသည်။ လုံ့ မျက်ဝန်းထဲက အဓိပ္ပာယ်ကို သူ သိနိုင်မှာမဟုတ်ပေမယ့်၊ သူ့အကြောင်းကိုတော့ မင်းအံ့ တို့ ပြောပြထားတဲ့အတွက် ဘယ်လိုခံစားခဲ့ရတာကို လည်း နားလည်နေခဲ့၏။

သို့သော် …

"ယောကျ်ားနဲ့ မိန်းမမို့ မင်းက ပိုအသည်းနုပါတယ်ဆိုရင်တောင် နုတာကိုပဲ ရှေ့တန်းတင်နေလို့မရဘူး၊ မိန်းမသားဘဝဆိုတာ ကွဲအက်ကြေပျက်လွယ်တဲ့ ဒြပ်ဝတ္ထုတစ်ခုပဲ၊ နုနုကြမ်းကြမ်း ဘဝကိုခုခံကာကွယ်ထားနိုင်တဲ့ စွမ်းအားမှာ ယောကျ်ားထက်ပိုရှိရမယ်၊ မင်းကို အဲလို မိန်းကလေးဖြစ်စေချင်တာ …"

"အဲ့လိုမိန်းကလေးမဖြစ်နိုင်ရင်တောင် လုံ စိတ်ဓာတ်ပျော့ညံ့တဲ့သူ မဟုတ်ဘူး ခေါင်ဖျား …"



"ကျွတ် …"

သူ ကျွတ်ခနဲဖြစ်သွားကာ လုံ့ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင် လိုက်ကာ …၊

"လုံမဒီ … မင်းနဲ့ ငါ စပြောခဲ့တာ အဲ့ဒီအကြောင်းပဲ၊ ငါ့ကို ခေါင်ဖျား လို့ ခေါ်တာတွေ မင်းတော်သင့်ပြီ …"

လုံ က ခေါင်းလေးငုံ့ပစ်ကာ …

"နောက်မခေါ်တော့ဘူး …"

"ခုကစပြီး ပြင်ရမှာ …"

ပြောပြီဆို ခေါင်ဖျား က တစ်ထစ်ချ …။

"ပြီးတော့ မင်းအတွက် ဖုန်းဝယ်လာခဲ့တယ် …"

ပြောပြီး အိတ်ထဲက ထုတ်လိုက်ကာ …၊

"နောက်ကို ဒီဖုန်းက မင့်အနားမှာရှိနေပေ့စေ …"

"အဲဒါကြီး လုံ မကိုင်တတ်ပါဘူး၊ ဟို … ခလုတ်နှိပ်ရတဲ့ဖုန်းလေး တွေဆို တော်သေးတယ် …"

လုံ က သူကမ်းပေးနေသည့်ဖုန်းကို တော်တော်နဲ့မယူ …။

ယူပြီးတော့လည်း တစ်ချက်ပဲကြည့်ပြီး ဘေးမှာချထားလိုက်၏။ ခေါင်ဖျား က ပြန်ကောက်ယူပြီး လုံ လက်ကိုဆွဲ၍ လက်ထဲအရောက် ပြန်ထည့်ပေးသည်။

"ကီးပက်(ဒ်)တွေက ခေတ်မရှိတော့ဘူး၊ ပြီးတော့ အဲဒါနဲ့ဘာမှ လည်းလုပ်လို့မရဘူး၊ တက်(ချ်)ကမှ …"

"တက်(ချ်) ဘာလုပ်လို့ရရ လုံ မှမကြိုက်တာ …"

"ကြိုက်ကြိုက်မကြိုက်ကြိုက် ခုကစပြီး မင်းကြိုက်တာတွေကို ပယ် မကြိုက်တာတွေချည်း ကြိုက်အောင်ကြိုးစားရမယ် …"

"ကိုခေါင်ဖျား …"

"အဲ့ဒါကြီးလည်း မာသေးတယ် … အစ်ကိုလို့ပဲခေါ်၊ မင်းခေါ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နနွရွရွကိုကြားချင်လွန်းလို့မဟုတ်ဘူး ..”

“ကြားချင်တိုင်းရော ခေါ်ပေးမှာမို့လို့လား ..”

ပက်ခနဲပြောပြီး ဟိုဘက်လှည့်ပစ်တာ မျက်စောင်းထိုးသွားတဲ့အတိုင်း ...။

ဒါလည်း သူမကိုယ်သူမ ဘာလုပ်သွားမှန်းမသိလိုက်ခြင်းတစ်ခုပဲ ဖြစ်လေသည်။ ပြီးတော့ ချက်ချင်း ပြန်လှည့်ကြည့်ကာ ...၊

“ခုန ရှင့်ကိုပြောမလို့ .. လုံ့ အပေါ်မှာ ရှင့်ကျေးဇူးရှိတယ်၊ ခုထိလည်း ရှင့်ကျေးဇူးတွေနဲ့ ခိုကပ်မှီခိုနေရတုန်းပဲ၊ ဒါပေမယ့် လုံ စိတ်မပါတာတွေကိုတော့ အမိန့်အာဏာတွေနဲ့ ရှင် ခိုင်းလို့မရဘူး ..”

“အဲဒီ အမိန့်အာဏာတွေသုံးနေရတာ ပျော်လွန်းလို့မဟုတ်ဘူး.. မင်းဘဝအတွက် ..”

“ကိုယ့်ဘဝအတွက် ပြောတဲ့စကားတိုင်းကိုသာ စေတနာ နားလည်တတ်နေရင် မိဘတိုင်း သူတို့ကလေးတွေကို တစ်သက်လုံးဆိုဆုံးမလာကြတာ ကလေးတိုင်း ဘာဖြစ်လို့မလိမ္မာကြသလဲ ..”

“ကလေးတိုင်း မလိမ္မာတာ ဟုတ်ချင်မှဟုတ်မှာပေါ့ကွ .. မင်းလို သားသမီးမျိုးကတော့ ..”

“ဟုတ်တယ် .. အဲ့ဒီလိုသားသမီးမျိုး လုံ ပဲရှိတာ ..”

ဆက်လည်းမပြောချင်တော့သဖြင့် ထထွက်သွားဖို့ပြင်လိုက်လျှင် ခေါင်ဖျား က ကြိုသိထားသဖြင့် လုံ့ လက်ဖဝါးလေးကို ပိုင်နိုင်စွာ ဆုပ်ကိုင်ထားလိုက်ပြီး ...၊

“ဖုန်းသုံးတတ်အောင်သင်ပေးမလို့ .. ပြန်ထိုင် ..”

“ရှင် မပြန်သေးဘူးမှတ်လား .. အခု ပန်းအိုးတွေ ဒီတိုင်းထားခဲ့ရတာမို့လို့ ..”

သူမ ပြောနေတာကို ခေါင်ဖျား က စိုက်ကြည့်ပြီး ခေါင်းညိတ်ကာ ...၊



“မင်း ဒီတိုင်းဆက်ပြောနေမှာလား ..”

ဟင် ...၊

သူ့ကို ပြောလိုက်မှန်း ရုတ်တရက်မသိ၊ ခေါင်ဖျား က သူမလက်ကို ကိုင်ထားလျက်နှင့် ထရပ်လိုက်ကာ ...၊

“ခေါင်ဖျားလို့ ခေါ်ချင်လည်းခေါ်၊ ရှင်နဲ့ ကျွန်မပဲ ပြောချင်ပြောတော့ .. တစ်ခုတော့ သတိပေးလိုက်မယ် လူတွေကြားထဲရောက်မှ အစ်ကိုဖြစ်လိုက် ရှင်ဖြစ်လိုက် ဖုံးလိုက်ပေါ်လိုက်ဖြစ်နေရင် သူတို့ ဘယ်လိုထင်သွားမလဲ သိလား ..”

လုံ ကြောင်တောင်တောင်လေးကြည့်နေတော့ သူမ မျက်နှာရှေ့မှာ သေချာလက်ပိုက်ရပ်လိုက်ရင်း ...၊

“မင်းနဲ့ ငါ့ကို ..”

“အို .. မဟုတ်တာတွေ ..”

လုံ သူ့ရှေ့ကနေ ချာခနဲလှည့်ထွက်သွားလျှင် လွန့်ခါသွားသည့် ဆံနွယ်တွေက မွှေးပျံ့သည့်ရနံ့တစ်မျိုးနှင့်အတူ သူ့ရင်ကို လှုပ်ခတ်သွားစေလျက် ...၊

ဟွန်း ....၊

အမှတ်တမဲ့ ငေးကြည့်နေမိပြီးမှ တစ်ယောက်တည်းပြုံးလိုက်မိရင်း နဖူးပွတ်မိ၏။

တစ်ခုခုတော့ ဖြစ်နေပြီ ...၊

❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"သမီး လေ့ကျင့်ထားတယ်လို့ပြောတယ်၊ ဒါပေမယ့် ရေရှင်နဲ့ ရေသေ သိပ်မကွာပါဘူး .. ရေထဲထိ သေချာလိုက်ရိုက်မှာဆိုတော့ လှလှလေး ကူးရမှာနော် သမီး .. ဖားလေးတွေလို .."

ဒါရိုက်တာက ကူးတဲ့ပုံလုပ်ပြနေတော့ လုံ့ ရင်ခုန်သံတွေမြန်လာသည်။ ဘယ်လိုပဲ စိတ်တင်းထားထား ကိုယ်ပေါ်မှာရှိနေသည့် အနီရဲရဲ ရေကူးဝတ်စုံကြောင့် ခုချိန်ထိ တဘက်ကိုခွာမချရဲသေးပေ ..။

ပခုံးချိတ်ရုံ လက်နှစ်လုံးလောက်ကြိုးသိုင်းလေးနှင့် နောက်ပိုက်ချထားတာ အင်္ကျီမပါသလိုပင် ..။

ထို့ပြင် စကတ်ထပ်ထားသည်ဆိုသော ဘောင်းဘီတိုက လုံ့ တို့အတွက်ကတော့ ဒါ ဘောင်းဘီတိုမဟုတ်ပေ ..။

"ကိုမင်းအံ့ အစ်ကိုရော .. အစ်ကိုမလာသေးဘူးလား .."

"လာမယ်ပြောတာပဲ .. ဒါပေမယ့် သူ အချိန်မီရောက်လာမှမဟုတ်ဘူး မလုံ မျှော်မနေနဲ့တော့၊ အစတည်းက ဒီနေ့ ရှူတင်မှာ သူမရှိဘူးလို့ ပြောထားတာမို့လား .."

"ဒါပေမယ့် လာခဲ့ပါလို့ လုံ မှာထားတာပဲ .."



ငိုမဲ့မဲ့လေးဖြစ်နေသည့် လုံ့ ကို မင်းအံ့ လည်း ဘယ်လိုအားပေးရမှန်းမသိတော့ပေ ..။

"ဘရာ ကလည်း ဟိုမှာထားခဲ့လို့ရမှာမဟုတ်ဘူး .. သူတို့က ဘရာနဲ့မှ အလုပ်လုပ်ချင်တာလို့ပြောပြီး ဘရာ အားတဲ့ရက်ကို တမင်စောင့်နေကြတဲ့လူတွေ .."

"အဲဒါဆို မလာဘူးလို့ပြောသွားပါလား .. လုံ့ ကိုတော့ သူ ရောက်မှာပါလို့ ပြောခဲ့တာကို .."

"လာပါလို့ ဒီလောက်တတွတ်တွတ်မှာနေမှတော့ လာပါ့မယ်လို့ ပြောသွားရပြီပေါ့ .."

မင်းအံ့ မနေနိုင်တော့ဘဲ ဖုန်းကိုင်ရင်း ခေါ်ရင်း တစ်နေရာကို ထွက်လာခဲ့ရတော့သည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ မင်းအံ့ .."

"ဒီမှာ မလုံ ငိုမလိုရယ်မလိုဖြစ်နေလို့ပါ ဘရာ ရယ် .. ရေကူးဝတ်စုံလည်း မနည်းဝတ်ခိုင်းရတယ်၊ ခုထိလည်း တဘက်မခွာသေးဘူး ဒါရိုက်တာလည်း မျက်နှာပျက်ချင်နေပြီ .."

ခေါင်ဖျား အသံ အတန်ကြာတိတ်သွားခဲ့၏။

"ပြီးတော့ ဘရာ မလုံ ကို ရေကူးခိုင်းဖို့ပါသလား အဲဒီကြော်ငြာက .."

"ပါတယ် ..."

"မလုံ ကတော့ ခုမှသိသလိုပဲ .."

ဒါရိုက်တာသင်ပေးနေတော့ လုံ ဘယ်လောက်မျက်စိမျက်နှာပျက်နေသလဲဆိုတာပြောပြရင်း ..၊

"ဘရာ လာရင်တော့ အဆင်ပြေမယ်ထင်တယ်၊ သူ ဘရာ့ကိုပဲ မျှော်နေတာ .."

"ကျွတ် .."

စိတ်ပျက်လက်ပျက် ညည်းသံထွက်လာခဲ့ပြီး ..

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်မလေး ဘယ်လောက်ပြောပြထားထား ဒီတိုင်းပဲ ပြန်ဖြစ်တယ်၊ ဘာမှကို လိုချင်လောဘမရှိဘူး .."

ဖုန်းထဲမှာ ခေါင်ဖျားညည်းညူစိတ်တိုနေတာတွေတော့ မင်းအုံ ပြန်မပြောခဲ့ပါ။ သို့သော် ...၊

"လာမယ်ထင်တာပဲ .. ကျွန်တော် သေချာပြောပြလိုက်ပါတယ်၊ ဒါပေမယ့် မလုံ ဒီတိုင်းပေကပ်ကပ်ရပ်စောင့်နေရင်တော့ ဘာရာ ရောက်လာရင် စိတ်ဆိုးမှာသေချာတယ် .."

"ကဲ .. ကဲ .. စမယ်လေ .."

"ဘာလိုသေးလို့လဲ .. မင်းသမီးကိစ္စပြည့်စုံပြီမို့လား .."

အားလုံးက မိတ်ကပ်ဆရာမကိုပဲ ဦးတည်မေးကြ၏။ ဆရာမ မျက်နှာ ရှုံ့မဲ့နေကာ ခေါင်းညိတ်တာတောင် ခြေခါလက်ခါနှင့် ...၊

"စိတ်ညစ်ပါတယ် .. တို့တွေလည်း တတွတ်တွတ်အားပေးနေတာပဲ .."

"မဟုတ်ပါဘူး .. သူ့အတွက် ထရိန်နင်ကာလဖာ အရမ်းတိုလွန်းတော့ မရဲဘူးဖြစ်နေတာပါ .."

"ဆရာ .. သူက ရေကူးဖို့ရှက်နေတာ၊ လူစားထိုးကူးလို့မရဘူးလားလို့ .."

မိတ်ကပ်ဆရာမက လုံ့ အခက်အခဲအတွက် ဖြေရှင်းပေးဖို့ ကြိုးစားသည်။ ဒါရိုက်တာရော ပရိုဂျူဆာပါ ခေါင်းတခါခါဖြစ်သွားကြပြီး ...၊

"ဒါ အမိကကို ဘယ်လိုအစားထိုးရမှာလဲ .. ဆံပင်အဲတုနဲ့ ရေကူးလို့မှ မရတာ..."

"ရပါတယ် .. မိုမို လုပ်ပေးမှာပေါ့ .."

"မဟုတ်တာဗျာ .. အသားအရေ အလုံးအရပ် ဘယ်လိုလုပ်တူတာရှာမလဲ .. ရေထဲမှာပေမယ့် မှုန်ဝါးဝါးပေါ်မှာလည်းမဟုတ်ဘူး .."

ရိုက်ကူးရေးအဖွဲ့တွေနဲ့ လုံ တို့ ရေကူးကန်ဘေးမှာပဲ အကြိတ်



အနယ်ဖြေရှင်းနေရသည်။ နောက်ဆုံးတော့ ရေထဲမှာပဲဆိုပြီး လုံ စိတ်ကို တင်း၍ ဆုံးဖြတ်လိုက်သည်။

ကိုယ်ပေါ်က တဘက်ကို ခွာချလိုက်တာနှင့် ယောကျ်ားတွေရဲ့ မျက်လုံးတွေမှာ လျှပ်စီးကြောင်းတွေ ထင်သွားသည့်နှယ် ...၊ ရှက်သည့် စိတ်နှင့် လုံ ရေထဲကို ခုန်ချလိုက်သည်။

သူမနဲ့ အနုပညာအဆီအငေါ်မတည့်သေးတာကို နားလည်နေကြကာ သူမ လှပ်ရှားသမျှကိုပဲ အမိအရ ရိုက်ယူနေရရင်း ...၊

"ဟာ .. နေဦး .. နေဦး .. ကဒ် .."

ဒါရိုက်တာက နှမြောတသခြင်းများစွာနှင့်အော်ပြီး ကန်ပေါင်ပေါ် တက်ဖို့ ကိုယ်တစ်ပိုင်းတင်ထားပြီးဖြစ်သည့် လုံ ဆီ ပြေးလာ၏။

"ရေထဲကနေ ဘွားခနဲပေါ်လာမယ် မျက်နှာမော့ပြီး ဆံပင်တွေသပ် ရေတွေသပ် ပြီးမှ လှေကားကိုင်ပြီး ကြွကြွရွရွလေးတက်လာမယ်၊ ကန်ဘောင်တစ်ဖက်ထိ ဒီတိုင်းလေးလျှောက်သွားပြီးမှ .."

"လုံ က ရေစိုနေတဲ့ ဒီပုံကြီးနဲ့ ဟာလာဟင်းလင်း လျှောက်သွားရဦးမယ် .. ဟုတ်လား .."

ဒါကိုတော့ ဘယ်လိုမှမဖြစ်နိုင်ဟု ခေါင်းတွင်တွင်ခါပြီး မိတ်ကပ်ဆရာမ ပြေးလာခြုံပေးသည့် တဘက်နဲ့ ကိုယ်မှာ ဆွဲကပ်ပစ်လိုက်သည်။

"ဒီလိုမရဘူးလေ မင်းသမီးရဲ့ .. ညည်းကို မင်းသမီးအဖြစ် လိုင်းပေါ်တင်ပေးနေကြတာ၊ ခုပဲ အန်ကယ်လ်တို့မှာ အချိန်တွေမနည်းဘူး စတေးလိုက်ရပြီ .."

"ဟုတ်တယ် .. ညည်းရဲ့ အစ်ကိုရောက်လာရင်လည်း သူ ဒီတိုင်းလုပ်ခိုင်းမှာပဲ ကျုပ်တို့က ဆပ်ပြာကြော်ငြာနေကြတာ၊ ခေါင်းလျှော်ရည်နဲ့ တစ်ခါတည်းသုံးပြသွားရမှာ .. ညည်းအများကြီးလုပ်ရဦးမယ်နော်.."

"လုပ်လိုက်ပါ မလုံ ရာ .. မလုံ ကို အားလုံးက ဒီလောက်စိတ်ရှည်သည်းခံနေကြတာ မလုံ အရမ်းကံကောင်းတာဗျ .. ဒါမျိုးကြော်ငြာရိုက်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရဖို့ နာမည်ကြီးမော်ဒယ်လ်တွေ ဘယ်လောက်မျှော်လင့်နေကြရသလဲ မလုံ မသိဘူး ..''

"အောင်မြင်ချင်တယ်မို့လား သဲလေးရယ် လုပ်လိုက်ပါ၊ တို့သဲလေးက အရမ်းရှက်တတ်တာပဲ .. မြို့မှာ ဒီလိုဝတ်စုံနဲ့ ရေကူးကြတာ ဘာမှ မဆန်းဘူး .. ကိုယ့်ကို လူတွေအများကြီးဝိုင်းကြည့်နေပြီလို့ ထင်နေတာကိုက သဲလေး အတွေ့အကြုံမရှိတော့ တအားရှက်နေလို့ပါ၊ ဟောဒီကင်မရာမန်းတွေကဖြင့် ဒါမျိုးတွေမမြင်ချင်မှအဆုံး ရိုးနေကြပြီ ..''

မိတ်ကပ်ဆရာမ မိုမို ကတော့ တတ်သမျှ-မှတ်သမျှတွေပြောပြပြီး အားပေးရှာ၏။ လုံ မျက်ရည်တွေဝဲလာခဲ့သည်။

ဘယ်သူတွေအတွက် ရိုးနေနေ သူမ ရေစိုနေသည့် ဒီဝတ်စုံကြီးနဲ့တော့ ယောကျ်ားတွေရှေ့မှာ မလျှောက်ရဲပေ ..။ ထိုစဉ် ...

"ဟော .. ဟိုမှာ .. ဘရာ လာပြီ ..''

"လာပြီလား .. လာပါဦး ဦးခေါင် ရေ .. မလွယ်ဘူးဗျ ..''

"ဒီကြော်ငြာလောက် မောတာ မရှိဘူးကွ ..''

သူ မရောက်ခင်တည်းက ထွက်လာသည့်စကားသံကြောင့် အခြေအနေ ဘယ်လိုဆိုးရွားနေပြီကို သိလိုက်သည်။ လုံ ဘယ်မှာလဲလို့ လိုက်ရှာတော့ မိုမို့ ဆီးမှာ တဘက်ကိုတင်းနေအောင် ဆွဲပတ်ထားပြီးရပ်နေကာ..

"အစ်ကို ...''

အားလုံးကိုမေ့လျော့ကာ ခေါင်ဖျား ရင်ခွင်ထဲပြေးဝင်မိလေသည်။ ပြီးတော့ ချော့မယ့်သူရှေ့ရောက်ပါမှ ငိုချင်လာတာမျိုး မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြကာ ...၊

"လုံ တောင်းပန်ပါတယ် .. လုံ့ကြောင့် အားလုံးစိတ်ဆိုးကုန်ကြပြီ ..''

ခေါင်ဖျား သက်ပြင်းချလိုက်မိကာ လုံ့ ပခုံးလေးကို ကိုင်လိုက်ပြီး..၊

"မင်း တောင်းပန်လို့ သူတို့စိတ်ဆိုးပြေကုန်ကြမှာမဟုတ်ဘူး၊ ဒီကြော်ငြာကို ပြီးအောင်ရိုက်လိုက်ပါ ..''



လုံ ခေါင်းခါရင်း မော့ကြည့်သည်။ ခေါင်ဖျား မျက်ခုံးတွေတွန့်ကုတ်နေတာမြင်မှ သူမ အပြစ်ကို သတိရမိလျက် ...၊

"အစ်ကိုကရော .. အခု လုံ့ ကို ဆူဖို့ ရောက်လာတာလားဟင်..''

"ငါ မင်းကို သေချာရှင်းပြပြထားတာပဲ လုံ .. မင်း တစ်ယောက်တည်းကြောင့် အခု အားလုံးအလုပ်တွေရှုပ်ကြ စိတ်ညစ်ရနဲ့ ..''

သူမ တဘက်ဖျားတွေကိုကိုင်ထားသည့် လက်တို့ဖြင့် ခေါင်ဖျားတို ဖက်ထားတာမို့ နှစ်ယောက်အတူ တဘက်ထဲရောက်နေသလိုဖြစ်နေခဲ့၏။

ထို့ကြောင့် လှမ်းကြည့်နေကြသည့် မျက်လုံးတွေလွှဲကုန်ကြသည်။ မင်းအံ့ က ရယ်၏။ ခေါင်ဖျား ကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ပေ..။ လုံ့ ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပေးပြီး သူမ ပခုံးလေးကို ကိုင်၍..၊

"ဒီမှာကြည့် ..''

မျက်နှာချင်းကြည့်လို့ရအောင် သူမကိုယ်လုံးကို ရင်ခွင်ထဲက ခွာလိုက်ရင်း ...၊

"မင်း ဘာဖြစ်လို့ ကလေးလိုပြောရခက်နေတာလဲ .. ဒီဝတ်စုံကို မင်းအတွက်အဆင်ပြေအောင် ဒီဇိုင်နာနဲ့ တိုင်ပင်ပြီး ငါကိုယ်တိုင်အပ်ပေးထားတာ .. ရေကူးဝတ်စုံတွေထဲမှာ ဒါ ဘာမှမဟုတ်သေးတဲ့ ဒီဇိုင်း..''

"လုံ့ ကို ရေကန်ထဲကတက်လာပြီး ရေစိုကြီးနဲ့ လျှောက်ခိုင်းတာ''

"မင်းသမီးလုပ်မယ့်သူက ဒါလေးတောင် ရှက်နေရင် မင်း ဘယ်လိုရှေ့ဆက်မှာလဲ .. ရိုက်ကွင်းထဲရောက်ရင် တော်ရုံအဆင်မပြေတဲ့ နေရာမှာ လူစားထိုးလိုက်ကြတာပဲ .. ဒါပေမယ့် မင်းအလှ မင်းရဲ့ ဆွဲဆောင်မှုမျိုးကို အစားထိုးဖို့မလွယ်လို့ ဒုက္ခရောက်နေကြတာ ..''

လုံ က မျက်ရည်စိုနေသည့် မျက်တောင်ဖျားတို့ကို စိုက်ရှုရင်းနေရင်း နားထောင်နေ၏။ ဆံပင်တွေ မျက်ခုံးတန်းလေးတွေမှာ ရေတွေစိုရွှဲလျက် လုံ့ မျက်နှာလေးက မိတ်ကပ်နဲ့ ရောပြီး လှချင်တိုင်းလှနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ချက်တော့ စိုက်ကြည့်လိုက်မိကာ လုံ ကို နောက်ဆုတ်သွားအောင် ပခုံးလေးကနေ အသာတွန်းလိုက်သည်။ ပြီးတော့ သူမ ဖိဆုပ်ထားနေဆဲ တဘက်ကို ဆွဲယူပစ်လိုက်ပြီး ...၊

"အသက်ကို ဝဝရှိုက်သွင်းလိုက်၊ ဒါ ဘာမှမဟုတ်ဘူး .. ငါလုပ်နိုင်တယ်လို့တွေးပြီး အလုပ်ကို အေပုပ်သဘောပဲထား .."

ထိတ်လန့်သွားသည့် လုံ့ မျက်နှာလေးကို ဥပေက္ခာထားလိုက်ပြီး သူမလက်ကိုဆွဲလိုက်သည်။ ပြီးတော့ ရေကူးကန်ဘက်ကို အတူတူ လျှောက်လာခဲ့ရင်း ...၊

"ဆက်လုပ်လို့ရပြီ .."

"ဟေး ..."

စိတ်အိုက်နေကြသည့်လူတွေ ဟေးခနဲထအော်ကာ လက်ခုပ်သံတွေပါ ထွက်ပေါ်လာ၏။ ထိုအသံတွေကြောင့် လုံ့ စိတ်တွေ တက်ကြွသလိုလို ရှက်သည့်စိတ်တို့ အတော်အတန်လျော့ပါးသွားခဲ့၏။

ပြီးတော့ လုံ အကြောက်ဆုံးအချိန်တွေကို ဖြတ်ကျော်နိုင်ခဲ့သည်။ ခုနကနဲ့ အခုချိန် ဘာကွာခဲ့လို့လဲ .. သူ ရှိနေခြင်း မနေခြင်းနဲ့ ပတ်သက်နေသည်ဆိုရင် သူ မရှိတဲ့အချိန်တွေမှာ လုံ ဘာတွေလိုအပ်နေခဲ့ပါသလဲ။

အားလုံး ပြုံးရွှင်ရယ်မောခြင်းဖြင့် ကြော်ငြာတစ်ပုဒ်ပြီးဆုံးသွားခဲ့သော် ပရိုဂျူဆာက မှတ်ချက်ချလေသည်။

"ခေါင်း ရေ အန်ကယ်လ်တော့ သိသွားပြီ .. မင်းကောင်မလေး မင်းမရှိလို့ မဖြစ်ဘူး .." တဲ့ ...။

❖



အခန်း (၂၄)

"အံမယ် .. ငါတို့ကျေးတောသူလေးက ဒီလိုကျတော့ လန်းသား.."

ဒေါ်ဟန်သီ က မျက်မှန်ကြီးတပင့်ပင့်နှင့် သဘောတွေကျနေသည်။ ကြော်ငြာရိုက်ထားတာတွေကို မင်းအံ့ တို့က ကိုယ့်ဘာသာ အက်ဒစ်လုပ်ပြီး ပို့ပေးထားတာဖြစ်သည်။

စု ကလည်း မျက်လုံးလေးပြူး ပါးစပ်လေးဟနေလျက် ပြီးတော့ လက်ခုပ်လက်ဝါးတီးပြီးရယ်၏။ ပြီးတော့ လုံ့ ကို ဖက်ထားပြီး လက်မလေးထောင်ပြနေသည်။

"ဒီကြော်ငြာလည်း အောင်မြင်မှာပဲ .. ငါတို့ လုံ လည်း နာမည်ကြီးသွားမှာသေချာတယ် သိလား .. ငါ့တူမ ဒီလောက်တောင် ကိုယ်လုံးကိုယ်ပေါက်လှတာ သတိမထားမိခဲ့ဘူး၊ ဆံပင်တွေကလည်း နည်းနည်းလောက် ဖြည့်ဆည်းပြင်ဆင်လိုက်တာနဲ့ တော်တော်ကိုလှတာနော် .."

အိမ်မှာရှိကြသည့် အိမ်အကူမိန်းကလေးတွေပါ ဝိုင်းအုံကြည့်ကြတာ ...၊

"မမလုံ .. မမလုံ အဲဒါတွေဝတ်တော့ မရှက်ဘူးလားဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဘာလို့ရှက်ရမှာလဲ .. ကြော်ငြာဆိုတာ ဒီလိုပဲရိုက်ရတာ၊ ပြီးတော့ မမ ဝတ်ထားတာ စကတ်အထပ်လေးပါသေးတဲ့ဥစ္စာ မရိုင်းပါဘူး .."

သူတို့ချင်း ပုတ်ခတ်ပြောကြပြီး လုံ့ ကို အဖြေတောင်းသလိုကြည့်ကြ၏။ လုံ ကတော့ ပူဆူနေသည့် မျက်လုံးတွေကို မျက်တောင်ခတ် လိုက် ဖိမှိတ်လိုက်နှင့် ခေါင်းညိတ်၍ ..၊

"မရိုင်းပါဘူး .. ဒါပေမယ့် ဝတ်စမရှိတော့ ရှက်တာပဲ .."

"ဟုတ်တယ် .. ဒေါ်လေး ကြားပါတယ်အေ .. ခေါင် ရောက်လာမှ ညည်း ဆက်ရိုက်တာတဲ့၊ ဒါတွေ မဝတ်ဝံ့ပါဘူးဆိုပြီး အားလုံးကို မျက်လုံးပြူးကုန်အောင်လုပ်ခဲ့တာ .."

"ဟုတ်လား မမလုံ .."

"ဟုတ်တော့ဟုတ်တယ် .. ဒါပေမယ့် .. ဒီပြင်ဟာကြောင့်မဟုတ်ပါဘူး .. အစ်ကိုရောက်ယာရင် ငါ့ဘက်ကများပြောပေးမှာလားလို့ပါ.."

ဒေါ်ဟန်သီ က ရယ်လိုက်ရင်း ခေါင်းခါကာ ..၊

"ပြောပေးပါလိမ့်မယ် အားကြီး .. ခေါင် က စီးပွားရေးနဲ့ပတ်သက်ရင် အရမ်းအပင်ပန်းခံ အရမ်းကြိုးစားတာ၊ အဲ့လို တွန့်ဆုတ်ဆုတ်လုပ်နေလို့ကတော့ ပိတ်ထုမပစ်တာ ကံကောင်း .."

ဟုတ်ပါလိမ့်မည်။ လုံ့ ဆီ ရောက်လာတဲ့ မျက်နှာကြီးမှာ အပြုံးအရယ် နှုတ်ဆက်မှုတစ်စုံတစ်ရာမျှမပါ။ စု က လုံ့ ကို သူမဘက်လှည့်အောင် မေးဖျားလေးကနေကိုင်ပြီး ဆွဲလှည့်ယူကာ တီဗီဘက်ကို လှည့်ပြသည်။ ပြီးတော့ ကြိုးစားဖို့ အမူအရာတွေလုပ်ပြပြီး လက်မလေးထောင်ပြ၏။

"တွေ့လား .. ညည်းအစ်မက အရမ်းကို သဘောတွေကျနေတာ.."

လုံ ခေါင်းညိတ်လိုက်ရင်း လက်ကလေးကို ဆွဲယူလိုက်မိသည်။ ထိုစဉ် မျက်လုံးတွေ ပူနေရာကနေ ဖန်စပ်စပ်ဖြစ်လာတာကို သတိထားမိ၏။



ပြီးတော့ ခေါင်းတွေမူးလာခဲ့ရာ သူမ ဖျားနေပြီလား ..၊

"ဟဲ့ .. နေမကောင်းဘူးလား .. ဘာဖြစ်သွားတာလဲ .."

လုံ မိုက်ခနဲ တစ်ချက်ဖြစ်သွားပေမယ့် ထိန်းထားလိုက်၏။ သို့သော် ဒေါ်ဟန်သီ က လှမ်းကြည့်လိုက်တာနှင့် တိုးသွားသဖြင့် ..၊

"မနေ့က တစ်နေကုန် ရေစိမ်နေလို့ဖြစ်မှာ .. ဗု ရေ ကိုယ်ပူမပူ စမ်းကြည့်လိုက်စမ်း သမီး .."

စု က လုံ့ နဖူးလေးကိုစမ်းကြည့်ပြီး မျက်လုံးပြူးသွား၏။ ပြီးတော့ ကိုယ်ပူနေကြောင်း အကြောင်းပြန်လျှင် ..၊

"ကဲ .. ကဲ .. ညည်းတို့လေးတွေက ဒီမှာစုပြုံပြီး ဘာလဲ .. လုံ့ ကို အင်တာဗျူးနေကြတာလား .."

"အဟီး .. မဟုတ်ပါဘူး ကြီးကြီးကလည်း .."

"မဟုတ်ရင်သွားကြ .. ကိုယ့်အလုပ်ကိုယ်လုပ်ချေကြ .. သွား .. သွား .. အခန်းထဲမှာ သွားနားလိုက် လုံ ..၊ ဒေါ်လေး ဆရာဝန်ဆီဖုန်းဆက်လိုက်မယ် .."

လုံ အခန်းထဲဝင်လှဲလိုက်တာနှင့် တစ်ကိုယ်လုံးက အရှိန်ကြီးပြတ်သလိုဖြစ်ကာ မှိတ်ထားလိုက်မိသည့် မျက်လုံးတွေကိုလည်း ပြန်မဖွင့်ချင်တော့ပေ ..။

"အောင်မလေး မိစုလေး ရယ် .. ရှင်မသွားလိုက်ပါနဲ့ သူများဖျားရင် ရှင်ပဲလိုက်ဖျားတတ်တာ၊ ပြီးတော့ သူများ ဖျားနာရင် ခဏ၊ ရှင်လေးက အသည်းအသန်ရယ် .. လာပါ .. လာပါ .."

ဒေါ်ဟန်သီ က လုံ့ နောက် လိုက်ဝင်လာသည့် စု ကို ချော့မော့ဆွဲထုတ်သွားကာ ..၊

"သူဇာ ရေ .. လုံ့ ဘေးမှာ တစ်ယောက် သွားနေစမ်း .."

ပြောသံမျှကိုကြားနေကာ ကိုယ့်အတွက် အလုပ်ရှုပ်ကုန်တာကို အားနာနေမိ၏။ ဒါပေမယ့် သူမ ခေါင်းတွေကိုက်ခဲနေပြီဖြစ်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"လုံ ရေ .."

သိပ်မကြာလိုက်ခင် ဒေါ်ဟန်သီ အသံ အခန်းဝမှာ ပြန်ပေါ်လာကာ ..။

"ဒီမှာ ဘယ်သူလဲလို့ ကြည့်ပါဦး .."

လုံ မျက်လုံးတွေကို လေးလေးလံလံ ဖွင့်ကြည့်မိလျှင် ..။

အေးလှ ..။

မထင်မှတ်သော ဝမ်းသာပျော်ရွှင်သွားခြင်းက မျက်လုံးတွေပါ ပိုကျယ်သွားခဲ့လျက် ..။

"အေးလှ .. နင် .. နင် ဘယ်လိုလုပ် ဒီကိုတည့်တည့်မတ်မတ်ရောက်လာတာလဲ .."

"ငါ့ကို ကိုခေါင်ဖျား လာခေါ်တာ .."

ဟင်!....။

"ကဲ .. ကဲ .. ပြောကြ လူမမာလည်း အဖျားတွေ ဘာတွေလွင့်ကုန်ပြီလားမသိဘူး .."

ဒေါ်ဟန်သီ က ခေါ်သမပါသည့် မဲ့ပြုံးနှင့် လှည့်ထွက်သွားခဲ့၏။ အေးလှ သည် ဒေါ်ဟန်သီ ထွက်သွားမှ လုံ့ အိပ်ခန်းကြီးနဲ့ စားပွဲပေါ်က ကွန်ပျူတာတွေ ခြေရင်းက တီဗီတွေကို လှည့်ပတ်ကြည့်ကာ အနားကို ပြေးကပ်လာပြီး ..။

"အံ့သြဖို့ကောင်းလိုက်တာ လုံ ရယ် .. နင်ကတော့ ရွှေပင်နားလို့ ရွှေကျေးလေးဖြစ်သွားတာပေါ့နော် .. ဒါပေမယ့် ရွှေပင်မှာ နားခွင့်ရတာကိုက နင့်ဘုန်းကံပါပဲ၊ စက်ဝန်း ရော နင်ရော ရွာမှာတည်းက တို့ရွာသူတွေနဲ့ တူမှမတူကြတာ၊ နင်တို့ လင်မယားနှစ်စလုံး တစ်သွေးတစ်မွေးလေးတွေမို့လို့ အသွင်တူတာချင်း ညားတယ်လို့ ထင်ကြတာလေ .."

"အေးလှ .. နင် သူ့အကြောင်းမပါဘဲ ပြောစမ်းပါဟာ .."

"အေးပါ.. ဒါပေမယ့် ငါ နင့်အစားဝမ်းသာလွန်းလို့ပါဟယ် ..



ခြံဝက ဝင်လာတည်းက လှလိုက်ကျယ်လိုက်တဲ့ ခြံကြီး၊ ပြီးတော့ ရေကူးကန်ကြီးကိုလည်း လှမ်းမြင်လိုက်ရော ငါဖြင့် ယုံတောင်မယုံနိုင်ဘူးဟဲ့ .. စက်ဝန်း တို့တောင် အဲလောက် ချမ်းသာရဲ့လား .."

အေးလှ တက်ကြွအံ့သြနေသမျှ လုံ က မျက်ကြောစင်းလေးနှင့် ငြိမ်ငြိမ်သက်သက်လေးရှိနေခဲ့လျက် ..။

"ငါက သူ့အကြောင်းထည့်ပြောချင်လို့ မဟုတ်ပါဘူး လုံ ရယ်၊ နင်တို့ချင်း ရေစက်ကုန်သွားကြပေမယ့် ဒီလိုမျိုး ကောင်းစားကြီးပွားကြမယ့် ကံချင်းကတော့ တူနေတာပဲကြည့်ဦး၊ သူက နင့်ကိုဝစ်ပြီး သူဌေးမကိုယူပေမယ့် နင်ကလည်း သဒ္ဒါသုမနလိုပေါ့ .. 'ကိုသောနရယ် ရှင်က ပစ်သွားပေမယ့် သုမနတို့က အေးပုခက်ကြီးကိုစီးလို့ပါနော် ..' ဆိုတာမျိုး .."

"နင့်စကားတွေ ဒေါ်လေးတို့ကြားသွားပါ့မယ်ဟာ .. ဒါစ်ကိုခေါင်ဖျားက ငါ့ကို .."

"သူ နင့်ကို သဘောကျနေတာ ငါသိတယ် .."

"အို ပေါက်ပေါက်ရှာရှာ .."

ဒီလောက်ထိ တိကျပြတ်သားပြီး ဒါမှဒါ အပိုအလို မလိုက်လျောတတ်တဲ့ ခေါင်ဖျား ရဲ့စိတ်ကို အေးလှ မသိနိုင် ..။

"နင် အခု မော်ဒယ်လ်ဖြစ်နေပြီဆို .."

"မဟုတ်ပါဘူးဟာ .. ကြော်ငြာရိုက်ဖို့အတွက် ဆရာမတွေခေါ်ပြီး လိုအပ်သလောက်ပဲ ဖုတ်ပူမီးတိုက်သင်ရတာပါ၊ ခေါင်းလျှော်ရည်တွေ ဆပ်ပြာတွေကြော်ငြာကြတာလေ .. ငါ့ဆံပင်ကို သဘောကျနေကြတာ.."

"ဘာကြောင့် သဘောကျတာဖြစ်ဖြစ် သူတို့စင်တင်ပေးဖို့သိတော်နေတာက လုံမဒီ ပါပဲဟ .."

"ဘယ်ကလာ တော်ရမှာလဲ .. အဲဒီနေ့တွေမှာ အားလုံးအလုပ်တွေရှုပ်ကြ ပင်ပန်းလိုက်ကြတာ ငါ့ကြောင့် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘာဖြစ်လို့လဲ .."

"ဘာမှမလုပ်တတ်လို့ပေါ့ .. ပြန်လျှောက် ပြန်ပြေး ပြန်ရိုက် ပြီးတော့ ရောက်နဲ့ထဲမှာ ကူးလိုက်ရ တက်လာလိုက်ရနဲ့ တစ်ကိုယ်လုံးလည်း ရေနူးပြီး ပဲကြီးရေစိမ်ကျနေတာပဲ .."

"ဒါကြောင့် နှင် ခု ဖျားနေတာလား .."

"မသိပါဘူးဟာ .. ငါတော့ ရေစိုလို့ ဖျားတယ်မထင်ပါဘူး .. ကြောက်ဖျားဖျားတာပါ .."

"ခစ် .. ခစ် .."

အေးလှ က သဘောကျသလို ပါးစပ်လေးကို လက်ဝါးနဲ့ကပ်ပြီး ရယ်တာ ..၊

"ငါသာ နှင့်လို ကိုယ်လုံးလှလှ အသားဖြူဖြူနဲ့ ဆံပင်တွေသာလှလို့ကတော့ ကင်မရာရှေ့မှာ ရှယ်လုပ်ပြလိုက်မှာ .."

"ဘာလုပ်ပြမှာလဲ .."

"နှင် လုပ်သလိုလေ .."

ပြောပြီး သူမရဲ့ အော်တိုမစ်တစ်နဲ့ စုညှပ်ထားတဲ့ ကျောပေါ်က ဆံပင်တွေကို ဆွဲသိမ်းယူလိုက်ကာ ..၊

"ခုတော့ ဆံပင်က ဒေါက်ခွတွေ အကျိုးအပြတ်တွေနဲ့ မြင်းမြီးလို အောက်ဖျားတွေက ရဲနေသေးတယ် .."

"နှင်က တောမှာတည်းက အလုပ်ကြမ်းတွေလုပ်ရတာကိုး အေးလှရဲ့ .."

"ဟုတ်တယ်နော် .. နှင့်ကျတော့ မိဘကသာ လယ်ယာလုပ်ကြကာ နှင့်ကို မိဘတွေကလည်း မခိုင်းဘူး၊ ဦးလေးတွေ လက်ထက်ကျတော့လည်း မခိုင်းကြဘူး၊ အဲဒါကြောင့် ပြောတာပေါ့ .. နှင်တို့ရဲ့ အကျိုးပေးကိုက .."

"ငါ့ကိုပဲ ပြောစမ်းပါ .."



လုံ တကယ်ကို စိတ်နာနေမှန်းသိလိုက်သဖြင့် အေးလ က စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်လိုက်ကာ ..၊

"ကောင်းတယ် .. စက်ဝန်း ကို အစတည်းက ငါကြည့်လို့မရခဲ့တာ၊ သူက ရုပ်လေးချောသလောက် တောမှာတည်းက လက်သာရာမှာပျော်ချင်တဲ့လူ .."

ဟိုက 'လက်ဖက်သုပ်လေးလာစားပါဦး' ဆို သွားစားလိုက်သည်။ ဒီအိမ်က 'ဟင်းကောင်းလေးတွေချက်လို့ လာစားပါ' ဆိုလည်း စက်ဝန်းတို့ အိမ်ပေါ်ရောက်သွားတတ်၏။

သမီးရှင်တွေ အပျိုချောချော ခပ်ထောထောတွေ သူ့ကို ပေးကမ်းလိုက်လျှောသမျှ ဘာလာလာ စက်ဝန်း တို့ ခေါင်းခါတာ ဘာမှမရှိ..။

"ဟဲ့ .. နှင့်ယောက်ျားကို ကြည်ပြာ က ခတ်မီးအကောင်းဖားကြီး လက်ဆောင်ပေးဆို .. မြို့က ပြန်လာတာက သူ့အစ်ကို သူက လက်ဆောင်ပေးစရာ ဘာလိုလို့လဲ .."

"ဒါကတော့ဟာ .."

စက်ဝန်း နဲ့ စကားပြောမတည့်တိုင်း သတင်းရလာသမျှ လုံ့ ကိုပဲ အေးလှ ပြေးပြောသည်။ လုံ ကလည်း ဘယ်ဟာကိုမှ အလေးအနက်မထား ..။

"သီဂီမိုး နဲ့ နှင့်ယောက်ျား ရွာထိပ်က ရှင်ပြုအလှူမှာ ဝိုင်းကူနေကြတာ ကူတာကနည်းနည်း လုံးထွေးရယ်မောနေတာ မြင်မကောင်းဘူးတဲ့နော် .. မိန်းမ .. ရှင်အိမ်ထဲမှာချည်းပဲ ပိုက်ဆံတွေ ထိုင်ပွတ်မနေနဲ့ .."

လို့ ပြောတိုင်း ...

"သီဂီမိုး က လက်ဖွာတယ်ဟ .. သူ့ကိုဆို ဘာလေးဖြစ်ဖြစ် ဝယ်ဝယ်ကျွေးတယ်၊ အဲဒါကြောင့် ရင်းနှီးနေတာပါ .."

အရွယ်လေးတွေ ငယ်ငယ်နှင့် အိမ်ထောင်ကျကြ မယ့် လုံ တို့က



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်စလုံးက မိဘ အရိုက်အရာ စီးပွားဥစ္စာလေးတွေ ရှိခဲ့ကြသဖြင့် ဘာမှ ပင်ပင်ပန်းပန်း သိပ်လုပ်စရာမလို ..။

ပြီးတော့ သူတို့ကိုယ်တိုင်က သူငယ်ချင်းချင်းညားကြတာဖြစ်ကာ တစ်ရွာလုံးက ရွယ်တူတွေဆိုလည်း သူငယ်ချင်း သူငယ်ချင်းတွေပဲမို့ လင်ရယ်မယားရယ်လို့ တစ်ယောက်ကိုတစ်ယောက် သဝန်တိုစိတ် ကောက်တာမျိုး သိပ်မဖြစ် ..။

ဘယ်သူနဲ့ ဘယ်သူ ဘယ်လိုတွဲတွဲ လုံ ကိုက သဝန်ကြောင်ဖို့ သတိမရခဲ့ပေ ..။

"လုံ ..."

ရွာမှာတုန်းက လုံ့ ပုံစံလေးကိုမြင်ယောင်ကာ အေးလှ အတွေးတွေ အတိတ်နဲ့ ပစ္စုပ္ပန်ကို နှိုင်းယှဉ်နေမိသလိုဖြစ်လာခဲ့ရင်း ..၊

"နင် ခုတော့ တကယ်နာကျင်ရမှန်းသိနေပြီနော် .. ငါတို့က နင်တို့ လင်မယားကို သူငယ်ချင်းစိတ်မပျောက်ဘဲ ပေါင်းနေကြတယ်တောင် ထင်ခဲ့ကြတာ၊ တစ်ယောက်နဲ့တစ်ယောက် သဝန်မတိုဘူးဆိုတည်းက စိတ်ဝင်စားမှုမရှိကြလို့ပဲလို့ .."

"ဟုတ်ချင်လည်း ဟုတ်ခဲ့မှာပေါ့ အေးလှ ရယ် .. ဒါကြောင့် သူ ငါ့ကို လွယ်လွယ်လေးမေ့ပြီး နောက်တစ်ယောက်နဲ့ အေးဆေးနေနိုင်တာပေါ့ .."

"သူ နင့်ကို ရှာနေတယ်ဆို .."

"ဘယ်သူပြောတာလဲ .."

အေးလှ ဘာပြောရမှန်းမသိ ရုတ်တရက်ဖြစ်သွားပြီးမှ ..၊

"နင် ဖုန်းဆက်တယ်ဆိုတုန်းက သူ စိုးရိမ်နေတယ်ဆိုလို့လေ .. ရှာရင်ရှာနေမှာပေါ့လို့ .."

လုံ က ဘာမှမဖြေဘဲ မျက်လုံးတွေပြန်မှိတ်လိုက်ကာ ..၊

"သူ့အတွက် လိုအပ်တာတစ်ခုခုရှိလို့ဖြစ်မှာပေါ့ .. ငါတို့ရွာမှာ



မမစိန် ကို ကြည့်ပါလား .. သူ့အတွင်းရေးသိသွားပြီဆို အဲ့ဒီလူကို တစ်ရှိုး မျိုးနဲ့ စည်းရုံးပြီး သူ့အိမ်မှာ မြဲနေတဲ့အလုပ်သမားဖြစ်လာအောင် လုပ် လိုက်တာပဲ၊ 'သူတို့ အပြင်ရောက်သွားရင် ကိုယ့်အိမ်က အတွင်းစကား ပါသွားမှာပေါ့' တဲ့၊ သူလည်း ဒီလိုပဲဖြစ်မှာပေါ့၊ ငါက သူ့ကို မလိုတဲ့ စိတ်နဲ့ အပြင်မှာ လျှောက်ဖွမှာစိုးလို့ .."

ပြောနေရင်း မူးဝေလာသည်။ အေးလှ ကို မြင်လိုက်သဖြင့် ဖြတ် ခနဲ ပျော်ရွှင်စိတ်က လူကို ခဏပဲလန်းသွားစေခဲ့ကာ ..၊

"အေးလှ နင် မပြန်သေးနဲ့နော် .."

"မပြန်ပါဘူး .. ငါက နင်နဲ့ပဲနေတော့မှာ .."

"ဟင်!..."

မှိတ်ထားသည့် မျက်လုံးတွေ အင်နဲ့အားနဲ့ ပွင့်လာပြန်၏။

"နင် .. ဘယ်လို .."

"ငါ တစ်ခါတည်းပြောင်းလာခဲ့တာ .. အကြီးသိမ်း ဖွေ့ဖွေ့ ခုန်နေတာပဲ .."

"ဟုတ်လား .. ငါက .. ငါ နေမကောင်းလို့ နင်လာတယ်မှတ် တာ၊ အစ်ကို့ကိုတောင် တော်တော်ကျေးဇူးတင်သွားတာသိလား — လိုအပ်ဆုံးလူကို ဘယ်လိုတွေးမိပြီး ခေါ်လာပေးသလဲဆိုပြီးတော့ —

လုံ ဝမ်းသာလွန်းသဖြင့် ထထိုင်လိုက်ခြင်းသို့ရောက်ကာ အေး လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"နင် ဘစ်ခါတည်းလိုက်လာဖို့ အစ်ကို ခေါ်လာတာလား — အ တည်းက ငါ့ဆီလာချင်နေတာလား .."

"အစတည်းက အဲ့ဒီမှာမနေချင်တာလေ၊ နင့်ဆီလာချင် ငါတို့နှစ်ယောက်စလုံး နေစရာ စားစရာ ဒုက္ခရောက်နေတဲ့ အချ လာနေဖို့တော့ စဉ်းစားပါ့မလားဟဲ့ .."

"အစ်ကိုက နင့်နေရာကို တန်းရောက်သွားတာနော် .. အေး

www.burmeseclassic.com

www.burmeseclassic.com



ငါ နင့်လိပ်စာပေးလိုက်တည်းက သူတို့ပဲ လမ်းညွှန်ပေးလိုက်တာကိုး.."

"ဟုတ်တယ် .. အခု သူ့ကို နင် ကျေးဇူးတွေအများကြီးထပ်တင်လိုက်တော့၊ ငါလည်း သူရောက်လာပြီးခေါ်တော့ ဝမ်းသာလိုက်တာမှ နင့်ရဲ့ ကိုခေါင်ဖျား ဆိုတာ သိတာနဲ့ တစ်ခါတည်း ဖျာဝင်လိပ်တာပဲ.."

"အကြီးသိမ်း ကရော .."

ဒေါ်သိမ်း ပြောတာဆိုတာတွေ သူမ ဘယ်လိုပြန်ပြောခဲ့တာတွေ စီကာပတ်ကုံးပြောပြရင်း သူငယ်ချင်းနှစ်ယောက် ဝမ်းသာကျေနပ်နေမိကြ၏။

"ကိုခေါင်ဖျား က ငါ့ဆီကို နင့်အမျိုးသားပါဆိုပြီးလာတာ သိလား.."

"ဘုရားရေ .."

"ဟုတ်တော့လည်း ဟုတ်တယ်လေ .. နင်နဲ့ ငါ ညီအစ်မလိုရင်းနှီးတာကို သိနေတော့ နင့်ယောကျ်ားဆိုမှ ငါနဲ့ ပေးတွေ့ဖို့အထိ စဉ်းစားမှာပေါ့ .. ဒါကြောင့် ခုလို လိုက်လာဖို့ သေချာပြောဖြစ်ကြတာလေ .."

ခေါင်းညိတ်လိုက်ရပေမယ့် ရင်ထဲမှာ ရှက်သလိုကြီးပါ။ ခေါင်ဖျား မျက်နှာကြီးကို ပြန်တွေးမိတော့ တစ်ခါတစ်ခါ ရယ်တာပြုံးတာရှိပေမယ့် ဒီလိုနေရာထိ စိုက်ထုတ်ဆောင်ရွက်ပေးလောက်အောင် လုံ့ အပေါ် ဂရုစိုက်မယ်လို့ ထင်စရာမရှိ ..။

"လုံ နင့်ကို ဒီတစ်အိမ်လုံးက ဂရုစိုက်ကြတာနော် .. ငါ အားကျလိုက်တာဟယ် .. နင့်ကို သူတို့ ဘယ်လောက်ဂရုစိုက်လဲဆိုတာ ငါ့ကိုလာခေါ်တဲ့အထိ ဖြည့်ဆည်းပေးတာကြည့်ရုံနဲ့ သိသာနေပြီ၊ ငါ့ကို ရွှေ့ဂုံတိုင်က မာရီယာစတူရီယိုမှာ အလုပ်ပေးမယ်တဲ့၊ နင်နဲ့အတူတူ နေရမယ့်အပြင် လစာလည်း မနည်းစေရဘူးတဲ့၊ အဲ့ဒီတော့ ငါ လိုက်ခဲ့တာပေါ့.."

"မိန်းမ လစာမရရင်တော့ မလိုက်မယ့်ပုံနဲ့ .."

"မဟုတ်ဘူးလေ .."

"ဘာလို့ မဟုတ်ရမှာလဲ .. ငါ ဖျားနာနေတယ်ဆိုရင် ဘာဖြစ်ဖြစ်



နင်လိုက်ရမှာပဲ မဟုတ်ဘူးလား .."

"လိုက်မှာပေါ့ဟ .. ဒါပေမယ့် ခုလို အမြဲတမ်းမခွဲမခွာနေရမှာ မဟုတ်ဘူးလေ .. ငါပျော်နေတာက ငါတို့အတူတူနေရမှာကိုပါ .."

ထိုစဉ် ဆရာဝန်ရောက်လာသဖြင့် စကားစပြတ်သွားသော်လည်း..၊

"အေးလှ .. နင်လာတာ အစ်ကိုပါ ပါလာတာမဟုတ်ဘူးလား .."

"ငါ့ကို ခေတ်ပုံဆိုင်ခေါ်သွားတာဟ .. အဲဒီမှာ သူ ဆင်းနေခဲ့ပြီး သီယာ ဆိုတဲ့လူကို ဒီထိလိုက်ပို့ခိုင်းလိုက်တာ၊ နင် ဖျားနေမှန်းတောင် သူ မသိဘူးထင်တယ် .."

ဆရာဝန် စမ်းသပ်မယ်ဆိုမှ စကားသံတွေပြတ်တောက်သွားခဲ့ရလျက် ..၊

အဖျားသည်လည်း ပေါ်လာလိုက် ရှောက်သွားလိုက်ရှိရင်း ..၊

"ငါ့ဆီကို နင့်အမျိုးသားပါဆိုပြီးလာတာ သိလား .."

လုံ မျက်လုံးတွေမှိတ်ထားလိုက်ပေမယ့် အေးလှ ပြောခဲ့သည့် စကားသံတွေက တဝဲဝဲပေါ်နေခဲ့၏။

ဘာဖြစ်လို့ ဒီစကားကျမှ ကွက်ပြီး သတိရနေမိတာလဲ ..။

❖

www.burmeseclassic.com



အခန်း (၂၅)

"နင်တို့ ဒီမှာပဲ ရပ်ရှင်ရိုက်ကြတာ ဟုတ်လား..."
"ကြော်ငြာရိုက်တာပါဆို .."
"အေးပါ .. ကြော်ငြာကိုပြောတာပါ .."
အေးလှ က ရေကူးကန်ကြီးကို ငုံ့ကြည့်လိုက် ဘောင်ပေါ်မှာ ထောက်ကြွထောက်ကြွလေးလုပ်လျှောက်လိုက်နှင့် ပျော်ရွှင်နေကာ ..၊
"ငါ ညက အိပ်ရာအကျယ်ကြီးက မွေးမွေးကြိုင်ကြိုင်နဲ့၊ မျက်နှာပေါ်မှာ ပန်ကာကြီးနဲ့ အိပ်ရာတာ စိတ်ချမ်းသာလိုက်တာ လုံ ရယ် - သိလား .. နင့်ကို .. အယ် .."
သူမ စကား တစ်ပိုင်းတစ်စနဲ့ ရပ်သွားကာ ..၊
"ဟိုမှာ အစ်ကိုခေါင်ဖျား လာနေပြီတော့ .. ငါ အိမ်ထဲဝင်တော့မယ်နော် .."
"ဘာဖြစ်လို့လဲ နေလေ .. တခြားနေရာတွေ လျှောက်ကြည့်နေလည်း ရတာပဲကို .."
"အေးပါ .. ဟိုဘက်ကို သွားပတ်နေလိုက်မယ် ပြီးရင် အိမ်ပေါ် ပြန်တက်တော့မယ်နော် .."
အေးလှ က ခေါင်ဖျား ကို လှမ်းရယ်ပြသေးသည်။ ပြီးမှ ဟိုလိုဒီလို



...င်း ထွက်သွား၏။ ခေါင်ဖျား က စတိုင်လ်ဘောင်းဘီနက်ပြာရောင်နှင့် ...တာ ရုပ်လက်ရှည်အပြာနုကို တံတောင်ဆစ်နားထိ ခေါက်တင်ထား၏။
မြင့်မားသည့် အရပ်အမောင်းနှင့် ပခုံးကျော်အောင် ရှည်နေသည့် ...ပင်တွေက သူ လှမ်းလျှောက်သွားတိုင်း ကြည့်လို့ကောင်းနေသည်။
ထို့ပြင် ဘောင်းဘီအိတ်ထဲ သက်တစ်ဖက်ထည့်ပြီး လျှောက်တတ် ...သည့် ကိုယ်ဟန်က အဆီပိုမရှိသော ခန္ဓာကိုယ်ကို စမတ်ကျအောင် ...ဆည်းပေးနေသလိုပင် ..။
သူ လျှောက်လာတာကို လှမ်းငေးနေပြီးမှ လုံ မျက်နှာလွှဲပစ်လိုက် ...သည်။ ခေါင်ဖျား နဲ့ ဒေါ်လေးတို့ရဲ့ ကျေးဇူးတွေ သူမမှာ တနင့်တပိုး ...နေပါပြီ။
တစ်ယောက်အပေါ်တစ်ယောက် အမှတ်တမဲ့ ရိုင်းပင်းမှုတွေရှိခဲ့ ...း ဒီလောက်တောင် ကူညီပေးခဲ့တဲ့အထိ ရှိခဲ့တာတောင် သူမဘက် ...တော့ မချေမငံတွေ ပြောနေမိခဲ့သည်။
ခေါင်ဖျား ပြောနေသလိုမျိုး အခွင့်အရေးတွေလက်ထဲအလိုလို ...ရောက်လာနေလို့ သူမ တန်ဖိုးမထားခဲ့တာလား ..၊
မဟုတ်ဘူး .. လုံ အဲ့လို သဘောမထားခဲ့ပါဘူး ..။
"ဘာတွေ ခေါင်းတခါခါဖြစ်နေတာလဲ .."
ဟင်!...၊
လုံ လှည့်ကြည့်လိုက်တော့ သူက ဘေးမှာရပ်လိုက်ပြီး ..၊
"နေကောင်းသွားပြီလား .."
"ဟုတ် .."
"မင်း မျက်နှာကတော့ အစ်နေတုန်းပဲထင်တယ်၊ ကိုယ်ပူပြန်တက် ...ယ့်ပုံပဲ .."
ငဲ့ နောက်ထပ် မော့ကြည့်မိကာ ..၊
"အဲဒါတွေလည်း အစ်ကိုသိတာပဲလား .."

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ .. ကိုယ်ဖျားနေရင့် ဒေါ်လေးက မျက်နှာပဲကြည့်နေတာ၊ ကိုယ်ပူကျသွားလည်း ပြန်တက်မှာလား .. ပြန်တက်လာရင်လည်း ငါထင်တယ် ဘာညာသာရကာတွေ တဗျစ်တောက်တောက်နဲ့လေ .. နားရည်ဝနေတာပေါ့ .."

"အစ်ကို ခရီးသွားတယ်ဆို .. မပင်ပန်းသလိုပဲ .."

"ခရီးသွားတိုင်း ပင်ပန်းနေရင် အလုပ်ဘယ်လိုလုပ်မလဲ .."

ပြောပြီး ဆေးမှာဝင်ထိုင်လိုက်တော့ လုံ့နဲ့ လက်မောင်းချင်းထိကပ်သွားသည်။ အပြာရောင်ခုံတန်းလေးက ကျောက်ခုံလေးတွေလို မကျယ်ပေ။

တစ်ယောက်ခုံလား နှစ်ယောက်ထိုင်ခုံလား မသိလောက်အောင် မကျဉ်းမကျယ်ဖြစ်နေသောကြောင့် အကျပ်ရိုက်သွားမိ၏။ လုံ လက်လေးပိုက်၍ မသိမသာ ဘေးကပ်လိုက်ပြီး ...၊

"အေးလှ ကို ခေါ်လာပေးတဲ့အတွက် သူ့အတွက် အဆင်ပြေအောင်လည်း ကူညီဦးမယ်ဆိုတော့ အစ်ကို့ကို အရမ်းကျေးဇူးတင်တာပဲ .."

"ဟုတ်လား .. ကျေးဇူးတင်ဖို့ သတိရသွားပြီပဲ .."

သူ ဘယ်တုန်းတည်းက ကျေးဇူးကန်းပါဘိလို့တွေးပြီး စိတ်တိုနေတာလဲ ...။

လုံ သူ့မျက်နှာကိုလှည့်ကြည့်တော့ ခေါင်ဖျား က စီးကရက်ထုတ်လိုက်ရင်း ပြန်ကြည့်၏။

"ကိုယ့်ကို ကျေးဇူးတင်ခံနေချင်နေဟာလားလို့ကြည့်တာလား .."

သူ့စကားတွေမှာ ကိုယ်ဆိုတာကို သတိထားမိလိုက်၏။ ခဏငိုင်သွားပြီးမှ လုံ က ခေါင်းခါလိုက်ကာ ...၊

"မဟုတ်ဘူး .. လုံ တောင်းပန်မလို့ပါ၊ တကယ်ဆို လုံ က ကျေးဇူးတင်ကြောင်းလေးတောင် ပြောဖို့သတိမရဘဲ အစ်ကို့ကိုတောင် တစ်ခွန်းမကျန် ခံပြောနေမိသေးတယ် .."

သူက စီးကရက် မီးညှိလိုက်ရင်းပြုံးသည်။



"လုံ့ ကို စိတ်မဆိုးဘဲ ခုထိ ကူညီပေးနေတာလည်း အရမ်းကျေးဇူးတင်ပါတယ် .. အစ်ကို လုံ့ ကို စိတ်မဆိုးဘူးမို့လားဟင် .."

"ဒီမျက်နှာက စိတ်ဆိုးနေတဲ့ပုံ ပေါက်လို့လား .."

"မဟုတ်ပါဘူး .. လုံ က အေးလှ ရောက်လာမှ လိုချင်တာရလို့ ကောက်ကပ်သတ်ရတာမျိုး .."

"ဟုတ်တယ်ပဲမို့လား .."

"ဟင် ..."

လုံ့ မျက်နှာလေးကိုငေးကြည့်ပြီး ခေါင်ဖျား က စီးကရက်ရှိုက်၏။ ပြီးမှ ရှေ့ပြန်လှည့်၍ မီးခိုးတွေကို မှုတ်ထုတ်ကာ ...၊

"မင်း အဲ့လိုရနေမှန်းမသိ ပေးနေမှန်းမသိ ဆတ်ဆတ်ထိမခံ ပြန်ပြောတာတွေကြောင့် ငါကလည်း အလိုက်ကမ်းဆိုးမသိ ပေးပဲပေးနေမိတာထင်တယ်၊ ရလိုမှကွ အရမ်းများနေရင် ဘယ်တော့မှ လိုသလောက်မရဘူးကွ .. အထူးသဖြင့် ယောကျ်ားတစ်ယောက်ဆီက အခွင့်အရေးရဖို့ ကြိုးစားတာမျိုး .."

စကားပြောနေရင်း မီးခိုးနံ့မစင်သည့် နှုတ်ခမ်းတို့နဲ့ ဒီဘက်လှည့်လိုက်တော့ သူ့ဆီက စီးကရက်နံ့က လုံ့ မျက်နှာလေးကို တိုက်ရိုက်ကျီစယ်၏။

"ကျေးဇူးတင်ခြင်း မတင်ခြင်းတွေ ထားလိုက်ပြီး မင်းကို ပြောစရာရှိတယ် .."

လုံ က မျက်နှာလေးမသိမသာ မဲ့လျက် နောက်လန်သလိုလေးဖြစ်သွ ပြီးမှ ...၊

"နေပါဦး .. လုံ က ကျေးဇူးတင်စကားပြောနေတာကို ရှင်က လက်ခံကျေနပ်ပါတယ်ဆိုတာမျိုး တစ်ခုခုပြောဦးလေ .."

"ဟုတ်လား .. ကျေးဇူးတင်ခံရတဲ့လူတွေ အဲ့လိုပြန်ပြောကြသလား .."

"ရှင် လုံ့ ကို ခနဲ့နေတာတော့ မဟုတ်ပါဘူးနော် .."

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .. ဒါပေမယ့် မင်းဟာချည်းပဲ တောင်းဆိုတာများနေတာတော့ သေချာတယ် .."

"မတောင်းဆိုပါဘူး .. ကျေးဇူးတင်ကြောင်းပြောတာပါ .."

"မင်းတင်တာကို ငါက ပြန်ပြီး အသိအမှတ်ပြုဖို့ တောင်းဆိုနေတာမဟုတ်ဘူးလား .."

လုံ က မျက်နှာပူသွားသလိုလေး ဖြစ်သွား၏။ ပြီးတော့မှ ဆံပင်လေးသပ်ရင်း မျက်လွှာချကာ ..။

"မဟုတ်ပါဘူး .. အစ်ကို လုံ့ ကို စိတ်များခုနေသလားလို့ပါ .."

ခေါင်ဖျား က ခေါင်းခါလိုက်ပေမယ့် ထိုစကားကို ပြန်မဆက်ဘဲ..။

"ထားလိုက်ပါ အခု အလုပ်ကိစ္စပြောမလို့ .."

"ထားလိုက်ပါဆိုတာ လုံ့ ကို အစာမကျေသလိုကြီးခံစားရတယ် .."

"ကျွတ် .. ငါ မင်းဆီက ဘာမှမလိုချင်ဘူး လုံ .. ကျေးဇူးတင်ခံရဖို့လည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး .. အိုခေ .."

မအိုခေပါဘူးလို့တော့ ပြောချင့်စိတ်ရှိနေသေး၏။ သို့သော် ..၊

"မင်းကို ကြော်ငြာတစ်ခုထပ်အပ်တယ် .."

ဟင်!...၊

ရေကူးဝတ်စုံကြီးကို မြင်ယောင်ကာ လုံ့ မျက်နှာလေးပျက်သွား၏။

"မင်း ဒီတစ်ခါ မြန်မာဆန်ဆန်လေးဝတ်ပြီး ကိုယ်ဟန်ပြရုံပဲ ပိုးထည်တိုက်က ကြော်ငြာလေ .."

"ဟုတ်လား .."

"မင်းရဲ့ ကြော်ငြာတွေက မလွှင့်ခင်တည်းက စီးပွားရေးသမားတွေ မျက်စိကျနေကြတာ၊ ဒါ မင်းရဲ့ ကုသိုလ်ပဲ ပိုပြီးအောင်မြင်အောင်ကြိုးစား၊ တောကတက်လာပြီး မြို့မှာ ကြီးပွားအောင်မြင်ဖို့ဆိုတာ တခြားလူတွေအတွက် အိပ်မက်ပဲ .."

ဟုတ်တယ် .. ကိုယ့်ကိုယ်ကိုယ် အိပ်မက်ထဲက ဝိုကာကယ်လို့တောင်



မထင်မိသေးပါ။ ဒါပေမယ့် ..၊

အိပ်မက်ခဲ့တာက ကိုယ့်ကိုယ်ကိုယ် အောင်မြင်တဲ့ မော်ဒယ်လ်တစ်ယောက်ဖြစ်ဖို့ မဟုတ်ခဲ့ပေ။

စက်ဝန်း မျက်နှာကို သတိရမိကာ လုံ့ မျက်နှာလေးကွက်ခနဲပျက်၏။ အိပ်မက်တွေနဲ့ ရန်ကုန်မြို့ကို တက်ကြွစွာ လှမ်းထွက်သွားခဲ့တာက စက်ဝန်း ..။

"လုံ တစ်ခုလောက်မေးချင်လို့ .."

"ပြော ..."

"တကယ်ဝါသနာပါတဲ့လူတစ်ယောက်က သူ့ရဲ့ ဝါသနာကို တားဆီးပိတ်ပင်ရင် အလွယ်လေး လက်လျှော့သွားတတ်သလားဟင် .."

"ကိုယ်ဆိုရင်တော့ မလျှော့ဘူး .."

စက်ဝန်း ကတော့ ဘာဖြစ်လို့ လက်လျှော့ခဲ့တာလဲ ..။

"သူ့ဒွေးက အစတုန်းက ဒီကုမ္ပဏီက လက်စွဲထားတဲ့မော်ဒယ်လ်လေ .. အရမ်းအောင်မြင်တာ၊ မမနဲ့ လက်ထပ်ပြီးတာနဲ့ ကိုယ့်ကုမ္ပဏီအတွက်တောင် မမက ခွင့်မပြုရင် ကြော်ငြာမရိုက်တော့ဘူး .." တဲ့..။

ဟိုမှာတုန်းက မိန်းကလေးတွေ ပြောကြတာ ကြားခဲ့ရသည်။

"အစ်ကိုဆိုရင်တော့ လက်မလျှော့ဘူးဆိုတာ ဘယ်လိုမျိုးလဲဟင်.."

ထပ်မေးတော့ ခေါင်ဖျား က စီးကရက်လက်ကြားညှပ်ထားရင်း လုံ့ ကို စိုက်ကြည့်သည်။ ပြီးတော့ သူမ မျက်နှာကို မြင်ရအောင် ဒူးနစ်ဖက်ပေါ်မှာ တံတောင်နဲ့ထောက်၍ ရှေ့ကိုငုံ့လိုက်ပြီး ..၊

"မင်း ဘာကိုသိချင်တာလဲ တည့်တည့်မေး .."

လုံ မေးရခက်နေလေသည်။ ကိုယ့်ကို စွန့်ပစ်ခဲ့ပေမယ့် စက်ဝန်းဘက်က သံယောဇဉ်ကို သူမ မြင်နေရသေးသည်။ ထို့ကြောင့် အထက်ဦးကို တကယ်ချစ်ခဲ့တာလား .. ငွေမက်တာလားဆိုတာ ..။

"ဟို .. အစ်ကိုအရမ်းချစ်ရတဲ့ မိန်းကလေးတစ်ယောက်က အစ်ကို့

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကို တားမယ်ဆိုရင်ရော၊ ဒီလိုလေ ကိုယ်တန်ဖိုးထားတဲ့သူကိုမှ အလိုလိုက်ချစ်ကြတာဆိုတော့ အစ်ကို တကယ်ချစ်နေတဲ့ မိန်းကလေးက..

"မင်းက တားချင်လို့လား .."

"ဟင် ... ဘယ်လို .."

လုံ ဆတ်ခနဲဖြစ်သွားတော့ ခေါင်ဖျား က ပြုံးသည်။ ပြီးတော့ မျက်နှာလွှဲ၍ စီးကရက်ရှိုက်ဖွာရင်း ..၊

"မင်း စိတ်ထဲမှာ တစ်ယောက်ယောက်ရဲ့ ရင်ထဲကို သိချင်နေတာလားလို့မေးတာ၊ ဘာတွေလန့်သွားတာလဲ .."

"ဟုတ် .. ဟင့်အင်း အဲ့လိုမဟုတ်ပါဘူး၊ လုံ ကိုယ့်စိတ်နဲ့ယှဉ်ပြီး တွေးကြည့်တာပါ၊ လု က ဝါသနာကြီးမားလွန်းလို့မဟုတ်ဘဲ ဒီလောက ထဲကို ခြေချမိခဲ့တယ်၊ ဝါသနာကြီးလို့ တိုးဝင်သွားကြတဲ့ လူတွေဆိုရင်.."

"ဒါဆို မင်းနဲ့ကိုယ် အဲ့ဒီလိုဖြစ်လာရင်လို့ တွေးကြည့်လေ .."

ဟင်!...၊

လုံ ပြန်ကြည့်မိပြန်သည်။ ကိုယ်သိချင်နေတာက တခြားအကြောင်း အရာတစ်ခု ..။

ခေါင်ဖျား ကတော့ ကိုယ့်ကိုချည်းမေးခွန်းတွေထုတ်နေတာလား..

"အစ်ကို ဘာပြောတာလဲ .."

"မင်း အောင်မြင်သွားတဲ့အခါ ကိုယ်က ဒါတွေဆက်မလုပ်ရဘူး လို့ တားမိချင်တားမိမှာပေါ့၊ အဲ့လိုဆို မင်းဘယ်လိုဆုံးဖြတ်မလဲ .."

သူ မေးတာ ခုထိ လုံ နားမလည် ..။

ဥပမာတည်းမှာ ဘာဖြစ်လို့ သူနဲ့ လုံ ချည်းပဲဖြစ်နေရတာလဲ ..

"တွေးကြည့်လေ .. မင်းက ကိုယ့်ကိုချစ်နေရင် ဒါမှမဟုတ် ချစ် ခဲ့ရင် နားထောင်မှာလား၊ မထောင်ဘဲနဲ့ ဖွတ်တိုးလုပ်မှာလား .."

"အစ်ကို ဘာတွေမေးနေတာလဲဟင် .. လုံ က အစ်ကို့ကို မေးတာ.."

"အဲ့ဒါ မင်းကိုယ်မင်း ပြန်မေးကြည့်မှ ပိုတိကျတဲ့အဖြေ ရမှာပေါ့"



"မမေးချင်ပါဘူး လုံ က ဒီအလုပ်ကို ဝါသနာကြီးတာမှ မဟုတ်တာ .."

"ဒါဆိုလည်း ဝါသနာကြီးတဲ့လူတွေကို စိတ်မဝင်စားနဲ့ပေါ့ကွ .. တစ်ယောက်ယောက်အကြောင်းသိချင်တယ်ဆိုရင်လည်း နာမည်တပ် ပြီး တည့်တည့်မေး .."

စက်ဝန်း ..၊

ထိုနာမည်ကို လုံ ဘယ်တော့မှ ထုတ်ပြောမှာမဟုတ်ပေ။ အထူး သဖြင့် ထိုသူဟာ ကိုယ့်ယောကျ်ားဖြစ်ခဲ့ပါကြောင်း ..။ လုံ့ မျက်ဝန်းလေး တွေ ငေးသွားသည်။ ပန်းတို့ကို တိုးဝှေ့တိုက်ခတ်လာသည့် လေပြည် လေညှင်းက လုံ့ ရဲ့ ဆံစလေးတွေ တိုးဝှေ့ခေါ်ဆောင်ကာ ခေါင်ဖျား ရဲ့ ရင်ဘတ်ပေါ်မှာ တွယ်ကပ်လွန့်လူးနေကြ၏။

သူမ မျက်နှာကိုပဲ ထိုင်ကြည့်နေပေမယ့် ဆံစတွေကပ်ငြိလာကြတာ ကို ခေါင်ဖျား က ဖယ်ရှားမပစ်ဘဲထား၏။

"ဘာလဲ .. မမေးတော့ဘူးလား .. ဒီမှာ ဖြေမလို့စောင့်နေတာ .."

"နာမည်တော့ တပ်မမေးချင်ပါဘူး၊ ဘယ်သူ့အကြောင်းရယ်လို့ မဟုတ်ဘဲ သိချင်တာ အစ်ကိုက မဖြေဘူးဆိုတော့ .."

"အဟွန်း .."

ခေါင်ဖျား က အလိုမကျသလိုင့်ပစ်သောမျက်နှာလေးကိုကြည့်ပြီး ပြုံးလိုက်၏။

"ငါ သူများအကြောင်းကို ခေါင်းထဲထည့်ပြီး အချိန်ကုန်မခံတတ် ဘူး၊ လိုအပ်လာရင်လည်း ငါဆိုရင် ဘယ်လိုနေမလဲလို့ တွေးတယ်၊ ငါ ဒီလိုဖြစ်ရင် သူ ဒီလိုဖြစ်ရမယ်လို့ တွေးယူလိုက်တာမျိုးပေါ့၊ အဲ့ဒါ ကြောင့် ငါ့ပုံစံက အတ္တကြီးနေမလား .. တစ်ကိုယ်ကောင်းဆန်သလို ဖြစ်သွားသလား .. ဒါပေမယ့် မတတ်နိုင်ဘူး .."

"မတတ်နိုင်တာမဟုတ်ပါဘူး .. အဲ့ဒါ ဆရာကျတာ .."

"ဘယ်လို ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ .. ကိုယ်တတ်နိုင်ပေမယ့် သူများတတ်နိုင်ချင်မှ တတ်နိုင်မှာပေါ့၊ လုံ ရောက်ကာစက ကိုမင်းအုံ တို့ကို အစ်ကိုဆူနေ တာတွေ လုံ မြင်တယ်၊ သူတို့ အစ်ကို့လောက် မတတ်ကျွမ်းလို့တောင် အစ်ကို့တပည့်ဖြစ်နေသေးတာ အစ်ကိုက မသိရကောင်းလား မတတ် ရကောင်းလားနဲ့ .."

"ခြော် .. ခြော် .. မင်းက အဲဒီတည်းက ကိုယ့်ကို ကဲ့ရယ်နေခဲ့ တာပေါ့ .."

"အဲဒီကတည်းက မဟုတ်ပါဘူး .."

"ဒါဆို .. ခုမှ .."

"အင်း ..."

"အဟွန်း .. ဟွန်း .."

စီးကရက်ရှိုက်ဖွာရင်း ရယ်လိုက်တော့ ပါးစပ်ထဲမှာ မီးခိုးတွေနဲ့ သူ့ကျတော့ ချောင်းမဆိုးပါလားလို့ တွေးမိပြီး ခေါင့် မျက်နှာကို သေချာ လှည့်ကြည့်မိလျှင် ..။

"အဟွတ် .. အဟွတ် .. အဟွတ် .."

သူ့ဆီက မီးခိုးငွေ့သည် လုံ့ ရဲ့ စပ်စုခြင်းအတွက် ရိုက်ပုတ်ပညာ ပေးသွား၏။

"ဆောရီး .. မင်းဆီမရောက်အောင် ကိုယ် ဒီဘက်လှည့်သောက် တာပဲ .."

"လုံ က အစ်ကို့ကို ကြည့်လိုက်မိတာ အဟွတ် .. အဟွတ် .. ဟမ်း"

"ဟုတ်လား ဘာကိုကြည့်တာလဲ .."

"အဟမ်း .. အစ်ကို့ကို စီးကရက်တွေ လျှော့သောက်ဖို့ ဘယ်သူ ကမှ မတားခဲ့ဖူးဘူးလား .."

"ဘယ်သူဆိုတာ ဘယ်သူ့ကိုပြောချင်တာလဲ၊ မိဘအုပ်ထိန်းသူ လား .. ချစ်သူလား .."



"မိဘအုပ်ထိန်းသူကတားရင် မရတတ်ကြတာ လုံ သိပါတယ်၊ အစ်ကိုချစ်တဲ့သူက မတားခဲ့ဘူးလားလို့မေးတာ .."

"အခု မင်း မှန်သွားလို့ မသောက်စေချင်တာလား .."

"သတိရသွားလို့ပါ .. အစ်ကိုကလည်း ဒီကမေးလိုက်ရင် မဖြေဘဲ နဲ့ ပြန်ပဲမေးနေတယ် .."

"အဲ့ဒီလိုမေးလိုက်တဲ့အတွက် မင်းရဲ့ မေးခွန်းကို ဇကာတင်စစ် လိုက်တာလေ .. သိချင်စိတ်သက်သက်နဲ့ မေးတဲ့လူဆိုရင် ဘာကြောင့် ဆိုတာ သူ့မှာ အဖြေအဆင်သင့်ရှိနေမှာပဲ .."

"လုံ့ ကိုတော့ သိချင်တာသက်သက်မဟုတ်ဘူးလို့ အစ်ကိုပြော လိုက်တာလား .."

"ဟုတ်တယ် .. ပြန်မေးခံလိုက်ရလို့ မင်းဘက်က တုံ့ဆိုင်းသွား ပြီဆိုရင် မင်းမှာ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးမှ ပြောနိုင်မယ့် နောက်ထပ် တစ်ခုခု ကျန်နေသေးလို့ .."

လုံ အံ့သြသွားကာ နှုတ်ခမ်းလေးတွေပွင့်ဟလျက် သူ့ကိုကြည့်နေ မိ၏။ ခေါင် က သူပြောလိုက်တာ မှန်သွားပြီဆိုသည့်အပြုံးနှင့် ..။

"ဆေးလိပ်တွေ ဖြတ်လိုက်ပါလို့ မင်းပြောချင်တာမို့လား .."

"ဟို .. လုံ က အဲ့လိုကြီးတော့ .."

"ပြောကြည့်လေ .. အခု ဒီစီးကရက်ကို ကိုယ်ပစ်ချလိုက်မှာလား ဆက်သောက်နေမလား မင်းသိရတာပေါ့ .."

"ဟင် .."

သူ ဘာပြောလိုက်တာလဲ ..။

ခေါင် က ခါးဆန့်မှီလိုက်ပြီး လုံ့ နောက်မှာ လက်တစ်ဖက်ဆန့် တင်လိုက်၏။ ပြီးတော့ လုံ့ မျက်နှာလေးကိုကြည့်၍ ..။

"မမေးရဲဘူးလား .. ခုန မင်းမေးတဲ့ မေးခွန်းတွေအတွက် ကိုယ်က တစ်ခါတည်း ဖြေပေးမလို့ .."

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်တွေကြောင့် လုံ မေးခဲ့တဲ့ မေးခွန်းကို သူ ဘယ်လိုဖြေလိုက်မှာလဲဆိုတာ သိနေသလိုကြီး ခံစားလာရ၏။

"ဟို .. အဲ .."

လုံ နဖူးကဆံပင်လေးသပ်လိုက် ဆားတစ်ဖက်က ဆံပင်တွေကိုသပ်ရင်း လက်ဖဝါးလေးနဲ့ ဖိထားလိုက်နှင့် လက်က အလုပ်မရှိ အလုပ်ရှာရင်း မနေတတ်သလိုကြီးဖြစ်လာကာ ...၊

"မမေးတော့ပါဘူး အစ်ကိုကြိုက်လို့သောက်နေတာကို .. လုံ သွားတော့မယ် .."

"ခဏနေဦး .."

လုံ ထရပ်လိုက်နှင့် သူက လက်ကိုပြန်ဆွဲလိုက်တော့ သူ့ပခုံးပေါ် ပခုံးချင်းထပ်လျက် ပြန်ထိုင်ကျသွားကာ မျက်နှာချင်းပါ မထိတထိ ဖြစ်သွားခဲ့သည်။

သူ့မျက်နှာငဲ့၍ ငုံ့မိုးကြည့်နေလျှင် ပြန်မော့ကြည့်နေရင်း လုံ အသက်ရှူဖို့မေ့နေခဲ့၏။ ထို့ပြင် လက်နှစ်ဖက်ချင်းထပ်ဆုပ်ထားမိတာကိုလည်း မဖြည်မိကြပေ ...။

မီးခိုးငွေ့တို့ တလွန့်လွန့်တက်လာတော့ လုံ ချောင်းဆိုးမိကာ မျက်ဝန်းတို့သည် မီးခိုးတို့လာရာဆီရောက်သွားခဲ့လျှင် ...၊

ဟင် ...၊

သူ ဖိနင်းပစ်လိုက်တာ စီးကရက် ...။

ထိုအခါကျမှ ဘာသာမဲ့ရင်ခုန်သံတို့သည် ...။

❖



အခန်း (၂၆)

"လျှောက်တွေးမနေစမ်းပါနဲ့ လုံ ရယ် .. သူ နင့်ကို ဒီလိုမထင်ပါဘူး .."

"လျှောက်တွေးတာမဟုတ်ပါဘူး .. ဒါပေမယ့် သူက အရမ်းချမ်းသာတယ်၊ ပြီးတော့ အောင်မြင်နေတဲ့ ယောကျ်ားတစ်ယောက်၊ သူ့ကို မက်မောနေကြတဲ့ မိန်းမတွေကလည်း ဝိုင်းဝိုင်းလည်ပဲ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ငါက သူ့ကို မျှော်လင့်ပြီး အပျိုလိုဟန်ဆောင်ထားတယ် ထင်မှာစိုးတယ် .."

"စိုးရိမ်နေရင်လည်း ဖွင့်ပြောလိုက်ပေါ့ .."

"လိုမှ မလိုအပ်တာ၊ ပြီးတော့ စက်ဝန်း ကိုလည်း ငါ့ကြောင့် မထိခိုက်စေချင်ပါဘူး .. အခု ငါ ခံစားခဲ့ရပြီးပြီ၊ သူ့ဘက်မှာထပ်ပြီး ထိခိုက်သွားမယ်ဆိုရင် သူ မက်မောနေတဲ့ အိမ်ထောင်ရေးတစ်ခုလုံးကို ထပ်ဆုံးရမှာ .."

သွားနေကြသည့် ခြေလှမ်းတွေကို တုံ့နှေးစွာလှမ်းရင်း နှစ်ယောက်စလုံး နေရာမှာတင် ရပ်လိုက်မိကြကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



“နေပါဦး .. ငါ မေးဦးမယ် .. အခု နင် ခံစားခဲ့ရပြီးပြီဆိုတော့ စက်ဝန်း နဲ့ ပတ်သက်တာတွေကို သိပ်မခံစားရတော့ဘူးလို့ ပြောလိုက်တာလား ..”

လုံ က ဘေးလွယ်အိတ်လေးကို ပခုံးပြောင်းချိတ်လိုက်ပြီး ခေါင်းခါသည်။

“အဲ့လိုလည်းမဟုတ်ဘူး၊ ဒါပေမယ့် စက်ဝန်း နဲ့ ငါ ဘာမှမဆိုင်တော့ဘူးလို့ သတ်မှတ်ထားနိုင်တာမျိုး၊ သတိရနေပေမယ့် ငါ သူ့ကို ခွင့်လွှတ်နိုင်ပါပြီ၊ သူ့ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို သူ မစွန့်လွှတ်နိုင်ဘူးဆိုတာကိုလည်း နားလည်ပေးနိုင်တယ်၊ ကဗျာဆန်ဆန်ပြောရရင်တော့ ပေးဆပ်နိုင်တဲ့ အချစ်မျိုးပေါ့ ..”

“လုပ်မနေပါနဲ့ လုံ ရယ် .. နင်တို့က သူငယ်ချင်းတွေချင်း လင်မယားလုပ်တမ်းကစားကြတာမျိုးပါ ..”

“ဘယ်လို ...”

“နင်တို့က ရုပ်လေးတွေကဆင်တယ်၊ အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေလည်းဖြစ်တယ်၊ မိဘချင်းရင်းနှီးစနောက်ခဲ့ကြတဲ့ စကားတွေနဲ့ အရွယ်တွေရောက်လာတော့ နီးစပ်ဖို့အကြောင်းတွေ ဖန်လာခဲ့တာလေ၊ ပြီးတော့ စက်ဝန်း က မြို့မှာ ကျောင်းသွားတက်သေးတယ်၊ ခဏဝေးသွားကြပြီး ပြန်ဆုံတာနဲ့ တစ်ယောက်နဲ့တစ်ယောက် ရှိုးတို့ရှန်းတန်းတွေဖြစ်ကြ ကြိုက်ကြ၊ ရည်းစားဖြစ်လိုက်ရတယ်ရောရှိလို့လား ..”

“ဖြစ်ပါတယ်ဟာ .. သူက ချစ်တယ်ဆိုလို့ ငါက ပြန်ချစ်လိုက်တာပဲဟာ ..”

“ဟုတ်တယ်လေ .. ချစ်နေပြီးသားကြီးကို၊ ဒါပေမယ့် နင်တို့ချင်း သူငယ်ချင်းလိုပဲ ခင်တွယ်ကြတာပါဟာ .. ဒါကြောင့် နင့်အပေါ် စက်ဝန်း ရက်ရက်စက်စက် လုပ်သွားနိုင်တာပေါ့၊ နင်ကလည်း သူ့အတွက် ကျေနပ်ပေးဖို့ကြိုးစားတယ်၊ သူကလည်း နင့်ကိုမြင်လိုက်တော့ ယဉ်သံယောဇဉ်



တွေနဲ့ သနားပြီး ..”

“ဟုတ်မှာပါ ..”

တကယ်ပြောချင်တာက သူကတော့ ဟုတ်မှာပါဆိုတဲ့စကားဖြစ်သည်။ ကိုယ့်ဘက်မှာ သူ့လောက်မရက်စက်နိုင်ခဲ့တာ သူ့လို မမေ့ရက်နိုင်ခဲ့တာတွေ ...။

“သူ ဒီလိုမလုပ်လောက်ဘူးထင်ပြီး နင် ခံစားနေရတာ လုံ၊ တကယ်တမ်း နင် သူ့ကို ဆုံးရှုံးမခံနိုင်လို့ နင့်နေတာမဟုတ်ဘူး၊ ဘယ်သူဖြစ်ဖြစ် ချစ်လာရင် ပိုင်ဆိုင်ချင်တယ်၊ ပိုင်ဆိုင်ဖို့ကြိုးစားလာမှာပဲ .. နင့်လို ဘယ်သူမှ မျက်ရည်သုတ်ပြီး ချောင်ကပ်ငိုနေမှာမဟုတ်ဘူး၊ မုန့်သာဝေစားမယ် အချစ်ကိုမဝေမျှနိုင်ဘူးတဲ့ ..”

“သူက မျှခိုင်းတာမဟုတ်ဘူးလေ .. ငါ့ကို လုံးဝထားခဲ့ပြီး ငါ့ထက်ချစ်တဲ့သူကို တစ်ခါတည်းရွေးထုတ်လက်တွဲသွားတာ၊ အဲ့ဒါကြောင့် ငါ သူ့ကို ခွင့်လွှတ်နိုင်တယ်၊ ပွေရှုပ်နေတာထက် သူချစ်တဲ့သူကို သူ ရွေးသွားတာ သူ့ဘက်က ရှင်းပါတယ် ..”

“ဟုတ်တယ် .. နင့်ဘက်က ရှင်းဖို့ပဲကြိုးစားရမှာ .. ငါပြောတော့လည်း လက်မခံချင်ဘူး၊ နင်တို့နှစ်ယောက်က လင်မယားနဲ့ကိုမတူတာ”

“ကဲ .. အဲ့ဒီ မတူတာကြီးကို တော်ပါတော့ အေးလှ ရယ်၊ ဆယ်လဆယ့်တစ်လ ပေါင်းသင်းလာခဲ့တဲ့ ကိုယ့်ယောကျ်ားကို ငါက ..”

“ပြန်ကွဲတာ နှစ်နှစ်သုံးနှစ်လောက်ရှိပြီဆိုတာလည်း ထည့်တွက်၊ အဲ့ဒါကြောင့် ငါပြောတာက ..”

အေးလှ စကားသံ ရှေ့မဆက်တော့ပေ ...။

လုံ က အေးလှ ရဲ့ မျက်လုံးတွေ ဘယ်ကိုစိတ်ဝင်တစားငေးနေသလဲ ဟု လှည့်ကြည့်လိုက်လျှင် ...၊

စက်ဝန်း ...၊

အဖြူ[illegible]ကက်ထားသည့် ကိုယ်[illegible]ရောင် ကုတ်အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ကို ဒီတိုင်းရင်ဖွင့်ပြီး ဝတ်ထားသည်။ ဖွေးနုရှင်းသန့်နေသော မျက်နှာသည် အဖြူရောင်တွေကြားမှာ ပန်းရောင်သမ်းနေအောင် ချောမွန်နေ၏။

မတွေ့တာကြာပြီမို့ စက်ဝန်း က မင်းသားတွေရှုံးအောင် ချောနေသလို ထင်လိုက်မိ၏။

နင့်အဝတ် ငါက တော်မဝင်တဲ့ပန်းပါ စက်ဝန်း ရယ် ..။

မျက်ဝန်းတွေဝေးခနဲဖြစ်သွားမိစဉ် စက်ဝန်း ရဲ့ ဆေးကို ရောက်လာတာက အထက်ဦး နဲ့ မိန်းကလေးနှစ်ယောက် ..။

လုံ ဖျတ်ခနဲ မျက်နှာလွှဲပစ်မိကာ ..၊

"လာ .. သွားမယ် .. သွားမယ် .."

"ဟဲ့ .. နေပါဦး .. ငါ့လဲတော့မယ် .. အတင်းမဆွဲနဲ့လေ .."

လုံ ကမန်းကတန်းရှောင်ထွက်ခဲ့ပေမယ့် လုံ့ ဆံပင်တွေက စက်ဝန်းကို လက်ပြသွားသလိုဖြစ်သွားခဲ့ရာ ..၊

လုံ ...

မျက်ဝန်းထောင့်မှာ အဖြူရောင်အရိပ်လေးတစ်ချက် ကမန်းကတန်းဖြစ်သွားတာကို သတိထားမိလိုက်ကာ စက်ဝန်း လှည့်ကြည့်လိုက်မိ၏။

အမှတ်တမဲ့ကြည့်မိရင်း ဝေ့ခနဲလွှဲရမ်းသွားသည့် ဆံပင်တွေကြောင့် သူ ဆတ်ခနဲဖြစ်သွားသည်။

ဟုက်တယ် အဲ့ဒါ လုံ ပဲ ..၊

ကု သို့ဘာသာ သေချာသွားသည့်နှင့် စက်ဝန်း အမီလိုက်ဖို့ခြေလှမ်းပြင်မိလျှင် ..၊

"ခဝန်း .. လာ ..၊ ဟိုမှာ ပန်းစင်လေး အရမ်းလှတာပဲ .. ဟို့ကုမ္ပဏီ ရုံးခန်းမှာထားဖို့လေ .."

"မင်းကြိုက်ရယ်ဝယ်လေ .. ခဏလေး .."

ကိုင်ထားသည့် အထက် ရဲ့ လက်ကို ဖယ်ချပစ်ခဲ့ပြီး သူ ပြေးထွက်ခဲ့မိသည်။ ဘယ်မှာလဲ .. ဘယ်ရောက်သွားပြီလဲ ..၊



စင်တာတစ်ခုလုံးကို လှည့်ပတ်ရှာမိရင်း လမ်းလေ့ထဲခြေဦးလှည့်လိုက် ပြန်ထွက်လိုက် ..။ လုံ လို့ အော်ခေါ်ချင်စိတ်တွေလည်းပြစ်လျက် ဝတ်ဝန်းကျင်မှာ ရှိနေသည့် ဆိုင်တန်းတွေ လူတွေကို ကြည့်ရင် မချင့်မရဲဖြစ်လာခဲ့၏။

လုံ ဘယ်မှာလဲ ..၊

သူ တစ်စုံတစ်ခုကို သတိရသွားကာ ကားပါကင်ရှိသည့်ဘက် အတံခါးဆီပြေးသွားခဲ့မိ၏။ ကားတွေကို လှမ်းမြင်လိုက်တာနှင့် အဖြူရောင် ပါဂျဲရိုးကားကြီးဆီ လျှောက်သွားနေကြသည့် လုံ နဲ့ အေးလှ ကို မြင်လိုက်၏။

သူမတို့ကလည်း နောက်ကိုလှည့်ကြည့်လိုက်တာနှင့် တိုးကာ ..

"ဟယ် .. စက်ဝန်း .."

"လိုက်တာလား .."

"ဟုတ်တယ် .. ပြေးလာနေပြီ .."

"လုံ ..."

ခေါ်သံကြောင့် လုံ့ ခြေလှမ်းတွေရပ်တန့်သွားလျှင် စက်ဝန်း သူမရှေ့ကိုရောက်လာ၏။

"လုံ .. နင် ငါ့ကို မတွေ့ချင်လောက်အောင် ဖြစ်နေတာလား -"

"မဟုတ်ပါဘူး .."

လုံ့ မျက်နှာလေးက တည်ငြိမ်လို့ပါလား ..၊

မှန်းတယ်လို့ပြောပြီး လူကို ပြေးရိုက်ထုနက်ရအောင် သံယောဇဉ် လက်ကျန်နဲ့ ဆက်ရန်ရှိနေသေးသည်။ ခုတော့ လုံ့ မျက်နှာလေးက တည်ငြိမ်ခြင်းကြောင့် သူမနဲ့ သူ ဝေးကွာနေပြီလို့ ခံစားလိုက်ရသည် -

"နင် ..."

သိပ်လှနေပါလားလို့ ဆက်မပြောဖြစ်ဘဲ သူမတစ်ကိုယ်လုံးကို မျက်လုံးဝေ့မိသည်။ အဖြူရောင် ဘောင်းဘီရှည်လေးနှင့် အပါးသားအင်း

www.burmeseclassic.com



ရှည်လက်ပြတ်လေးဝတ်ထားသည်။

အင်္ကျီသည် ရင်ဘတ်နေရာလေးကနေ ခါးထိသာ အထူခံထားပြီး တင်ပါးလောက်ထိ ခပ်တွန့်တွန့်ဝဲဝဲလေး ရှည်ကျနေတာက အပါးသားတွေဖြစ်နေရာ သူမ ဆံပင်တွေဖြန့်ချထားပြီး လှုပ်ရှားသွားလာနေသမျှ အင်္ကျီနဲ့ ဆံပင်က တလွန့်လွန့်လှုပ်နွဲ့၍ ကဗျာဆန်နေ၏။

ထို့ပြင် ငွေရောင်ခါးပတ်လေးပတ်ထားကာ စီးထားသည့် ဒေါက်မြင့်အဖြူလေးမှာ ငွေရောင်ကွင်းလေးနဲ့လိုက်ဖက်နေခြင်းက ဒီဇိုင်နာတစ်ယောက်က စံနစ်တကျဆင်ထားတာနဲ့တူ၏။

ပြီးတော့ နားကွင်းဝိုင်းလေးတွေ လက်ကောက်တွေကအစ ငွေရောင်လေးတွေတလှုပ်လှုပ်နှင့် ..၊ ဟုတ်မှာပါ သူမ မော်ဒယ်လ်ဖြစ်နေပါပြီ။

ဒီပုံစံ ဒီလိုဝတ်စားသွားလာနေတတ်အောင် သွားလာသမျှ ဒီလိုကားကြီးတစီစီပါနေအောင် ..၊

ခေါင်ဖျား ..၊

သူမနဲ့ ခေါင်ဖျား တစ်ခုခု ..။

သူ့အကြည့်တွေ ကားနဲ့ ကားထဲက ဒရိုင်ဘာဆီရောက်သွားတာနှင့် စက်ဝန်း ဘာတွေးနေသလဲဆိုတာ လုံ သိလိုက်သည်။

"ငါ ကောင်းစားနေတာ ဘာကြောင့်လဲဆိုပြီး အံ့သြနေတာလား စက်ဝန်း .."

"မအံ့သြပါဘူး .. နင် ဘယ်လောက်ဒုက္ခရောက်နေမလဲဆိုတာ ငါ နားလည်တယ်၊ ဒီကားက 'မာရီယာ' ခေါင်ဖျား ရဲ့ ကားမို့လား.."

"ဟုတ်တယ် .. ငါက သူ့ရဲ့ .."

"တော်တော့ လုံ .. နင် ဘာတွေဖြစ်နေနေ ငါ ဂရုမစိုက်ဘူး၊ နင် ငါနဲ့ ပြန်လိုက်ခဲ့ .."

"ဘာ!..."

လိုက်ခဲ့ဖို့ ပြောလိုက်တာနှင့် လုံ ခါးခါးသီးဖြစ်သွားတော့ စက်ဝန်း



မျက်နှာတင်းသွားသည်။

"နင် ငါ့နောက်လိုက်လာခဲ့တာ မဟုတ်ဘူးလား လုံ .."

"ဟဲ့ .. နင့်နောက်လိုက်လာပေမယ့် နင်က လုံ့ လာမှာကို စောင့်နေဘာမို့လို့လား .."

အေးလှ ကြားနေရာက ဒေါသဖြစ်စရာတွေချည်းမို့ နှစ်ယောက်ရဲ့ ပြဿနာထဲကို ဝင်ပါလိုက်ရင်း ..၊

"ကိုယ့်မိန်းမ ငုတ်တုတ်ကြီးနဲ့ နောက်မိန်းမထပ်ယူထားပြီးတော့ နင်က လုံ့ ကို မေးခွန်းလာထုတ်ရဲသေးတယ် .."

"အေးလှ နင် ငါတို့ကြားထဲ ဝင်မပါရင်ကောင်းမယ် .."

"မပါဘဲ နေခဲ့တာပဲ .. ငါက ကြားသုံးကြား မဝင်ချင်လို့ နင်တို့ စကားများကြတိုင်း မကြားသလိုနေခဲ့တာ၊ ဒါပေမယ့် အခု နင်တို့နှစ်ယောက် ဘာမှမဆိုင်တော့ဘူး .."

"ဘာလို့ မဆိုင်ရမှာလဲ .."

"စက်ဝန်း .."

စက်ဝန်း က လုံ့ လက်ကို ဖျတ်ခနဲဆွဲသည်။ လုံ ပြန်ရုန်းပေမယ့် မရ ..။

"လွှတ်ပါ စက်ဝန်း ရယ် .. တော်ကြာ နင့်မိန်းမ လိုက်လာလို့ တွေ့သွားရင် နင် ရှင်းမရဖြစ်ကုန်လိမ့်မယ် .."

"ငါ ရှင်းမရမှာစိုးလို့လား .. နင် ရှင်းရမှာစိုးနေတာလား .."

စက်ဝန်း က လုံ့ နောက်က ကားပေါ်က ဒရိုင်ဘာကို လှမ်းကြည့်ပြီး အံကြိတ်ကာ ..၊

"နင့်ပုံကို မာရီယာမှာ ငါ မြင်ခဲ့တယ် .."

"မြင်မှာပေါ့ လုံ က မကြာခင်နိုင်ငံကျော်မော်ဒယ်လ်ဖြစ်တော့မှာ .."

အေးလှ က ခါးထောက်ပြီး အကျအနခဲ့လိုက်၍ ..

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြလိုက် လုံ .. နင် ရိုက်မယ့် ကြော်ငြာတွေ ဗီဒီယိုရိုက်ဖို့ ကမ်းလှမ်းနေတာတွေ ဘယ်လိုတန်းစီနေတယ်ဆိုတာ .."

လုံ့ ကို ပြန်ကြည့်တော့ အေးလှ လို ချေပမော်ကြွားလိုသည့် ဟန်ပန်အမူအရာတွေ ဘာမှမရှိဘဲ မျက်ဝန်းအိမ်လေးမှာ မျက်ရည်တွေ ပြည့်သိပ်နေတာ လှုပ်လီလှုပ်လဲ့နှင့် ..။

"ငါတို့ပတ်သက်ခဲ့တာတွေကို ငါမေ့နိုင်အောင် ကြိုးစားနေတာ စက်ဝန်း ..၊ နင် ငါ့ကို ဒီလောက်ဒုက္ခပေးရရင် ကျေနပ်ပါတော့ .."

"ဘာကိုမေ့ရမှာလဲ .. ငါနဲ့ နင် ကွာရှင်းထားတာမှ မဟုတ်တာ၊ နင်က ငါ့ဇနီးပဲ လုံ .."

"အမလေးတော် .."

အေးလှ က ကြားပြီး အာမေဋိတ်သံနှင့် ရင်ဘတ်ကို ဖတ်ခနဲမြည်အောင် ဖိလိုက်ပြီး ..၊

"ကြားလို့မှမတော် စက်ဝန်း ရယ် .. နင်က လုံ့ ကို ခေါ်တာ စောင့်ရှောက်ဖို့ဝတ္တရားတွေရှိလို့ ခေါ်နေတာမဟုတ်ဘူးပေါ့ .."

"စောင့်ရှောက်မယ် .. လုံ့ ကို ငါ စောင့်ရှောက်နိုင်တယ် .."

"စက်ဝန်း .."

လုံ သူ့ဆုပ်ကိုင်ထားသည့်လက်ကို မရမကဖယ်ချဖို့ကြိုးစားနေရင်း တအံ့တသြကြည့်၏။

"နင့်မိန်းမ ဒီလောက်မောက်မာနိမ့်ချတတ်တာ ငါ့ကို နင့်အိမ်မှာ အိမ်ဖော်လုံးလုံးဖြစ်သွားစေချင်တာလား .. ဟုတ်လား .. ငါ့ကို ပြန်ခေါ်သွားပြီး မျက်ရည်နဲ့ မျက်ရည်ခွက်ဖြစ်နေတာကို ထိုင်ကြည့်နေချင်တာလား .. ပြောစမ်းပါ .."

"နင် ငါ့အိမ်မှာ မနေချင်ဘူးဆိုရင်လည်းဖြစ်တယ်၊ ဒီလိုနေထိုင်သုံးဖြုန်းနိုင်အောင် ကားတစီစီနဲ့ သွားလာနေနိုင်အောင် နင့်အတွက် ငါ အားလုံးတာဝန်ယူတယ် .."



လုံ့ ကို သူ့ လက်မလွှတ်နိုင်၊ တောက လုံမဒီ ဆိုတာ ပြောရင်တောင် ယုံမှာမဟုတ်တော့လောက်အောင် ပြောင်းလဲလှပနေသည့် လုံ့ ကို သူသာ ပိုင်ဆိုင်ခွင့်ရှိရမှာဖြစ်သည်။

လုံမဒီ ဆိုတာ အစတည်းက သူ ပိုင်ခဲ့ပြီးသား ..။

"စိတ်ချလက်ချလိုက်ခဲ့ လုံ .. နင့်ကို ငါ့ဝင်ငွေနဲ့ တစ်အိုးတစ်အိမ်ထောင် ထားနိုင်တယ်၊ အထက် လုံးဝမသိစေရဘူး .."

"ဘာ .. နင်ဘယ်လိုပြောလိုက်တာ .."

"စက်ဝန်း .. နင်က လုံ့ ကို ဘယ်လိုသဘောထားနေတာလဲ .."

စက်ဝန်း က အေးလှ ကို မကြည့်ပေ ..၊ လုံ့ မျက်နှာလှလှလေးကိုသာ ဆွေးဆွေးငေးငေးကြည့်၍ ..၊

"မြို့ကိုတက်လာတည်းက ငါ နင့်ကို တင့်တောင်းတင့်တယ် ထားဖို့ ရည်ရွယ်ချက်တွေနဲ့ပါ၊ ကံကြမ္မာအလှည့်အပြောင်းကြောင့် ငါတို့ ခုလို.."

"ကံကြမ္မာ ဘာလုပ်လိုက်လဲကော့မသိဘူး၊ နင် မြို့ရောက်ပြီး မော်ဒယ်လ်တောင် ဝအောင်လုပ်လိုက်ရရဲ့လား .. မိန်းမယူလိုက်တာ ချက်ချင်းကြီးနော် .."

"အေးလှ .. ငါတို့လင်မယား အေးအေးဆွေးဆွေးပါရစေ .. နင် ဝင်မပြောဘဲ မနေနိုင်ရင် ဝေးဝေးမှာ ခဏသွားနေပေး .."

"ဒီလိုလေသံ လာမချိုးနဲ့တော့ စက်ဝန်း .. မကောင်းတာလုပ်နေပြီး လူကောင်းဖြစ်ချင်လို့မရဘူး၊ မကောင်းတဲ့လူကို ကောင်းတဲ့လူက ဖလှယ်းစားစရာမလိုတဲ့အတွက် အဲဒီလိုလေသံနဲ့ တောမှာသွားပြော .."

"တောက် ..."

"မရဘူး .. နင်နဲ့ ငါ အေးအေးပြောမယ် .. လာလိုက်ခဲ့ .."

"ဘာလို့လိုက်ရမှာလဲ .. ဖယ် .. လွှတ် .."

"ဒီမှာ ငါ့ညီ .."

ခေါင်ဖျား ရဲ့ ဒရိုင်ဘာကလည်း မိန်းကလေးနှစ်ပေါက်ကို စောင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖို့ ဝတ္တရားရှိတဲ့အတိုင်း အနားရောက်လာကာ …၊

"မင်းလည်း ရည်မွန်ယဉ်ကျေးတဲ့ လူငယ်တစ်ယောက်ပဲ ညီလေးရာ၊ ခွေးနွေးမယ်ဆိုပေမယ့် သူ လက်မခံဘူးဆိုရင် အဓမ္မမလုပ်ပါနဲ့၊ တစ်ဖက်က မိန်းကလေးသိက္ခာကလည်းရှိသေးတယ် .. မင်းလည်း .."

"သူက ကျွန်တော့်မိန်းမ သူနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ အခွင့်အရေးအပြည့်ရှိတယ်၊ ခင်ဗျား ဝင်မပါပါနဲ့ .."

"နင် ဘယ်လိုတွေပြောနေတာလဲ စက်ဝန်း .. ဖယ် ငါ့လက်ကိုလွှတ် .. နင်ထင်ရာလုပ်ခဲ့တုန်းက ငါ ခွင့်လွှတ်ပေးခဲ့ရတယ်၊ အခု ငါ့ဘဝနဲ့ ငါ အေးချမ်းအောင် .."

"အေးချမ်းတယ် ဟုတ်လား လုံ .. ခေါင်ဖျား ဆိုတဲ့လူဆီမှာ ဒီလိုဘဝနဲ့ နေရတာ အေးချမ်းနေတာလား .."

"ဟုတ်တယ် .. အခု ငါနင့်လိုပဲ မော်ဒယ်လ်ဖြစ်ပြီး နောက်ထပ်အောင်မြင်မှုတွေရဖို့ .."

"အဲ့ဒီအောင်မြင်မှုတွေရဖို့ နင် ဘယ်လောက်တောင်ပေးဆပ်နေမှာလဲ .. နင် ငါ့ကိုရှုပြီး တုပြိုင်ချင်တာနဲ့ သူ့လိုလူကို ပုံအပ်ပေးဆပ်နေရတာ အေးချမ်းနေတယ်ထင်နေတယ်ပေါ့ .."

"ဘာ …"

"နင့်ကို ငါမထင်ခဲ့ဘူး လုံ .. နင် သူ့ဆီမှာ ပျော်နေလိမ့်မယ်လို့ လုံးဝမထင်ခဲ့ဘူး၊ ငါ့ကို မြင်ရင်တော့ နင် ပြန်ပြေးလာမှာပဲလို့ ငါထင်ပြီးနေ့ရှိသရွေ့ ငါ နင့်ကိုပဲရှာနေခဲ့တာ .."

စက်ဝန်း ဘာတွေပြောနေတာလဲ၊ ခေါင်ဖျား နဲ့ သူမကို ဘယ်လိုနေထိုင်ကြတယ်လို့ ထင်နေတာလဲ …။

သူ ဆက်တိုက်ပြောနေပေမယ့် သူ့စကားတွေရဲ့ အဓိပ္ပာယ်ကလုံ့ အတွေးထဲမှာ ရှင်းသွားလိုက်၊ ရှုပ်သွားလိုက်ရှိလျက် …၊

"နင် ဒီကားမျိုးစီးချင်တာလား .. ငါ ဝယ်ပေးနိုင်တယ်၊ သူ့ထက်



သာအောင် ငါ ထားပေးနိုင်တယ် .."

"အဲဒီတော့ နင်က ငါ့ကို ဘာဖြစ်စေချင်တာလဲ .."

"ငါ့နောက်လိုက်ခဲ့ပါ .. ငါ့အရိပ်အောက်ကနေ နောက်ထပ် ဘယ်မှ ထွက်မသွားပါနဲ့၊ အထက် ရဲ့ ငွေနဲ့မဟုတ်ဘဲ ငါ့အရည်အချင်းနဲ့ပဲ နင့်ကို လူတန်းဆင့်မီအောင်ထားနိုင်တယ် .."

"နေဦး .. နင်က ငါ့ကို နင့်မိန်းမ မသိအောင် တစ်နေရာမှာထားပြီး တိတ်တိတ်ပေါင်းမယ် ဟုတ်လား၊ နင် အဲ့လိုပြောနေတာလား .. စက်ဝန်း .."

"မဟုတ်ဘူးလေ .. ငါတို့က အစတည်းက လင်မယားပဲ၊ ငါ့အပေါ် နင် နားလည်ပေးနိုင်တာ ငါ နားလည်တယ်၊ ဒါကြောင့် အခွင့်အရေးယူပြီး ပြောနေတာမဟုတ်ဘူး .."

"တော်တော့ စက်ဝန်း .."

ရင်ထဲမှာ တဆတ်ဆတ်ခါနေအောင် နာကျင်သွားသည်။ အေးလှကလည်း တဟယ်ဟယ်နှင့် ဘာမှဝင်မပြောသာပေမယ့် တက်တခေါက်ခေါက်ဖြစ်နေ၏။

"တလွဲမတွေးပါနဲ့ လုံ ရယ် .. နင် ငါ့စေတနာကို နားလည်စမ်းပါ.."

"ဘာကို နားလည်ပေးရဦးမှာလဲ .. နင့်မယားငယ်အဖြစ်ခံပြီးတော့လား .."

"နင် ငါ့ကို ဖြေရခက်အောင်မပြောပါနဲ့ လုံ ရာ .. ငါက နင့်ယောက်ျားပါ၊ ခေါင်ဖျား ကိုကျတော့ နင့်ယောက်ျားလို့ ပြောခွင့်မရဘဲ နင် ကျေနပ်နေတယ် .. ငါ့ကျမှ .."

"ယုတ်မာတဲ့ကောင် .. လွှတ်စမ်း .."

နာကျင်သည့်ခံစားချက်သည် သူ ကိုင်ထားသည့်လက်ကို လွတ်ထွက်သွားအောင် ဆောင့်ခါရုန်းပစ်လိုက်နိုင်သည့်ပြင် ဒိုလာသည်ရိပ်ခနဲမြောက်တက်သွားခဲ့ပြီး …၊

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း ..."

အဖြစ်အပျက်တွေကို လှမ်းမြင်လိုက်ကတည်းက ဘယ်လိုအခြေအနေတွေဖြစ်နေမှန်း အထက် သိလိုက်သည်။ ပြီးတော့ သူမ လုံ့ ကို မမှတ်မိနိုင်ဘဲ ခြေလှမ်းတစ်ချက်တုံ့သွားသဖြင့် စက်ဝန်း ပါးရိုက်ခံလိုက်ရပြီးမှ အနားရောက်သွားကာ ..၊

"ဒါက ဘယ်လိုတွေဖြစ်နေကြတာလဲဟင် .."

"အသိသာကြီး အထက် ရယ် .. ဒီလိုစင်တာတွေမှာ ကားပါကင်မှာပဲ လူရှင်းတာလေ၊ ဒီထိကပ်လိုက်လာပြီး ဘာတွေတောင်းဆိုနေသလဲမှ မသိတာ .."

"ဟုတ်ပ .. ပုံစံကြည့်ပါလား .. ဆံပင်ရှည်ကြီးတရမ်းရမ်းနဲ့ လုပ်စားနေတာ .."

"အဲဒါပေါ့ .. ဝတ်စားပြင်ဆင်ပုံကိုကြည့်ပြီး ရိုးတာဆန်းတာ ခွဲခြားနေလို့မရဘူးဆိုတာ၊ ဆံပင်တွေ လှအထင်ကြီးအောင်ထားပြီး စိတ်ဓာတ်ကတော့ မောင့်သဘောလေ .."

"အံမာ .. နင်တို့က ဘာမို့လို့လဲ .."

အေးလှ က မိန်းကလေးတွေဆီ ပြေးသွားကာ နှစ်ယောက်စလုံးကို ပြေးတွန်းပစ်လိုက်၏။

"အဝန်း လာ သွားမယ် .."

"နေဦး အထက် .. ကိုယ်နဲ့ သူ .."

"ဘာမှ မပြောနဲ့တော့ .. အဲဒါတွေ ရှင်းရမယ့်နေရာမဟုတ်ဘူး၊ လာစမ်းပါ .. ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့၊ ရှင် ဘာပြောခဲ့ပြောခဲ့ ဘာတွေလုပ်ခဲ့လုပ်ခဲ့ အထက် အားလုံးခွင့်လွှတ်တယ်၊ ဒီလိုအဆင့်မျိုးတွေ နောက်ထပ်ရှုပ်လာရင်လည်း အထက် ပဲရှင်းမယ် .. လာ သွားမယ်လာ .."

"အထက် ဖယ်စမ်းပါကွာ .. လုံ .. နင့်ကိုငါ .."



"လာပါဆိုကွာ .."

အထက် က စက်ဝန်း ကို ရန်ပွဲမဖြစ်စေချင်သလို အတင်းဆွဲခေါ်သွားလေသည်။ တကယ်တော့ လုံ နဲ့ စက်ဝန်း ကို ကြာကြာပေးမပြောနိုင်တာဖြစ်သည်။

လုံမဒီ ဆိုသည့်တစ်ယောက်အပေါ်မှာ စက်ဝန်း ရဲ့ စိတ်ဘွေလုံးလုံးလျားလျား ဖိတ်စင်ကျရောက်နေခဲ့တာ သူမသာ အသိဆုံးမောင်နှမဆိုတာ သံသယရှိလာခဲ့တာကိုက စက်ဝန်း ရဲ့ အိုဗာအလွမ်းတွေကြောင့်ဖြစ်သည်။

ပြောကြကြေးဆို သူမကရော အပျိုမို့လို့လား .. မဟုတ်တစ်ချက်လေး ခြေလှမ်းမှားခဲ့သည့်အဖြစ်လို့ သဘောထားပြီး စက်ဝန်းကို ဘာမှမပြောဘဲ ဖုံးထားခဲ့မိသည်။

ဒါကြောင့် ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်နဲ့ ငြိတွယ်ပတ်သက်ခဲ့ဖူးသည့်အဖြစ်ကို သူမဘက်က ခွင့်မလွှတ်နိုင်ရောမရှိ ..။

"ကိုစက် ကို ပါးရိုက်ရဲတဲ့ ဟိုမိန်းလေ .. ဟွန်း .. ငါတို့ကောင်းကောင်း ပြောပစ်ခဲ့တယ် အထက် သိလား .."

"ဟုတ်တယ် အထက် .. လင်တော့ အပါမခံနဲ့၊ တောင်းသလောက်ပုံပေးလိုက် .."

"ဘာလဲ .. ဘာတွေပြောနေကြတာလဲ .. တောက် .."

စက်ဝန်း ဒေါသတွေထွက်ကာ ဒက်ရှ်ဘုတ်ကို မညှာမတာထုပစ်လိုက်မိသည်။ ကားတစ်ခန်းလုံးတုန်ခါသွားခဲ့လျက် ထိုပေါ်မှာ ဟင်ထားသည့် အလှအပလေးတွေ အကုန်လဲပြိုပြုတ်ကျကုန်၏။

"အထက် ရာ .. မင်း ဘာမှမသိဘဲနဲ့ .."

"သိတယ် .. အဝန်း .. အဝန်း ဘာတွေဖုံးဖိခံစားနေတာ အစည်းရိပ်မိနေတာ၊ ဘာဖြစ်လဲ ပြဿနာဖြစ်နေတဲ့အချိန်မှာ အထက် က အဝန်းနဲ့ ရန်ဖြစ်နေရမလား .. လင်နဲ့မယားဆိုတာ အေးအတူပူအတူပေါ့၊ အဝန်း

www.burmeseclassic.com

www.burmeseclassic.com



အမှားလုပ်တာနဲ့ အထက် က ဒီအမှားကို ရှိးမယ်ဖွဲ့ကောက်ကြောင်းဖော်နေရင် အထက် တို့ အိမ်ထောင်ရေးကို ဘယ်လိုထိန်းသိမ်းကြမလဲ ..”

နားလည်နေကြသည်။ လုံ ရောက်လာတုန်းကလည်း အခန်းကျဉ်းထဲမှာ ငုတ်တုတ်ထိုင်ငိုနေပြီး နားလည်မှုတွေနဲ့ တိတ်ဆိတ်စွာ ထွက်သွားခဲ့၏။

အထက်ဦး ဆိုသည့် မိန်းမတစ်ယောက်ကလည်း ခွင့်လွှတ်ပါတယ်၊ နားလည်ပါတယ် .. နဲ့ ..။

ဒါဆို အားလုံးအပေါ်မှာ ဆိုးနေခဲ့တာ သူချည်းပဲလား ..။

လုံ ရောက်လာတော့ ကိုယ့်ညီမပါလို့ ပြောခဲ့တာတောင် လုံ့ ကို ဂရုမစိုက်ခဲ့တဲ့ခနီး ..။

လုံ သူ့ဆီက ထွက်သွားခဲ့တာ သူ့ကြောင့် ..၊

ဒါက အိမ်ထောင်ရေးမပြိုကွဲအောင် ထိန်းသိမ်းတဲ့နည်းလား ..။

ကိုယ့်နောက်ကို လိုက်ခဲ့ ပါသည်ပြောပြီး တစ်ပါးသူရင်ခွင်မှာမှ ငြိမ်းချမ်းပါသည်ဆိုတဲ့ လုံ ..။

ကိုယ့်စေတနာမေတ္တာ သံယောဇဉ်တွေအတွက် တုံ့ပြန်သွားခဲ့တာ ပါးရိုက်ပြီးတော့လား ..။

နင် သိပ်ရက်စက်တယ် လုံ ..။

❖



## အခန်း(၂၇)

“နင် ငွေလိုချင်တာမလား .. အထက်ဦး က နင်လိုသလောက်ပေးလိမ့်မယ် ..”

“ဟုတ်တယ် .. သူ့ယောကျ်ားကိုတော့ ကြောင်တောင်နိုက်ရို့စိတ်မကူးနဲ့၊ ပြဿနာအကြီးကြီးတက်မှာနော် ..”

ပြောပြေး ပြေးကြသည်။ သူတို့စကားသံတွေကို ကားပါတင်မှာရှိနေတဲ့ လူတွေကတော့ ကြားကြမှာပါ။

လုံ့ မျက်ရည်စက်တွေ တပေါက်ပေါက်ကျလာကြ၏။ ပြီးတော့ ဆုံးဖြတ်လိုက်သည့်အတိုင်း ခြေလှမ်းတွေက အသက်မဲ့စွာဦးတည်သွားနေခဲ့ပြီး ..၊

“အဲဒီပိုက်ဆံအိတ်ပါ ပြန်ပေးလိုက်တော့ အေးဂျ .. ငါ မသုံးချင်တော့ဘူး ..”

“ဘာဆိုင်လို့လဲ လုံ ရယ် .. ဒါ နင် ကြော်ငြာရိုက်တာရတဲ့ပိုက်ဆံတွေလို့ ကိုခေါင်ဖျား ပြောတာပဲဟာ ..”

“ဟင့်အင်း .. ကြော်ငြာရတာရော ပိုက်ဆံတွေရော အားလုံး တမိုးထား

www.burmeseclassic.com



ရဲ့ အရိပ်ကြောင့်၊ ခေါင်ဖျား ဆိုတဲ့လူရဲ့ အရှိန်အဝါတွေပဲ၊ ငါ နောက်ဒီလိုအပြောမခံနိုင်တော့ဘူး .."

မျက်ရည်စက်တွေ တာတမံကျိုးသလို ကျလာခဲ့ပြီး ခြေလှမ်းတွေပါ ရပ်ပစ်လိုက်ရ၏။

"အခု ဆံပင်ဆိုင်ကို ဘာသွားလုပ်မှာလဲ လုံ့ ရယ် .. ပြန်မယ်ဆိုလည်း ကားဂိတ်ကိုသွားကြမယ်လေ .."

လုံ့ နောက်လှည့်ကြည့်မိကာ ..၊

"ကားရော .."

"နင်ပဲ ပြန်နှင့်တော့ ဘုရားဖူးမလို့လို့ပြောပြီး ပြန်ခိုင်းလိုက်တာလေ .. စက်ဝန်း ကြောင့် ကဲ့ရယ်ခံရတာနဲ့ သတိတွေပါ ချွတ်ယွင်းကုန်ပြီလား .."

လုံ့ ကိုယ်လေး ရှေပြန်လှည့်သွားကာ အဆက်မပြတ်စီမ့်ကျနေသည့် မျက်ရည်တို့ကို လက်ခုံနဲ့ သုတ်ပစ်လိုက်ပြီး သူမရဲ့ လွယ်အိတ်လေးကို လှမ်းကြည့်မိ၏။

အေးလှ က သူမပေးထားသည့် အိတ်ကို ကလေးဖက်သလို ဖက်ထားကာ ..၊

"ဘာလုပ်မလို့လဲ .. ပိုက်ဆံတွေကိုများ အိတ်လိုက်လွှင့်ပစ်တော့မလို့လား .."

ပြောရင်း စိတ်တိုလာသည့်ပုံနှင့် ..၊

"နင့်ကို အဲ့လောက်စိတ်ပျော့မယ်လို့ ငါထင်မထားဘူး တကယ်.. ငှမိုက်တစ်သောင်းကဲ့ရယ်သြောင်းလည်း လူလိမ္မာတစ်ယောက် ချီးမွမ်းသလောက် ခရီးမရောက်ဘူးတဲ့၊ သူတို့တွေစည်းကမ်းမဲ့ ပြောဆိုသွားနေတာနဲ့ပဲ .. ကိုခေါင်ဖျား လိုလူကို နင်မပြောမဆိုစွန့်ခွာတာတော့ တကယ်လွန်တယ် .."

"သူနဲ့ မဆိုင်ဘူး အေးလှ .. ငါ့ကြောင့်ပဲ သူ ဂုဏ်သိက္ခာထိခိုက်



မှာစိုးတာ .."

"လာပြန်ပြီ .."

"ဟုတ်တယ် .. အထက်ဦး တို့ ဘယ်လောက်ရိုင်းသလဲ နင် ခုတွေ့တယ်မို့လား .. သူ့တို့တွေ အစ်ကို့ဆီရောက်လာကြမှာပဲ၊ ခုလိုမျိုးတွေလည်း ပြောကြဦးမှာပဲ၊ ငါ ဖုံးဖိထားခဲ့မိတာတွေ ခုမှပြောလည်း မကောင်းတော့ဘူး .. ပြီးတော့ ငါ စိုးရိမ်ခဲ့တဲ့အဖြစ်မျိုးနဲ့ သူ ငါ့ကို .."

"နင် .. စက်ဝန်း နဲ့ လက်ထပ်ခဲ့ဖူးတာ ကိုခေါင်ဖျား သိတယ် .."

"ဟင် .. ဘာရယ် .."

အေးလှ က ဆံပင်အလှပြင်ဆိုင်ကိုမရောက်အောင် အချိန်ဆွဲလှမ်းနေရင်း နေရာမှာပဲ ရပ်ပစ်လိုက်ကာ ..၊

"ဟုတ်တယ် .. ငါ့ကိုမေးလို့ ပြောပြခဲ့မိတာ .."

"အစ်ကိုကမေးတယ် .."

"စက်ဝန်း ကလည်း သူ့ဆီရောက်လာပြီး နင့်ပုံကိုတွေ့တော့ ရုပ်ပျက်ဆင်းပျက် ပျာသွားတယ်တဲ့၊ နင့်ကိုတွေ့တဲ့ပုံကလည်း စက်ဝန်းတို့အိမ်မှာ ငိုနေတာတဲ့ .. သူက ဖြစ်နိုင်ချေတွေပြောပြပြီး သေချာပေါက်တွက်ထားတဲ့ပုံစံနဲ့ မေးတော့ .."

လုံ့ မျက်နှာလေး ထိတ်လန့်တုန်လှုပ်နေခဲ့လျက် ..၊

"အဲဒါနဲ့ပဲ ပြောစရာလိုလို့လား အေးလှ ရယ် .."

လမ်းမပေါ်မှာ သွားလာမောင်းနှင်နေကြသည့် လူတွေကားတွေကို အဓိပ္ပာယ်မဲ့စွာ လှမ်းကြည့်မိလျှင် ကားထဲကလူတွေက ခေါင်းထုတ်ပြီး ရှက်ပါတယ်လုပ်သွားကြသလိုလို ..။

လမ်းပေါ်မှာ ရယ်မောသွားတဲ့လူတွေက ကိုယ့်ကို လှောင်ပြောင်သွားကြတာလိုလို ..။

ဖြစ်ရလေ သူက သိထားလို့ "ဘယ်သူ့အကြောင်းကို သိချင်တာလဲ" လို့ မေးခဲ့သည်။ သူမကတော့ ခေါင်းခါငြင်းခဲ့၏။ သူ့ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိ လျှောင်ရယ်နေလိုက်မလဲ ...။

သူနဲ့ ကိုယ် ကြည့်မိထိမိတဲ့အချိန်မှာ ပွထူရှိန်းဖိန်းသွားခဲ့မိသည့် သူမ အမူအရာတွေက သူ့အမြင်မှာတော့ သူ့ငွေးကို ဖြားယောင်းချင်နေတဲ့ မူရာမာယာတွေဖြစ်နေလိမ့်မည်။

"နင် ငါ့သူငယ်ချင်းဖြစ်ပြီးတော့ အေးလှ ရယ် ..."

"ငါ ဘာလုပ်မိလို့လဲ လုံ ရယ် .. သူက အဲဒါသိချင်လို့ ငါ့ဆီတကူး တကရောက်လာတယ်၊ မေးတည်းက နင့်ကို အပျိုလား အအိုလားမေး တာမဟုတ်ဘူး၊ နင့်ယောကျ်ား ဘယ်သူလဲဆိုတာလည်း မမေးဘူး၊ မနေ့ စက်ဝန်း က လုံ နဲ့ ဘယ်လောက်ထိပတ်သက်ခဲ့ဖူးတာလဲတဲ့ .."

လုံ နားထောင်နေရင်း မယုံနိုင် ...။

သူ ဒီလောက်ထိ သံသယရှိနေခဲ့တာတောင် လုံ့ ရှေ့မှာ အရိပ်အမြွက် လေးတောင် မပြခဲ့ ...။

"နင့်ကို တစ်မျိုးတမည်ထင်မှာနဲ့စာရင် နင့်ယောကျ်ားမှန်းသိသွား တာ ဂုဏ်သိက္ခာကျဖို့မရှိဘူးလေ .."

"ဟိုမှာက အိမ်ထောင်ရက်သားကျနေပြီလေ .."

"ဖြစ်ရလေ မိလုံ .. သူများအိမ်ထောင်ရေးကို နင်က ငဲ့ချင်နေတယ်၊ နင့်ကို သူများယောကျ်ားကို ကြိတ်ကြိုက်နေတယ်ထင်သွားရင်တော့ သိက္ခာတွေတော်တော်ရှိသွားမလား .."

"ငါသိတယ် .. ဒါပေမယ့် ငါ့အကြောင်းပြောဖြစ်ရင်တောင် ငါ့ ယောကျ်ားကို စက်ဝန်း ပါလို့ ထည့်မပြောဖို့ ငါဆုံးဖြတ်ခဲ့တာ .."

"နင် ဆုံးဖြတ်တာ ငါ ဆုံးဖြတ်တာမှမဟုတ်ဘဲ၊ ခုလည်း နင့်မှား မယ် လုံ .. နင့်အတွက် လူကောင်းသူကောင်းတွေက ကူညီနေကြတယ်၊ နင်က ဒီလိုလူတွေရဲ့ တစ်ဖက်သတ်စကားကြောင့် ကိုယ့်အခွင့်အရေး တွေကို ဆုံးရှုံးခံဖို့ဆုံးဖြတ်တယ် .."

"ခု ပိုသေချာသွားပြီ အေးလှ .. ငါ သူ့ကိုညာထားခဲ့တာ အရမ်း



ရှက်တယ်၊ သူ့အမြင်မှာ ငါက .."

"သူက နင့်ကိုချစ်နေတာ .."

လုံ ဆွံ့အသွားခဲ့ပြန်သည်။ ပြီးတော့ စက်ဝန်း ရဲ့ စကားတွေထဲမှာ ပြန်လည်ကြားယောင်လာသည်။

ပြီးတော့ လုံ သိလိုက်၏။ သူမ ဘာလုပ်သင့်လဲဆိုတာ ...၊

"လုံ .. လုံ့ .."

လုံ ချာခနဲလှည့်ထွက်သွားသည်။ လှမ်းဆွဲလိုက်ပေမယ့် မမိလိုက်တဲ့ အိတ်ထဲက ဖုန်းမြည်လာ၏။

"လုံ နေဦး .. ဆံပင်တွေမဖြတ်နဲ့ဦး .."

အေးလှ ပြောနေတာတွေကို သူမ မကြားတော့ပေ။ ဒီဆံပင်တွေ ကို ဖြတ်ချပစ်မည်။ ပြီးရင် အေးလှ နဲ့အတူ ရွာကိုပြန်တော့မည်။

ဒီဆံပင်တွေကို မြင်နေရသမျှ ...၊

"ဆံပင်တွေကို ဖြတ်မယ် .."

ဆံပင်ဆိုင်က မိန်းကလေးတွေ တအံ့တသြကြည့်ကာ သူတို့ချင်း မျက်လုံးချင်းဆုံသွားကြ၏။ ဆံပင်တွေက ပျော့နွဲ့အိစင်းနေကာ အုပ်အုပ် နွဲ့နွဲ့လေးနှင့် အရှည်ကြီးဖြစ်နေသောကြောင့် ဖြတ်ချရမယ့်လူတွေတောင် တွန့်ဆုတ်နေကြ၏။

"ဖြတ်ပေးပါ .. ပခုံးသာသာလေးပဲ ချန်ပေး၊ သားရေကွင်းနဲ့ စည်း ထားလို့ မိရုံလေးပဲ ချန်ထားမှာ .."

"ညီမ .. ဟိုလေ .."

"မြန်မြန်ဖြတ်ပေးပါ အစ်မ .. ကျွန်မ ကားဂိတ်ဆင်းရဦးမှာ နောက် ကျမှာစိုးလို့ .."

"ခဏလေးနော် .. ဒီတစ်ယောက်ထရင် လုပ်ပေးမယ် .."

"အစ်မ .. အဟွန်း .."

ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက်က လုံ့ ဆောအကိုရောက်ပ

www.burmeseclassic.com

www.burmeseclassic.com



ကာ ဆံပင်တွေကို မရဲတရဲကိုင်ကြည့်ပြီး …၊

"ဖြတ်ပြီးရင် ပြန်သိမ်းသွားမှာလား .. ရောင်းပစ်မှာလားဟင် .."

လို့ မှန်ထဲကိုလှမ်းကြည့်ပြီး နှုတ်က မဖြေရသေးဘဲ မျက်ရည်တွေက ချက်ချင်းပြည့်တက်လာ၏။

"လှလိုက်တဲ့ ဆံပင်တွေကွာ .."

"ဟုတ်တယ် .. အန္တကယ်လ်တို့ ခေါင်းလျှော်ရည်ကြော်ငြာမှာ ဒီဆံပင်မျိုးနဲ့သာဆိုရင် .."

"မင်းရဲ့ ဆံပင်တွေကို စီးပွားရေးသမားတွေက အရမ်းသဘောကျနေကြတာ .."

"ဆံပင်ရှည်ကြီးတရမ်းရမ်းနဲ့ လုပ်စားနေတာလာ .. သနားစဖွယ် ရှိုးပုံရိုးပန်းလေးပေါ့ .."

"ဟုတ်ပ .. ကြည့်တော့ မလှုပ်တလှုပ်နဲ့ သူများယောက်ျားကို .."

"ဆံပင်တွေကို ဘုရားမှာလှူပစ်မှာ .."

"ဩော် .."

ဆံပင်ကိုင်နေသည့် မိန်းကလေးတွေ မျက်နှာမှာ နှမြောတသခြင်းတွေ ဖြစ်သွားခဲ့ပြီး …၊

"ဟိုလေ .. ညီမတို့က .."

"ကျွန်မ ဆံပင်တွေကို ဖြတ်ချလိုက်ဖို့အရေး ဘယ်လောက်တောင် ထပ်စောင့်ရဦးမှာလဲ .."

"မဟုတ်ဘူး ညီမလေး .. အစ်မတို့က စိုးရိမ်လို့ပါ၊ တစ်ချို့ကျ တော့ အိမ်ကလိုက်လာကြပြီး .."

"ဖြတ်ပေးလိုက်ပါ .. အိမ်ကလိုက်လာပြီး သူ့ကိုတားမယ့်သူမရှိ ပါဘူး .."

အသံရှင်သည် တံခါးကိုတွန်း၍ဝင်လာပြီး …၊

"ခေါင်းတုံးတုံးဖို့ စိတ်ကူးရှိရင်လည်းပြော .. သီလရှင်ဝတ်ဖို့ထ



အစွမ်းအဆုံး ကူညီချင်တာ .."

အထက်ဦး သည် စင်တာမှာတုန်းကအတိုင်း အနီရင့်ရင့်ဝတ်စုံနှင့် ဆံပင်တွေကို တစ်ဖက်သတ်သိမ်းတင်ထားပြီးမှ ပခုံးအောက်မှာဖြန့်ချ ထားသည်။

ခြေလှမ်းလိုက်တိုင်း စကတ်ရှည်၏ နောက်ကွဲကနေ ဝင်းထိန်နေ သည့် ခြေသလုံးသားတို့ကို ဒူးခေါက်ခွက်အထက်လောက်ထိ မြင်နေရ၏။

ပြီးတော့ နီရဲနေသော ရှူးဖိနပ်ပွိုင့်ဒေါက်နှင့် …။

"ကြည့်ရတာတော့ ခုနအရှက်တကွဲဖြစ်လာလို့ မှတ်မိလွယ်တဲ့ ဆံပင်တွေကိုဖြတ်ဖို့ ကြံတာထင်တယ် .."

"နင် ဘာတွေလာပြောနေတာလဲ အထက်ဦး .."

လို့ ဒေါသတွေသည်းခံရသမျှ ပေါက်ကွဲဖို့ အဆင်သင့်ဖြစ်နေခဲ့ရ လျက် ရှက်ရွံ့ခြင်းက ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ …၊

"ကျပျောက်တဲ့လူက မနှမြောရဘူး .. ကောက်ရတဲ့လူက နှမြော နေတယ် .. စက် …"

'စက်ဝန်း က ငါ့ယောက်ျား' လို့ ပြောလိုက်မိတော့မလိုဖြစ်သွား သည်။

ပြောတော့ ဘာထူးမှာလဲ လို့ …၊

နင်က ငါ့ယောက်ျားလို့ပြောရင် သူက နင့်ကို 'ဟုတ်လား .. မသိလို့ပါ' ဆိုပြီး လှည့်ပြန်သွားမှာမဟုတ်ဘူး …။

နင့်လင် ငါ့လင်နဲ့ လူလယ်ခေါင်မှာ နင်ရန်ဖြစ်မလို့လား မရှက် ဘူးလား လို့ …။

လောလောဆယ် မြို့မှာ အထက်ဦး ဆိုတာ စက်ဝန်း ရဲ့ ဇနီး …

လူသိရှင်ကြား ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ထားကြတဲ့ လင်မယား …။

"ပြောလေ .. ဆက်ပြောစမ်းပါ .."

www.burmeseclassic.com

www.burmeseclassic.com



လုံ ဖွံ့အသွားမှ အထက် ရဲ့ မဲ့ပြုံးတွေက ပို၍ပီပြင်လာကာ ...၊

“မပြောရဲတော့ဘူးမလား .. ဟွန်း .. ငါက နင့်ကိုစာနာလို့ လမ်းစရိတ်ပေးဖို့ လိုက်လာတာ ..”

ပြောပြီး လွယ်ထားသည့် ဘေးအိတ်ထဲကနေ တစ်သောင်းအုပ် တစ်အုပ်ထုတ်လိုက်ပြီး လုံ့ ကို ပေး၍ ...၊

“နောက်တစ်ခါ ငါ့ယောကျ်ားကို မနှောင့်ယှက်နဲ့ မြို့ကိုပြန်လာမိရင်လည်း ငါတို့ရှေ့ကိုဖြတ်တောင်မလျှောက်နဲ့ ..”

ပြောပြီး ကိုင်ထားသည့် ပိုက်ဆံအုပ်နဲ့ လုံ့ မျက်နှာရှေ့မှာ လှုပ်ပြ၍ ...

“ဒါ သိန်းသုံးဆယ်အုပ်နော် .. မကိုင်ဘူးတော့ မသိမှာစိုးလို့၊ နင် ငါ့ယောကျ်ားနဲ့ တော်တော်လေးကြာအောင် ပတ်ယက်မဲ့ ..”

“ဘုတ် ...”

“ဖြန်း ...”

မျက်နှာရှေ့က ပိုက်ဆံအုပ်ကို ပုတ်ထုတ်ပစ်လိုက်ကာ အထက်ဦး ရဲ့ ပါးပြင်ကို တဆက်တည်းလက်ပြန်ရိုက်ချပစ်လိုက်၏။ လုပ်ရဲလိမ့်မည်မထင်သောကြောင့် အထက် ထိုင်ခုံတွေပေါ် ပုံခနဲ ထိုင်ကျသွားလေသည်။

ဆိုင်ထဲက မိန်းကလေးတွေ ရှဲခနဲနောက်ဆုတ်ကုန်ကြကာ အထဲအပြင် အကုန်လုံးမှာရှိနေကြသည့် ကက်စတန်မာတွေပါ ပြေးလာကြလေသည်။

အထက်ဦး ရှက်ရှက်နှင့် လူးလဲပြန်ထကာ ...၊

“နင့်လို အောက်တန်းစားမက ငါ့ကိုရိုက်တယ်ဟုတ်လား ..”

ပြုတ်ကျသွားသည့် သူမရဲ့ အိတ်ကိုကောက်ယူပြီး တအားလွှဲရိုက်လျှင် ...၊

“ယှော ...”



တားဆီးသံက ဟိန်းထွက်သွားသည်။ အိတ်ကိုလွှဲမြှောက်ထားလျက်နှင့် လက်က ရပ်တန့်သွားကာ အထက် နောက်လှည့်မကြည့်ရသေးခင် သူမရှေ့ကို ရောက်လာတာ ခေါင်ဖျား ...။

“မင်း မလွန်လွန်းဘူးလား အထက်ဦး ..”

“ရှင်နဲ့ ဘာဆိုင်လို့လဲ .. ဒီကောင်မ အောက်တန်းစားမ ..”

“ရပ်လိုက်စမ်း .. မင်း ..”

ခေါင်ဖျား အသံက ပြတ်ရှနေကာ တားနေသည့်ကြားက လုံ့ ကို ရိုက်ဖို့ ထပ်မြှောက်လိုက်သည့် အထက် ရဲ့ လက်ကို လက်ပြန်ပုတ်ထုတ်ပစ်လိုက်ပြီး မိန်းမနှစ်ယောက်ကြားမှာ ဝင်၍ ...၊

“အောက်တန်းစားလို့ မင်း ဘယ်သူ့ကို ပြောလိုက်တာလဲ ..”

“ဘယ်သူ့ကိုဖြစ်ဖြစ် ရှင် ဝင်ပါဖို့မလိုဘူး၊ သူနဲ့ ရှင်က ဘာလဲ.. ဒီဟာလေးက ရှင်နဲ့လည်း ပတ်သက်နေတာပဲလား ..”

“ဟုတ်တယ် .. သူက ငါ့[illegible]လေ[illegible] ..”

“ဘာ!....”

ကမ္ဘာကြီးပဲ ကိုးဆယ်ဒီဂရီ စောင်းကျသွားသလိုလို၊ ပြီးတော့ ...

“ဟား .. ဟား .. ဟား ..”

အရိုက်ခံထားရသည့် ပါးတစ်ဖက်က ရဲညိုနေကာ ဆံပင်တွေတစ်ဖက်သပ်ပွယောင်းနေသော အထက် ရဲ့ ရယ်သွင်က အထက်စီးဆန်စွာ အောင်နိုင်သူလို ရယ်မောနေပေမယ့် မခန့်ညား ...။

“ဖြစ်ရလေ ခေါင်ဖျား ရယ် .. ရှင် ကံဆိုးလိုက်ပုံများ .. ဟင် .. ဟား .. ဟား .. ဟား .. ဟုတ်တယ် ရှင်နဲ့တန်တာ ဒီလိုမိန်းမပဲ ..”

“ပြောပါဦး မင်းနဲ့တန်တာက ဘယ်လိုယောကျ်ားမျိုးလဲ ..”

“လုံ ..”

ရုတ်တရက် နောက်ကဝင်လာသည့် စက်ဝန်း ရဲ့ ပျာယီးပျာယာ အသံကို အထက် သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ့်နာမည်ကိုခေါ်တာ မဟုတ် ..။

"လုံ .."

အနားရောက်လာတော့ သူမကိုကျော်ပြီး လုံ့ မျက်နှာကိုကြည့်သည်။ ပြီးတော့ ဆံပင်တွေကို တစ်စတစ်ဆုံးကြည့်၏။ သူ့ကိုပြန်ခိုင်းပြီး ချက်ချင်းပြန်ထွက်သွားသည့် အထက် ကို မသက်ာလို့ လိုက်ခဲ့တာပါ။

မျက်ခြေပျက်ကျန်ခဲ့သဖြင့် နည်းနည်းနောက်ကျခဲ့ပေမယ့် ဆံပင်ဆိုင်ရှေ့မှာ မြင်လိုက်တည်းက အထဲ မှာ လုံ ရှိနေမည်မှန်းသိလိုက်သည်။ ထို့ပြင် လုံ ဒီထဲဘာလို့ ရောက်နေတာလဲဆိုတာ ..။

"နင် ဆံပင်တွေဖြတ်ပစ်မလို့ .. ဟုတ်လား .."

"အဝန်း ..."

စိတ်တိုလွန်းသဖြင့် အထက် အသားဆတ်ဆတ်တုန်သည့် ခေါင်းနှင့် ..၊

"ရှင် သူ့ကိုမေးစရာမလိုဘူး .."

"မေးမှ ဖြစ်မယ် .."

စက်ဝန်း ကလည်း ပြတ်သားစွာပြောသည်။ ပြီးတော့ လုံ နားထင်ကာ ...

"အခု ငါ နင့်ကိုလာခေါ်တာ .. နင်နဲ့ ငါနဲ့ နှစ်ယောက်တည်းအခြေအရင်အတိုင်း ဘဝကိုရှေ့ဆက်ဖို့ .."

ပြောနေရင်း လက်ကိုဆွဲကိုင်လိုက်သည်။ ခေါင်ဖျား က လုံ့ လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲဆွဲယူလိုက်ပြီး ..၊

"မင်း ရှေ့ဆက်ရမှာ သူနဲ့ပဲ .."

အထက်ဦး ရဲ့ ပခုံးကို ဆောင့်တိုက်ကနေ တွန်းပို့လိုက်၏။ အထက်နဲ့ စက်ဝန်း ပခုံးချင်းထပ်တိုက်မိကာ နောက်ကိုယိုင်သွားကြသည်။

ထိုအခါ စုံတွဲနှစ်တွဲ မျက်နှာချင်းဆိုင်သလို ဖြစ်သွားခဲ့လျက် ..

"ကိုယ်သမိုင်းကိုယ်ရေးပါ၊ လုံ နဲ့ မင်း ဘာမှမပတ်သက်ဘူး .."



"ဘာကွ ..."

"အဝန်း ရယ် .. ဘာဖြစ်လို့ ဒီမိန်းမကိုမှ ရှင် .."

"ဟုတ်တယ် .."

ခေါင်ဖျား က ထိုစကားကို ထောက်ခံလိုက်၏။

"မင်း ရထားတာ ဘယ်လိုယောကျ်ားမျိုးလဲဆိုတာ ခုန ငါမေးခဲ့တယ် .. အခု ငါပဲဖြေပေးမယ် .. သူက .."

"အစ်ကို .."

လုံ ကမန်းကတန်းတားဆီးသည်။ ခေါင်ဖျား က ဂရုမစိုက်၊ လုံ့ကို ရည်ရွယ်ပေမယ့် မျက်နှာကိုမကြည့်ဘဲပြောသော စကားတို့သည်။

"တစ်ခါတလေ ဝုဏ်သိက္ခာတွေ အရှက်အကြောက်တရားတွေကြောင့် ဘဝတွေ နစ်မွန်းကြရတယ်၊ သိက္ခာမရှိတဲ့လူတွေရဲ့ ပါးစပ်ထဲမှာ သိက္ခာကို တန်ဖိုးထားတဲ့လူတွေ ကျရှုံးကြတာပဲ၊ ငါက အဲ့လိုအဖြစ်မခံဘူး .."

ပြောနေရင်း အထက် ကိုကြည့်၍ မဲ့လိုက်ကာ ..၊

"မင်းရဲ့ ခုနစက်ဝန်း က သူ့ယောကျ်ား .."

အထက် မျက်လုံးပြူးသွားသည်။ ဒါဖြစ်နိုင်သလား ..၊

"ဘယ်သူက အောက်တန်းစားမိန်းမလဲ တွေးကြည့်ပါဦး .."

ရှုပ်ပွေတာကို ဖာထေးသည်းခံနိုင်သည်။ ဒီလိုဖြစ်ခဲ့တာကို လက်ခံနိုင်မလား ..၊

စက်ဝန်း က မျက်နှာလွှဲနေကာ အထက် က သူ့ကိုငေးနေခဲ့လျက် ..

"မဖြစ်နိုင်ဘူး .."

ခေါင်ဖျား ဘက်ကို ဆတ်ခနဲလှည့်ပြီးအနိုင်အမာပယ်ချ၏။ သို့သော် ..၊

"ဟုတ်တယ် .."

ဟင်!...

www.burmeseclassic.com

www.burmeseclassic.com



စက်ဝန်း က ရဲဝံ့စွာ ဝန်ခံလျက် ...၊

"ငါနဲ့ လုံ သဘောတူတိုင်ပင်ပြီး မြို့မှာအလုပ်လုပ်ဖို့ တက်လာခဲ့တာ .. အဲဒီမှာ မင်းနဲ့ လက်ထပ်ပြီး .."

"အို .. မယုံဘူး .. ဟုတ်နေရင်လည်း ဟုတ်ပေ့စေ .."

"ဟား .. ဟား .. ဟား .."

ခေါင်ဖျား က သွားတွေပေါ်အောင် ခပ်ကြိတ်ကြိတ်ရယ်လိုက်ပြီး...

"နားလည်ပေးမယ့်ပုံပဲ .. ဟုတ်တာပေါ့၊ ဘဝတူချင်းဆိုရင် စာနာကြတာပဲ .."

ခေါင်ဖျား ဘာတွေပြောလိုက်တာလဲ ...၊

လုံ နဲ့ စက်ဝန်း တို့ နားမလည်စွာရှိနေကြသော်လည်း ...၊

"တောက် ..."

မာန်မာနတို့၏ သိပ်သည်းဆတွေ ဖွဲ့စည်းပုံ ပျက်ပြားသွားခဲ့ပြီး အထက် တက်ခေါက်လိုက်ကာ ...၊

"ရှင် မယုတ်မာနဲ့ ခေါင်ဖျား .. ရှင်နဲ့ ကျွန်မ လက်ထပ်ခဲ့ဖူးတယ်ဆိုတာ မျက်တောင်တစ်ခတ်လျှပ်တစ်ပြက်ပါ .."

"ဟုတ်လား .. မင်းအတွက် မဆန်းဘူးလား .. ငါကလည်း ဆန်းပြား တဲ့အဖြစ်မို့လို့ ပြောပြနေတာ မဟုတ်ပါဘူး .. မင်းယောကျ်ား သိမ်ငယ် နေမှာစိုးလို့၊ သူ့မိန်းမနဲ့ သူ ဘက်ညီတယ်ဆိုတာ သိစေချင်လို့ .."

ပြီးတော့ လုံ့ လက်လေးတစ်ဖက်ကို မလွှတ်တမ်းဆုပ်ကိုင်ထား လျက် အထက် ကို စိုက်ကြည့်ကာ ...၊

"အခု မင်း ဘာလဲ ငါဘာလဲဆိုတာ နားလည်သွားပြီထင်တယ် .."

"ဟော့လူ .. ခင်ဗျား .."

စက်ဝန်း ဒေါသတွေနဲ့ ရှူးရှူးဒိုင်းဒိုင်း ရှေ့တိုးလာကာ ခေါင်ဖျား ရဲ့ အင်္ကျီစကို ဆုပ်ဆွဲလိုက်ပြီး ...၊

"မင်း ..."



အသံတွေတုန်နေလျက် ခင်ဗျားတွေ မင်းတွေ ရှုပ်ထွေးနေ၍ ခေါင်ဖျား က သူ့လက်ကို ဖြုတ်ချပစ်လိုက်၏။ ပြီးတော့ အေးဆေးသည့်ခြေလှမ်းနှင့် နောက်ဆုတ်ရပ်လိုက်ပြီး ...၊

"မင်း ပစ်ခဲ့တဲ့ ငါးကင်ဆီပဲ ပြန်လှည့်ချင်မနေနဲ့ စက်ဝန်း၊ မိထား တဲ့ ငါးစိမ်း ရေထဲပြန်ကျသွားရင် မင်းဘဝ ပျက်မှာ .."

လုံ အားလုံးကိုမြင်နေကြားနေလျက်နှင့် အိမ်မက်ထဲမှာလို အရိပ်တွေဖြစ်နေသည်ထင်၏။

သူ ဆွဲခေါ်ထုတ်လာတဲ့အတိုင်း ပါလာခဲ့သည်။ အေးလှ လည်း သူမဘေးမှာ ကုတ်ကုတ်လေးပါလာခဲ့သည်။ ပြီးတော့ ကားပေါ်မှာ အတူတူထိုင်ခဲ့ကြရင်း ကားသွားရာနောက်မှာ တိတ်ဆိတ်ငွာပါခဲ့၏။

သို့သော် တစ်နေရာရောက်သည်နှင့် ...၊

"လုံ့ ကို ကားရပ်ပေးပါ .."

"ဘာလုပ်မလို့လဲ .."

"ကားရပ်ပေးပါ .. ခေါင်ဖျား .."

"ရပ်မပေးနိုင်ဘူး .."

လုံ က ကားမောင်းနေသည့် သူ့ကို ခပ်စိမ်းစိမ်းလှည့်ကြည့်လိုက် ပြီး ...၊

"ရပါတယ် အခု လုံ့ ဘာသာ ကားတံခါးဖွင့်တတ်နေပြီ .."

"ဟာ .. ဟေ့ .."

လမ်းဘေးကို ထိုးဆင်းသွားသည့် ကားက မြန်သည်။ သို့သော် လုံ က ကားထက်ပိုမြန်စွာ ကားပေါ်ကနေ လုံးထွေးပြုတ်ကျကျန်ခဲ့သည်။

"လုံ .."

"ကျွို .."

"ဒုန်း .."

ကားက လမ်းဘေးက ကျင်းချိုင့်ကြီးထဲကို အရှိန်ပြင်းစွာ ပစ်ကျ

www.burmeseclassic.com

www.burmeseclassic.com



ပြီး နှစ်ချက်လောက် ဆောင့်ခုန်၏။

ထို့နောက် ...၊

လုံ ...

ခေါင်ဖျား လုံ့ ကိုခေါ်ရင်း တံခါးဖွင့်ဖို့ လက်လှမ်းသည်။ သို့သော် ရင်ဘတ်ထဲက အဆမတန်အောင့်တက်သွားပြီး မျက်လုံးတွေပြာဝေသွား၏။

မဟုတ်ဘူး .. ငါဆင်းမယ် .. လုံ ဘာဖြစ်သွားပြီလဲ ...၊

စိတ်သည် ကားထဲကပြေးဆင်း၍ လုံ့ ထံ ပြေးသွားခဲ့သော်လည်း ...၊

❖



အခန်း (၂၈)

"လုံ တောင်းပန်ပါတယ် .. ရှင် လုံ့ အပေါ်မှာ ကောင်းခဲ့တာတွေ အတွက် ကျေးဇူးကန်းသလိုဖြစ်သွားခဲ့တာ လုံ မှားပါတယ် .."

မွေ့ရာထက်မှာ စောင်တစ်ဝက်ခြုံထားပြီး ပက်လက် လှဲနေသည့် ခေါင်ဖျား က အိပ်မောကျနေခဲ့၏။

ဒါမှမဟုတ် ခြေထောက်က ဒဏ်ရာကြောင့် ဆေးရှိန်နဲ့ မှိန်းနေတာလား ...။

တိုစိပ်စိပ် မျက်တောင်တွေ ပိတ်ထားပေမယ့် အိပ်နေသလိုလို ဒီတိုင်းမျက်လုံးမှိတ်ထားတာလိုလို ...။

ခေါင်ဖျား ရဲ့ နှုတ်ခမ်းတို့ကိုကြည့်မိရင်း သူမအတွက် စေတနာစကားတွေပြောခဲ့တာကို သတိရသည်။ ဒါပေမယ့် အထက်ဦး ကို ပြောခဲ့တဲ့စကားတွေကြောင့် နာကျင်နေမိ၏။

လက်မောင်းတစ်ဖက်မှာ ပတ်တီးစည်းထားရသဖြင့် လုံ ကိုယ် ဒဏ်ရာကိုစမ်းမိကာ ...၊

"လုံ က လက်မောင်းမှာပဲ ခိုက်မိခဲ့တာ၊ လုံ့ ကြောင့် ခစ်ကို အပြင်း

www.burmeseclassic.com

www.burmeseclassic.com



အထန်ဒဏ်ရာရခဲ့တယ်၊ အဲ့ဒီအတွက် လုံ ညတိုင်း ရှိုးတောင်းပန်ပါ့မယ်၊ အစ်ကို ကျေနပ်နပ် မကျေနပ်နပ် လုံ အသက်ရှင်သရွေ့တောင်းပန်သွားပါ့မယ်၊ ဒါပေမယ့် လုံ အစ်ကို့ကို စိတ်နာတယ်၊ အစ်ကို လုံ့ ကို အသုံးချရက်တယ် သိလား ..”

ပြောရင်း မျက်ရည်စက်တို့ကြွေ၏။ ပြီးတော့ ကလေးလို ရှိုက်ငိုမိလျက် ..၊

“အဲဒါကြောင့် လုံ ဒီမှာမနေတော့ဘူး၊ ဘယ်သူတွေဘယ်လိုထင်ထင် ကျေးဇူးကန်းတယ် သစ္စာမဲ့တယ် ဘာပဲပြောပြော လုံ ဂရုမစိုက်ဘူး အစ်ကို့နားမှာ မနေရဖို့ ပုံ ဘာပဲလုပ်ရလုပ်ရ လုပ်မယ်၊ အဲဒီမိန်းမကို အနိုင်ယူနိုင်ဖို့ အစ်ကို လုံ့ ကို အသုံးချခဲ့တဲ့အတွက် အစ်ကို့ကို အရမ်းမုန်းတယ် .. ဟင့် .. ဟီး .. ဟီး ..”

လုံ ခုတင်ဘေးမှာငုတ်တုတ်လေးထိုင်ချလိုက်ပြီး မျက်နှာမှောက်ချငိုပစ်မိသည်။ ပြီးတော့ ကိုယ့်ဘာသာ မျက်ရည်သုတ်၍ ထရပ်မိပြန်သည်။

“လုံ အစ်ကို့ကို လာနှုတ်ဆက်တာ၊ အစ်ကို ဝယ်ပေးထားတာတွေ အစ်ကိုပေးခဲ့တဲ့ ပိုက်ဆံတွေ လုံ သုံးရဲအောင် ပိုက်ဆံဘယ်လိုရှာရှာ ပြောပြော လုံ စိတ်မသန့်ဘူး၊ ဘာမှမယူသွားဘူး ..”

နှုတ်သုတ်လိုက် ခါးမှာပွတ်လိုက်နှင့် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနေ ပေါက်နေပြီမှန်းလည်းသိသည်။ ဒါပေမယ့် ထိန်းချုပ်နေရတာတွေများ တော့လည်း အခန်းထဲမှာ ဘယ်သူမှမရှိတုန်း ရင်ထဲရှိတဲ့အတိုင်းပြောပြီး ငိုပစ်လိုက်မိ၏။

“အစ်ကို လုံ့ ကို ခိုင်းခဲ့တုန်းက အဲ့ဒီမိန်းမကိုပေးခဲ့ရတဲ့ ဘူးထဲမှာ ဘာရှိမှန်း လုံ မသိခဲ့ဘူး၊ ဒါပေမယ့် အခု အဲ့ဒီတုန်းက အစ်ကိုပေးခဲ့တဲ့ ပိုက်ဆံ လုံ့ မှာ ရှိသေးတယ်၊ အဲဒါနဲ့ လုံ ပြန်တော့မယ်၊ ရန်ကုန်ကို ရောက်လာခဲ့တဲ့ အိပ်မက်ဆိုးကြီးကို ဘယ်တော့မှ ပြန်မတွေးအောင် ကြိုးစားမယ်၊ ဘယ်တော့မှ ပြန်မလာဘူး ..”



ပြောပြီးတာနှင့် ပြတ်သားစွာ လှည့်ထွက်လာခဲ့သည်။ သို့သော် အခန်းတံခါးကို အပြင်ကနေပိတ်ထားသဖြင့် ဖွင့်လို့မရ ..။

“အေးလှ ...”

အသံကျယ်ကျယ်ခေါ်မိပြီးမှ ပြန်တိုး၍ ခေါင်ဖျား ကို လှည့်ကြည့်မိသည်။

“ဒေါ်လေး ...”

တံခါးကိုလည်း မထုရဲ ကျယ်ကျယ်လည်း မခေါ်ရဲဘဲ ကိုယ့်ဘာသာ ဟိုလှည့်ဒီလှည့်ဖွင့်နေမိစဉ် ..၊

“ကိုယ်ဖွင့်ပေးမယ် .. ကိုယ့်ကိုလာတွဲ ..”

ဟင်!...

လုံ ထိတ်ခနဲဖြစ်သွားကာ နောက်လှည့်ကြည့်လိုက်လျှင် ခေါင်ဖျား က သူမကို မျက်လုံးတွေဖွင့်ကြည့်နေလျက် ..၊

“မင်းကြောင့် ငါ သေကောင်ပေါင်းလဲဖြစ်ခဲ့တာတောင် ဒီတိုင်းထားပြီး ထွက်သွားမယ် .. ဟုတ်လား ..”

လုံ ပါးစပ်လေးပြင်နေပြီး ဘာပြောရမှန်းမသိ၊ သို့သော် မျက်ရည် ကတော့ အော်တိုမစ်တစ်ကျလာတာ ဗိတ်စာမလို ..။

“အစ်ကို့ကို လုံ ကျေးဇူးတင်ပါတယ် ..”

“မင်း ကျေးဇူးတင်လိုက်တာ ငါ့ဒဏ်ရာက ပျောက်သွားတာပေါ့၊ ရတယ် .. မင်းကို တံခါးဖွင့်ပေးမယ် .. နည်းနည်းလာတွဲ ..”

“နေပါစေ .. သူတို့လာတဲ့အထိ လုံ စောင့်မယ် ..”

“မင်း ဒုက္ခဆင်းရဲဖြစ်နေပါ့မယ် .. စောင့်မနေပါနဲ့ ..”

ခေါင်ဖျား က ကိုယ်ပေါ်ကစောင်ကို ခွာလိုက်သည်။ ထိုအခါ သူ့ရဲ့ ခြေကျင်းဝတ်အထက်မှာ ပတ်တီးစည်းထားရတာကို မြင်လိုက်မိ၏။

“နေပါစေဆိုမှ ဘယ်လိုဖြစ်နေတာလဲ .. ဒီလောက်တောင် ပြန်စေ

www.burmeseclassic.com

www.burmeseclassic.com



ချင် ..."

"အား ..."

"အစ်ကို .."

သူ ထရပ်လိုက်တာနှင့် ဆားကိုယိုင်ထွက်သွားလျှင် လုံ စိုးရိမ်တကြီး ပြေးတွဲမိကာ ..၊

"အစ်ကိုလည်း အရမ်းကိုပြန်စေချင်တယ် ဟုတ်လား .. လုံ ပြန်မှာပါ၊ ကျောတောင်မခိုင်းရသေးဘူး ကျေးဇူးကန်းတယ် အပြောခံနေရပြီ အဲဒါကိုသိလို့ အစ်ကို့ကို လာတောင်းပန်တာ .."

"မင်း ပြောနေသမျှ ငါကြားတယ် လုံ၊ မင်း ဘာဖြစ်လို့ ငါ့စေတနာကို စော်ကားတာလဲ၊ ငါ မင်းအပေါ်ထားခဲ့သမျှ စေတနာ မေတ္တာတွေအခု ချစ်နေခဲ့တဲ့ ချစ်စိတ်တွေက အားလုံးရိုးသားတယ် .."

"ရိုးသားတာ ဘာလဲ အစ်ကို၊ စေတနာမှန်ရင် မှန်ခဲ့မှာပေါ့၊ ဒါပေမယ့် အဲဒီလိုစေတနာထားခဲ့တဲ့အကျိုးကြောင့် အစ်ကို့အတွက်လည်း ထိုက်ထိုက်တန်တန် ပြန်ရခဲ့တာပဲ၊ အစ်ကို သူ့ကို အားပါးတရ ပြောပြီး ကလဲ့စားချေခဲ့နိုင်တယ်လေ .."

"ဘာပြောတယ် .."

တွဲထူပေးထားသည့် လုံ ပခုံးလေးကို တွန်းဖယ်ပစ်လိုက်ပြီး မျက်နှာကို စေ့စေ့ကြည့်သည်။

"မင်း ဘာပြောလိုက်တယ် လုံမဒီ .."

"လုံ ဘာမှမပြောပေမယ့် အစ်ကိုက အားလုံးသိနေခဲ့တယ်၊ သိနေပေမယ့် မပြောဘဲထားတယ် .."

"အဲဒီတော့ မင်း ဘာတွေဖြစ်သွားသလဲ .."

"စက်ဝန်း ရဲ့ မိန်းမက အစ်ကို့ဇနီးဖြစ်ခဲ့ဖူးတယ်ဆိုတာ အစ်ကို ရိုးသားရင် ပြောပြရမှာပေါ့ .."

"ငါ့အိမ်ထောင်ရေး ငါ့ခံစားချက်တွေကိုပြောပြရအောင် မင်းက



ငါနဲ့ ဘယ်လိုပတ်သက်နေတာမို့လို့လဲ .."

လုံ ငေးငိုင်သွားသည်။

သူ ပြောတာ မမှားပေ။ ဒီလိုအကြောင်းတွေကို ဖွင့်ပြောထားရအောင် လုံ က သူ့ချစ်သူမှမဟုတ်ဘဲ ..။

"စက်ဝန်း ရဲ့ မိန်းမကို ငါ လက်ထပ်မှာလို့ ပြောလိုက်တဲ့အတွက် ငါ့မှာ ဘာဂုဏ်ကျက်သရေတွေတိုးသွားမှာလဲ ပြောစမ်းပါ၊ သူ့မိန်းမကို ငါ့မိန်းမ ဖြစ်ဖူးတယ်ဆိုတာကရော ငါ မိန်းမရဖူးတာ ဂုဏ်ယူစရာလား .. အဲဒီမိန်းမက ငါ့ကိုထားခဲ့ပါတယ်ဆိုတာကရော ဝမ်းမြောက်ဝမ်းသာကြွားဖို့ကောင်းတဲ့ ကိစ္စလား .."

"လုံ ..."

သူမ ဘာတွေခံစားမိပြီး ကြေကွဲခဲ့ပါသလဲ ..။

"ငါ မင်းအတွက်ပဲပြောခဲ့တာ၊ မင်းရဲ့ ဂုဏ်သိက္ခာကို အဖက်ဆည်ဖို့ ငါ့ဂုဏ်သိက္ခာကို ချပေးခဲ့ရတာ .."

လုံ ဘာပြောရမှန်းမသိတော့ပေ ..။ သူမ တောက်လျှောက်ပြန်တွေးနေခဲ့တာ သူ့ရဲ့ ရိုးသားမှုတွေ ဘာလို့မပါခဲ့တာလဲ ..။

"မင်းကိုယ်မင်းပဲ ပြန်မေးလိုက်ဦး လုံ ..၊ မင်း ငါ့ကို အကောင်းမမြင်နိုင်တာ မင်းရဲ့ စက်ဝန်း ကို သိက္ခာချတဲ့စကားတွေပြောခဲ့ရကောင်းလားဆိုပြီးတော့ .."

"ဟင့်အင်း .. လုံးဝမဟုတ်ဘူး .."

"မဟုတ်ရင် မင်း ငါ့ကို မုန်းရလောက်အောင် ငါ ဘာလုပ်ခဲ့မိသလဲ .."

လုံ မျက်ရည်တွေဝေ့လာသည်။ ပြီးတော့ မျက်လွှာချ၍ ..၊

"စက်ဝန်း နဲ့ မပတ်သက်ပါဘူး .. လုံ စက်ဝန်း ကြောင့်ခံစားခဲ့ရတာမဟုတ်ဘူး .."

"ပြော .. ဘာကြောင့်လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .. လုံ ဘာဖြစ်သွားမှန်းမသိဘူး၊ အားလုံး ရစ်နွယ်ပတ်သက်နေကြတဲ့ အစ်ကိုတို့ထဲမှာ လုံ က .."

"မင်းက အဖြူစင်ဆုံးပန်းတစ်ပွင့်ပါ .. မင်းကို ငါ တန်ဖိုးထားခဲ့တာ၊ မင်းကိုမှ ငါ ဖြည့်ဆည်းပေးချင်ခဲ့တာ .. မင်းအတွက် ဘာပဲဖြစ်ဖြစ် ငါ ကာကွယ်ပေးဖို့ အဆင်သင့်ရှိနေခဲ့တာတွေ အဲ့ဒါ မင်းကို မြတ်နိုးလွန်းလို့ .."

ပြောနေရင်း လုံ့ ကိုယ်လေးကိုဆွဲဖက်ထားလိုက်မိသည်။ လုံ သည်လည်း သူ့ခါးကို ပြန်ဖက်ထားမိလျက် ...၊

"လုံ ခံစားမိလိုက်တာကလေ အားလုံး ဝိုင်းလိမ်နေကြတာကို လုံ က မျက်စိပိတ် နားပိတ်နဲ့ .."

"မင်း ဘယ်တော့မှ အဲ့လိုမဖြစ်စေရဘူး လုံ .. မင်းဘဝကို ငါ့အရိပ်နဲ့ အေးမြစေမယ်၊ ငါ့ရင်ခွင်က မင်းအတွက် နန်းတော်ကြီးလို ခမ်းနားနေရမယ် .."

လုံ့ မျက်နှာလေးကို မော့ယူလိုက်ရင်း မြတ်နိုးသောအနမ်းတို့ဖြင့် ကတိတွေပေးမိသည်။ မျက်တောင်ဖျားလေးတွေ မှိတ်ချထားလျက် လုံ့ မျက်တောင်ဖျားတို့မှာ စိုစိုစွတ်စွတ်လေးဖြစ်လာလျှင် ...၊

"ကိုယ့်ကို မချစ်နိုင်လို့လားဟင် .."

"ဟင့်အင်း .."

"ဘာလို့ ငိုတာလဲ .."

လုံ မျက်လုံးမဖွင့်ဘဲ ခေါင်းခါရင်း ...၊

"လုံ မငိုပါဘူး .."

"ကိုယ့်ကိုချစ်လား .."

"မသိဘူး .. လုံ ကြောက်နေတယ် .."

"ဂျလောက် ..."

တံခါးဖွင့်သံက ခေါင်းလောင်းတီးလိုက်သလို အကျယ်ကြီးမြည်



သွားသည်။ အပြင်ကနေ ဘယ်လိုပိတ်ထားကြသည်မသိဘဲ ခပ်ဟဟပွင့်သွားကာ ...၊

"ဘရာရေ လူနာမေးလာချင်လို့တဲ့ .. ရမလား .. အဟဲ .."

"မရဘူး .."

"အဟဲ .. ဟဲ .. ထင်သားပဲ .."

"ဘရာ .. ဘရာ့ ညီတွေကြိုးစားထားရတာနော် .. မမေ့နဲ့ .."

တံခါးကိုပြန်ပိတ်သွားကြလျှင် ...၊

"ဘာပြောသွားတာလဲဟင် .."

"မင်း ထွက်သွားမှာစိုးလို့ တံခါးပိတ်ထားကြတာလေ၊ သူတို့ အဲ့လိုမလုပ်ရင် မင်း ထွက်သွားမှာပဲမို့လား .. ဒီကကောင်ကလည်း ကျိုးနေတော့ ထမလိုက်နိုင်ဘူး .."

မွေ့ရာစပ်မှာ လုံ့ ကို ဖက်ထားရင်း ပြန်ထိုင်လိုက်ကာ ...၊

"ခင်ဗျားကြောင့် လနဲ့ချီပြီး ဒုက္ခိတဖြစ်ရမယ့်လူကို ထားသွားဆို့ကြံတယ်နော် .. အချစ်တွေ .."

"ဘယ်သူက ချစ်တယ်ပြောလို့လဲ .."

မျက်တောင်ဖျားလေးတွေ စိုကပ်နေလျက် လုံ က ရယ်နေ၏။ ခေါင်ဖျား က လုံ့ ခါးလေးကို တင်းခနဲဆွဲဖက်လိုက်ပြီး ...၊

"အသည်းယားအောင်လုပ်နေတယ် ဟုတ်လား .. ဒါ ကိုယ့်အိပ်ရာထဲမှာနော် .."

လုံ့ မျက်ဝန်းလေးတွေ လူပ်ရှားသွားတော့ သူက ရယ်ရင်း ...၊

"ကိုယ့်ဘဝမှာ မင်းလောက်ချစ်ခဲ့တာ မင်းကိုပဲ၊ မင်းက ကိုယ့်ရဲ့ အချစ်ဦးမဟုတ်ပေမယ့် ကိုယ့်အတွက် အလိုအပ်ဆုံး ပထမဆုံးနဲ့ နောက်ဆုံး မိန်းကလေး .."

လုံ က သူ့မျက်နှာကိုမော့ငေးနေကာ ...၊

"လုံ့ ကို အစ်ကို အထင်မသေးဘူးနော် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့သေးရမှာလဲ .."

"လုံ က .."

"မင်းကို ချစ်မိနေမှန်း ကိုယ့်ကိုယ်ကိုယ် သိနေတာကြာပြီ၊ ပြော လိုက်ရင် မင်း စိတ်ဆိုးသွားမှာစိုးလို့၊ မပြောခဲ့ဘဲနဲ့တောင် ထင်စရာရှိ တာနဲ့ စွတ်ဆက်ထင် .."

"လုံ တကယ်မယုံနိုင်ဘူး၊ ခုထိ အိပ်မက်မက်နေသလိုပဲ သိလား.. အစ်ကို့လိုလူက လူနဲ့ .."

"မတူတန်တာတွေ ဆက်ပြောနေရင် တူတန်မှန်းသိအောင် ကိုယ် သက်သေပြမှာ၊ ဒီမှာတင်ရပ်မလား ဆက်ပြောမှာလား .."

လုံ က ရှက်ပြုံးလေးနှင့် သူ့ရင်ခွင်မှာ ခေါင်းဝှိုးဝင်ကာ ..၊

"အစ်ကိုဘယ်လိုလုပ်သိပြီး လိုက်လာတာလဲဟင် .."

"ဖုန်းဆက်တာ အေးလှ ကိုင်တယ်လေ .. အဲ့ဒီအချိန်မှာ ကိုယ် စိတ်မချလို့ မင်းတို့နောက် ထွက်လိုက်လာတာ၊ သိပ်မကြာတော့ဘူး အဲဒီနေရာနဲ့ .."

"လုံ အစ်ကို့ကို ကျေးဇူးတင်ပါတယ် .."

"တင်သွားပြီလား .."

"ဟုတ်ပါတယ် .. လုံ မသိတတ်လို့ အစ်ကို့ အဲ့လို ပြန်ပြန်ချေ ခဲ့တာတွေများပြီ၊ တကယ်တမ်းကျတော့ လုံ ဒုက္ခရောက်နေတဲ့အချိန် တွေမှာ အလိုအပ်ဆုံးက အစ်ကိုပါပဲ .."

"အင်း .. ခြေထောက်မကျိုးရင်လည်း ကောင်းသားကွ .."

"ဘာဖြစ်လို့လဲ .."

"မင်းကို ထမ်းပြီး အပြင်ထွက်သွားမလို့ .."

လုံ က အသံလေးထွက်အောင်ရယ်ကာ သူ့ကိုပြန်ဖက်ထားလိုက် ပြီး ..၊

"ဒါပေမယ့် အဲဒီနေရာမှာ အရမ်းခံစားသွားရတယ် သိလား ..



အစ်ကို့ကို ကျေးဇူးရှင်လို့ ရှိသေနေခဲ့တာတွေလည်း မပျက်ဘူး။ မုန်း လည်းမမုန်းဘူး .."

"မုန်းတယ်လို့ မင်းပြောနေပါတယ်ကွာ .. မညာနဲ့ .."

"ဟုတ်တယ် .. မုန်းချင်တာ၊ မုန်းတယ်လို့ပြောလိုက်မှ အစ်ကို့ကို စိတ်ဆိုးနေမိတာတွေက ပြေလို့ထွက်မှာ ဘာဖြစ်လို့ စိတ်ဆိုးမိလဲဆို တာတော့ .."

"မင်း ကိုယ့်ကိုချစ်နေလို့ .."

ဟင် ..၊

လုံ ရင်ခွင်ထဲကခွာကာ သူ့မျက်နှာကို တအံ့တသြမော့ကြည့်သည်။

"မဟုတ်ဘဲနဲ့ .."

"ဘာဖြစ်လို့ မဟုတ်ဘူးထင်ရတာလဲ .."

"စိတ်ထဲမှာ အရမ်းခံစားနေရတာ အစ်ကို့ကို အထင် သွဲ့နေလို့လေ၊ အဲ့ဒီအချိန်မှာ ချစ်ဖို့ဆိုတာ .."

"မင်း ငယ်ငယ်တုန်းက စဉ်းစားကြည့်ပါလား .. ကိုယ်ချစ်တဲ့သူ က ဆူရင် ပိုမငိုချင်ဘူးလား .."

လုံ အဲဒါကိုတစ်ခါမှ သေချာစဉ်းစားမကြည့်ခဲ့ဘူးပေ ..။

"မင်း ကိုယ့်ကို ချစ်တဲ့စိတ်တွေရှိနေလို့ လုပ်ရက်လုံ ဘာတာဆိုပြီး ရင်နင့်သွားတာ .."

"ဟုတ်လား .."

လုံ ကိုယ့်ဘာသာရေရွတ်သလိုပြောမိသည်။ ပြီးတော့ ပိုရှုံထင်ရှား စွာ မြင်လာခဲ့၏။ သံယောဇဉ်ဖြစ်ကြပြီဆို ခံစားမိကြပေမယ့် ဒီနှောင်ကြိုး ဘယ်လောက်ထိခိုင်မာနေပြီလဲဆိုတာတော့ ဘယ်သူမှ မသိတတ်နိုင် ..။

ကြည်နူးပီတိဖြင့် လုံ သွားလေးတွေပေါ်အောင်ရယ်ရင်း မျက်ရည် တွေပါဝေလာခဲ့သည်။ ပြီးတော့ သူ့ကိုမော့ကြည့်မိရင်း ..၊

"လုံ့ အပေါ်မှာ အစ်ကို ဘာမှ စိတ်မဆိုးခဲ့ဘူးဆိုတာ တကယ်လား

www.burmeseclassic.com

www.burmeseclassic.com



ဟင် ..”

“နောင်တစ်ချိန်ချိန်မှာ ပေါ်လာရင်တော့ မသိဘူးလေ .. ဒါပေမယ့် အဲဒီအချိန်ဆိုရင် မင်းကို ကိုယ်ပိုင်နေပြီပဲ ..”

လုံ တကယ်လားလို့တွေးနေသည့် မျက်ဝန်းလေးတွေနဲ့ ငေးသည်။ ပြီးတော့ စိတ်လွတ်ကိုယ်လွတ်ငေးရင်း နှုတ်ခမ်းလွှာလေးတွေ လှုပ်လီလှုပ်လဲ့ ဖွင့်ဟနေခဲ့လျှင် ...၊

“ကြောင်တောင်တောင် ကောင်မလေး .”

“အာ .. သွား ..”

သူမ နှုတ်ခမ်းလေးကို အငိုက်ဖမ်းနမ်းလိုက်၏။ လုံ မျက်နှာငုံ့ဖို့ ကြိုးစားပေမယ့် ဆုံဆည်းခဲ့သည့် အနမ်းတို့က ငြိတွယ်သွားခဲ့ပြီး ...၊

ချစ်ရသူရဲ့ အနမ်းများကို အစတည်းက ငြိုငြင်ခဲ့တာမဟုတ်သည်မို့ ချစ်သူထံမှာ ရှေ့ပါးအပ်ရင်း ...။

လရောင်ကျူးရင့်

www.burmeseclassic.com